www.burmeseclassic.com

# လရောင်ကျူးရင်

နုဝတ်သိမိုးဟာကြီး



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ — ဒေါ်နိုင်ယုဝင်း (၀၁၆၆၁)
ရွှေငွေဝိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄–လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ — ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် — ပထမအကြိမ်
၂၀၁၇ ခုနှစ် ဧပြီလ

အုပ်ရေ — ၅၀၀

တန်ဖိုး — ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

| | |
|---|---|
| လရောင်ကျူးရင့် | ၈၉၅.၈၃ |
| နတ်သမီးတကြိုး/ လရောင်ကျူးရင့်၊ | |
| ရန်ကုန်။ ရွှေငွေဝိုင်းစာပေ၊ ၂၀၁၇။ | |
| ၂၀၈ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။ | |
| (၁) နတ်သမီးတကြိုး | |




## အခန်း(၁)

သူငယ်ချင်းသုံးယောက်ရှိကြသည်။

'လော' ဆိုသည့် ကောင်လေးက အနေအေးသည် စည်းတမ်းရှိသည်။ သို့သော သူ့သူငယ်ချင်း ကောင်မလေးနှစ်ယောက်နှင့် ပတ်သက်လာပြီ ဆိုလျှင် သူ့ရဲ့ စိတ်တည်ငြိမ်မှုတွေ စည်းကမ်းနည်းလမ်းတွေ အားလုံးအား လျှော့ပျောက်ဆုံးကုန်တဲ့အထိ မျာယာခတ်တတ်သူ ...။

'ခြယ်မှုန်း' က သုံးယောက်ထဲမှာ ချမ်းသာဆုံးဖြစ်ကာ လှသလောက် လွတ်လပ်မှုကိုကြိုက်သည်။ သူပျော်ဖို့ဆိုလျှင် တခြားသူ ဘာဖြစ်ကျန်ခဲ့ ကျန်ခဲ့ ခေါင်းထဲ မထည့်တတ်သည့် အကျင့်ရှိသည်။ သူများစိတ်အနှောင့် အယှက်ဖြစ်သွားတာကိုကြည့်ပြီး ဟားတိုက်ရယ်နိုင်စွမ်းလည်းရှိလေသည်။

'သဇင်နီ' သည် ပြည့်စုံမှုရှိပေမယ့် သုံးယောက်ထဲမှာ ဆင်းရဲဆုံး ဖြစ်သည်။ လော နဲ့ ဝတ်သက်လာတိုင်း ငုံ့ညှာစာနာခြင်းနဲ့သာ ခုံဖြတ်တတ် ကာ သူငယ်ချင်းနှစ်ယောက်အတွက် နေရာတကာမှာ အနစ်နာခံသူလည်း ဖြစ်သည်။ သို့သော် သူမ၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်းနှင့် ပတ်သက် ၍ ခံစားချက်တိုင်းကို ယုံကြည်ချက်နဲ့သာ ချိန်မှတ်ဆုံးဖြတ်ချင်သည်။

ဤသို့သော အသွင်တစ်မျိုးစီနှင့် သူ သူမတို့၏ နေ့ရက်များကား ... သူငယ်ချင်းသုံးယောက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

ကော်ဖီခွက်ကို ပြိုင်တူကိုင်ကြမယ်လို့တော့ တိုင်ပင်ခေါ်ထားတာ မဟုတ်၊ ဒါပေမယ့် ကော်ဖီခွက် ပြိုင်တူကိုင်၍ သောက်မည်ပြင်ကာမှ လော ရဲ့ ဖုန်းသံကြောင့် နှုတ်ခမ်းနားရောက်သည့် ကော်ဖီပန်းကန်တွေ ရပ်တန့်ကုန်ကြတာလည်း ပြိုင်တူ ...။

လော က ဖုန်းကို ကောက်ကြည့်ပြီးမှ မိသားစုတွေဆီ မျက်လုံးဝေ့တာ ...၊

"အပျှန်း .."

တောင်းပန်သလို ရယ်လိုက်ပြီး ...

"ခဏလေး မေမေ .."

ဆို၍ ကော်ဖီပန်းကန်ကို ပြန်ချလိုက်တာ ပထမဆုံး ...။

ဖုန်းကိုင်ပြီး ထွက်သွားတော့ မိဘနှစ်ပါးနှင့် သမီးအကြီးဖြစ်သူ သဒ္ဒါကြည် တို့ မျက်လုံးချင်းဆုံသွားကြသည်။ ပြီးမှ ကော်ဖီသောက်ကြရင်း လော ပြန်လာမလားလို့ တိတ်ဆိတ်စွာ စောင့်ကြသေးသည်။

သို့သော် လော ပြန်ထွက်လာတော့ ဖုန်းပြောရင်းနဲ့ လွယ်အိတ်



တစ်ဖက်နဲ့ ဖြစ်ကာ ...၊

"လာပြီဟာ .. ခု ထွက်လာပြီ"

"... ... ..."

"နောက်မကျပါဘူး ခုမှ .."

"... ... ..."

"ကဲ ပြီးရော .. ငါလာမှ သွားနော် ခြယ် .. လာပြီ .. ခု .."

"သား ..."

ဒေါ်ကြည်ဖြူ က ကော်ဖီဝိုင်းကနေ လှမ်းခေါ်လိုက်ပြီး ...

"ဒါက ဘာလို့ဖြစ်ရတာလဲ သား .. ကော်ဖီတောင် မသောက်နိုင်ဘူး.."

"ခြယ် နဲ့ ချိန်းထားလို့ပါ ကျောင်းရောက်မှပဲ တစ်ခုခုစားလိုက်တော့မယ် .. သွားပြီနော် မေမေ .."

"ကောင်လေး နင် ကားအရှိန်မောင်းမသွားနဲ့နော် .."

"အိုခေ .. ပရော့မစ် .."

တုံ့ပြန်သံသည် ကားသံနှင့် ရှေ့ဆင့်နောက်ဆင့် ထွက်လာခဲ့၏။ ဒေါ်ကြည်ဖြူ က မုန့်တစ်ခုယူစားရင်း မကြည်လင်သည့် မျက်နှာနှင့်ရှိကာ ...၊

"အဲဒီ မိန်းကလေး တော်တော်ကဲတဲ့ပုံပဲ .."

"ချမ်းသာတာကိုး မေမေ ရဲ့၊ သူတက်တဲ့ အတန်းတိုင်းက တီချယ်တွေကို စိန်လော့ကက် မွေးနေ့လက်ဆောင်ပေးတယ်ဆိုတာ နာမည်ကြီးပဲ၊ သူ့ကို မသိတဲ့ ကထိက၊ ပါမောက္ခဆိုတာမရှိဘူး၊ လူချင်းမသိရင်တောင် နာမည်ကို ရင်းနှီးနေကြတယ်၊ ပြီးတော့ .."

"အင်း .. ကျန်သေးတယ်ပေါ့ .."

"လှလည်း လှတာကိုး .."

ဒေါ်ကြည်ဖြူ မျက်လုံးထဲမှာ ပါးချိုင့်လေးနှစ်ဖက်နဲ့ နှုတ်ခမ်းပါးလေးတွေကို မြင်ယောင်သွားသည်။ မျက်ခုံးတန်းလေးကို အညိုရောင် အမြဲ တမ်း တင်ပေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခွံစပ်စပ်လေးတွေနဲ့ မျက်တောင်ဖျားတစ်ဝက်လောက်မှာ ခိုဗြာ ရောင်လက်နေသော အရောင်တွေ အမြဲရှိနေတတ်၏။

ပြီးတော့ နဂိုအသားရောင်လေးအတိုင်း ရှားသွေးရောင် ဖျော့ဖျော့ နှုတ်ခမ်းသားတို့ ကာလာခြယ်သထားမှန်းမသိသာဘဲ နုထွေးစိုအိနေ တတ်သော ...။

"ခုခေတ်မှာ မလှတဲ့လူတွေလည်း လှနေတာပါပဲ သမီးရယ် .. ဟဲဆိုလို့ မှဲ့မလှဘူးဆိုတဲ့ လူတောင် ရှာရခက်နေပြီ၊ ဖြူချင်လည်းရ တယ်၊ ရှည်ချင်လည်းလွယ်တာပဲ .."

"ဒါပေမယ့် သူ့ရဲ့ ဝင်ကိုယ်အလှကတော့ ရှထောင့်တစ်နေရာရာ မှာ ရှိနေတာပါပဲကွာ .. ကိုယ်တော့ အဲဒါတွေကို အထင်လည်းမကြီးဘူး၊ အားလည်းမပေးဘူး .."

ဦးမြကျော် က ကော်ဖီကို အကုန်မော့လိုက်ပြီးမှ ဆက်၍ ...၊

"ဒါပေမယ့် ခြယ်မှုန်း ကတော့ ဒီလောက်လည်းမလိုအပ်ပါဘူး၊ မိန်းကလေးပီပီ ဖြီးတာလိမ်းတာတော့ရှိမှာပေါ့ .."

"ဖေဖေကလည်း သမီးတို့နဲ့ အော့ပိုစစ်(ထ်) လုပ်နေပြန်ပြီ၊ ဒါပေမဲ့ ခြယ် ကတော့ ခြယ်တာပဲဟာ .. မခြယ်တတ်တော့ သိသာတယ်၊ ကျွမ်းကျင် နေတော့ မသိသာဘူးပေါ့၊ သမီးတို့ကလည်း သူ့ကို မျက်နှာအစိတ်အပိုင်း တွေ လိုက်ပြင်ထားတယ်လို့ ပြောတာမှ မဟုတ်တာ .."

"ဒီမိန်းကလေးမျိုးက လှလှမလှလှ သူ့ရဲ့ ကာရိုက်တာဒါမျိုးပဲ ကိုယ့်သားက ပြောမရတော့ ခက်တယ် .."

"ခြယ်မှုန်း က မိကောင်းဖခင် သားသမီးလေးပါကွာ၊ မင်းသား အပေါ်မှာ အနိုင်ယူနေတာနဲ့ပဲ .."

"ဟာ .. ဖေဖေ မသိဘဲနဲ့ ပြောနေပြန်ပြီ .. အဲ့ကောင်မလေးက သူနဲ့ နီးစပ်ရာလူကို ကောင်းကျိုးမပေးတာ အစဉ်အလာနဲ့ .."

ဦးမြကျော် က ပန်းသီးတစ်စိတ် ယူစားပြီး နားထောင်နေသည်။

"ဇင်နီ ဆိုရင် သူ့သည်းညည်းကို တော်တော်ခံရတာ .."



"ဟုတ်ပ သူ ချမ်းသာတိုင်း ပစ်ခတ်ပေးတယ်၊ ပြီးတော့ အနိုင်ကျင့်တယ်"

ဦးမြကျော် က လက်သုတ်ရင်း ခေါင်းခါ၍ ...

"ပေးတာမပေးတာ ကိုယ်ယူမှ ဖြစ်တာပါ၊ အနိုင်ကျင့်ခံရတာဆိုတာ လည်း ကိုယ်ခံမှ ဖြစ်တာပဲ .."

ဒေါ်ကြည်ဖြူ သမီးဖြစ်သူကို ကြည့်၍ ဆက်မပြောဖို့ ခေါင်းခါပြ လိုက်သည်။ ပြီးတော့ ဦးမြကျော် ထရပ်လိုက်တာနှင့်အတူ နေရာမှ ထတာ —

"အစ်ကို ဆေးသောက်ဖို့ မေ့သွားဦးမယ် .. ခဏလေးစောင့် —"

ခင်ပွန်းသည်က အာရုံကြောအားနည်းသည့် ရောဂါအခံရှိသည်။ ထို့ကြောင့် အာရုံကြောအားဆေးကို ဆရာဝန်ညွှန်ကြားတဲ့အတိုင်း မှီဝဲ နေရတာ ဖြစ်သည်။

သဒ္ဒါကြည် ပါ အပြင်ထွက်လာကာမှ အိမ်ရှေ့မှာ တဗွမ်းဗွမ်းမြည်းမြည်း ထိုးရပ်လာကာ ...။

"မမကြည် လော ရှိသေးလား .."

"ယောာ ဇင်နီ .."

သူမ အိမ်ရှေ့ကို ခပ်သွက်သွက်လျှောက်လာကာ ...

"ထွက်သွားတာ ကြာတောင်ကြာနေပြီ၊ ညီမလေးတို့ ချိန်းထား တာ မဟုတ်ဘူးလား၊ ခြယ် ဖုန်းဆက်တယ်လေ .."

"သြော် ..."

ဇင်နီ ကပျာကယာ ခေါင်းညိတ်ပြီး ကားထဲ ပြန်ဝင်၍ —

"ဒါဆို သွားပြီနော် မမကြည် .. ဇင် နောက်ကျနေလို့ .."

"အေး .. အေး .."

ခေါင်းညိတ်ပြလိုက်၍ သဒ္ဒါကြည် သက်ပြင်းချလိုက်မိသည်။ မီးကို သေလို့ပါလား ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မြို့နယ်ခန်းမမှာ ကျင်းပသည့် မင်္ဂလာပွဲလေးကို ခြယ်မှုန်း က ဦးစီး ဦးဆောင်ပြု၍ ကတိကမ ခံခဲ့တာဖြစ်သည်။

ဒီလက်ထပ်ပွဲအတွက် ကုန်ကျစရိတ်အားလုံးအပြင် ဧနီးမောင်နှံ နေနိုင်ရေးအတွက်ပါ စီစဉ်ပေးထားလေသည်။ ပြီးတော့ လုပ်ကိုင်စား သောက်ဖို့ လုပ်ငန်းနေရာ ရတဲ့အထိ တစ်စတစ်ဆုံးပါဝင်ကူညီထားခဲ့ ရာ ...၊

"အဲ့ကောင်မလေးလား ..."

"ဟုတ်တယ် .."

"ခုမှ ကျောင်းတောင်မပြီးကြသေးဘူး၊ မိဘက ဘယ်သဘောတူမလဲ"

"အေးလေ အဲဒါ သူက ဘယ်လောက်ချမ်းသာလို့ အကုန်အကျ တွေခံပြီး မင်္ဂလာဆောင်ပေးရတာလဲ .."

"ချမ်းသာနေလည်း ကိုယ်နဲ့ မသက်ဆိုင်တဲ့ကိစ္စကို ဘယ်သူက လက်ဝင်လျှိုမှာလဲ တစ်ခုခုပဲနေမှာ .."

မင်္ဂလာပွဲလာကြတဲ့ လူတွေက စားပွဲမှာထိုင်ဖို့မဖြစ်ကျနိုင်ခင် ခြယ်မှုန်း



ဆိုတဲ့ ကောင်မလေးကို ရှာသည်။ တွေ့သည်နှင့် ကျောပေးလျက် နေရာ မယူဘဲ မျက်နှာချင်းဆိုင်ဖြစ်အောင် အကျအနထိုင်သည်။ ပြီးတော့ ဤသို့သော သတင်းစကားများနှင့် အတင်းတုပ်လေသည်။

အားလုံးနီးပါးကို ခြယ်မှုန်း က သိနေသည်။ ဘာဖြစ်လို့လဲဆိုလျှင် စားပွဲတွေကြားထဲမှာ သူငယ်ချင်းတွေရှိနေသဖြင့် တီဗီက တိုက်ရိုက် လွှင့်တာလောက် မမြန်ပေမယ့် နောက်မကျစွာ ကြားနေရ၏။

"အဲဒီကောင်မလေးက တော်တော်ချမ်းသာတာလား .."

"ဟုတ်လို့နေမှာပေါ့၊ ဟိုတယ်ကြီးတွေမှာ မဟုတ်ပေမယ့် မင်္ဂလာ ဆောင်ပြီဆိုတည်းက သတို့သား သတို့သမီး ကိစ္စတွေကစပြီး စရိတ်စက တွေ နည်းတာမှတ်လို့ ..."

"ခုဟာက ကောင်လေးကို နေ့စရိတ် စားစရိတ်ပါ ထောက်ပံ့ပေး ထားတာဆိုပဲ .. ဒါ သွေးရိုးသားရိုးဟုတ်ပါ့မလား .."

"သိပါဘူး .. မိန်းကလေးရှင်ဘက်ကလည်း သဘောတူ၊ သားရှင် ကလည်း မကြိုက်ဘူးတဲ့ .."

"ဒီပွဲကို ဖွတ်လုပ်ပေးတာကြီးက ကောင်လေးနဲ့ ဆွေမျိုးများ တော် နေလို့လား .."

"ဘာမှမတော်ပါဘူး၊ ကျွန်မက ကောင်လေးနဲ့ အိမ်နီးချင်းပဲ သိတာ ပေါ့၊ သူတို့က မြောင်းမြအဆက်တွေပါ၊ ဘာစီးပွားမှလည်း မရှိဘူး၊ မိဘတွေရော သားသမီးတွေရော ဒီလိုပဲ ပေါက်စီပေါက်စ ဝန်ထမ်းတွေ"

"သြော် ..."

"တစ်လကုန်ခါနီး တစ်လ ကြက်လိုယက်ပြီးရှာနေရတာ .."

စားပွဲဝိုင်းတိုင်းမှာ မင်္ဂလာပွဲအကြောင်းမပြောဘူးဆိုတာမရှိ ..

ခြယ်မှုန်း ကို နာမည်မသိကြပေမယ့် 'ဟိုကောင်မလေးပဲ' 'အဲဒီ ကောင်မလေး' ဆိုတာ မပါမပြီး ...။

"တော်တော်လှတယ်နော် ဘာမှ သိပ်မဝတ်ထားဘဲနဲ့ သန့်နေတာ"

"ဟုတ်တယ် .. တော်တော်ချမ်းသာမှန်းလည်း သိသာတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"လူတွေ ပြောနေကြတာ တကယ်လား .."

"ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ကွယ် .. လူငယ်တွေက သူတို့ အချင်းချင်းဆို ကိုယ့်မိသားစုထက်တောင် အနစ်နာခံ ကူညီတတ်ကြတာ၊ ဟိုလို ဒီလိုတွေ မဟုတ်လောက်ပါဘူး .."

"အေးလေ မချောတို့ကလည်း ဒီမင်္ဂလာဆောင်ကို သိပ်မကြိုက်ချင်ကြဘူးဆိုတာ အုံကြလို့ပါ၊ ပြန်ပေးရမယ့် ကြွေးမြီလည်း မဟုတ်ဘူး၊ ကျောင်းနေဖက်ကြသားလေမယ့် ဗိုင်နယ်လ်ရောက်နေပြီပဲ .."

ကောင်းဟဲ့ဘာတ်က တွေးပေးနေကြသည့် တစ်ချို့တလေသော စားပွဲတွေကတော့ ရှုပ်ပါးစွာ ..။

ဝိုင်းဝန်းဧည့်ခံပေးနေကြသည့် သူငယ်ချင်းတွေကလည်း ပွဲရဲ့ အခြေအနေကြောင့် ခြယ့် ကို လှမ်းကြည့်ကြပြီး သက်ပြင်းတချချဖြစ်နေကြ၏။

လော ကတော့ လက်ပိုက်၍ တောင့်တောင့်လေးထိုင်နေသည့် ခြယ့် ကို မကြာမကြာလှမ်းကြည့်ဖြစ်ရင်း ကြားနေရသည့် စကားတွေကြောင့် ရယ်မောနေခဲ့၏။

မင်္ဂလာဧည့်ခံပွဲမှာ နှစ်ဖက်မိဘမစုံသည့်ပြင် သီဟအောင် ရဲ့ မိဘတွေကလည်း ရှေ့ဆုံးမှာ ထိုင်နေပေးကြပေမယ့် တစ်ချက်ကလေးမှ ကြိုဆိုဧည့်ခံဖော်မရ ..။

ဝင်လာသည့် ပရိသတ်တိုင်းရဲ့ အကြည့်တွေ အပြုံးတွေကို မတုန်လှုပ်သော အပြုံးလေးနှင့် တုံ့ပြန်နေပေမယ့် ခုလောက်ဆို ခြယ့် ရင်ထဲမှာ ဘာတွေ ဖြစ်နေပြီမှန်း သူ ခန့်မှန်းမိနေ၏။

"စုလေး .. နင်တို့ ခြယ့်ကို သတင်းတွေ ပြေးပြေးပို့မနေကြနဲ့ .."

"မပို့ရင် ငါတို့က ကိုယ့်သူငယ်ချင်းကို သစ္စာဖောက်ရာကျမှာပေါ့ဟ .. အတင်းတုပ်နေကြတာ မခံချင်စရာတွေ .."

"ဟုတ်တယ် ဒီလောက် သိန်းပေါင်းများစွာ အကုန်ခံပြီး လုပ်ပေးထားတာတောင် နှာအုံ့ထင်နေသေးတယ်၊ ငါဖြင့် အဲ့ဒီရှေ့ထိ ပြေးသွားပြီး သီဟအောင် အမေ မျက်နှာကြီးကို ရေခဲမုန့်တွေနဲ့ အားပါးတရ နှယ်ပစ်



ချင်တာ .."

သေသင့်တယ် ..၊

လော ကိုယ့်နဖူးကိုယ်ရိုက်ပြီး အော်ချင်စိတ်တွေ ဖြစ်သွားခဲ့သည်။

ဘေးလူတွေ ဒီလို ခံစားမှုရသည်ဆိုလျှင် ခြယ့် ရင်ထဲမှာ သေချာပါပြီ ..။

"လော ..."

သတို့သား သီဟအောင် က သူ့နားရောက်လာကာ ...

"ခြယ့် ကို အားနာလိုက်တာကွာ၊ ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူး .."

"ထားလိုက်ကွာ .."

လော က နာရီကို ငုံ့ကြည့်ပြီး ဧည့်ခံပွဲကိုလည်း ငေး၏။ ဖိတ်စာရသမျှ နှစ်ဖက်မိဘရဲ့ မိတ်တွေကတော့ တက်ရောက်လာကြတာပဲ ဖြစ်ကာ၊ မင်္ဂလာပွဲက ပြီးပြည့်စုံစွာပြီးမယ့် သဘောတော့ရှိသည်။

မပြည့်စုံတာတွေကို ပြောဆိုသွားကြသည့် စကားတွေကို ခြယ့် ရင်ထဲက မုန်တိုင်း ဘယ်ကို ဗဟိုပြုနေပြီလဲဆိုတာ ..။

"ဟော .. ဟိုမှာ ဇင်နီ လာပြီ၊ သွားကွာ လော .. ခြယ့် ကို မင်းတို့ နှစ်ယောက်ပဲ .."

"ဘာလုပ်ရမလဲ ဆက်ပြော .."

အဲဒီဟာလေးက 'မင်းမနိုင်လေး' ဆိုတာ ပြောချလိုက်ရင် ကောင်း။

"ငါပြောတာက .."

"ဘာမှမပြောနဲ့ သီဟအောင် မင်းရဲ့ မိဘနှစ်ပါးလုပ်ပုံက နောက်နှစ်ရက်အဖို့ တစ်ပြည်လုံး သာယာဖို့မရှိဘူးဆိုတာ သတင်းစောင့် နားထောင်နေစရာမလိုဘူး .."

ဆံဝင်တစ်ချက်ပွတ်ရင်း လော ကိုယ့်အလုပ်ကို ဆက်လုပ်နေလိုက်သည်။ ဧည့်ခံဖို့လာကြတဲ့ လူတွေကို လူငယ်တွေကပဲကြိုရ၊ လူငယ်တွေနဲ့ပဲ နှုတ်ဆက်လှည့်ပြန် ..။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တိုင်း ခြယ် က ဖုန်းတစ်လုံးနဲ့ ဘာတွေ ရိုက်နှိပ်ပြီး အလုပ်ရှုပ်နေမှန်းမသိ …။ မနေတတ် မထိုင်တတ်ဖြစ်နေလို့ ဖုန်းကိုင်ပြီး အလုပ်ရှုပ်အောင် လုပ်နေတာ မဟုတ်မှန်း ခြယ့် အကြောင်း သူသိသည်။

တဲ့ရယ်စေဖန်သော လူပြောသူပြောစကားတွေကြောင့် တုန်လှုပ်ချောက်ခြားတတ်သူ စာရင်းမှာ ခြယ် မပါပေ။

သူမ တစ်ခုခု လုပ်နေတာလား …။

သူ စိတ်ပူနေတုန်း ဇင်နီ ရောက်လာတော့မှ စိတ်အေးသွား၏။ ခြယ် ဘာလုပ်နေသလဲ ဇင်နီ တော့ သိလိမ့်မည်။

"သားရေ … မချောတို့ကို ပြောပေးနော် အန့်တီတို့ လာသွားတယ်လို့၊ ပြန်မယ် … လာ … လာ … ထ …"

"ရေဦး အမေ … ကားသော့ ကျန်ခဲ့လို့ …"

ပြန်တဲ့လူတစ်ချို့က ထမီးတစ်ဖက် 'မ' ပြီး ခပ်သုတ်သုတ်ထွက်သွားကြတာ မေသိရင် 'ဒီပွဲကိုမသိလို့တက်မိပါတယ်' ဆိုပြီး ဆတ်ဆတ်ခါ ထပြန်ကြတာမျိုး …။

"တိုသီရေ ပြန်ပြီ …"

ဒါဝဲ လှမ်းပြောပြီး ပြန်တဲ့ သူကလည်း အသံကို ချန်ခဲ့ပြီး လူကို အရိပ်ဝဲ တွေ့ရ၏။

"ဟော … ဟိုဝိုင်းက ဘယ်တုန်းက ထပြန်သွားကြတာလဲ …"

"မသိလိုက်ဘူး …"

လာတော့ လာကြသည် စားသောက်ကြ၊ ဓဖန်ကြနှင့် အေးဆေးပုံစံတွေ …။

ပြီးတော့ ထလစ်ကုန်ကြတာ ကျားလိုက်လာတဲ့အတိုင်း …။

ကြည့်လိုက်တော့လည်း ပန်းကန်ထဲမှာ တည်ခင်းဧည့်ခံသမျှ စားစရာတွေ ဒီတိုင်းကျန်ခဲ့တယ်ဆိုတာမရှိ …။

"လူတွေကလည်းကွာ … ကျွတ် …"

"ဟုတ်ပ … စားစရာတော့ ကုန်အောင်စားတယ်နော်၊ လက်ဖွဲ့ပေး



ရသလောက်တန်အောင် တုတ်သွားကြတာ …"

"ဟီး … ဟီး … စားကောင်းလို့ နေမှာပါကွာ …"

"ပြီးတော့ … ကျေးမွေးရတဲ့လူ စိတ်ဆင်းရဲအောင် တန်အောင် ပြန်လုပ်သွားကြတာလေ …"

"ခေါင်းထဲ ထည့်မနေပါနဲ့ကွာ၊ ဟိုမှာ ခြယ့် ကို ကြည့်ပါဦး ဖြူးလို့ … ဂိမ်းဆော့နေတာတောင် မပျက်ဘူး …"

မရင်းနှီးကြတော့ ခြယ့် ရင်ထဲကို ဘယ်သူမှ မသိကြ …။

လော ကဲ့သို့ ဇင်နီ ကလည်း သိနေကာ …။

"နင့် မျက်နှာကြည့်ရတာ တစ်မျိုးပဲ ခြယ် … ဘာလဲ … သီဟအောင်တို့ဘက်က တစ်ခုခုပြောလို့လား၊ သူတို့ ဟိုမှာရှိနေတာပဲ …"

"မေးမနေပါနဲ့၊ သူတို့ဘာသာ ရှိရှိမရှိရှိ …"

"ခြယ် …"

သတို့သမီးက ဇင်နီနဲ့ မရှေးမနှောင်းလေး ရောက်လာပြီး အနားမှာ လာထိုင်ကာ …။

"ဘယ်သူတွေ ဘာပြောပြော ကိုအောင့် ဘက်က ရပ်တည်ပေးတဲ့အတွက် စိုးက အရမ်းကျေးဇူးတင်ပါတယ် ခြယ် ရယ် … ခြယ် တို့သာ မကူညီရင် စိုးတို့ ပေါင်းကြရမှာ မဟုတ်ဘူး သိလား …"

"ရတယ် ပြဿနာမရှိပါဘူး …"

"ခြယ် စိတ်ကို ဇင်နီ ပြောပြထားလို့ စိုး တို့လည်းသိပါတယ်။ အခု စိုး ဘက်က ဘယ်သူမှ ပွဲလာမတက်ကြတော့"

"ရပါတယ် စိုးရဲ့ အေးဆေးပါ … သွား သွား ဧည့်သည်တွေကို ဧည့်ခံလိုက်ပါ …"

စိုး ခမျာ ခြယ် က အဝင်အထွက်နဲ့ ခပ်လှမ်းလှမ်း စားပွဲတစ်ခုမှာ တောက်လျှောက်ထိုင်နေခဲ့သဖြင့်၊ အစောကြီးကတည်းက နေစေကြောင်း မအေးနိုင် ဖြစ်နေခဲ့တာပါ။

သီဟအောင်ကိုလည်း မကြာခဏ ကပ်ပြောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြယ့် ကို လူတွေ တအားဝေဖန်ကြတာပဲ .. အောင်ရယ် အားနာလိုက်တာ .."

"ဟုတ်တယ် .. သူ့ဆီသွားပြောတာမှ မဟုတ်တာကွာ၊ သူမသိလောက်ပါဘူး၊ ကိုယ်တို့ချင်း ရယ်စားခင်မင်နေဖို့ပဲ လိုတာပါ .."

ပြောနေပေမယ့် ဖေဝီ တို့ စုလေးတို့ ခြယ်ဆီ ပြေးပြေးကပ်ပြီး ပြောနေတာတွေ ဘာတွေမှန်းတော့ မသိပေမယ့် ...။

"ဟဲ .. စိုးသု .."

မိဘတ သမီးကို ခေါ်တဲ့အသံမို့ သီဟအောင် လှမ်းလှည့်ကြည့်မိ၏။ ဒေါ်ချောရတနာ မျက်နှာက တင်းနေကာ၊ ဦးသူရ ကတော့ ဘယ်ကိုမှ မကြည့်ဘဲ နှုတ်လည်းမဆက်ဘဲ မျက်နှာတည်ကြီးနှင့် အပြင်အရောက် တောက်လျှောက်သွားနေ၏။

"အမေ ..."

"ညည်းအဖေလည်း နေမကောင်းဘူး၊ ငါလည်း မနေချင်တော့ဘူး အဲဒီတော့ ပြန်တော့မယ် .."

စိုး ကို ပြောရင်း ခြယ် တို့ရှိရာ လှမ်းကြည့်၍ ...

"ဒီပွဲကို ငါတို့လာတက်ပေးတယ်နော် .. ကျန်တဲ့အပိုင်းကို ခေါင်းဆောင်ဖြေရှင်းပေမယ့် ညည်းရဲ့ အကြီးအကဲတွေရှိနေပြီဆိုတော့ ငါတို့ မလိုတော့ဘူးမို့လား"

"တိုးတိုးပြောပါ အမေရယ် .."

စိုး က အနီးစားပွဲက လူတွေ နားစွံ့နေကြသဖြင့် မျက်နှာလေးငယ်နေရှာကာ ..၊

"တကယ်ဆို အမေတို့ရဲ့ ဝတ္တရားကို ခြယ် က .."

"တော်စမ်း စိုးယု ငါ့ကို တိုးတိုးပြောဆိုပြီး ညည်းက ပြန်စလာတာလား .."

"စိုး .."

"မင်းလည်း ဝင်မပေါ်နဲ့ .."



သီဟအောင် ကို အော်ပစ်လိုက်သဖြင့် ဘေးလူတွေ တိတ်ကျသွားပြီးလှမ်းကြည့်လာကြ၏။ ခြယ့် ဘေးမှာ ထိုင်နေသည့် ဇင်နီ က ထလာပြီး မလှမ်းမကမ်းမှာ ရပ်လိုက်လျှင် ဒေါ်ချောရတနာ ရဲ့ အကြည့်တွေက သူမဆီ တိုက်ရိုက်ကျ၍ ..၊

"ဟွန်း .."

ဘာမှမပြောဘဲ မဲ့လိုက်ပုံက အစတည်းက ရန်ငြိုးရှိခဲ့ကြတဲ့သူတွေလို ..၊

"မဆိုးဘူးပေါ့ ခြယ်မှုန်း ဆိုတာ နာမည်နဲ့လည်းလိုက်ပါ့၊ ဒါပေမယ့် ဦးဆောင်ခြယ်မှုန်း ဆိုရင် ပိုလှသွားမှာပဲ .. သူတာဝန်ယူ ဦးဆောင်ထားတဲ့အုပ်စုကြီးက နည်းတာမှ မဟုတ်တာ .."

"အမေရယ် .. ဘာတွေပြောနေတာလဲ .. သမီး တောင်းပန်ပါတယ် တော်ပါတော့ .."

ဒေါ်ချောရတနာ က မကောင်းတက်မှန်းတော့ သိသည်။ သားသီ ကို အကဲခတ်ဟန် လေသံကို နှိမ့်ချလိုက်ကာ ..၊

"သူများကို ဆရာလုပ်ချင်လို့ ကိုယ့်အိတ်ထဲက စိုက်ပြီး အတုန်အကျခံတဲ့ လူမျိုး ငါတစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ဒါပေမယ့် သူ့ကြောင့် ငါတို့က မိဘဝတ္တရားမရှိသလို ဖြစ်သွားခဲ့တာ ညည်းစဉ်းစားကြည့်စမ်း .."

"တော်ပါတော့ အမေရယ် .. အမေတို့နဲ့လည်း ခင်ခင်မင်မင် ရှိနေခဲ့တဲ့သူပါ၊ သမီး မင်္ဂလာပွဲပြီးရင် အမေ သမီးကို ကြိုက်သလို ဆူနိုင်ပါတယ် .. အခု ပြန်မယ်ဆိုရင် .."

"ငါ့ကို နှင်လွှတ်နေတာ ဟုတ်လား .."

ပြန်မယ်ပြောတော့လည်း သူ ပြန်ဖို့ပြောတော့လည်း ဆတ်ဆတ်ခါနာနေသည်။ ခြယ် က သူမ နေရာကနေ ထိုင်ကြည့်နေရင်း နှုတ်ခမ်းတွေက ပြုံးနေခဲ့လျက်၊ ဒေါ်ချောရတနာရဲ့ ဒေါသတွေပေါ်မှာ ပြုံးဆိုင်တဲ့ပြန်လိုခြင်း အလျှင်မရှိသည့် မျက်နှာလေးအတိုင်း ..။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဒေါ်ချောရတနာ လက်ဖွေ့အိတ်ကြီးကို လက်မှာချိတ်လျက် ထမန်းကတန်း ထွက်လာတာ မြင်ရကာ ခြယ့် ရှေ့ရောက်တော့ ခြေလှမ်းတုံ့သွား၏။

မျက်နှာထားတင်းတင်းက ခြယ့် မျက်နှာလေးဆီ လှည့်လာသည်။ သို့သော် မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွား၏။

ဒေါ်ချောရတနာ မရှိတော့ကာမှ လော သက်ပြင်းရှည်ကြီးချမိကာ။

"နင့်ကို ခြယ် လွှတ်လိုက်တာလား .."

ဇင်နီ က ခေါင်းခါ၍ ...

"ဘာတွေဖြစ်ကုန်ပြီလဲလို့ ငါလာကြည့်တာ တော်သေးတာပေါ့ ပြောဆိုနေတာတွေ ကြားသားနဲ့ ခြယ် နည်းနည်းမှ မလှုပ်လို့ .."

"ငါတော့ သေချင်တာပဲ ဇင်နီရယ် .. ခြယ့်ကို ဘယ်လိုမျက်နှာ ပြရမှန်းတောင် မသိတော့ဘူး .."

"လော —"

သီဟအောင် က မျက်နှာမကောင်းစွာ စလာလျှင် လော က လက်ကာပြီး —၊

"ထားလိုက်တော့ ပြီးလည်းပြီးနေပါပြီ .. ခြယ့် စိတ်ကို ငါသိတယ်၊ သူက စုလုံးပြီး စိတ်ဆိုးတဲ့ အကျင့်မရှိဘူး၊ ဒါ မင်းတို့နဲ့ မဆိုင်ဘူး ဆိုတာ သူ သိပါတယ် .."

ပြောမယ့်သာ ပြောလိုက်ရသည်။ ခြယ့် မျက်နှာက အေးစက်စက် အပြုံးကိုတော့ လန့်နေတာတော့ အမှန် ..။ ထိုစဉ် အစားအသောက်ထားသည့် အခန်းထဲက မိန်းကလေးနှစ်ယောက် ထွက်လာကြပြီး အထုပ်တစ်ထုပ်ကို ခြယ့် ရှေ့မှာ ချပေးတာ မြင်လိုက်ရ၏။

လော ခြေလှမ်းတွေ ထိုဆီ ရောက်သွားခဲ့လျက် စက္ကူထုပ်ထည့်ထားသော ကြွပ်ကြွပ်အိတ်ကို သေချာကြည့်မိရင်း ..၊

"ဒါ ဘာတွေပေးသွားတာလဲ ခြယ် 'ဂိုးရင်းဒိုး' တွေ ပါဆယ်ယူသွားမှာတော့ မဟုတ်ဘူးထင်တယ် ..."



ခြယ်က အိတ်ကို ဆွဲပြီး ထရပ်လိုက်ကာ ...

"ဂိုးရင်းဒိုး က ပါဆယ်ထုပ်ဖို့ရော ကျန်သေးလို့လား သွားမေးကြည့်ပါဦး .."

"ဒါဆို ဘာတွေလဲ .."

"ညှော်ခံတဲ့ထဲက တစ်ခုခုပေါ့ .."

"ဘာ မုန့်တွေလား .."

"အင်း အားလုံးစားသောက်လို့ ပိုတာတွေပါ၊ ငါ ခေါင်းမူးနေပြီ ပြန်နှင့်တော့မယ် .."

"နေဦးလေ .. ငါတို့ .."

"ဟော့အေး .. နင်နဲ့ ဇင်နီ ပဲ လုပ်ပေးလိုက်တော့၊ ညနေကျမှ တွေ့မယ် .."

ပွဲပြီးမှ ဗုန်းဗုန်းလဲချင်သည့် မျက်နှာလေးက ပေါ်လွင်လာသည်။ နှစ်နာရီနီးပါး တစ်နေရာတည်းမှာ ထိုင်နေရသည့် ညစ်ညူးမှုကို တွေးမိကာ လော စိတ်ပူသွားသည်။

"ခြယ် .. နေဦးလေဟာ .. နင် ခေါင်းမူးနေတာလား .."

ခြယ့် နောက်ကို လော ပြေးလိုက်သွားတာမြင်ကာ ဇင်နီ ကပါ ထွက်လိုက်လာပြီး ..၊

"ခြယ် ဘာဖြစ်လို့လဲ .."

"နေမကောင်းဘူးတဲ့ .."

ခြယ့် တားလေးက ထွက်သွားပြီဖြစ်ကာ လော မျက်နှာပျက်နေသဖြင့် ဇင်နီ က သက်ပြင်းချရင်း ..။

"အေးလေ သူ တစ်ယောက်တည်း ထိုင်နေရပြီး အားလုံးကလည်း .."

"ဇင်နီ ရေ .."

"ဟင် .."

အရေးတကြီး ခေါ်သံကြောင့် ဇင်နီ ရော လော တို့နှစ်ယောက်လုံး လှည့်ကြည့်လိုက်မိကြသည်။ စိုးနဲ့ သီဟအောင်တို့ သူတို့ဆီ ခပ်သုတ်သုတ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြပြီး ...၊

"ပွဲက ပြီးနေပါပြီ .. နင်တို့ပဲ ဆက်ကြည့်ထားလိုက်ပါဦးနော် .. ငါ အရေးကြီးလို့ ပြန်လိုက်ဦးမယ် .."

"ဘာဖြစ်လို့လဲဟင် .."

"အဖေ ကားပေါ်မှာ ဗိုက်နာပြီး ရှော့ခ်ရသွားလို့တဲ့ .."

"ဟင်!..."

"အဖေက နှလုံးရောဂါရှိတယ်၊ ငါသွားမှ ဖြစ်မှာ သွားမယ်နော်"

"အေး .. သီဟ လိုက်သွားလိုက်လေ၊ ငါတို့ ကြည့်ထားပါ့မယ်.."

"မလိုက်နဲ့ .."

နိုး ရှာ နားလည်ဖို့ တောင်းပန်သည့်အကြည့်နှင့် သီဟအောင် ကို တစ်ချက်ကြည့်တာ ...၊

"အဖေ နေမကောင်းတုန်းမို့ပါ စိတ်ချရတာနဲ့ ပြန်လာခဲ့ပါ့မယ်.."

ဇင်နီက အခြေအနေကို ကြည့်၍ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားရင်း ...၊

"နိုး နင့်အဖေ တစ်ခုခုကြုံတာတော့ မဟုတ်လောက်ပါဘူးနော်.."

"ဟုတ်နေရင်လည်း နင်တို့မပူနဲ့ ဇင်နီ .. ငါ့အတွက် အားလုံးနဲ့ ရင်ဆိုင်ပြီး လုပ်ပေးထားတဲ့ နင်တို့ စေတနာတွေကို ဒီလိုလုပ်ပြီး နင်းချေသွားတာမျိုး ငါမလုပ်ဘူး .."

"ယေား ယေား စားလို့လည်းကောင်းတယ် အန်တီတို့ ပြန်တော့မယ် နိုးရေ .."

"နိုးယုရေ .. ပြန်ပြီနော် .."

ပွဲပြီးနေကာမှ တစ်ယောက်မကျန် မရှိကြတော့တဲ့အထိ အလျှိုအလျှို ထပြန်သွားကြသည်။ နောက်ဆုံး ပြန်သည့် လင်မယားစုံတွဲ တစ်တွဲသာ အားပေးစကားတွေဆိုရင်း သေချာလက်ဆွဲနှုတ်ဆက်သွားကြသည်။ ထို့ကြောင့် ...

နိုး ထွက်သွားပြီး မရှေးမနှောင်းမှာပဲ ပွဲက ပြီးသွားခဲ့သည်။ သို့သော် ...



"ဖုန်းသံ ..."

သီဟအောင် ကိုယ့်အိတ်ထဲကို ပြန်စမ်းပြီး ...။

"ငါ့ဖုန်းဟ .."

သူတို့ထင်တာက နိုး ဖုန်းဆက်သည်ဟု .. သို့သော် ...၊

"ဟလို .."

"..... ..... ....."

"ဗျာ ..."

"..... ..... ....."

"မဟုတ်တာ အမေရာ .."

"..... ..... ....."

သီဟအောင် အိမ်က ဆက်တာမှန်းသိလိုက်တော့ လက်ဆွဲဘူးတွေ အိတ်ကြီးတွေထဲ စီထည့်ပေးနေကြသော ခေဝီလင်း တို့ဝါ လှမ်းကြည့်လာကြ၏။

ပြီးတော့ အနားရောက်လာကြကာ ...၊

"နှစ်ဖက်မိဘတွေ ပွဲပြီးကာမှ ဘာတွေအာဏာပါဝါတွေ ပြနေကြတာလဲ .."

"မဟုတ်ဘူး .."

ဖုန်းချလိုက်ပြီး သီဟအောင် မျက်နှာက မယုံနိုင်အံ့ဩစွာဖြင့် ...၊

"ငါ့ အမေနဲ့ အစ်မ ဝမ်းတွေလျှောပြီး ရှော့ခ်ရကုန်လို့ ဆေးရုံရောက်ကုန်ပြီတဲ့ .."

"ဟမ် ..."

ဒါဆို နိုးရဲ့ အဖေ ရှော့ခ်ရသွားတာက ...၊

ခြယ်ှ ကို သတိရလိုက်ကြကာ၊ လော နဲ့ ဇင်နီ မျက်လုံးချင်း ဆုံသွားကြသည်။

"ငါ့အမေကတော့ ဒီက ထည့်ပေးလိုက်တဲ့ ကော်ဖီနဲ့ ရေခဲမုန့်တွေ စားပြီးမှ ဖြစ်တာတဲ့၊ ခြယ် လုပ်လိုက်တာလို့ ပြောနေကြတယ် .."

www.burmeseclassic.com

www.burmeseclassic.com



အားလုံး တိတ်ဆိတ်ငိုင်ကျသွားကြသည်။

"အမေတို့ အဲလောက်ထိတော့ မပြောသင့်ပါဘူးဗျာ .. ခြယ် က ထိုင်ရာကတောင် ထခဲ့တာ မဟုတ်ဘူး .."

"နေပါဦး သီဟ ရဲ့ နှင့်အစ်မနဲ့ ညီမက တယ်တုန်းက လာလိုက်တာလဲ .."

ဒေဝီ တို့က ချည့်ခံပေးနေကြတာမို့ ရုတ်တရက် မသိလိုက်ကြခြင်းဖြစ်သည်။ သီဟအောင် ရဲ့ အစ်မနဲ့ ညီမ ရောက်လာကြတာ ပွဲတက်ဖို့ ရောက်တဲ့ ခြယ့် ရှေ့မှာဝင်ထိုင်ပြီး ပြောဆိုသွားကြတာ တစ်ဆုံး ..။

"ငါတို့ မျက်နှာပြမှ ဒီပွဲက ကျက်သရေရှိမှာလို့ အမေက ပြောလိုက်လို့ ဝင်လာခဲ့တာ ခြယ် ..၊ နင် ဘယ်လိုကူညီပြီး မနေမှုတွေပဲ လုပ်ပေးပေး နင့်နိုက်ထုတ်ကုန်ခမ်းထားတာတွေနဲ့ ငါတို့ စကားတစ်ခွန်း ဘာက အရာရောက်သလဲ ဆိုတာသိစေချင်တာ .."

"ဟုတ်ပါပြီ နု မသိတာသိမ်း တို့က မင်္ဂလာ ဩဝါဒ ဖတ်ပေးဖို့ လာတာလား .."

"စိတ်မဝင်စားဘူး ခြယ် .. နင့်ကို အားကိုးပြီး မိဘတားတာကို ရှုတ်လုပ်သွားတဲ့ကောင် .. ငါတို့က ဘာဖြစ်လို့ ချီးမြှင့်မြှောက်စားနေရမှာလဲ၊ ငါ့မျက်နှာ လာပြပေးတာတောင် အမေ့ စကားကြောင့်လို့ ပြောပြီးပြီပဲ .."

"နှစ်ဖက်မိဘတွေက ကိုယ့်အကြောင်းတွေနဲ့ ရေးကြီးခွင်ကျယ် ဘာမှမလုပ်တော့ဘဲ ကြည့်နေကြတော့ နင်က ခေါင်းဆောင်အောင်မြင်သွားတာပေါ့၊ သီဟအောင် နဲ့ စိုးယု က မိဘမဲ့တွေလို .."

"ဘာမှ မလုပ်ကြတော့ဘူးလို့ ဆန္ဒရှိခဲ့ကြရင်လည်း ငါတို့သားအတွက် ငါတို့ လုပ်ပေးမယ်ဆိုပြီး အားလုံးလွှဲယူလို့ရပါတယ်၊ ခုလည်းရသေးတယ် .. ခြယ် ကုန်ကျထားတာတွေ ပြန်ပေးလိုက်ရင်ရပါပြီ .."

"ဟဲ့ ငါတို့က ဒီမိန်းမနဲ့ ယူစေချင်တာမှ မဟုတ်ဘဲ .. သူ့စိတ်မှာ အဲ့ဒီ သမီးတစ်ယောက်က နေ့စဉ် ရွှေဥ ဥပေးနေတာ၊ အဲဒီ ရွှေဥတွေကို



ဆုံးရှုံးခံပြီး မိဘကတားဆီးမနိုင်တော့လို့ ကြည့်နေလိုက်တာ၊ ငါတို့က ဒီလို မိန်းမမျိုးနဲ့ နှင့်ကြောင့် ကြည့်နေလိုက်ရတာလေ၊ ဆင်းရဲသားချင်း ယူသွားရင်တောင် သန့်သန့်စင်စင် မွန်မွန်မြတ်မြတ်လေးဆို တော်သေးတယ် .."

စသဖြင့်သော စကားတွေကို ကြားခဲ့ရတဲ့လူက ဒေဝီတို့ကို ပြန်ပြောပြနေကာ သီဟအောင် မျက်နှာပျက်နေတာကိုလည်းကြည့်၍ ..၊

"နင်လည်း ခြယ့် ကို နားလည်ရင် သူလုပ်ပေးသမျှတွေအတွက် ဘယ်တော့မှ မမေ့ပါနဲ့ဟာ .. ငါတို့ကတော့ နင့်အစ်မတွေ အဲလို ဆော်ကားနေကြတာကို ခြယ် ဒီအတိုင်း ငြိမ်ခံနေမှာ မဟုတ်ဘူးလို့ ထင်တယ်.."

ခြယ် သတင်းကြီးနေတာ အဲ့လောက်ထိ ..။

ဇင်နီ နဲ့ လော ကတော့ အားလုံးကို တွက်မိနေပြီမို့ ဘာမှလည်းဝင်မပြောနိုင် ပြောဖို့လည်း ခက်နေ၍ ..။

မလွယ်ဘူး ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

"ငါတို့ဖိတ်စာရိုက်တာ နှစ်ရာတည်းရယ် .. တစ်ရာကျော်လောက်တာ ဝမ်းတွေသွားပြီး အိပ်ရာထဲ လဲကုန်ကြတယ် .."

သတင်းတွေကြောင့် လော နဲ့ ဇင်နီ တို့ ခြေလှမ်းတွေ အပြေးတစ်ပိုင်း ဖြစ်နေကြ၏။

"အဲဒီထဲမှာ လုံးဝ ဘာမှမဖြစ်တဲ့ လူတွေလည်း ရှိတာပဲ .. အံ့ဩစရာကောင်းတယ်၊ သတို့သား၊ သတို့သမီးရဲ့ အိမ်သားတွေမှာပဲ ဆေးရုံပြေးတင်ရအောင် ဖြစ်နေတာ .."

"ဟုတ်တယ်လေ အဲဒီလိုဖြစ်အောင် တမင်ထိုင်စောင့်ပြီး လုပ်နေမှ ဖြစ်မှာ .."

"စောင့်လုပ်နေတာ ငါမြင်တယ် .."

"ဟုတ်တယ် .."

အပြန်အလှန်ပြောနေကြရင်း တစ်ကျောင်းလုံး ပတ်ပြေးနေသလို ဖြစ်နေကြကာ .. ခြယ် ကို ဘယ်မှာမှလည်းမတွေ့ ..။

"သူ ဘယ်လို လုပ်နေတာလဲဟင် .."

"မသိဘူး .."



"အဲဒါ ဘယ်လောက်ထိ ပြဿနာကြီးနိုင်လဲဟင် .. လော .."

"ဘယ်လိုလုပ်သိမှာလဲ .."

"ဝမ်းနုတ်ဆေးဆိုရင် မနံတဲ့ ဝမ်းနုတ်ဆေးမရှိဘူး၊ ရေခဲမုန့်ရယ် ဂိုးရင်းဒိုးရယ် ပြီးတော့ ကက်(ဗ်)ချိန် .."

ဘယ်ထဲမှာပါတာ ဖြစ်နိုင်လဲလို့တွေးတော့ ကက်(ဗ်)ချိန်ကိုတွေ့ဖြစ်ကာ စားစရာသုံးမျိုးတောင် ထည့်ပေးထားခြင်းကိုလည်း နားလည်သလို ဖြစ်သွားသည်။

"သိလား လော .. ခြယ် ဒါကို အစောကြီးတည်းက ကြံပြီး စီစဉ်ထားတာ .."

လော က ဘာမှမပြောဘဲ ဖုန်းခေါ်နေ၏။ ပြီးတော့ ကျွတ်ခနဲ ဖြစ်သွားသဖြင့် ..၊

"မကိုင်တာလား .."

"ဆက်သွယ်လို့မရဘူး ဖုန်းပြောနေတာ .."

"သူ အကြီးကြီးလုပ်ပြီး လန့်သွားတာဖြစ်မယ် .."

"ခြယ် မကြောက်တတ်ဘူးဆိုတာ ငါသိတယ် .."

"ခုလို အကြီးကြီးမှ မလုပ်ဘူးတာ၊ စိုးရဲ့ အမေက နှလုံးရောဂါရှိတယ်၊ သူ လုပ်တာ သေသွားနိုင်တယ် နင်သိရဲ့လား ..၊ ငါတို့သုံးယောက်က အကြောင်းမဟုတ်ဘူး၊ ဧည့်ခံပွဲမှာ ဝိုင်းကူကြတာ ကျောင်းသူတွေချည်းပဲ၊ အားလုံးဒုက္ခရောက်ကုန်ကြရင် သူ့ အတွက်မလွယ်ဘူး .."

"နင်ကလည်း ဝူကျိဝှမ်ကျီနဲ့ဟာ .. ခြယ့် ကိုမတွေ့လို့ စိတ်တိုနေရတဲ့အထဲ .."

"စိတ်ပူနေတာ လုပ်စမ်းပါ ငါလည်း နင့်လိုပဲပေါ့ ငါ့ဟာက .."

"ဟိုမှာ .. တွေ့ပြီ .."

ခြယ့် ကို အပူတပြင်း ရှာရမယ့် ကိစ္စမှန်းပေါ်လာပြီဆို အတူတူရှာလူခွဲရှာ၊ ဘယ်လောက်ပဲ ရှာကြပါစေ ခြယ့် ကို တွေ့သွားတာ လော ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူတို့တွေ တစ်ကျောင်းလုံးနှံ့စပ်မှုလောင်နေခဲ့သလောက် ခြယ် က ကျောင်းအဝင်အဝမှာ ဘယာကြော်ဝယ်နေတာ အေးဆေး ..။

"အဲ့ဒါမထည့်နဲ့၊ ကော်ပြန့်လိပ်လေးတွေနဲ့ ငရုတ်သီးကြော် နည်းနည်းထည့်ပေး –"

"အချဉ်ထုပ်ယူမှာလား .."

"ယူမှာ – ယူမှာ – အချဉ်ထုပ်ကို အဲ့ထောင့်လေး နည်းနည်းလေး ဖောက်ထားပြီး ထွက်မကျအောင် သေချာထည့်ပေးနော် .."

"ခြယ် –"

ဘယာကြော်သည်ဆီမှာ အာရုံများနေတုန်း သားကို ရောက်လာသည့် လူကို လှည့်ကြည့်လိုက်ပြီး ...

"ခဏ –"

စိုင်းလတ် မျက်နှာခဲ့သွားသည်။

"ကိုယ်နဲ့တွေ့ဖို့ ချိန်းထားတာကို ဘယာကြော် ဝယ်နေတယ် ဟုတ်လား –"

ခြယ် က လှည့်ကြည့်သည်။ ပြီးတော့ ဈေးသည်ကို ပိုက်ဆံပေးရင်း..။

"ဘာဖြစ်လို့လဲ ကိုယ်စားချင်တာ စားလို့မရဘူးလား .."

"မဟုတ်ပါဘူး .."

ပြောပြီး ဘယာကြော်ထုပ်ကို ကြည့်ပုံက ရှုံ့ရှုံ့မဲ့မဲ့ ...၊

ထိုမျက်နှာသည် ဖျတ်ခနဲ ငုံကြည့်လိုက်သည့် ခြယ့် အကြည့်တွေနဲ့ တည့်တည့်တိုးကာ ...

"စိုင်း မသိဘူးထင်တယ်၊ ခြယ် က စားစရာကို အဲ့လိုကြည့်တာ မကြိုက်ဘူး .."

"ဘယ်လိုကြည့်မိလို့လဲကွာ၊ မင်းကြိုက်ပေမယ့် ကိုယ်မှ မကြိုက်တာ"

"ယူမကြိုက်ပေမယ့် .. တို့ကြိုက်နေတာကို သိစေချင်တာ .."



စိုင်းလတ် က ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ထားရင်း ခြေဖျားထောက် ပခုံးတွန့်၏။ သူ့ရဲ့ တစ်ဆင့်ချင်းသော အမူအရာတွေကို ဇင်နီ နဲ့ လော က လှမ်းကြည့်နေကြကာ ..။

"အဲဒီ စိုင်းလတ် က ခြယ် နဲ့ ပြတ်သွားပြီးပြီမို့လား .."

ဇင်နီ က မေးရင်း လော ကို လှည့်ကြည့်သည်။ လော က ထွက်သွားသည့် နှစ်ယောက်ကို လိုက်ငေးနေရင်း နှုတ်ဆိတ်နေ၏။

"နင် သွားမခေါ်ဘူးလား .."

လော က မဖြေဘဲ ဒီတိုင်းရပ်နေပြီး ခြယ် က ပြောစရာရှိလျှင် ဘယ်သူ့ကိုမှ ဂရုမစိုက်ဖတ်ပေ။

သူမ စိတ်ထင်သလို လုပ်နေတဲ့ ကိစ္စတစ်ခု လမ်းကြောင်းတစ်ခုမှာ သွားရောက်ကာဆီးမိတိုင်း ခံရပေါင်းလည်း မနည်းတော့ သည့်အခြေတွေ ရှိခဲ့ရာ ..။

"နင် မခေါ်ရင် ငါခေါ်မယ် .."

"ဇင်နီ .."

ဇင်နီ့ လက်ကို လော က လှမ်းဆွဲလိုက်ပြီး ..။

"မခေါ်နဲ့ ..."

"မခေါ်လို့ ဖြစ်မလား .. သူ တစ်ယောက်တည်း လုပ်ထားတဲ့ကိစ္စ မဟုတ်ဘူးလေ၊ မနေ့ကကိစ္စ ဘာတွေဖြစ်နေသလဲဆိုတာ ပြောပြမှသိမှာပေါ့ .."

ပြောရင်း ဇင်နီ က ဖုန်းထုတ်လိုက်ပြီး ခြယ့် ကို လှမ်းခေါ်၏။ ခြယ် ဘယာကြော်စားနေတာကို ငုတ်တုတ်ထိုင်စောင့်ရင်း ဖုန်းမြည်လာတော့ စိုင်းလတ် က ငုံ့ကြည့်ကာ ..၊

"သဇင်နီ တဲ့ .."

"ဟုတ်တယ် သူတို့နဲ့ တွေ့ဖို့ရှိသေးတယ် .."

ဘယာကြော်ကို မကုန်သေးဘဲ ချထားလိုက်ပြီး အသင့်ပါလာ

www.burmeseclassic.com

www.burmeseclassic.com



သည့် ရှပ်ကိုဖွင့်၍ ဒီတိုင်းမော့သောက်သည်။

လက်ချောင်းထိပ်လေးတွေမှာ ဆီတွေပေးနေကာ ရှပ်ဘူးကို ကိုင်လိုက် ဖုန်းကိုင်လိုက်နှင့် ရှပ်ယှက်ခတ်နေပေမယ့် …၊

ရှပ်နဲ့ အကြော်ထုပ်က စွန့်ပစ်ခံရခြင်းသို့ ရောက်လျှက် ဖုန်းကို ဘယ်လက်လတ်သန်းကျွေးလေးနဲ့ ဆွဲကိုင်လိုက်သဖြင့် ကိစ္စပြီးသွားသည်။

"ပြော ခင်နီ …"

"— — —"

"ဘာဖြစ်တယ် …"

"— — —"

"ဟား – ဟား – ဟား … ဘာလို့ ငါမသိရမှာလဲ ငါလုပ်ထားတာပဲ ဪ –"

"— — —"

"ကြောက်နေကြတာလား …"

သူက ဖုန်းကို ပေါင်ပေါ်မှာ ဒီတိုင်းထားပြီး စကားပြောရင်း အိတ်ဖွင့်သည်။ အထဲက တစ်ရှူးထုပ်ယူပြီး တစ်စဆွဲထုတ်၏။ ပြီးတော့ နောက်ထပ်နှစ်စလောက် ထုတ်ပြီးမှ လက်သုတ်ခြင်းပြီးကာ …၊

"လာခဲ့မယ် … ဆယ့်ငါးမိနစ်လောက်စောင့် …"

"— — —"

"လော ရှိတယ်မှတ်လား … ပေးလိုက်ဖုန်း …"

"— — —"

"နင် ဘာဖြစ် …"

သူမ စကားပြောနေတုန်း စိုင်းလတ် က ဖုန်းဆွဲယူလိုက်သဖြင့် ခြယ် မျက်ဝန်းလေးတွေ စူးစူးရဲရဲဖြစ်သွားသည်။

"ဆောရီး …"

ပြောပြီး စိုင်းလတ် က ဖုန်းကို သူ့ဟာသူ ချပစ်လိုက်လျှင် …။



"ယူ ဘာလုပ်လိုက်တာလဲ စိုင်း …"

ဖုန်းကို ဆွဲလုလိုက်ပြီး ခြယ် က မတ်တတ်ရပ်လိုက်သည်။ စိုင်းလတ်က လှမ်းမကြည့်သည့် မျက်နှာနှင့် နေရာမှထကာ …၊

"ကိုယ် ဘာလုပ်သင့်လဲ ခြယ် … မင်း ကိုယ်နဲ့တွေ့ဖို့ ချိန်းထားတာလေ …"

"အဲဒီတော့ …"

"မင်း ဒီမှာပဲ ထိုင်မယ်ဆိုလို့ ကိုယ်ထိုင်တယ်၊ ပြီးတော့ မင်း စားသောက်နေတာတွေကို အနံ့တွေရော ကုန်သွားတဲ့အချိန်တွေကိုရော ကိုယ် သည်းခံခဲ့တယ် …"

"ယူ ထပြန်သွားလည်း တို့က အဲ့အတွက် ပြဿနာရှာမှာ မဟုတ်ဘူး … ဆက်ထိုင်နေတာက ယူ့ဆန္ဒ …"

"ဟွန်း …"

"ခြယ်မှုန်း ကို ဆောရီးလို့ ဘယ်တော့မှ မပြောနဲ့ စိုင်းလတ်၊ အဲဒီစကားက တချို့နေရာတွေမှာ တော်တော်အဆင်ပြေပေမယ့် … တချို့နေရာတွေမှာ ရိုင်းနေတတ်တယ် …"

"မင်း လုပ်နေတာတွေကတော့ ယဉ်သလား … ကိုယ့်ကိုထားပြီး မင်း ဖုန်းပြောနေတာ အေးအေး၊ ပြီးတော့ ကိုယ်ရမယ့်အချိန်က ဆယ့်ငါးမိနစ် …"

"အချိန်တွေ တိုးရချင်ရင် ယူ ဒီနည်းနဲ့ မတောင်းရဘူး …"

"ပြောပါဦး ဘယ်လိုနည်းတွေနဲ့ မင်း ကြိုက်လဲဆိုတာ …"

"ယူ့ကို မကြိုက်တော့တာတော့ သေချာတယ် …"

"အဲ့လောက် လွယ်လို့လား ခြယ် …"

ခြယ် က ခေါ်လှမ်းပြင်သည့် စိုင်းလတ် က ရှုက ပိတ်ထား၏၊ မျက်လုံးချင်းဆုံမိကြသည့်အချိန်မှာ အကြောက်တရားကင်းမဲ့သည့် ခြယ့် မျက်ဝန်းတွေကို စိုင်းလတ် မျက်နှာပေါ်မှာ စူးစိုက်နေခဲ့ပြီး …

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတွေကို လျှော့မတွက်နဲ့လို့ ပြောမလို့လား စိုင်းလတ်"

"မင်း သိဖို့ပဲလိုတာပါ .."

"သိတယ် .. ယောက်ျားလေးတိုင်း အောက်တန်းမကျဘူး .."

စိုင်းလတ် မျက်မှောင်ကုတ်သွားသည်။

"ယူတို့တော့ တို့မျက်စိမှောက်သွားတာလို့ပဲ မှတ်ရမှာပေါ့၊ မကျေနပ်ရင် ကြိုက်သလို စိန်ခေါ်လို့ရတယ်၊ တို့က မိန်းမပေမယ့် ယောက်ျားတစ်ယောက်က စိန်ခေါ်တာကို ရင်ဆိုင်ဖို့ အဆင်သင့်ပဲ .."

မိန်းမတစ်ယောက်နဲ့ ပြိုင်ဆိုင်အနိုင်ယူတဲ့သူလို့ ပြောသွားတာလေလား ..။

ယောက်ျားတိုင်း အောက်တန်းမကျဘူးဆိုတော့ သူကတော့ အောက်တန်းကျနေလို့လား ..။ လူကို လှောင်အိတ်နဲ့ တိုးတိုက်ထွက်သွားသဖြင့် စိုင်းလတ် ခြေလှမ်းလောက်နောက်ဆုတ်ကျန်ခဲ့သည်။ ထိုအဖြစ်ကို လော နဲ့ ခင်နီ တို့က မြင်နေရကာ ..။

"ခြယ် ကတော့ လုပ်လိုက်ပြန်ပြီ .."

ခင်နီ ခေါင်းခါရင်း ညည်းသည်။ လော ကတော့ မျက်မှောင်ကြီး ကုတ်လျက်နှင့် ..။

၇၇



အခန်း (၅)

"ဘယ်သူပြောတာလဲ မာမီ .."

"ဩော် ဘယ်သူပြောတာလဲ မဟုတ်လား၊ မင်္ဂလာဆောင်တဲ့ မိန်းကလေးနဲ့ ယောက်ျားလေးဘက်က နှစ်ဖက်စလုံး ဖုန်းဆက်ပြောကြတာလေ၊ ကောင်မလေးရဲ့ အဖေဆိုရင် ကံကောင်းလို့ မသေတာတဲ့ .."

"သေလောက်အောင် စားသောက်သွားကြတာကိုး မာမီရဲ့ .."

"ဘယ်လို .. ဘယ်လို .."

လူကြီးတွေ ဝိုင်းဝိုင်းလည်နေတာတောင် ခြယ်က ဂိမ်းဆော့နေတာ မပျက် ..။

အတွင်းဧည့်ခန်းမှာ အဘိုးဖြစ်သော ဦးဟိန်းကျော် လည်းရှိသည်။ မိဘနှစ်ပါးလည်း ရှိနေကြသည်။ ဆွေမျိုးရင်းချာသဖွယ် အရေးပါအရာရောက်သည့် အိမ်တော်ထိန်း ဒေါ်အနူး လည်း ရှိနေ၏။

စကားပြောရတာ အဆင်မပြေတိုင်း လူကြီးတွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ မျက်နှာတွေမှာ မချင့်မရဲဖြစ်ခဲ့ကြ၏။

ဒါပေမယ့် 'အချိုးမပြေလှချေရဲ့' လို့ ခြယ့် ကို တစ်ခွန်းမှ မငေါက်ငမ်းရက်ကြ ..။

www.burmeseclassic.com

www.burmeseclassic.com



သူမလေးခများ ငယ်စဉ်တည်းက ဆင်းရဲနွံချာသော သူစိမ်းတစ်ရုံတွေ လက်ထဲမှာ ကြီးပြင်းခဲ့ရသည်။ ကျောင်းနေချင်လွန်းလို့ ကိုယ့်ဘာသာတင်းရှက်လည်ရှောင်းပြီး ပိုက်ဆံစုခဲ့ရသည့် ဘဝမျိုးထိ ရောက်ခဲ့ရ၏။

အညာပွဲဈေးတစ်ခုမှာ မိသားစု လျှောက်လည်ကြစဉ် ရုတ်တရက်ပွဲလန့်သွားသဖြင့် ကလေးပျောက်သွားခဲ့တာ ခြောက်နှစ်သမီးကျမှ ပြန်ရှာတွေ့ခဲ့၏။

ထိုဒေသက ဆွေမျိုးတွေရဲ့ကြိုးပမ်းမှုနှင့် မိဘဘိုးဘွားတွေက မနားမနေ ရှာဖွေနေခဲ့ကြသောကြောင့် ကောက်မွေးထားသည့် မိသားစုကလည်း မရိုးသားသူတွေ မဟုတ်ကြသဖြင့် ကံကြီးလို့ ပြန်ပြီးရှာတွေ့ခဲ့တာဖြစ်သည်။

ကလေးကို ပြန်ရသဖြင့် ဘယ်လောက်တောင် ကျေးဇူးတင်သလဲဆိုလျှင် ထိုထိုမှာ အရေးကြီးသည့် ကဏ္ဍကနေပါဝင်ကူညီခဲ့သည့် အနူးတို့ အိမ်မှာခေါ်ထားတာ ခြယ်ရဲ့ နို့ထိန်းမိခင်သဖွယ် အရေးပေးမြှောက်စားထားခဲ့ကြတဲ့အထိ ..။

"သမီး '.."

"ရှင် .."

"မာမီတို့ကို သေချာပြောပြပါဦး သမီးရယ် .. အဲဒီ လူတွေ တစ်ရာကျော် နှစ်ရာကြီးကို ချစ်တဲ့သူက ထားပြီး မုန်းတဲ့သူတွေပဲ ဝမ်းလျှာကုန်အောင် ဘယ်လိုတွေများ လုပ်လိုက်တာလဲ .."

"ဟုတ်ပကွယ် .. မထနိုင်အောင် သွားပေမယ့် အိပ်ရာထဲမှာ နေနိုင်တဲ့ သူတွေရှိသေးတယ် .. အဲဒီကလေးတွေရဲ့ မိဘတွေကျမှ ဆေးရုံပြေးတက်ရတာတဲ့ .. ပြောပြပါဦး ငယ်လေးရဲ့ အနူး တို့ကို .."

"ပြီးသွားပြီပဲ အနူး ရာ .."

ဂိမ်းစက်ကိုပါ မြောက်ခနဲပါလာအောင် လက်လွှဲခါရင်း ပီကောဝါးနေသည့် ခြယ့် အလှလေးက ရှုံ့မဲ့နေကာ ..။



"ဝမ်းသွားတဲ့ လူတွေသွားတုန်းက ဖင်လှန်ပြီး ပြန်ထည့်ပေးလို့လည်း မရတော့ဘူး .."

"အမလေးတော် .."

ပြောချလိုက်တာ ကွင်းကွင်းကွက်ကွက်ကြီး ..။

"အနူး တို့ကို ဖုန်းဆက်တိုင်တဲ့လူတွေက ဘာတွေသိလို့လဲ .. ဘယ်သူက ဖြစ်တယ် မဖြစ်ဘူး ဘယ်သူနည်းနည်းဖြစ်တယ်၊ ဘယ်သူက များများဖြစ်တယ်၊ ဘယ်သူဆိုရင် လုံးဝမဖြစ်ဘူး၊ အဲဒါတွေကို ဘာလို လုပ် သိနေကြတာလဲ ကဲ .."

"သမီးလုပ်ခဲ့တာ မဟုတ်ဘူးဆိုရင် အခု မာမီတို့ကို ပြောပြလေ.."

"မနေ့တစ်နေ့ကကိစ္စတွေ ဘာလုပ်ဖို့လဲ မာမီ၊ ဘာဖြစ်လို့လဲ ခြယ် ပိုက်ဆံတွေ လျှောက်သုံးနေတယ်ဆိုပြီးတော့လား .."

"ခက်ပါလား သမီး ရယ် .."

"ဒါတွေတောင် ထည့်ပြောပြလိုက်တာ .. ပိုက်ဆံတွေ ဘယ်လိုအကုန်ခံတာ ဘာညာလည်း ပါမှာပဲ မာမီတို့က သူများ ဝမ်းသာအောင် ခြယ့်ကို ဆူနေကြတာပဲ .."

"အို .. မဟုတ်ပါဘူး သမီး .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. ဒက်ဒီတို့က ပိုက်ဆံနဲ့ ပတ်သက်ပြီး သမီးသုံးဖြုန်းတာကို ဘာမှ မပြောင်ဘူး .. သမီး ဒက်ဒီတို့ဆီမှာတောင် လက်ဖြန့်နေစရာလိုလို့လား .. ဘဏ်အကောင့်ထဲမှာ မပြတ်ထည့်ပေးထားကြတာ သမီးသိတာပဲ .."

"အဲ့ဒီ မိန်းမကြီးတွေက အစတုန်းက သူတို့ကိုယ်တိုင် သားအလိုလိုက်ချင်ပြီး ပိုက်ဆံမတတ်နိုင်သေးလို့ အိမ်ထောင်မပြုပါနဲ့ဦးတားထားရတာလိုလို .."

"အင်း .. ပြောပါဦး .."

လက်ထဲက ဂိမ်းစက်ကိုချပြီး စိတ်လိုလက်ရပြောလာသော့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဖျာပုပ္ပာသလဲ ခေါင်းညိတ်မေးမြန်းမိကြ၏။

"စိုး ကလည်း သူ့မိသားစုကို ပိုက်ဆံရှိတဲ့ လူတစ်စုက ချုပ်ကိုင်ထားလို့ သူ့ကိုယ်သူ သတ်သေတော့မလို ဖြစ်နေတာလေ .."

"အဲလိုတွေဖြစ်နေကြတာ သမီးကို ဘယ်သူပြောတာလဲ .. တကယ်ဟုတ်မဟုတ် သမီး သေချာရော သိလို့လား .."

"ခြယ် စုံစမ်းခဲ့ပါတယ် .. သူ့အမေကိုယ်တိုင်လည်း ဒီလူတွေနဲ့ မလွတ်တင်နိုင်သမျှ စိတ်ချမ်းသာရမှာမဟုတ်တော့ပါဘူး ဘာညာတွေ"

"အင်း သူတို့က သမီးဆီက အကူအညီလိုချင်တာ သက်သက်နဲ့ ပြောကြတာ ထင်ပါတယ်ကွယ် .. သူတို့ရဲ့ သမီးကို ခုလို အိမ်ထောင်ပြုတာမျိုးတော့ လက်မခံချင်လို့ပေါ့ .."

"ဒါဆိုလည်း ခွဲခြားပြောလေ .. လိုချင်တပ်မက်စိတ်နဲ့ အဲ့လို မာယာတွေသုံးတာ ခြယ် အမုန်းဆုံးပဲ .. ကိုယ့်စိတ်က စေတနာဖြစ်လာရင် ဘာကြီးပဲဖြစ်ဖြစ် ပုံပေးပစ်လိုက်နိုင်တယ်၊ ဒါမျိုးလာလုပ်လို့ကတော့ မသိလို့ကျွေးမိရင်တောင် လည်ချောင်းထဲရောက်နေပေစေ မရမက ပြန်နှိုက်ထုတ်မှာ .."

ဒေါ်စိန်စီခြယ် မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ ဦးညွှတ်မင်း မျက်နှာ မသာမယာ ဖြစ်သွားခဲ့၏။

"စကားပြောတာတွေ မကြမ်းတမ်းရဘူး သမီး၊ သမီးမျက်နှာလှလှလေးကို ရုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေက တဖြည်းဖြည်းရုပ်ဆိုးအကျည်းတန်သွားအောင် ပြောင်းလဲပစ်လိမ့်မယ် .."

သူမ စကားလုံးတွေ ကြမ်းသွားတိုင်း လူကြီးတွေ မျက်နှာပျက်ကြတာ၊ ဒီလို သတိပေးဆုံးမစကားတွေ ပြောလာတတ်တာကို ခြယ် မသိလို့ မဟုတ်ပါ။ ကိုယ်တိုင်လည်း သတိထားတော့မယ်လို့ ဆုံးဖြတ်ထားခဲ့တာ အမှန်ပဲဖြစ်သည်။ ဒါပေမယ့် ပြောမိဆိုမိတာကိုလည်း ချုပ်တီးလို့မရ ..။



ဒေါ်စိန်စီခြယ် က သမီးမျက်နှာလေး အိုသွားတော့လည်း သနားသွားလိုက်ပြီး ဆံနွယ်လေးတွေကို တယုတယ ပွတ်သပ်ပေးရင်း ..

"မာမီ သမီးလေးကို ချစ်လို့ဆုံးမတာပါ၊ သမီးက မမိုက်ဘူးဆိုတာလည်း သိတယ်၊ ပြုပြင်နေထိုင်ခဲ့တာတွေလည်း သိတာပဲ၊ ဒါပေမယ့် သမီးရယ် မာမီတို့တွေ နေထိုင်စားသောက်တာတွေ ဆင်းရဲချမ်းသာတာတွေအားလုံးက ကံ့ကံ၏ အကျိုးတွေပဲမလား၊ အတိတ်ကပြုခဲ့တဲ့ ကောင်းမှုတွေကြောင့် ဒီဘဝမှာကောင်းကျိုးခံစားကြရပေမယ့်၊ ပစ္စုပ္ပန်မှာလည်း ကောင်းအောင်နေရမယ် ကောင်းတဲ့တရားရှာတတ်ရမယ် .."

ဆုံးမ စကားပြောတိုင်း မငြူစူတတ်သည့် မျက်နှာလေးကိုကြည့်ကာ ဒေါ်စိန်စီခြယ် က နဖူးလေးကို မြတ်နိုးစွာ နမ်းမိလိုက်ရင်း ..။

"နှုတ်ထွက်စကား ကြမ်းတမ်းတဲ့သူဟာ တစ်နေ့ကို ကျတ်သရေသုံးခါ ယုတ်တယ်တဲ့ မနက် နေ့လယ် ညဆိုတဲ့ သုံးကြိမ်မှာ သူ့အတွက် မင်္ဂလာကျက်သရေဆိုတာ တစ်ကြိမ်မှ မရှိဘူး၊ ကမ္ဘာရဲ့ ရေမြေလေထုကို ကောင်းကျိုးမပြုတဲ့အပြင် ကိုယ့်ရဲ့ ဂုဏ်ကျက်သရေကိုတောင် ယုတ်ညံ့စေတဲ့သူကို နတ်ကောင်းနတ်မြတ်လည်း မစောင့်ရှောက်ဘူး၊ အဲဒီလူ့အတွက် ရောက်လာမယ့် ကောင်းကျိုးချမ်းသာတွေကလည်း ရောက်မလာတော့ဘူး၊ အဲဒါကို လာဘ်တိတ်တယ်လို့ ခေါ်တယ် .."

"ဒါဆို ..."

ခြယ် တစ်စုံတစ်ရာကို မေးမလို့ အားပြုလိုက်ပြီးမှ ဆွံ့အသွားသည်။ ဒေါ်စိန်စီခြယ် က သူမ မေးဖျားလေးကို ဆွဲလှုပ်ယူကာ ..။

"ဒါဆို ဘာဖြစ်လဲမေးတော့ .. သမီးအတွက် မာမီတို့ စိုးရိမ်လို့ မေးခဲ့တဲ့ ဟိုမင်္ဂလာကိစ္စတွေကို မေမေတို့ မမေးတော့ဘူး .."

ကိုယ့်ဘာသာစုံစမ်းပြီး အဆင်ပြေပြေ ပြီးဆုံးသွားအောင် လုပ်လိုက်ဖို့ စိတ်ကူးတာကိုတော့ မပြောဖြစ်ဘဲ ..။

"အဲ့ဒါတွေထားလိုက်တော့မယ် အခု ဘာမေးမလို့လဲ မေး .."

www.burmeseclassic.com

www.burmeseclassic.com



"မမေးတော့ပါဘူး၊ ဒါပေမဲ့ .. ဒါပေမဲ့ ခြယ့် ပုံစံက ဘယ်လိုပုံစံ ပေါက်နေပြီလဲဟင် .. အရမ်းရိုင်းနေတာလား .."

"အရမ်းကို ပြောင်းလဲနေပါပြီ သမီးရဲ့ ဒီလိုပဲ တဖြည်းဖြည်းပြုပြင် ရမှာပေါ့၊ သမီးကိုယ်တိုင်က ကောင်းမှု မကောင်းမှုကို ခွဲခြားသိတယ်၊ ပြုပြင်ချင်စိတ်ရှိတယ်ဆိုရင် ဒါက အပြစ်ကြီး တစ်ခုမဟုတ်ပါဘူး .."

အဖြူရောင် ရှပ်အင်္ကျီပွပွကြီးနှင့် ဘောင်းဘီပေါင်တိုလေးဝတ်ပြီး လွတ်လွတ်လပ်လပ် ထိုင်နေသည့် ခြယ့် ပုံစံလေးက ဟိုအရင် ကလေး ဘဝတုန်းက ဆိုးရွားတဲ့ ဝန်းကျင်တစ်ခုမှာ ဘဝကို ကြမ်းတမ်းစွာ ဖြတ်သန်း ခဲ့ရသူလို့ ပြောရင်တောင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး ..။

"အလေးက သူ့နာမည်လေးကိုတော့ ပြောပါတယ် .. ကျွန်မတို့လည်း ကောင်းကောင်း နားမလည်ကြတာနဲ့ သူက ဖြူဖြူရဲရဲလေး နှုတ်ခမ်းပါး လေးနဲ့ဆိုတော့ 'ကရင်မ' လို့ပဲ ခေါ်လိုက်ကြတာ" တဲ့ ..။

"ကျွန်မတို့ကို တစ်မျိုးမထင်ပါနဲ့ရှင်၊ ကလေးလေးကို ပိုင်ရှင် လိုက်ရှာပေးပါသေးတယ်၊ ကလေးကိုမေးပြီး အဖေ အမေရှာပြခိုင်းတယ်၊ အဲဒီညမှာ ကျွန်မယောကျ်ားကလည်း ပိုးထိလာတော့ ဈေးရောင်းတာ တွေ အကုန်သိမ်းပြီး ဆေးရုံပြေးရတာလေ .."

ကလေးကို ပိုင်ရှင်မရှိဘဲ မထားခဲ့ရက်လို့ ခေါ်သွားပါသည်ဟု ပြောပြပြီး တောင်းပန်သည်။ နယ်လှည့်ဈေးသည်တွေဖြစ်ကာ၊ မွေးချင်း မောင်နှမတွေ နှစ်ဦးသုံးဦးစုနေကြတာမို့ ခြယ် က သူတို့လက်ထဲမှာ နယ် လှည့်ဈေးသူလေးပဲ ဖြစ်နေခဲ့သည်။

ဒါကြောင့်ပဲ လူ့ရည်လည်နေတာလား၊ ဒေါသကြီးတတ်နေတာ လားမသိ ..။ သမီးလေးကို ခုနှစ်နှစ်ကျော်ကျော်မှာ ပြန်တွေ့တော့ ဇတ်ဇတ် ကြဲ စွာစွာထက်ထက်လေး ..။

"သမီးကို အဲဒီက မောင်မောင်ခင် တို့က သိပ်လူလည်ကျတာ .." ဟု မေးလိုက်တာနှင့် တန်းပြောသည်။ ထို့ပြင် ..၊



"ဘာရမလဲ သမီးက ခံချတာပေါ့ .."

လို့ ကန်တာကျောက်တာတွေ လုပ်ပြရင်း ရင်ဘတ်လေးကော့ပြီး ကြွားလေသည်။

"သမီးကို ဘဘစန်း က သိုင်းသင်ပေးတာ" တဲ့ ..။

သမီးနဲ့ ဟိုကလူကြီးတွေ ပြောပြချက်အရ သူတို့နယ်လှည့်အဖွဲ့ထဲ မှာ မျက်လှည့်နဲ့ ဗမာသိုင်းပညာဟန်ရေးပြသည့် မြေအဘိုးလည်းပါသည်။

ထို့ကြောင့် ဦးစန်း ဆိုသည့် လူကြီးက 'ကရင်မ ကို ငါ သင်ပေးမယ်၊ ကျောင်းလည်းထားပေးမယ်၊ ဒါပေမယ့် ငါ့ကိုအပိုင်ပေးရမှာ' လို့ တောင်း ခဲ့သည်။

သိုင်းပညာလေး မတောက်တခေါက်တတ်မြောက်ခဲ့ရင်း ကျောင်း လည်းတက်ခဲ့ရသည်။ သို့သော် ဦးစန်း ကွယ်လွန်သွားတော့ ခြယ့် ဘဝ လေးက ဟိုရောက်ဒီရောက်နှင့် ပညာဆက်သင်ချင်ရင် ကိုယ့်ဝမ်းစာ ကိုယ်ရှာ ကိုယ့်စရိတ်ကိုယ်စု စနစ်နှင့် ခရီးဆက်ရဖြန်၏။

အားလုံးဟာ ကံစီမံရာအတိုင်းလို့သာ ယူဆခဲ့ရ၏။ မိန်းကလေး တစ်ယောက်အတွက် ဒုက္ခဆင်းရဲကြုံရခြင်းဟာ ဘဝပျက်ရတာထက် အများကြီးသာသေးတာမို့ အဆိုးထဲက အကောင်းလို့ပဲ ယူဆခဲ့ရ၏။

မွေးစားမိဘတွေပြောတာ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ဒီကလေး လေးရဲ့ဘဝကို ကျွေးမွေးစောင့်ရှောက်ခဲ့ကြသည့် ကျေးဇူးရှိတာတော့ အမှန်ပဲဖြစ်၏။

ထို့ကြောင့် ကျေးဇူးတင်ထိုက်သူတိုင်းကို ကျေးဇူးဆပ်ခဲ့သည်။ အပြော အဆိုစရိုက်ကအစ ကိုယ့်ပတ်ဝန်းကျင်မှာ အံမဝင်ခွင်မကျတွေ ပါလာ ခဲ့သမျှ သမီးလေးကို အချိန်ပေးပြီးပြုပြင်ယူခဲ့ရ၏။

'ငါ့သမီးလေး ဆင်းရဲခဲ့ရှာတယ်' ဆိုသည့် နာကျင်မှုနှင့် သမီးလေး စိတ်ကြိုက် သုံးခွင့် ဖြုန်းဖွင့်ပေးခဲ့သည်။ ပြောဆိုသမျှ 'ပြင်းလိုက်တာ မိုက်လိုက်တာ' လို့ ဦးဉာဏ်မင်း တို့ ဘယ်တော့မှ ပစ်လက်ခတ်မဆူခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေ။

ဒီအတွက် သမီးရဲ့ ပတ်ဝန်းကျင်မှာ ကိုယ်ပိုင် ပတ်ဝန်းကျင်တစ်ခု ဖန်တီးရသည်။ သူမလေး ဘယ်လိုအပြောဆိုးပါစေ၊ အိပ်မက်ထဲမှာ ဆဲမိဆိုမိတာမျိုး ဖြစ်ခဲ့သည်။

ကြိုက်သလိုရမ်းကား၊ ဘယ်လောက်မိုက်မဲပါစေ ဆယ့်နှစ်ထပ်တိုက်ပေါ်ကနေ ခုန်ချကြည့်မယ်ဆိုရင်တောင် အောက်ကနေ ဖဲမွေ့ရာ ရွှေတော်အောနဲ့ ဖြန့်ခင်းထားပြီး ဖြစ်စေခဲ့၏။

ချမ်းသာသလောက် သမီးလေးအတွက် ပုံအောအသုံးချခဲ့ကြသည်။ လတ်လှမ်းမှီသမျှ မိတ်ဆွေတွေအကြီးအကဲတွေ လူဖျင်းလူသိမ် အားလုံးကို သိမ်းသွင်းပေါင်းသင်းခဲ့ရ၏။

ခုတော့လည်း ပင်ပန်းသမျှ အရာထင်စ ပြုခဲ့ပါပြီ။

"သမီးလေးကို ငါတို့ လက်လွှတ်ကြည့်ရအောင်' လို့ ဆုံးဖြတ်ပြီးတဲ့အချိန်မှာ ခြေမခိုင်လို့ ဖုတ်ခနဲ လဲတာလောက်တော့ ရှိနေဦးမည်သာ.."

ထိုအချင်းအရာနှင့် ပတ်သက်၍ ...၊



အခန်း (၆)

"တစ်ယောက်က ဆံပင်ရှည်ရှည် အရပ်တိုက်တိုက် အသားအရောင်က စင်းပဲလ်ပွိုက်လေးနဲ့၊ တစ်ယောက်က ဆံပင်၊ အရပ်၊ အသား ရောင်ပြီးတော့ ဘော်ဒီစထရပ်ချာ ပြီးတော့ သူ့ရဲ့ နောက်ခံ ဘက်ခ် ရောင်း(န်) အားလုံးက အိုဗာ့ဝိတ်(ထ်) .."

"ငါသိတယ် .."

"အသိသာကြီး .."

"အဲဒါ ဘယ်သူတွေလဲ .."

"သဇင်နီ နဲ့ ခြယ်မှုန်း .."

ဇင်နီ့ ခြေလှမ်းတွေ အသံတွေကြောင့် တုံ့ဆွဲသွားခဲ့သည်။ နောက်ထပ် ခြေနှစ်လှမ်းလောက် ရှေ့ကိုကျူးလိုက်တာနဲ့ စကားသံတွေထွက်လာသည့် ကျောင်းသူတွေရဲ့ မြင်ကွင်းနယ်ပယ်ကို ရောက်တော့မှာမို့ ဒီနှိုင်းရပ်တန့်နေမိစဉ် ...။

"အဲ့ဒီ နှစ်ယောက်ထဲက ဘယ်တစ်ယောက်ကိုထင်လဲ ပြောကြည့်"

"လော နဲ့လား .."

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က သူငယ်ချင်းတွေပါ .."

"သူတို့ချင်းထက် ဘယ်သူ့ကိုမှ ဖောက်ဖျက်ပိုမိုပြီး မရင်းနှီးကြဘူးလေ၊ ဖြစ်လေ့ဖြစ်ထရှိတဲ့ အတိုင်းတွေးစမ်းပါ .."

"အင်း .. ပြောရရင်တော့ သုံးယောက်ထဲမှာ ခြယ်မှုန်း က နေတာထိုင်တာ အရမ်းဆော့(ဖ်)တယ် သူ့ပုံစံကိုက ထင်းလှတာလေ၊ လှသလောက် ဝရိတ်(တ်) ကျတာမျိုးပေါ့ .."

"ရှုပြီ လိုရင်းကိုပြော .."

"လော က ကြည့်ကောင်းပေမယ့် သာမန်ပဲ .. ဇင်နီက သူ့မျက်လုံးလေးတွေက ထက်သလိုတော့ရှိတယ်၊ ဒါပေမယ့် ပုံစံကမလန်းဘူး၊ အဲ – ကိုယ့်ဘေးက လူက အရမ်းလန်းနေရင် ကိုယ်က အလိုအလျောက် ငွမ်းသွားတာမျိုးပေါ့နော် .. သူတစ်ယောက်တည်းဆို လှနေတာပဲ ခြယ်မှုန်း နဲ့ ယှဉ်တော့ တခြားစီပဲ .."

"မယှဉ်ဘဲနဲ့ ပြောကြည့်လေဟာ .."

ကိုယ့်ကိုယ်ကိုယ် တစ်ခါမှ မတွေးခဲ့ဘူးပဲ၊ အမှတ်တမဲ့ပြန်ငုံ့ကြည့်မိသည်။ ရှားသွေးရောင် ထမီစကတ်ပျော့ပျော့နှင့် ဆွဲသားအထူ အဝါရောင်ကို ဝတ်ထားခဲ့သည်။

ခါးထိရှည်သော ဆံပင်တွေကို သူမ ဂုဏ်ယူဝင့်ကြွားစွာ ဖြန့်ချထားတတ်တာလည်း ဟိုတုန်းတည်းက ..။ အမေကတော့ ကိုယ့်သမီးမို့လို့လား ..၊

"ငါ့သမီးက ယဉ်စစနဲ့ ကျက်သရေရှိတဲ့အလှမျိုး၊ နဖူးက မဟာထောင့်လေးတွေပေါ်နေတော့ ဆံပင်ရှည်လေးနဲ့ ကြည့်လို့သိပ်ကောင်းတာပဲ .." တဲ့ ခုကျတော့ ..။

"မယှဉ်ဘဲပြောလည်း အသိသာကြီးပဲဟာ၊ လော နဲ့ ဇင်နီ က လိုက်ဖက်ပါတယ်၊ ခြယ်မှုန်း ပုံစံက သူတို့ထဲမှာ ရောနှောသွားတဲ့ပုံမျိုးမဟုတ်ဘူး .."

"ဘာလဲ လော နဲ့ မတန်တာမျိုးလား .."



"မသိဘူး ခြယ်မှုန်း မျက်နှာမှာလည်း လော ကို စိတ်ပူနေတဲ့ပုံ မရှိဘူး ထင်ပါတယ်၊ သူတို့အဆင့်အတန်းချင်းလည်း တော်တော်ကွာလောက်တယ်ဟ .."

"လော က ယောကျ်ားလေးဆိုတော့ သူ ဒီလိုနေတတ်တာလည်း ဖြစ်နိုင်တာပဲ၊ နင်ကလည်း ဘယ်လိုအခြေအနေမျိုးလဲ အကဲခတ်ရလွယ်တာက မိန်းကလေး .."

"အင်း ဟုတ်တော့ .. ဟုတ်တယ် .."

"ငါထင်တာတော့ လောက ခြယ်မှုန်း ကို မှန်းမှာပဲ .."

"ဟယ် လော ပုံစံက အဲ့လို ရွေးခြယ်တဲ့ ယောကျ်ားမျိုးနဲ့တော့ မတူပါဘူး .."

"မဟုတ်ဘူးလေ .. ဘယ်သူပိုလှသလဲဆိုတာ အသိသာကြီးဥစ္စာ၊ နောက်ပြီး သူနဲ့ အမြဲတမ်းလိုလို အတူတူရှိနေတာလေ ဇင်နီလေ၊ အဲ့တစ်ယောက်ကို ဘေးမှာထားပြီး ခြယ်မှုန်း မလာသေးရင်လည်းဝင်ရှုပ်နေတာ မမြင်ဘူးလား .."

ဒီစကားကို ထောက်ရှုခြင်းအားဖြင့် သူမတို့အုပ်စုက ကိုယ်တွေနဲ့ အနီးဆုံး ဒါမှမဟုတ် မနီးမဝေးမှာ အမြဲရှိနေကြသည့် သူတွေပဲဖြစ်နိုင်၏။

ဘာပဲဖြစ်ဖြစ် လော ရယ် သူမ ရယ် ခြယ်မှုန်း ရယ်က ဒီလောက်တောင် စိတ်ဝင်စားစရာကောင်းနေလို့လား ..။

ဘာကြောင့် ကိုယ်နဲ့ မသက်ဆိုင်သူတွေအကြောင်းကို ဆွေးနွေးအွဲကြီး တစ်ခုလို အကျအနဝေဖန်သုံးသပ်နေကြတာလဲ ..။

"ငါတို့ကတော့ လော နဲ့ ဇင်နီ က သပ်သပ်၊ ခြယ် က တခြားပဲ မြင်တယ်၊ ဟိုအပတ်တုန်းက မင်္ဂလာဆောင်မှာ ခြယ်မှုန်း လုပ်ချလိုက်တာကြည့်လေ .."

"ဟုတ်တယ်နော် .. ငါလည်း စုရီလေး ပြောပြတော့ တော်တော်အံ့သြတာ သိလား .."

"ငါကတော့ လန့်သွားတာ ခြယ်မှုန်း က သူ့ကိုယ်သူ မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးလိုနေနေတာဟာ ခုန မြတ်နိုး ပြောသလိုပဲ လော နဲ့ ဇင်နီ ကိုလည်း သူ့အနိုင်အစေတွေလိုပါပဲ ..”

“ဟယ် နင်ကလည်း သူတို့ချင်း ခင်ကြပါတယ်ဟ ..”

“ပုံစံကို ပြောပြတာလေ .. ဒီအဆင်နဲ့ ဒီအဆင် ဘယ်လိုမှ ရောနှော သွားတာ ခြယ်မှုန်း နေပုံထိုင်ပုံကြောင့်ပဲ ...၊ သူခင်တာက သိသာလေမယ့် ရှိုးလေး တို့ ပြောတဲ့အတိုင်းဆို ဘာလုပ်လုပ် ဟိုနှစ်ယောက်ကို တိုင်ပင် တာ မဟုတ်ဘူး .. မင်္ဂလာဆောင်မှာ အားလုံး ဝမ်းတွေလျှောကုန်အောင် လုပ်ပစ်လိုက်တာ ဇင်နီ တို့ လော တို့ ဘာမှမသိလိုက်ဘူးတဲ့ ..”

“ဟုတ်လား ..”

“သူငယ်ချင်းချင်း ငါတို့ဆိုရင် အိမ်မှာ ငါချစ်တဲ့ ခွေးလေးဖျားနေ တာတာအစ နင်တို့ကို ပြန်ပြောတာပဲ၊ ဘာဖြစ်ဖြစ် မတိုင်ပင်ဘဲ ထုတ်မ ပြောတဲ့များ မလုပ်နိုင်ပါဘူး ..”

“ဪ ဒါကတော့ ..”

“ဒါကတော့မနေနဲ့၊ ခြယ်မှုန်း က အပြင်ထွက်တာတောင် ကိုယ်ရဲ့ တော်တွေနဲ့လို့ ကြားတယ်၊ ဒီလောက်တော့ ရှိမှာပဲဟ၊ ငါတော့ ခြယ်မှုန်း လို ပြည့်စုံတဲ့ဘဝကို အရမ်းအားကျတာပဲ လှမှလှ တောမှတော ..”

“ဖြည့်စွက်ပြောပေးရမလား၊ ‘လော’ ဆိုတဲ့ တည်တည်ခန့်ခန့် ကောင်ချောလေးလည်း အနားမှာရှိတော့လေ ..”

“အဟွန်း ..”

“မိန်းမ တွေ့လား .. ငါမပြောဘူးလား ဒီမိန်းမ လော ကို မြင်ရင် နိုးနိုးငေးပါတယ်ဆိုတာ ..”

“ခစ် .. ခစ် .. ခစ် ..”

ဇင်နီ့ ခြေလှမ်းတွေ နောက်ကြောင်းပြန်လှည့်ခဲ့ရင်း လေးလံနေခဲ့သည်။ ဘယ်ကိုမှလည်း မသွားဖြစ်တော့ဘဲ ကျောင်းလမ်းမပေါ်ပြန်ရောက်လာ ခဲ့လျှင် ...၊

“လော နဲ့ ဇင်နီ့ ကို အနိုင်အစေတွေလိုပဲ ..”



“ဒီအဆင်နဲ့ ဒီအဆင် ဘယ်လိုမှ ရောနှောမသွားတာ ခြယ်မှုန်း နေထိုင်ပုံကြောင့် ..”

“သူ့ကိုယ်သူ မင်းသမီးတစ်ပါးပဲ ..”

“ဘာလုပ်လုပ် ဟိုနှစ်ယောက်ကို တိုင်ပင်တာမဟုတ်ဘူး ..”

“အမြဲအတူရှိနေတာ ဇင်နီ ..”

“အဲ့တစ်ယောက်ကို အနားမှာထားပြီး ခြယ်မှုန်း မလာသေးရင် လည်ပင်းရှည်နေတာ ..”

“အ ...”

အတွေးထဲမှာ လေဟုန်စီးနေမိကာ ခလုတ်တိုက်မိတော့ နာလိုက် သည့်ဖြစ်ခြင်း ...။

“ဘာဖြစ်သွားတာလဲ ..”

လော အသံက ပြေးလာတာမှန်းသိလိုက်သည်။ ဇင်နီ လှည့်မကြည့် နိုင်လောက်အောင် နာကျင်နေရကာ ...။

“အား ...”

“ဇင်နီ ရာ မြေပြောင်ပြောင်မှာ ခလုတ်တိုက်ရသလားဟ ..”

ခြေသည်း လက်သည်း အရှည်မထားလို့သာ ...။

မဟုတ်လျှင် ခြေသည်းလန်ပြီး သွေးထွက်သံယိုတွေ ဖြစ်သွားနိုင် လေသည်။ ငုံ့ကြည့်လိုက်တော့ ခြေမထိပ်မှာ ကျောက်စရစ်မှုန်တွေနဲ့ ပွန်းရာရှရာ ထင်နေကာ၊ သွေးမထွက်သော်လည်း သွေးခြည်ဥလျက်...။

“အဟွန်း .. တော်တော် နာသွားတယ်မို့လား .. မျက်နှာကြီးက မဲ့နေလိုက်တာ ..”

တော်တော်နာသွားလားလို့ မေးလိုက်တာဆို ကြည်နူးဖွယ်ကောင်း လိမ့်ဦးမည်။ ဇင်နီ့ မျက်ခုံးတန်းလေးတွေ တွန့်ကုတ်နေကာ ...

“ငါ့ကို စိုးရိမ်တာလား လာလှောင်နေတာလား ရုပ်ကြီးကိုက ..”

“ဪ .. ကဲ ..”

ပြောလိုက်မှ လော က ပိုရယ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"စိုးရိမ်လို့ ပြေးလိုက်လာတာတောင် ရန်တွေ့နေသေးတယ်၊ နင့်မျက်နှာကြီး မှန်ထုတ်ကြည့်ပါဦး .."

"ငါ့ ခြေထောက် ပျောက်ခနဲတောင် မြည်သွားတယ် သိရဲ့လား၊ နာနေတာကို ပြုံးပြုံးလေး နေရမလား .."

"ဟုတ်ပါတယ် ဆောရီးပါ အဟွန်း .. ခလုတ်တိုက်စရာမရှိပဲ စလစ်ပါထပ်ထပ်လေးစီးပြီး မြေပြောင်ပြောင် ခြေခေါက်တယ်ဆိုတော့ .."

"လော .. နင်နော် .."

ထုစ်လိုက်ဖို့ လက်ရွယ်လိုက်ကာမှ လော က လွယ်အိတ်ထဲက ပလာစတာလေး ထုတ်ယူလိုက်တာ မြင်သောကြောင့် လက်က ရွယ်လျက်သား ရပ်တန့်သွားခဲ့၏။

"အဲ့ဒါ ဘာတွေလဲ .."

"မမြင်ဘူးလား .."

"မြင်တယ်လေ အဲ့ဒါလို့ ပလာစတာတွေ .."

"ဟုတ်တယ် .."

"ပြီးတော့ ပါသေးတယ် ဘာတွေလဲ"

"ဘာဖြစ်ဖြစ် အခု နင် အဆင်ပြေသွားပြီမလား .. လာ ဟိုဘေးမှာ ခဏထိုင်လိုက် .."

လော က သူ့အိတ်လေးကို နှိပ်စေ့လေးပိတ်ပြီး ပြန်ထည့်လိုက်သဖြင့် သေချာမကြည့်လိုက်ရ ..။

လမ်းဘေးက အုတ်ခုံလေးမှာ ထိုင်ချလိုက်ပြီးမှ ..။

"သွေးမှ မထွက်တာ နေပါစေတော့ .."

"ဒီမှာ သွေးစို့နေပြီ မမ သေချာကြည့်ဦး .."

လော က ခပ်ရွှဲရွှဲပြောပြီးဆို မမ လို့ခေါ်တတ်ကာ၊ သူခေါ်လိုက်တာ ကြားတိုင်း ဇင်နီ က သဘောတကျရှိမိကာ ..။

"နင် ငါ့ကို လိုက်ရှာနေတာလား .."

"ဟုတ်တယ် နင့် အိမ်ကိုရောက်သွားတော့ နင် ဘာမှမစားဘဲ



ထွက်သွားတယ်တဲ့၊ ခုစားပြီပြီလား .."

"ဟင့်အင်း .. နင်တို့မှ မလာကြသေးတာ .. ငါ ဒီနေ့ .."

"တီ ..."

အနီးကပ် ကားဟွန်းသံကြောင့် စကားပြတ်သွားပြီ မော့ကြည့်လိုက်လျှင်၊ ဘေးမှန်က လျှောခနဲ ကျသွားကာ၊ ပန်းခရမ်းရောင်လဲ့နေသော မျက်မှန်နက်နှင့် ဖွေးနုသောမျက်နှာလေးက မြင်နေကျအတိုင်း ပီကေဝါးလျက် ..။

"လော ကားပေါ်တက် ၊.."

ခြယ်က မေးဆတ်ပြရင်း ကားပေါ်တက်ခိုင်းနေတာ ..။

"လာစမ်းပါ မြန်မြန် ငါသွားစရာရှိလို့ .."

လော က မတ်တတ်ထရပ်လိုက်ပြီး ခွာထားသည့် ပလပ်စတာကို ခြေထောက်မှာ ပြီးအောင်ကပ်ရမလို ကားပေါ်တက်ရတော့မလို ဖြစ်သွား၏။ ပြီးမှ ...

"ခဏနေဦး .. ငါ ဒါလေး .."

ပြောပြီး ခြေဖျားထောက် ပြန်ထိုင်လိုက်လျှင် ..။

"ခြယ် ဘာကိစ္စရှိလို့လဲ မသိဘူး .. လိုက်သွားလေ အဲ့ဒါ ငါ ဘာသာ ကပ်လိုက်မယ် .."

"ကပ်လိုက်ပြီးရင် ပြီးပြီ .."

"အမလေး လော ရယ် မိန်းကလေးတစ်ယောက် ခြေထောက်နားမှာ ဒူးထောက်နေတာ ကြည့်လို့မကောင်းလိုက်တာ ထစမ်းပါဟာ .. ငါ့သူငယ်ချင်းဖြစ်ပြီးတော့ အောက်လိုက်တာ .."

ပြောပြောဆိုဆို ကားထဲက စက်မသတ်ပဲ ဆင်းလာပြီး လော ရဲ့ လက်ကို အတင်းဆွဲ၍ ထခိုင်းသည်။

"ဘာလိုဖြစ်နေတာလဲ ခြယ် ရာ ခဏလေးပါဆိုမှ ကွာ .. ရော့ ဇင်နီ .."

"ရပါတယ်ဆိုမှ ပေး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ခွာပြီးသားကြီးကို ပေးယူနေရင် လျှောက်ကပ်ကုန်မှာပေါ့၊ ကြာလို့ပါဆိုမှ မုန့်ဆိုင်မှာ ကိုယ့်ဘာသာ သွားဝယ်ကပ်လိုက်တော့ ဇင်နီ"

လော က ပေး၍ ဇင်နီ ကလည်း လက်လှမ်းပြီးဖြစ်သော်ငြား နှစ်ယောက်ကြားကနေ ခြယ် က ထိုလက်ကို ပုတ်ချလိုက်သဖြင့် သူမရဲ့ လက်ဝတ် အစိမ်းကျားလေးမှာ ပြန်ကပ်ပါသွားခဲ့ပြီး။

"ဂျိမ်း ..."

ထိုယ့်လက်မှာ ကပ်ပါလာမှန်းလည်း ခြယ် မသိ ...။

လော ထို ဟိုတက်ကို တွန်းလွှတ်လိုက်ပြီး ဒီဘက်က ဝင်ထိုင်လိုက်ရင်း တံဝါးပိတ်လိုက်၏။ ပြီးတော့ ...

"ဘာမှလည်း ဖြစ်တာမဟုတ်တဲ့နဲ့ ဒီလောက်လေးထိတာကို မယ်ဇင်နီ ရှော့ပါ ..."



အခန်း (၇)

"နင် ဘာဖြစ်လာလို့လဲ ခြယ် အရေးတကြီး ..."

"ငါ ကားတိုက်မိလာလို့ ..."

"ဘာ ..."

လော အသံကြီးက ထိတ်ထိတ်ပျာပျာနှင့် ပြီးတော့ ကားပေါ်ကနေ ရှေ့ဘောနက်ကို ကြည့်မိရင်း စဉ်းစားကာ ...။

"နင့်ကားမှာ ဘာဒဏ်ရာမှ မတွေ့လိုက်ဘူးလားလို့ ..."

ပြောပြီး ပြန်စဉ်းစားမိသေးသည်။ သူကားဘေးနားမှာ ထိုင်ရာကနေ ထိလိုက်လာခဲ့တာပဲ ဘာဒဏ်ရာမှမရှိလို့သာ သတိမထား မိခဲ့တာပေါ့ ...။

"ဟုတ်တယ်မလား ပြောစမ်းပါ ဘယ်မှာ ဖြစ်ခဲ့တာလဲ သိပ်ရှေ့ဘူးမလား ..."

"ဘာလဲ .. ဘာတွေမေးနေမှန်းမသိဘူး၊ နင့် အသံကြားရုံဘာ အိမ်သာ ပြေးချင်စိတ်ပေါက်လာပြီ ..."

"ခြယ် .."

"ဘာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီကိစ္စရှင်းဖို့ သွားနေတာမလား၊ ဒါနဲ့တောင် ဗီကေ ဝါးမပျက်ဘူး နင် .."

"ပြဿနာရှိတာနဲ့ပဲ ဝါးနေတာကို ထွေးထုတ်လိုက်ရမှာလား၊ သူ့ခေါ်လာမိတာ တကယ်ပါပဲ၊ အေးရာအေးကြောင်းမဖြစ်ဘဲ နားမီးခိုးထွက်တော့မယ် .."

ပြောပြီး မယ်မင်းကြီးမက ကက်ဆက်ဖွင့်လိုက်သေးသည်။

♪... အမြင့်ဆုံးမှာ ထားချင်တယ် ... အမြင့်ဆုံးမှာ ထားချင်တယ် ... ခုများတော့ မလှမ်းဝံ့နိုင်လို့ ...♪

"တောက် .."

ရှုံ့မဲ့သွားသည့် မျက်နှာလေးက တော်တော်ကြီး စိတ်ပျက်ဖွယ် ဖြစ်သွားသည့်နှယ် ...။

"ယောကျ်ားဖြစ်ပြီး ချွဲပျစ်နေလိုက်တာ .."

မြည်တွန်တောက်တီး၍ နောက်တစ်ပုဒ်တက်သည် နှစ်ပုဒ်သုံးပုဒ်ရွှေ့နေပြီး ဘာမှလည်း သဘောမကျဘဲ ပိတ်ပစ်လိုက်ခြင်းသို့ရောက်တာ ...။

"မနေ့က ငါ့ကားကို နင်မောင်းသေးတယ်၊ အဲဒါ နင်ထည့်ထားတာမလား .."

"ဟုတ်တယ် နားထောင်တာမဟုတ်ပါဘူး ဟိုကောင့်ဟာ အိတ်ထဲပါလာလို့ ဘာမှန်းမသိလို့ ထည့်ကြည့်လိုက်တာ .. အဲဒါ မေ့သွားတာ.."

"ရော့ ..."

ဖွင့်ပြီး စီဒီချပ်ကို ထုတ်ယူလိုက်ကာ ..။

"လွှင့်ပစ်လိုက် .."

"ဟာ .. ငါ ပြန်ယူသွားမှာပေါ့ ဘာလိုဖြစ်တာလဲ .."

"ဒါဖြင့်လည်းယူ .. နောက်တစ်ခါ ငါ့ကားထဲ သူ့များပစ္စည်းတွေဘာမှမကျန်ခဲ့စေနဲ့ .."

"စိတ်ချ .. နင့်ကားကိုလည်း မောင်းပါ မောင်းပါ တောင်းပန်



လွန်းလို့ ဝင်မောင်းပေးတာ .."

"ငါ ဗိုက်အရမ်းနာနေလို့လေ .. ခင်နီ ဆိုတဲ့ တော်ဝင်မင်းသမီးက ကားလည်းမမောင်းတတ်၊ ဆိုင်ကယ်လည်းမစီးတတ်မို့လို့ နင့်ကိုနေရာတကာ ခေါ်နေရတာ .."

"ခုရော ... နင် ဘာလို့ မောင်းနေတာလဲ .."

လော က မေးရင်း စီဒီချပ်ကို အိတ်ထဲ ထည့်ထားလိုက်ကာ ...၊

"သေးချုပ်လိုက်လေဟာ .. နင် စိတ်လှုပ်ရှားနေရင် ကားမောင်းတာ အန္တရာယ်ရှိတယ် .."

"ဘယ်သူက စိတ်လှုပ်ရှားတာလဲ .. ခြေထောက်တစ်ဖက်ပဲ ကျိုးသွားတာကို ပျာယာခတ်နေရရင် လူတစ်ယောက်လုံး ကျွမ်းပစ်သွားအောင် တိုက်ချလိုက်တုန်းက ငါရူးပြီပေါ့ .."

"ဟင်!..."

လော မျက်လုံးပြူးသွားသည်။

"ဘာ .. ဘာပြောလိုက်တယ် .."

ကားထဲမှာပဲ ကြွခနဲ ဖင်ရွှေ့ထိုင်လိုက်ရင်း ..။

"နင် အခု လူကိုတိုက်ခဲ့တာ ဟုတ်လား .."

"ဟုတ်တယ် ဒါကြောင့် ငါ့ကားမှာ ဒဏ်ရာကြီးကြီးမားမား မရှိတာပေါ့ .."

ပြောနေရင်း ဝါးနေသည့် ဗီကေကို နှုတ်ခမ်းဖျားမှာ ပူပေါင်းလေးထုတ်၍ မှုတ်လိုက်သေးသည်။

"တီ ..."

"လှည့်ကြည့်လိုက်တော့ ရှေ့မှာ လမ်းကူးနေသည့် ဆိုဏ္ဍား .."

"တီ .. တီ .."

"ဘာလို့ စွတ်တီးနေတာလဲ သူ လက်ပြနေတာကို .."

"လက်ပြနေတိုင်း ထင်သလိုလုပ်လို့ရမလား .. အရှေ့းယဉ်တွေကလမ်းမကြီးပေါ်တက်မောင်းနေတယ်၊ တိုက်ချလိုက်ရင် တစ်နေ့တည်း

www.burmeseclassic.com

www.burmeseclassic.com



သုံးလောင်းပြိုင် လေးလောင်းပြိုင်ဖြစ်သွားဦးမယ် တောက် ..."

"ဟာ ..."

ပြောနေရင်းနဲ့ ဖြတ်တက်ပစ်လိုက်တာ ဆိုတ္တားရဲ့နောက်ခြေနင်းခုံ လွတ်သည်ဆိုရုံလေး ...။

"ခြယ် ..."

"လာဗွားမနေစမ်းပါနဲ့ အာရုံနောက်နေတာ .."

"မဗွားလို့ရမလား နင့်ကိုယ်နင် မိန်းကလေးဆိုတာရော သတိရရဲ့ လား"

"ရတော့ ..."

"ဒီလော္ဘက်မိုက်ရူးရဲလုပ်နေတာ အံ့သြလွန်းလို့ .."

"မအံ့သြနဲ့ အဲဒါ ခြယ်မှုန်း .."

"ကျွတ် .."

သူမနဲ့ကျမှပဲ ကိုယ့်ကိုယ်ကိုယ် ယောကျာ်းဆိုတာတောင် မေ့ချင်နေ ပါပြီ။

ယောကျာ်းလေး တစ်ယောက်ထက်တောင် ရဲတင်းတက်ကြွလွန်း သည့် ခြယ့် စိတ်ကို တစ်ခါတစ်ခါ စိတ်လည်းပျက်မိသလို၊ တစ်ခါတစ် ခါ ထိတ်လန့်မိသည်။

သူမမှာ စိတ်ရင်းကောင်းလေးရှိသည်။ ကူညီစရာရှိရင် ပစ္စည်းပဲ စိုက်ရစိုက်ရ၊ ငွေထိသိက္ခာ၊ လူမှုရေး သူမဘက်မှာ ဘာတွေ ထိခိုက်သွား သွား ပစ်စလက်ခတ်ကူညီသည်။

ဒါပေမယ့် စိတ်မထင်တာတွေ့လိုက်ပြီဆိုရင်လည်း မင်္ဂလာဆောင် ကူညီခဲ့သည့် ကိစ္စလိုမျိုး ...။

"ဟုတ်တယ်လေ ကူညီတာ ငါ စေတနာရှိလို့ ကူညီတာ၊ ပြန်လုပ် ပစ်လိုက်တာက ငါ့ကို စော်ကားကြလို့ .." တဲ့။

"ဘာဖြစ်လဲ ငါကူညီတာ ကျေးဇူးတင်ခံရဖို့ မဟုတ်ဘူး၊ သံပုရာ တစ်ခြမ်းနဲ့ ချေတယ်ပြောပြော၊ ဓားစွေတစ်စွေနဲ့ ချေတယ်ပြောပြော



ငါချေချင်တာနဲ့ ချေမယ် .." တဲ့။

အဲဒီပြဿနာကြောင့် စေတနာနဲ့ ပြောမိတော့လည်း ဆေးပြောခံရ သေးသည်။

"နင်တော့ ခက်တယ် .. ဒါဆို နင်အသက်ကယ်လိုက်တဲ့ လူနာက နင်မကြိုက်တဲ့ စကားပြောပြီး ဒေါသထွက်အောင် လုပ်မိရင် နင် ဒီတိုင်း တုံ့ပြန်မှာပဲလား" ဆိုတော့ အေးဆေး ခေါင်းညိတ်သည်။

"သေချာတာပေါ့၊ အသက်ကို ဖက်နဲ့တောင်ထုပ်ထားလို့ရရင် ငါ ကယ်ပေးတဲ့အသက် ငါပြန်ဆွဲထုတ်လို့ရတယ်၊ ငါနဲ့ တည့်ချင်ရင် စုရာ မာယာ ပလီပလာတွေ မသုံးနဲ့၊ စကားကို မှောက်ချိုလှန်ချိုမပြောနဲ့ ဒါမျိုး တွေ လာလုပ်လို့ကတော့ ငါ့ဘက်က တုံ့ပြန်နည်းတွေကလည်း အန်တောင် တေးဘဲလ်ပဲ" လို့ ပြောခဲ့တာ ခြယ်မှုန်း ...။

"ဘာဖြစ်နေတာလဲ ခေါင်းတစ်ခါခါနဲ့ မလိုက်ချင်ရင် ခု ဆင်းနေခဲ့ လို့ရတယ် .."

သူ့အတွေးတွေနဲ့ ရှုပ်ထွေးနေတာ ခေါင်းခါလိုက်မိတော့ ခြယ် ထ ကားကို လမ်းဘေးမှာ ထိုးရပ်ပစ်၏။

"ဆင်း .."

"ဘယ်သူက ဆင်းမယ်ပြောလို့လဲ .."

"မဆင်းချင်ရင်လည်း ငါ့ကို မေးခွန်းတွေထုတ်ပြီး လိုက်ဗွားမနေ နဲ့ .. အခု အဲဒီလူနာကို ဆေးရုံကနေအိမ်ပြန်ပို့ဖို့ စီစဉ်နေတယ်၊ လူနာရှင် တွေ ရောက်လာရင် ဘယ်လိုပစ်ပစ်စပ်တွေပါလာမလဲ မသိလို့ နင့်ကို ခေါ်ထုတ်လာတာ .. ငါ့ပါးစပ်နဲ့ဆို မလွယ်ဘူး .."

ကား ကို လမ်းပေါ်ပြန်တင်ပြီး ပြောပြတော့ ဆောင့်ဆောင့် အောင့် အောင့် ...

အလယ်ခွဲ ဆံပင်လေးတွေက နားသယ်စပ်ကနေ ရင်ဘတ်နားထိ တွန့်တွန့်ခွေခွေလေးတွေ ကျနေကာ၊ ဝတ်ထားသည့် ကြက်သွေးရောင် တီရှပ် လေးအတိုင်း တစ်ရောင်တည်းတူသော နားဆွဲရှည်လေးတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖဲပွင့် ပုံပျော့ပျော့လေးတွေ နားမှာ လွဲရမ်းနေကြ၏။

ပီကေ ဝါးရင်း မထီတထီပြောတတ်ပုံတွေက စိတ်တိုဖွယ်ရှိသော်လည်း ခြယ် ပီကေဝါးနေလျှင် စိုအိနေသော ရှားသွေးရောင် နှုတ်ခမ်းပါးလေးတွေက ချစ်ဖို့ကောင်း၏။

သက်ပြင်းရှိုက်ရင်း လော မျက်လုံးတွေ လွှဲထားလိုက်မိသည်။ ပြီးမှ ပြန်လှည့်၍ ...

"ပြဿနာဖြစ်လာရင် ညှိနှိုင်းလို့မရဘူးဆိုတာ မရှိဘူး၊ အခု သူတို့က အိမ်ပြန်မယ် ပြောတာလား၊ နင်က ပြန်ပို့ချင်တာလား .."

"ငါက ပြန်ပို့ချင်တိုင်း ပို့လို့ရမလား အဲ့ဒီ သတ္တဝါကိုက ပြန်မယ် နှုတ်လုပ်နေတာ၊ ကြည့်ရတာ မှောင်ခိုတစ်ခုခုလုပ်နေတဲ့ပုံပဲ သူကိုက လူသိမှာ စိုးနေတာ၊ ငါ သူ့ကို ကားနဲ့ တိုက်လိုက်တဲ့အတွက် ပြဿနာ ရှာမှာ တွေးပူမနေနဲ့"

"နေပါဦး နင်က မတော်တဆမဟုတ်ဘူးလား .."

"ဟွန်းတီးနေတာပဲလေ ဖယ်မှ မဖယ်တာ .. ဖုန်းတစ်လုံးနဲ့ ကမ္ဘာတည်နေချင်ရင် လမ်းဘေးမှာ လွတ်လွတ်လပ်လပ် သွားပြောလို့ရတာပဲ ငါက ဟွန်းတီးနေတာ အခန့်မသင့်ရင် လိုင်စင်အသိမ်းခံရဦးမယ်၊ အဲဒါကြောင့် မှတ်သွားအောင် ပညာပေးလိုက်တာ .."

"ကျွတ် ..."

"လာပြန်ပြီ ဘာလဲ ကျွတ်ဆိုတာကြီးက .."

"နင့်ကိုပဲလေ .. ဟွန်းမတီးရဆိုတာတွေလည်း နင် ဂရုမစိုက် .."

"ဟွန်းတီးနေတာတောင် အဲဒီ သတ္တဝါတွေက သောက်ဂရုစိုက်တာ မဟုတ်ဘူး .."

"ဟာ ..."

အဲဒီလို တစ်လုံးတစ်ခွပြောလိုက်ပြီဆို ပြောပြီးမှ ခြယ် မျက်နှာလေး တစ်ချက်ပျက်၏။ ပြီးရင်လည်း ဒါပဲ ...။

"မိန်းကလေး လှတပတလေး စကားပြောလိုက်ရင် ကြားမကောင်းဘူး .."



"ကြားမကောင်းတာတွေ ပြောမိတိုင်း နင်လည်း ကဲ့ရဲ့ဖို့ မနေဘူးမို့လား .."

"ကဲ့ရဲ့တာမဟုတ်ဘူး၊ နင့်ကို သူများတွေ ကဲ့ရဲ့မှာ ကြိုမြင်လို့ .."

"လူများကဲ့ရဲ့လည်း ငါကြားတာ မဟုတ်ဘူး၊ နင် ကဲ့ရဲ့တာပဲ ကြားနေရတာ .."

"ဒီပြဿနာတွေ အနက်ကယ်တို့ သိလား .."

"အသိပေးပြီး ဘာလုပ်ရမှာလဲ .."

"အသိမပေးလည်း အဆင်ပြေနေသေးတော့ နင်ပြောသာရှိမှာပေါ့၊ အဲဒီ ပြဿနာမျိုးဆို အတိုက်ခံရတဲ့လူက မဟုတ်ဘဲ အနီးပတ်ဝန်းကျင်လူတွေကိုက ကားသမားကို ဝိုင်းဆော်တာတွေ နင်မကြားဖူးဘူးလား"

"ဟွန်း ..."

ကားမောင်းနေရင်း ခြယ် က ပခုံးတွန့်ရယ်ရင်း လှည့်ကြည့်သည်။

"ဝိုင်းဆော်ပါပြီတဲ့ ငါက အိမ်ကို လှမ်းတိုင်လိုက်တာနဲ့ ဖေဖေတို့က အိမ်ကနေ ဦးဖွ မန်းပေးမှာလား .."

မေးပုံက အသည်းယားဖွယ် ...။

"ငါ့ကို ဝိုင်းရိုက်မယ့် တုတ်တွေ လက်သီးတွေက ဖေဖေ့ နာမည်ကြားတာနဲ့ နောက်ပြန်ဆုတ်ကုန်ရောလား .. ပြောလေ .."

"နင် ခက်တယ် ခြယ် .."

"ခက်တယ် လွယ်တာကို မကြိုက်တာ ငါ့အကျင့်ပဲ နင့်ကို ခေါ်တာကလည်း သူတို့ကို တောင်းပန်ချွေးနွေးပေးဖို့ မဟုတ်ဘူး၊ ပြေလည်ရာ ပြေလည်ကြောင်းဆိုတာ အဲ့ဒီ နှစ်ဦးနှစ်ဖက်ရဲ့ အနေအထားတွေပေါ်မှာ ကွာဟမှုတွေ အများကြီးရှိတယ် .. သူတို့ ဘာဖြစ်သလဲမေးပြီး လုပ်ပေးနိုင်သမျှပေးလိုက် လိုတာထက်ပိုလာရင် ပြောရမှာ ဆောရီး တစ်ခွန်းပဲ.."

"နင့်ကို ထောင်ချပစ်လို့ရတဲ့လူတွေကို ငါက ဘေးပြေးပေးရမယ်ပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဩော် သူတို့ ပုံစံကို ငါသိပါတယ်ဆို လော ရယ်၊ ငါတို့ တိုင်မှာ တောင် ဒီလူကြောက်နေဦးမယ်၊ ငါပြောတဲ့အတိုင်း ယုံကြည်မှုနဲ့ လုပ်စမ်း ပါ၊ နောက်ပြီး သူလွန်တာပါလို့ သူ့အပြစ်သူ တွင်တွင်ပြောနေတာနော် အများကြီးသွားပြီး ဖောလျှော့လုပ်မနေနဲ့ ..."

"နင် သိပ်တတ်နေရင်လည်း ကိုယ့်ဘာသာ လုပ်ခဲ့ပါလား .."

"ဟွန်း ..."

သူမ ဒီပုံစံရယ်ပြီဆို သူများခံရခက်စေမယ့် တစ်ခုခုပြောပါတော့မည်။

"တော်တဲ့ ထက်တဲ့လူတွေမှာပဲ သူတို့ရဲ့ အတွင်းရေးမှူးတွေထား တာလေ .. ငါက နေရာတကာ လိုက်လုပ်နေရမှာလား .."

ကြည့်စမ်း ...။

လော မျက်နှာ ရဲနဲ့ဖြစ်သွားသည်။ ခြယ် က နားခွဲလေးတွေ လှုပ်ရမ်း နေအောင် ခေါင်းမော့ရယ်၏။

"ဆောရီး .. ဆောရီး .. ငါကလည်း နင်သဘောကောင်းမှန်းသိလို့ ပြောချင်တိုင်းပြောနေတာ .. အဟွန်း .. ငါ ပြောချင်တာ အဲဒီသဘော မဟုတ်ပါဘူး .. ငါ သူများအားမကိုးတတ်တာ နင်သိပါတယ်ဟာ နင့် ကို .."

လော ဖျတ်ခနဲ လှည့်ကြည့်လိုက်တာကြောင့် ခြယ် စကားရပ်သွား သည်။

"ဆရာတင်မှန်းမသိ ခိုင်းနေတာမှန်းမသိဆိုတဲ့ အစားထဲမှာ ငါပါ သွားတာလား .."

"ဟား ... ဟား .."

သူများရင်ထဲမှာ ဘယ်လိုအစိုင်အခဲနဲ့ ဘယ်လောက်ထိလောင်မြိုက် နေပါစေ၊ ခြယ်မှုန်း ဘက်က အမြဲတမ်း ဒီတိုင်း ...။

"နင်ကလည်း စကားနာထိုးတတ်တာပဲနော် .. ငါ့ စိတ်ကို သိသား နဲ့ လော ရယ် .."

"သိတယ် .. သိလို့မေးနေတာ .. ငါက သူငယ်ချင်းစိတ်နဲ့ ဘာဖြစ် ဖြစ် နေရာတကာ ဝင်ပြော ဝင်ဆို .."

"အေးလေ .. ငါက ဘာပြောနေတာလဲ .."

"နင် ငါ့ကို ဘယ်လိုသဲဘောထားနေလဲ ခြယ် .."

"ငါ့ သူငယ်ချင်းပဲပေါ့ .. ဘယ်လို သဘောထားစေချင်လို့လဲ .."

"ဟွန်း ..."

"တစ်ခါတစ်ခါကျတော့ ခြယ်က ငါတို့ကို သူ့ခိုင်းဖက်တွေကျနေ တာပဲ" လို့ ဇင်နီ ပြောတာ သတိရမိ၏။ ဒါပေမယ့် သူမလိုတော့ သူတစ်ခါ မှ မတွေးမိခဲ့ပါ။

ခုလည်း ဒီလိုခံစားမိလာတာမျိုးမဟုတ်ပါ။ ခြယ့် စိတ်ကို သူ နားလည်သည်။ နားလည်နေလို့လည်း ဒီထက်လေးနက်စေချင်ခဲ့တာ ဖြစ်သည်။ သူမ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ဖို့လိုနေသည်။ ပြီးတော့ သူများတွေအပေါ် စာနာစိတ်လေးနဲ့ ဆက်ဆံတတ်ဖို့ သူစည်းရုံးချင်ခဲ့၏။

ဒါပေမယ့် သူမကို သူဘယ်တော့မှ လွှမ်းမိုးနိုင်ဖွယ်မမြင် ...။

သူငယ်ချင်းချင်း အပေါ်မှာဖြစ်စေ တခြားတစ်ဦးဦးနဲ့ဖြစ်စေ တစ်ယောက်အပေါ်တစ်ယောက် လေးစားသမှုနဲ့ ဆက်ဆံတတ်ဖို့ သူမ နားမလည်သရွေ့ ဖြစ်သင့်တာတွေ ရှိသင့်တာတွေကိုလည်း သူမဘယ်တော့ မှ နားလည်မှာ မဟုတ်ပေ။

ချမိပြန်ပြီ သက်ပြင်း ...။

သူမကို စိတ်တိုလာမိတိုင်း သက်ပြင်းချမိတိုင်းသာ အသက်တိုနိုင် သည်ဆိုရင်တော့ ခက်ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"နေပါဦး ရှင်ကဲ ဒီလူနာနဲ့ ဘာတော်လို့လဲ .."

"အမလေး .. ငါ့တူ အရင်းခေါက်ခေါက်ပါအေ .."

"မနေ့ကပြောတုန်းကတော့ သူက တစ်ကောင်ကြွက်ဆို .."

"ဘယ်သူပြောတာလဲ အဲဒါ ဘယ်သူပြောလိုက်တာလဲ .."

ခြယ့် မျက်နှာတင်းသွားကာ ရှေ့က ဝိတ်ရပ်ထားသည့် လော ကို ခုံးနဲ့ တိုက်ဖယ်လိုက်သည်။ ပြီးတော့ ရှေ့တိုးရင်းသောက ခုတင်ပေါ်က လူနာ့ကိုယ်ပေါ်မှ ခါးထိတင်ထားသည့် စောင်ကို ဆတ်ခနဲ ဆွဲဖယ်လိုက်ပြီး ..၊

"အဲဒီလူနာကိုယ်တိုင် သူ့ခြေထောက် သုံးပတ်လောက်ဆို ပြန်အသား ကျသွားမှာလို့ ဆရာက ပြောတယ်တဲ့ .."

"အိမ်မှာပဲပြန်နားရင်း ဆရာဝန်လာကြည့်ပေးရင် ရပါပြီတဲ့၊ အဲ့ဒါ ကြောင့် ကျွန်မတို့က အိမ်ပြန်ပို့ခဲ့တာ၊ အဲ့ဒီလူ မျက်လုံးလည်း ပြူးလို့ နားလည်းအကောင်း ငုတ်တုတ်ကြီးထိုင်ပြီး ကားပေါ်မှာပါလာတာ .. ဘယ်သူက ကြိုးတုတ်ခေါ်လာတာလဲ မေးကြည့်လိုက် .."



"အမလေးလေး ဟိုက ပြောတုန်းက မယုံဘူး .. ကြည့်စမ်း ကြည့်စမ်း စွာလိုက်တာမှ .."

"ပြောမှသိတာ ရှင် တုံးသေးတာပဲ၊ ခြယ်မှုန်း ကို အဲဒါမျိုး မလိမ့် တစ်ပတ်တွေ လာမချိုးနဲ့ မရဘူး .."

"ခဏနေဦး ဒီမှာ အန်တီ .."

လော က ခြယ့် လက်ကလေးကို ဆွဲ၍ သူပဲ ရှေ့ပြန်ထွက်တာ...

"ကျွန်တော်နဲ့ ဒီအစ်ကိုနဲ့လည်း မနေ့က ဆေးရုံမှာ စကားပြော ခဲ့ပါတယ်၊ ခြယ် ပြောတဲ့အတိုင်းပဲ သူပြောခဲ့တာ သူကိုယ်တိုင် အိမ်ပြန် မယ် အတင်းတောင်းဆိုခဲ့တာပါ .."

"ဘယ်လိုတွေ ဖြစ်နေကြတာလဲဟော့ .."

အိမ်သားတွေ ဘယ်လောက်တောင်ရှိသလဲတော့ မသိ၊ တစ်ထပ် ပျဉ်ထောင်ပုပုလေးထဲက ဆယ်ပေပတ်လည်လောက် အိပ်ခန်းလေး ထဲမှာ လူတွေတစ်ယောက်ပြီးတစ်ယောက် များလာတာ ဘယ်မျက်နှာ ကိုကြည့်ပြီး ဦးတည်ဖြေရှင်းရမှန်းတောင် မသိတော့ပေ ...၊

"မေးဆို မေးလိုက်လေ၊ လူနာပြောတဲ့အတိုင်း ဖြစ်ရမယ်ဆိုတာ တော့ မှတ်ထား၊ သိန်းအောင် မင်း ညက ဘာတွေဖြစ်ခဲ့သလဲ ပြောပြ လိုက် .."

သိန်းအောင် ဆိုသည့် အသက်သုံးဆယ်ကျော် အရွယ်လူက မျက်နှာ မသာမယာနှင့် ရှိနေရာမှ ပို၍ ရှုံ့မဲ့သွား၏။ ဒဏ်ရာနာနေတာ လား၊ တစ်ခုခုအတွက် ဆိတ်နေတာလားဆိုတာမသိ ...။

ထိုပြင် ငုတ်တုတ်ထိုင်လိုက်ပြီးမှ ခြေထောက်က ပတ်တီးကို စိုက် ကြည့်နေပြီး အတန်ကြာနှုတ်ဆိတ်နေ၏။

"ဟဲ့ ပြောလိုက်လေ .."

"စဉ်းစားပါစေ .. နှုတ်တိုက်ချပေးထားတဲ့ စကားတွေဆိုတော့ မေ့နေလို့ဖြစ်မှာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ခြယ် .."

သူ့ဆွေးနွေးဖို့ ကြိုးစားနေသလောက် ခြယ့်ကို ထိန်းမရဖြစ်လာသဖြင့် လှည့်အော်လိုက်မိကာ ..။

"ငါ ဒီမှာ ပြောနေတယ် .."

"နင်ပြောနေတာ မဟုတ်ဘူး၊ သူတို့ပြောနေကြတာ ဖယ် .. နင်ဝင်မပါနဲ့တော့ ငါပြောမယ် .."

"အမလေး .. ကောင်းလိုက်တာအေ .. အခု လူနာကိုမမေးနဲ့ လူနာရှင်က မကျေနပ်တဲ့အမှုပဲ ငါပဲပြောမယ်၊ ဒီမှာ နစ်နာကြေးကို ငါတို့ ကျေနပ်အောင်ပေးရမယ်၊ ဒီလူနာ လုံးဝပျောက်ကင်းတဲ့အထိ စပါယ်ရှယ်နာ့စ် ထားပေးရမယ်၊ အဲဒီ နာ့စ်ကို ငါတို့ပဲရွေးမယ်၊ အားလုံး ငါတို့ စိတ်ကြိုက်ပဲ တစ်ခုလေးမှ လျှော့ပါးလို့မရဘူး .."

"ညှိနှိုင်းမနေပါနဲ့ တိုင်ဒ်သာတိုင်လိုက်တော့ .. ဒီလောက်မောက်မာမာန်တက်နေတာ .."

"ရုပ်နဲ့ နံနဲ့မလိုက်အောင် ရိုင်းစိုင်းတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

"ဟွန်း ဒီလိုဟာမျိုးက ထောင်ထဲမှာ အီစလံဝေအောင် ခံလိုက်ရမှမှတ်မှာ၊ ထွက်လာရင် လူလည်းကျိုး၊ မာနလည်းကျိုး .."

"တောက် ..."

စကားသံတွေက မကြားဝံ့မနာသာတွေ ..။

ဆက်တိုက် တစ်ယောက်တစ်ခွန်းပြောဆိုလာတာတွေကို လောကိုယ်တိုင် ဘယ်လိုထိန်းချုပ်ဖို့မှ သတိမရဘဲ တအံ့တဩဖြစ်နေခဲ့စဉ် ခြယ်ထံမှ တက်ခေါက်သံကြောင့် ..။

"ခြယ် .. မလုပ်နဲ့ .."

"ဖြန်း ..."

တအားလွှဲရိုက်သော လက်ပြန်ရိုက်ချက်က ကြားဝင်ခံလိုက်သည့် လော ရဲ့ ပခုံးစွန်းကို ထိထိမိမိရိုက်မိသွားကာ ..။



"နင်က ဘာလုပ်တာလဲ လော .. ဖယ်စမ်း .."

"ခြယ် .. ဟော့ .."

"ဝုန်း .. ဒုန်း .."

လော ကို ရိုက်လိုက်မိတော့ ဒေါသကမိုပြီး မီးပွင့်သွားသည်။ ခြယ့်ရဲ့ ကန်ချက်တွေက လူနာရှိနေသည့် ခုတင်တောင် မကျန်ဘဲ ..။

"အောင်မယ်လေး .. ငါ့အိမ်ထဲဝင်ပြီး ရမ်းကားနေတယ် .. သွားရဲခေါ်စမ်း .. ရဲခေါ်စမ်း .."

"ခေါ်လိုက်လေ .. နင်တို့လိုချင်တဲ့ ပိုက်ဆံ တစ်ပြားမှမရဘူး၊ တစ်ကျပ်မှ မပေးဘူး၊ ကလိန်ကကျစ်တွေ .."

"ခြယ် တော်တော့ .."

"ဟဲ့ကောင်မ .. ကောင်မ နင့်ပါးစပ်မပိတ်ရင် ငါ ရဲခေါ်မှာနော်"

ရပ်ကွက်လေးထဲမှာ ဆူဆူညံညံတွေ ဖြစ်ကုန်သည်။

"နင့်ကို ခု ခေါ်ခိုင်းနေတယ် ခေါ်လေ .. မခေါ်ဘူးလား .."

"ဒုန်း ..."

နောက်ထပ် လိမ့်နေပြီးသား ထွေးခံကြီးကို ထပ်လွှဲကန်ပစ်လိုက်တော့ ကြေးရည်သုတ်ထွေးခံကြီးက နံရံဆီ လွင့်ခနဲတက်သွားသည်။

"ခွမ်း"

နံရံက အတိုအထွာတင်သည့် စင်လေးကို ပစ်တိုက်ကာ အပေါ်က ဆပ်ပြာခွက်တွေ ရေဖလားတွေ တပြုံကြီးကို ထပ်ပြုတ်ကျလာပြီးမှ တံခါးကနေ လေှကားထစ်တွေပေါ် ခုန်ပေါက်ဆင်း၏။

ခြယ့် တစ်ကိုယ်လုံးကို အတင်းအကျုပ်ချုပ်ဖက်၍ ကားထဲရောက်အောင် မနည်းဆွဲသွင်းခဲ့ရသည်။ သူ့နောက်ကနေ လှမ်းဆွဲမတက်သော်ဘီ 'မ' ပြီး အော်ဟစ်ပါလာသည့် လူအုပ်ကြီးကိုလည်း အနောက်မပြတ် နောက်လှည့်တောင်းပန်ခဲ့ရရင်း ..။

"ဂျိမ်း .."

www.burmeseclassic.com

www.burmeseclassic.com



သူ ကားပေါ်ရောက်တာနှင့် အချိန်မဆိုင်းပဲ မောင်းထွက်ခဲ့ရသည်။ ခြယ်က တက်ခေါက်နေဆဲရှိကာ ...။

"သက်သက်ညစ်တာ ဘာမှမဆိုင်တဲ့ လူတွေကဝင်ပြီး ... တောက်"

လှည့်ကြည့်ပြီး လော့ ပင့်သက်ရှိုက်မိ၏။ ပြဿနာဖြစ်လာတိုင်း ခြယ် က လွှန်နေတာချည်းပဲ မဟုတ်ဘူးဆိုတာ တစ်ခါတလေ သူကိုယ်တိုင်ခံစားမိနေသည်။

သို့သော် ဖြစ်ပျက်သွားပြီဆို ဖြစ်ရသည့် အကြောင်းအရာက ပျောက်ကွယ်နေခဲ့လျက် ခြယ့် ရဲ့ ဒေါသတွေ ပြုလုပ်ချက်တွေကသာ ပတ်ဝန်းကျင်ကို ရိုက်ခတ်ကျန်ရစ်စေခဲ့၏။

ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ထိန်းပါ။ ဆင်ခြင်ပါပြောလည်းမကြိုက်။

ခုလို အချိန်မျိုးမှာဆို ပိုဆိုးလာတတ်တာလည်း သိနေခဲ့ရ ...။

ဩော် ... ခြယ့် အကြောင်း သူ တော်တော် သိနေခဲ့တာပဲ ...။

ဤ



## အခန်း (၉)

"သူ့မိဘတောင် မင်းလောက် သိပ့်မလား လော့ ..."

ရေများ ရေနိုင် ... မီးများ မီးနိုင် ...။

ဒါပဲ ဝိုင်းဝန်းနှိပ်ကွပ်ခံနေရကာမှ သဒ္ဒါကြည် ရဲ့ အသံကို လူထွက်မလာခင်တည်းက ကြားလိုက်ရ၏။ ပြီးတော့ ဖင်နီ့ ဘေးမှာ ဝင်ထိုင်လိုက်ရာ ...။

"ပြောစမ်းပါ ... ငါလည်းကြားပြီးပါပြီ၊ အဲဒီလို သူများအိမ်ပေါ်မှာ ထင်တိုင်းကြဲခဲ့တာလည်း ဘာမှမဖြစ်လိုက်ဘူးပဲလား ..."

"မဖြစ်ဘဲနေမလား ... သမီးရယ် အဲ့ဒီထဲမှာ ညည်းမောင်ပါနေလို့ စိတ်ပူနေတာပေါ့ ..."

"နေစမ်းပါဦး သားရယ် ဒီလောက်ကြီးကျယ်တဲ့ ပြဿနာကြီးကို သူက မိဘကို မပြောဘဲ ဖြေရှင်းမှာတဲ့လား ... မင်းက သိရက်နဲ့ ဒါကို သူ့စကားအတိုင်း ပါးစပ်ပိတ်နေမယ်ဆိုရင် ..."

"မပိတ်လို့ မရလို့ပါဆို ဖေဖေရာ ..."

ခြယ့် အကြောင်း သူသိသည်။ ပြဿနာပူနေတုန်း သူမကို အတိုက်အခံ ပဋိပက္ခတွေနဲ့ ဘာမှ အချေအတင် ငြင်းခုံအပြစ်တင်လို့မရ ...။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဒီအကြောင်းရှိပါသည်။ ဒါကတော့ ဘာလိုဖြစ်သင့်သည် ဆိုတာတွေကို သူမ နားဝင်အောင်ပြောဖို့ဆိုတာ ..။

"အဲဒါကြောင့် သမီးပြောသားပဲ မေမေရယ် ခြယ့် အကြောင်း သူ့မိဘ တောင် မေမေ့သားလောက်သိမှာ မဟုတ်ဘူးဆိုတာ .."

"မဟုတ်ပါဘူး မမကြည် ရဲ့ .. အဲ့ဒါတော့ လော ပြောတာမှန်ပါ တယ် .."

ဇင်နီ ဝင်ပြောတော့ မိသားစုအားလုံးက စိတ်ဝင်စား အလေးထား စွာ နားစွင့်ကြ၏။ လော ဆံပင်တစ်ချက်ဖွ၍ နောက်မှာမှီချလိုက်မိသည်။

ဇင်နီ က ...

"ခြယ် က သူ စိတ်ဆိုးနေတုန်း အတိုက်အခံတစ်ခုခုပြောပြီး ဒေဖန် ဖြစ်တင်လို့ရရောဘူး .. အဲ့ဒါမျိုးသွားလုပ်ရင် ဂတ်စ်မီးတောက်ထဲကို ရေပတ် ထည့်လိုက်သလိုပဲ ..."

"တော်တော်ကြောက်ဖို့ကောင်းတဲ့ မိန်းကလေးပဲ .."

"ပိုက်ဆံချမ်းသာပြီး အဲ့လိုအကျင့်ဆိုး စရိုက်ဆိုးတဲ့ လူတွေရှိသေး တာ အံ့ဩတယ် .."

"မမ ကလည်း ခြယ် က အဲ့လိုဆိုးတာမျိုးမဟုတ်ပါဘူး"

"သူပါလာပြန်ပြီ"

သဒ္ဒါကြည် က လော ကို ဒေါသမပါသည့် မျက်စောင်းနှင့်ကြည့်ရာ။

"အဲ့လိုမဟုတ်ရင်ဘာလဲ ပြောလေ၊ ဒေါသထွက်ရင် ပါးစပ်က 'သောက်' တွေ ဘာတွေပါလာရော၊ သူများကို ကူညီတတ်တယ်ဆိုပြီး တစ်ကျပ်ဖိုးလောက်ပေးပြီး တစ်ထောင်ဖိုးလောက် ဒုက္ခပင်လယ်ဝေ ကြရတာလေ .."

"အဲ့ဒါတွေကလည်း သူ့အကြောင်းတွေနဲ့ သူရှိခဲ့တာပဲ .."

"သိတယ် ခြယ့်ကို မကောင်းပြောတာ မင်း မကြိုက်မှန်း .."

သဒ္ဒါကြည် က ပြုံးပြုံးလေးကြည့်နေသည့် ဇင်နီ ဘက်လှည့်ကာ။

"ဇင်နီ နှင့်သူငယ်ချင်းကို ထိန်းဦးနော် တော်ကြာ ဟိုကောင်မလေး



နဲ့ ရောပြီး တချောင်ချောင်မှာ ပိတ်မိနေမလား အချုပ်ထဲပဲ လိုက်ရှာရ မလား .."

"မွှ ချွမ့ မပြောကောင်းမဆိုကောင်း သမီးရယ် .. သူ့မိဘက ဒီလောက် ထိလည်း အဖြစ်ခံမှာမဟုတ်ပါဘူး၊ မေမေတို့ ကြားတာတော့ ဟိုတုန်း ကဆို ဘယ်သွားသွား ဘယ်မှာထိုင်ထိုင် အနားမှာ အထိန်းတော်တွေ ဘာတွေနဲ့တဲ့ .."

"အဲဒါကိုက ပုံမှန်မဟုတ်တာလေ ဇင်နီ၊ ခြယ်မှုန်း က စိတ္တဇတွေ ဘာတွေရှိပုံများပေါ်နေလား .."

"ဟင် ..."

ဇင်နီ အံ့အားသင့်ကာ ဘာဖြေရမှန်းမသိဖြစ်သွားသည်။ ဒေါ်ကြည်ဖြူ မျက်နှာပျက်ပျက်နှင့် ..။

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ် သူများသားသမီးကို –"

"စကားကို လက်လွတ်စပယ်မပြောနဲ့ သမီး ဖေဖေ မကြိုက်ဘူး ပြောလိုက်ရတာ ကိုယ့်မှာ ဘာမှ တိုးပွားမသွားဘူး၊ 'ဝစီဗေဒ ထိတိုင်းရှ' တဲ့ စကားတစ်ခွန်းကြောင့် အပြစ်ရသွားရင် ဘယ်လောက်ဆိုးရွားသလဲ.."

"သမီးကလည်း ဟိုကို ပြောချင်လွန်းလို့ မဟုတ်ပါဘူး၊ ဖေဖေ့ သား ဘာမှ မမြင်အောင် ဖြစ်နေလို့သိစေချင်တာ .."

ပြောပြီး ထိုင်နေရာက ထရပ်သည်။ ပြီးတော့ ဇင်နီ့ ဘက်လှည့် ကြည့်၍ ..၊

"ဒီနေ့ စာကျက်ဖို့လာတာမို့လား ဇင်နီ နေ့လယ်စာရော ညနေစာ ရော ဒီမှာပဲစား .."

"ဟုတ်ကဲ့ မမကြည် ကို ဇင်နီ ဝိုင်းကူပေးမယ်လေ .."

"မလိုပါဘူး ဇင်နီ ရာ ပြီးလည်း ပြီးနေပါပြီ .."

"ပြီးနေတော့လည်း နည်းနည်းပဲ ကူလို့ရတာပေါ့ .."

ဇင်နီ အတင်းထလိုက်သွားကာ သဒ္ဒါကြည် ခါးကို ဖက်ထားလိုက် သေးသည်။ ဒေါ်ကြည်ဖြူ တို့က လှမ်းကြည့်လိုက်ရင်း ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဇင်နီလေး က ရိုးသားတယ်၊ စာလည်းကြိုးစားတယ်၊ ပြီးတော့ သားအပေါ်လည်း နားလည်သည်းခံရှာတယ် .."

"သည်းခံရအောင် ကျွန်တော်က ဘာတွေဆိုးသွမ်းနေမိလို့လဲ မေမေ .."

"သြော် သားက သူ့ကို ခြယ့် လောက် ဂရုမစိုက်ဘူးလေ .."

"သူက ခြယ့် လိုပြဿနာရှိနေတတ်တဲ့သူမှ မဟုတ်တာ .."

"အဲဒီမှာ ကွာခြားတာကို သားသိစေချင်တာပဲ ခုဆို စာမေးပွဲပြီးတာနဲ့ သားတို့တွေ ကျောင်းသားအရွယ်ကို လွန်မြောက်ကြတော့မယ်၊ စာမေးပွဲပြီးပြီး မပြီးပြီး ခုလည်း သားတို့ မငယ်ကြတော့ဘူး၊ အလယ်တန်းကျောင်းသားရွယ်တည်းက လက်တွဲခဲ့ကြတဲ့ ခင်မင်မှုတွေက နောက်ထပ် ဘယ်လောက်ထိ ဖြူစင်နိုင်မှာလဲ .. ပြော .."

"ကျွန်တော်တို့ကတော့ ဒီနေ့ထိ သူငယ်ချင်းတွေပါပဲ မေမေ .."

"အေး ဘယ်လိုနေပါ ဘယ်လိုထိုင်ပါလို့လည်း မေမေ မပြောချင်ဘူး၊ ဒါပေမယ့် သားနဲ့ အနီးကပ်တွဲရှိနေကြတဲ့ မိန်းကလေးနှစ်ယောက်ကိုပဲ ဖြစ်နိုင်ဆုံးတွေးကြည့်ရင်တော့ သားနဲ့ ခြယ် ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာပဲ .."

"ဟုတ်တယ် သား ..."

စကားနည်းသည့် ဦးမြကျော် ကိုယ်တိုင် ဝင်ပြောသည်ဖြစ်ကာ ...။

"ခြယ့် ကို စိတ်ထက်တဲ့ မိန်းကလေးလိုပဲ ဖေဖေ မြင်ပါတယ်၊ ပြောချင်တာက သူတို့နဲ့ ဖေဖေတို့က အဆင့်အတန်းကွာလွန်းမယ် ထင်တယ်၊ တိုက်နဲ့ကားနဲ့ နေထိုင်စားသောက်နိုင်တိုင်း လူချမ်းသာလို့ မခေါ်ဘူးလေ၊ ဒီမိန်းကလေး တစ်ခါတစ်ခါ ထုတ်နုတ်သုံးစွဲပစ်တဲ့ ငွေကြေးပမာဏကို ကြည့်တာနဲ့ သူတို့ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ခန့်မှန်းလို့ရတယ် .."

"မေမေကတော့ အဆင့်အတန်းဘယ်လောက်ကွာကွာ ကိုယ့်ထက်နိမ့်ရင်လည်း မနိမ့်ချတတ်ဘူး၊ မြင့်နေလို့လည်း ဘယ်သူ့ကိုမှ ရှိန်နေမှာ



မဟုတ်ဘူး၊ မေမေ အဓိကပြောနေတာ သားတစ်သက်လုံး လက်တွဲသွားရမယ့် အိမ်ထောင်ဘက်နဲ့ ပတ်သက်ပြီး သားစိတ်ချမ်းသာမှုရှိဖို့ပဲ အဲဒီတော့ သားအဖေ ပြောပြတာကိုလည်း ထည့်တွေး မေမေ သတိပေးတာကိုလည်း မမေ့နဲ့ .."

လောလောဆယ် အကြီးအကျယ် စိတ်ညစ်နေခြင်းကြောင့် လောခေါင်းညိတ်ဖို့တောင် မေ့နေခဲ့၏။

"ခြယ် က သားကို အရမ်းနိုင်လွန်းတယ်၊ ဒီအိမ်မှာ သူငယ်ချင်းတွေအဖြစ်နဲ့ ဝင်ထွက်နေတာတောင် မေမေ စိတ်တိုင်းမကျဘူး သားချွေးမအဖြစ်နဲ့ဆိုရင်တော့ .."

"ဘာမှလည်း ဖြစ်လာမှာ မဟုတ်ပါဘူး မေမေ ရာ၊ ဇင်နီ ကြားသွားရင်လည်း နောက်မဝင်ထွက်ရဲဘဲ ဖြစ်နေပါ့မယ် .. ကျွန်တော် ခြယ့်ကိုရော ဇင်နီ ကိုရော ဘယ်လိုမရိုးသားစိတ်မှ မဖြစ်ပါဘူး .."

"ခုလောက်ဆို သားတို့ သုံးယောက်ကို သတိထားမိတဲ့ ပတ်ဝန်းကျင်မှာလည်း မေမေတို့ တွေးနေသလို တွေးကြမှာပဲ .."

'မေမေပဲ စိုးရိမ်လွန်းနေတာပါ' လို့ ပြောလိုက်ချင်မိ၏။ ပြီးတော့ နာရီ ကြည့်မိလျှင် ...။

"ခုပဲ ခြယ် နဲ့သွားတော့မှာမို့လား .."

နာရီနဲ့ လက်ကို ဖျတ်ခနဲ ချလိုက်ရင်း ဆံပင်တစ်ချက်သပ်၍---

"ဟို ပြဿနာက သူနဲ့ ကျွန်တော်ပဲ သိတာ ..."

"ဇင်နီ ကို ခေါ်သွားပါလား သား၊ နှစ်ခေါင်းထက် သုံးခေါင်းစဉ်းစားတော့ ပိုမကောင်းဘူးလား .."

"ဒီပြဿနာကြီးက ဇင်နီ ပါလည်း ဘာမှ မတတ်နိုင်ပါဘူး .."

"မင်းတို့ချည်းပဲရော ပြီးမှာမို့လို့လား .."

ပြောနေကြတုန်း ဖုန်းဝင်လာသည်။ မိဘနှစ်ပါးကို ခွင့်ကောင်းသလို တစ်ချက်ကြည့်ကာ လော နေရာမှ ဖုန်းကိုင်ရင်း ထထွက်ခဲ့သည်။

"ဟလို .."



www.burmeseclassic.com

www.burmeseclassic.com



"…… …… ……"

"ဟုတ်လား … အေး ရှိနေခဲ့လာခဲ့မယ် …"

"…… …… ……"

"ဇင်နီ လား … အေးပါ ခေါ်ခဲ့မယ် …"

သူ ဖုန်းပြောပြီး ပြန်ဝင်လာတော့ ဇင်နီ ကလည်း အပြင်ထွက်လာတာနှင့် ဆုံကာ …။

"ဇင်နီ ငါနဲ့ လိုက်ခဲ့ပါလား …"

"ဟင် … လာလုပ်ဖို့လဲ …"

"ဟိုကိစ္စ ပြီးသွားပြီလေ ငါတို့ စကားပြောရင်း လန့်ရှိ အတူစားကြမယ်တဲ့ …"

"ဟိုကိစ္စပြီးပြီ …"

ဇင်နီ့ မျက်နှာလေးက မယုံနိုင်သလို …။

"ဘယ်လို သား … ကားတိုက်မှုကိစ္စကို ပြောတာလား …"

ခေါ်ကြည်ဖြူ လည်း အံ့ဩနေကာ လော ခေါင်းညိတ်လိုက်တော့ နေရာမှ ထလာခဲ့လျက် …။

"ကားတိုက်မှုအပြင် ဗိုင်နက်ကျူးလွန်မှု ဖျက်ဆီးရမ်းကားမှုတွေတောင် ထပ်ဖြစ်ခဲ့သေးတာ တကယ်ပြီးသွားတာလား …"

"ခြယ် ပြောတာပဲ မေမေ ကျွန်တော်လည်း ခုသွားမှ သေချာသိရမှာ … ဇင်နီ သွားမယ်လေ …"

ဇင်နီ က စဉ်းစားသလိုလေး ဖြစ်သွားကာ နဖူးအား ပွတ်လိုက်ပြီးမှ …။

"ငါ မလိုက်တော့ဘူးဟာ အမေ့ကို ဒီမှာရှိမယ်လို့ ပြောခဲ့တာ၊ တော်ကြာ ငါအပြင်မှာ ရှိနေတုန်း ဖုန်းလာရင် ငါ မညာချင်ဘူး …"

ခေါ်ကြည်ဖြူ က ပြုံးလိုက်ပြီး၊ ဇင်နီ မျက်နှာလေးကို စိုက်ကြည့်၏။

"ကိုယ့်ဘာသာ လုပ်ခဲ့ကြပြီးပြီပဲ သားတို့ပဲ သွားလိုက်ပါ၊ ဇင်နီ ကို ခေါ်မနေနဲ့ …"



"နင် တကယ်မလိုက်ဘူးလား …"

"အင်း …"

လော က ခေါင်းညိတ်ပြီး လှည့်ထွက်သွားသည်။ အိမ်ပေါ်ပြေးတက်ကာ သိပ်မကြာခင် ပြန်ဆင်းလာတော့ ခေါင်းစွပ်ပါသည့် ဂျာတင်အဝါရောင်တစ်ထည်သာ ထပ်ဝတ်လာလျက် …။

"သွားမယ် မေမေ …"

လှည့်မကြည့်တော့ဘဲ နှုတ်ဆက်သွား၏။

"တစ်မနက်လုံး အသံတိတ်နေလိုက်တာ ခုမှပဲ တက်ကြွရွှင်လန်းသွားလိုက်တာ …"

"ဟုတ်မှာပေါ့ အန်တီရယ် … ခြယ့် အတွက် သူပဲ ခေါင်းစားနေရတာကိုး … အခု ပြီးသွားပြီဆိုတော့ ပျော်သွားမှာပေါ့ …"

"ကျောင်းမှာလည်း သူတို့နှစ်ယောက်သွားရင် သမီးနောက်ချန်နေခဲ့တာလား …"

ဘာအဓိပ္ပာယ်နဲ့ မေးလိုက်မှန်းတော့မသိ။ ဒါပေမယ့် ဇင်နီ မျက်နှာလေး ငယ်သွားသည်။

သို့သော် ပြုံးလိုက်ရင်း ခေါင်းလေးခါပြလျက် …။

"အမြဲတမ်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ခြယ် ကလည်း ဇင်နီ့ကို သိပ်မခေါ်တတ်တော့ ခဏခဏနေခဲ့ဖြစ်တယ်လို့ ပြောရမလားပဲ အပြွန်း … ခြယ် က ဇင်နီ ကို ညှာပါတယ်၊ အဲ့လိုကိစ္စတွေမှာ ဇင်နီ က သိပ်လည်း အပြောအဆိုမတတ်ဘူးလေ၊ ကြောက်လည်းကြောက်တတ်သေးတယ် …"

ရှက်ရှက်နဲ့ ဝန်ခံရသလိုလေးရယ်တော့ ခေါ်ကြည်ဖြူ ခေါင်းတညိတ်ညိတ်နှင့် …၊

"ဒါ ကြောက်တတ်တာမဟုတ်ပါဘူး သမီးရယ်၊ မိန်းကလေး တစ်ယောက်မှာ ရှိသင့်တဲ့ အရှက်အကြောက်တရားကတော့ ရှိရမှာပေါ့၊ အပြောအဆို မတတ်တာလည်းမဟုတ်ဘူး၊ ဒီလိုစကားတွေကို လူတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောမထွက်တာ ..."

"ဟုတ်တယ် မေမေရေ ပြောပြလိုက်ပါဦး၊ အဲ့ဒီ ကောင်မလေး သိပ်အားငယ်တတ်တာပဲ ခြယ့် မှာ ရှိသမျှကို အထင်ကြီးစရာတွေချည်း မှတ်နေပုံရတယ် ..."

သဒ္ဒါကြည် က ပြောရင်း အနားရောက်လာကာ ...။

"မောင်လေး .. သွားပြီမို့လား .."

"သွားပြီ ခုလေးတင်ပဲ .."

"မရှိတုန်းပြောရဦးမယ် .. ဒီမှာ ကောင်မလေး .."

သဒ္ဒါကြည် က ဇင်နီ့ ပါးလေးကို လက်ညှိုးနဲ့ လှမ်းတို့ကာ ...။

"ခြယ့် မှာ ဘာတွေရှိနေနေ တို့အိမ်က ဇင်နီ ဆိုတဲ့ ကောင်မလေး ဆို ဝဲလ်ကမ်းနော် .. ကြိုပြောထားမယ် ညီမလေးမှ မောင်လေးရဲ့ မယားသီ ဖြစ်ထိုက်တဲ့သူ .."

"မမကြည် ကလည်း လုပ်တော့မယ် .."

"ဩော် .. တကယ်ပါဆိုမှ .."

"သမီးရယ် .. ကလေးတွေ အနေခက်အောင် .."

"ဒါပေမယ့် ပြောပြထားရတာ မေမေ ရေ .. နေရာတကာ နောက်ချန်မနေခဲ့ဖို့ ဒါမှ သတိရမှာ .."

ဇင်နီ့ ပါးပြင်လေးတွေ နီမြန်းနေတာကြည့်ပြီး သူတို့အားလုံးရယ်နေမိကြသည်။

ဆံပင်ရှည်ရှည်၊ အရပ်အမြင့်အနေတော်လေးနှင့် သိမ်မွေ့သော အလှပိုင်ရှင်လေးမို့သဘောကျမိကြသည်။ အမိကအကြောင်းရင်းသည် ကိုယ့်မောင်လေးအပေါ် အနွံတာခံရရစိုက်နိုင်သူလေးဖြစ်နေခြင်းကြောင့် ...။

ကု



အခန်း (၁၀)

"ဒက်ဒီ .."

"သမီးတို့ဘယ်မှာလဲ .. ခု .."

"အဲဗားတိုင်းမ် ဂျေဒိုးနပ်မှာ ဒက်ဒီ .. ဒက်ဒီ ဘာလုပ် .."

"ဒက်ဒီလည်း အနားရောက်နေပြီ ခဏပဲစောင့် .."

စားသောက်နေရင်း ဖုန်းကိုကြည့်သည့် မျက်လုံးက လော ဆီ ရောက်သွားသည်။ ကော်ဖီလေးသောက်ရင်း လော က ခေါင်းခါ၍ ...

"မကြည့်နဲ့ ငါ ဘာမှမပြောဘူး .."

"ဒါဖြင့် ဒက်ဒီက ဘာလို့ ဒီနားကို အလိုအလျောက်ရောက်လာတာလဲ .."

"ဘယ်လိုလုပ်သိမှာလဲ .."

"ငါသိတယ် .. ဒက်ဒီ ငါ့ကိစ္စ သိသွားပြီ .."

"သိတော့လည်း အခု ပြီးသွားပြီမလား .. ရှင်ပြလိုက်ပေါ့ .."

ခြယ်က မုန့်ကို ဖဲ့လိုက်ပြီးမှ ပြန်ချကာ မျက်နှာညှိုးနေသဖြင့် ...။

"ဘာဖြစ်လို့လဲ နင်တို့ မိသားစုကိစ္စ ပြောဖို့ရှိရင် ငါပြန်လိုက်မယ်

www.burmeseclassic.com

www.burmeseclassic.com



လေ ..”

“မဟုတ်ပါဘူးဟာ ဒက်ဒီ ဘာပြောမှာလဲဆိုတာ ငါတွေးနေတာ ငါ့ကို ဒက်ဒီမှာထားတယ် .. ဘယ်လို ပြဿနာပဲဖြစ်ဖြစ်၊ လူတစ်ဦး တစ်ယောက်ကို ကိုယ်ထိလက်ရောက်ဖြစ်ဖြစ် ကိုယ့်ကြောင့် ဖြစ်ဖြစ် အနာတရ ဖြစ်လောက်အောင်တော့ မလုပ်ရဘူးတဲ့၊ အဲ့လိုဖြစ်ရင် ခွင့်မလွှတ်ဘူးတဲ့ ..”

ပြောပြနေတုန်း ဦးဉာဏ်မင်း ဝင်လာတာကို လှမ်းတွေ့လိုက်ရကာ လော နေရာမှ ထဖို့ပြင်၏။

“နေ .. နေ .. အန်ကယ် ခဏပဲ ..”

ဦးဉာဏ်မင်း က လက်ကိုင်အိတ်ကြီးကို စားပွဲပေါ်မှာ ချလိုက်ပြီးမှ ထိုင်ကာ ..။

“အခု လူနာ ဘယ်ရောက်သွားတာလဲ ...”

ထင်သည့်အတိုင်း ဒါပဲ ချက်ချင်းကောက်မေး၏။ ခြယ် က လော ကို လှမ်းကြည့်လိုက်သည်။

“လော ကို မကြည့်နဲ့သမီး ဒီကိစ္စတွေ လော ပြောပြတာမဟုတ်ဘူး၊ သမီးလုပ်နေသမျှ ဒက်ဒီတို့ မသိသလိုနေခဲ့တာရှိရင်ရှိမယ် .. မသိလိုက်ဘူးဆိုတာ မရှိဘူး .. မနေ့တုန်းက သမီး လူနာအိမ်မှာ ..”

“အဲဒါ လူနာအိမ်မဟုတ်ဘူး ဒက်ဒီ ဒေါ်နှင်းသက် ဆိုတာလည်း ဆွေမျိုးတော်တာမဟုတ်ဘူးတဲ့ ..”

“ဘယ်သူပြောတာလဲ ..”

“ခြယ့် အတွက် စုံစမ်းပေးတဲ့ သူငယ်ချင်းပါ ..”

ဦးဉာဏ်မင်း က လော ကို ကြည့်လျှင် ..၊

“လော မဟုတ်ပါဘူး .. တစ်ယောက်ပါ ..”

သမီးမှာလည်း ဒီလိုလက်တံတွေနဲ့လား ..။

ဦးဉာဏ်မင်း မျက်နှာ အလိုမကျခြင်းတွေ ဖြစ်သွားခဲ့သည်။



“သမီးမှာ ဇင်နီ နဲ့ လော ပဲ အရင်းနှီးဆုံး ရှိတယ်မှတ်တာ ..”

ခြယ် ဘာမှ မပြောဘဲ မျက်နှာလွှဲနေ၏။ ရင်းနှီးပေမယ့် လောကို ကိုယ်လိုအပ်တိုင်း သွားခေါ်ခွဲခေါ်လို့မဖြစ်တာ သူမသိနေသည်။ ဒေါ်ကြည်ဖြူ ဆိုသော် လော ရဲ့အမေ ..။

ပြီးတော့ လော ရဲ့အစ်မ သဒ္ဒါကြည် ..။

ဦးမြကျော် ကိုတော့ တစ်ခါတစ်ခါသာ တွေ့ရတတ်ကာ၊ မြင်နေကျ မျက်နှာတွေမှာ ကိုယ့်အပေါ် ဖော်ရွေလိုက်လှဲမှု နည်းပါးမှန်း သူမ ခံစားမိနေခဲ့သည်။

ထို့ကြောင့် တတ်နိုင်သမျှ လော ရဲ့ အိမ်ထိ သူမ မသွားခဲ့ပေ၊ အိမ်ရှေ့ထိရောက်မိရင်တောင် ကားပေါ်က မဆင်းခဲ့တာများသည်မို့ ..။

“အေးလေ ကိုယ့်ကိုကူညီတဲ့ မိတ်ဆွေ သူငယ်ချင်းတွေရှိတာ ကောင်းပါတယ် ..”

ဦးဉာဏ်မင်း က ဒါကို ဆက်မမေးတော့သော်လည်း ..။

“အမဲသား တစ်ပိဿာကျော်ပြီး သရဲမွေးတဲ့ လူတွေ သမီးကြားဖူးမှာပေါ့ ..”

ဒက်ဒီ ဘာကို ပြောချင်တာလဲ ..။

ဦးဉာဏ်မင်း က လော နဲ့ ခြယ် တို့ရဲ့ မျက်လုံးတွေနဲ့ ဆုံအောင် ခဏစောင့်၏။ ပြီးမှ ..၊

“မကျွေးနိုင်တော့တဲ့နေ့ ဒီသရဲက ကိုယ့်ကို ပြန်သတ်စားနိုင်တယ် ဆိုတာ မမေ့နဲ့၊ ဒက်ဒီ ပြောချင်တာက လူတိုင်းကို ပိုက်ဆံပေးနိုင်ရင် ခိုင်းလို့ရတယ်ထား၊ လူတစ်ယောက်ရဲ့စိတ်ကိုရဖို့ဆိုတာ မလွယ်ဘူး ..၊ သမီးကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေတာ ကောင်းပါတယ်၊ ယုံကြည်မှု ကနေ မာန်မာနဖြစ်သွားရင်မကောင်းဘူး ..”

ဦးဉာဏ်မင်း စကားတွေ အများကြီး ပြောချင်နေသည်။ ဒါပေမယ့် ဘယ်လို အဲဆင်ပြေပြေ ပြောလိုက်မလဲဆိုတာ စဉ်းစား စိစစ်ဖို့ အချိန်

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိတော့ရာ ...။

"ဒက်ဒီ ဒီနေ့ပဲ စင်ကာပူထွက်ရမယ်၊ ဂျပန်ထိသွားဖို့ရှိတော့ အနည်းဆုံး ခြောက်လလောက်ကြာမယ် .. သမီးရဲ့ ပြဿနာကို သိရတဲ့အချိန်မှာ .."

"ပြီးသွားပြီပဲ ဒက်ဒီ .. ဒက်ဒီ နောက်ထပ် စိတ်မပူစေရဘူးလို့လည်း ခြယ် ကတိပေးပါတယ် .."

ဦးဉာဏ်မင်း က စိုက်ကြည့်နေတော့ ခြယ် မလုံမလဲ မျက်နှာငုံ့၏။

"ပြဿနာထပ်မဖြစ်အောင် ခြယ် ကြိုးစားမယ်လို့ ပြောတာပါ"

ကတိပေးလွယ်တာကို ဒက်ဒီ မကြိုက် ..။ ဒက်ဒီ့ကိုရော မာမီ့ကိုရော ခြယ် ချစ်သည်။ စိတ်လိုက်မာန်ပါတွေ လုပ်မိ ပြောမိတာရှိရင် ရှိမည်။ မလေးစားသည့် စိတ်နဲ့တော့ မဟုတ်ပေ။

သူမအတွက် တစ်ကမ္ဘာလုံးအပေါ် အရွဲ့တိုက် ဂရုမစိုက် အရွဲ့တိုက်ပစ်ချင်တာတွေရှိခဲ့ရင်တောင် ဒက်ဒီနဲ့ မာမီအပေါ်မှာတော့ ဒီလို ဘယ်တော့မှ ဖြစ်မှာမဟုတ်ပါ။

သို့သော် ဒက်ဒီတို့အမြင်မှာ သူမသာ တော်တော်ဆိုးသွမ်းပြီး ဆုံးမရခက်ခဲ့သော သမီးတစ်ယောက်အဖြစ် ရှိနေခဲ့သည်။ ထို့ကြောင့် တော်ရုံဆို မတားဆီးဘဲ ကြည့်နေခဲ့သည်။ ပဋိပက္ခဖြစ်ဖွယ်တွေအထိ ဆုံးမပဲ့ပြင်ဖို့ရှိလာရင်တောင် လက်ရှောင်ခဲ့သည်။ ခြယ် ထင်ရာလုပ်ခွင့်ရှိသလို မှားပြီဆိုမှ နောက်ကလိုက်ဖြေရှင်းပေးတာမျိုး ..။

ဒါတွေကိုလည်း ခြယ် သိနေခဲ့သည်။

ငယ်စဉ်ဘဝက မိဘရင်ခွင်မှာ မှီနားခွင့်မရခဲ့ပေမယ့် ခြယ် ပြန်လာတဲ့အခါ ခြယ်က ဒက်ဒီ မာမီတို့ရဲ့ သမီးပဲ မဟုတ်ဘူးလား ..။

"သမီး .."

"ရှင် ..."

ခြယ် ငိုင်တွေးသွားတာကို ဦးဉာဏ်မင်း က ကြည့်နေပြီး ..။



"ပြီးသွားပြီဆိုတဲ့ ပြဿနာကို ဒက်ဒီ အစမဖော်တော့ဘူး၊ သမီးက မိန်းကလေး ပြီးတော့ သမီးအသက်အရွယ်နဲ့ဆိုရင် အခု သမီးခြေလှမ်းတွေ ကြမ်းလွန်းတယ် .. ပတ်ဝန်းကျင်ဟာ သမီးထင်နေသလို အမြဲတမ်းမှားနေတာ မဟုတ်ဘူးဆိုတာ သတိထားပါ၊ ငါဘာလုပ်လုပ် မှန်တယ်လို့ ထင်နေသရွေ့ သမီး ဘယ်သူ့အပေါ်မှာမှ အကောင်းမြင်ဝါဒနဲ့ ကြည့်တတ်မှာ မဟုတ်ဘူး .."

"ခြယ် အဲ့လောက်ထိ အတ္တမကြီးဝါဘူး .."

"အဲဒါလည်း သမီးကိုယ့်ကိုယ်ကိုယ် ယုံကြည်နေတဲ့ အမှန်တရားပဲ လူတစ်ယောက် ကောင်းသလား ဆိုးသလားဆိုတာက သူဘာတွေပြောနေသလဲဆိုတာနဲ့ မဆိုင်ဘူး၊ သူ ဘာတွေလုပ်နေသလဲဆိုတာ ကြည့်ရင် သိတယ် .. သမီး အခု ဘာတွေလုပ်ခဲ့သလဲ .."

ခြယ် မျက်နှာလေး အနီရောင်သမ်းလာသည်။ နှုတ်ခမ်းသားလေးတွေ လှုပ်ခတ်လာခဲ့ရင်း ဖိကြိတ်ခြင်းသို့ရောက်ကာ ..။

"ခြယ် သည်းမခံနိုင်တော့လို့ပါ .."

"သမီး မောင်းနေတဲ့ ကားရှေ့မှာ ဖြတ်သွားတဲ့ လူတွေ အနေးယာဉ်၊ အမြန်ယာဉ်တွေအားလုံးက သည်းမခံနိုင်စရာကောင်းနေတာလား.."

မေးခွန်းက ခြယ့် အရှိက်ကိုတည့်တည့်ထိသွားသည်။ သူမ ကားနဲ့ ပစ်တိုက်ခဲ့ပြီး ပြင်ပေးခဲ့ရတဲ့ ကားတွေ၊ ဆိုင်ကယ်တွေ ဆိုဏ္ဍားတွေ နည်းလို့လား ..။

ဒီထဲမှာ လူကိုထိမိလို့ မပြီးမဆုံးနိုင်အောင် ရှင်ခဲ့ရတဲ့ ပြဿနာတွေလည်းပါသေးသည်။

"လူတစ်ယောက်ဟာ ငါဘာတွေ လုပ်ခဲ့သလဲဆိုတာ နေ့စဉ် [illegible] တိုင်း မတွေးဖြစ်ရင်တောင် ပြဿနာရှိလာတဲ့အခါ တွေးကြုံတွေ့ရမယ်၊ မတွေးတတ်သရွေ့ သူများဘက်ကို မျှတွေးစာနာတဲ့ ဆုံးဖြတ်ချက်မျိုးလည်း ဘယ်တော့မှ ချနိုင်မှာမဟုတ်ဘူး၊ သမီး ခု[illegible]ပြီး ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ဆန်းစစ်ဖို့ ကြိုးစားပါ…"

ဦးညာဏ်မင်း က ဘေးမှာတိတ်ဆိတ်စွာ ထိုင်နေသည့် လော ကို ပြန်ငဲ့ကြည့်ကာ …။

"အန်ကယ်လ် အသိတစ်ယောက်နဲ့ ဆွေးနွေးစရာလေးရှိလို့ စော ထွက်လာခဲ့တာ လူလေးအားရင် လေ့ဆိပ်ကို မောင်းပေးနိုင်မလား …"

"ဗျာ …"

"အန်ကယ် စိတ်စောနေလို့ထင်တယ်၊ ခေါင်းတွေ နည်းနည်း နောက်နေလို့ပါ၊ မင်း မအားရင်လည်း …"

"ရပါတယ် အန်ကယ် … ကျွန်တော် အားပါတယ် …"

ခြယ် ကို ပြန်ကြည့်တော့ ခြယ် က လိုက်သွားဖို့ မျက်ဝန်းလေးတွေ နဲ့ အချက်ပြ၏။ သို့သော် …

"အနည်းဆုံး ခြောက်လတောင်ကြာမယ့် ခရီးကိုသွားမှာ ခြယ်လည်း ဘာမှမသိရပါလား ဒက်ဒီ …"

"မနေ့ကမှ အလုပ်ကိစ္စဖြစ်လာတာ သမီး …"

ဦးညာဏ်မင်း က အဓိပ္ပာယ်ပြည့်ဝသော မျက်ဝန်းတို့ဖြင့် ခြယ့် မျက်နှာလေးကို ကြည့်နေ၏။ ပြီးမှ …၊

"ဒက်ဒီ မနေ့က နေ့တစ်ဝက်တည်းက အိမ်မှာရှိတယ်၊ သမီးက ညနေစောင်းမှ ပြန်လာတာ ထင်တယ် …"

ခြယ် ကိုယ့်အပြစ်ကိုယ် မေ့သွားခဲ့သည်။ ဒက်ဒီ ပြန်မေးကာမှ မျက်နှာ လေးမဲ့သွားခဲ့ပြီ …။

"ခြယ် မှားခဲ့တဲ့ကိစ္စကို ဒက်ဒီတို့ မသိအောင် ရှင်းချင်လို့ပါ…"

"ညစာ ထမင်းလည်း ထွက်မစားဘဲနဲ့လား …"

ခြယ် အသံတိတ်နေခဲ့၏။

"ည ရှစ်နာရီလောက်မှာ သမီး သူငယ်ချင်းတွေလာတော့လည်း သူတို့နဲ့ စကားဆင်းပြောပြီး သမီး ပြန်ပျောက်သွားတယ် …"



"အဲဒါ …"

"ဒက်ဒီနဲ့ မာမီ က ဒက်ဒီတို့ရဲ့ သမီးလေးကို အချိန်တိုင်း အရိပ်လို ကြည့်နေတာပါ၊ ဒါပေမယ့် ချုပ်ချယ်နေတာလို့ထင်မှာစိုးတယ် …၊ ငါ့ကို မယုံကြည်ကြဘူးလို့ အထင်လွဲသွားမှာလည်း မခံနိုင်ဘူး။ ဒက်ဒီတို့က သမီးကို နည်းလမ်းပေါင်းများစွာနဲ့ ပတ်ပျိုးခြံရံပြီး စောင့်ရှောက်ခြတ်နှီး ခဲ့ကြတာပါ …"

မိဘနဲ့ သားသမီး သဘာဝအတိုင်း ဆူပာယ် ဝေါက်ပာယ် ရိုက်ပာယ် ပုတ်ပာ်ယ်တွေ ဘာမှမဖြစ်အောင် ဒီလောက်ထိ မျှသိပ်ရှောင်တည်ခဲ့ တယ်တဲ့လား …။

ဒါကို ချစ်လွန်းလို့လို့တွေးရမလား နေနိုင်လိုက်တာလို့ တွေးမလား။

သူမ မျှော်လင့်ခဲ့တာ ကမ်းလွန်ပင်လယ်ပြင်ကြီးထဲမှာ ထင်သလို ရှုက်လွှင့်နေနိုင်သည့် ဘဝမျိုးမဟုတ်ခဲ့ဘူးဆိုတာ …။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"လော ..."

"ဘာလဲ .."

"နင့်ကို ပြီးခဲ့တဲ့ အပတ်က ခြယ့် အဖေက ခေါ်တွေ့တယ်ဆို.."

"မတွေ့ပါဘူး .."

"ငါ့ကို မညာစမ်းပါနဲ့ နင်က ကားမောင်းပြီး အန်တယ်မင်း နဲ့ ဝါသွားတာ သေချာမြင်တဲ့သူရှိတယ် .."

နှစ်ယောက်အတူ လျှောက်လာကြရင်း လော က ဇင်နီ့ ကို လှည့်ကြည့်သည်။

"လေဆိပ်ကို လိုက်ပို့ခိုင်းတာပါ၊ သိပ်နေမကောင်းလို့တဲ့ .."

"သြော် ..."

ဇင်နီ က ရင်ဘက်ပေါ် ပြိုဆင်းလာသည့် ဆံနွယ်တွေကို ကျောနောက်ရောက်အောင် ပခုံးလေးနှိမ့်၍ လွှဲခါလိုက်ရင်း ...

"ဘာတွေပြောသေးလဲ .."

"ဒီလိုပါပဲ .."



"ကားမောင်းခိုင်းတာကိုက စိတ်ဝင်စားစရာကောင်းနေပါပြီ လော ရယ် .. သူ့မှာ ဒရိုင်ဘာတွေ ခိုင်းစရာလူတွေ ရိုက်သတ်လို့မကုန်တဲ့ဟာ နင့်ကို တစ်ခုခုမေးစရာ ပြောစရာရှိနေလို့ပဲ .. အသိသာကြီး .."

"နေပါဦး သူ့အဖေ ဘာတွေပြောသွားသေးလဲလို့ ခြယ် ကတောင် တစ်ခွန်းမှ မမေးခဲ့ဘူး"

ဇင်နီ က ရယ်လိုက်ပြီး နူ့ပခုံးကို တံတောင်နဲ့လှမ်းတို့ကာ ...၊

"မမေးတာ သိနေလို့နေမှာပေါ့ .."

လော မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ ဇင်နီ့ ကို မမြင်ဘူးသလို လှည့်ကြည့်၍ ...၊

"နင်လည်း စပ်စုတတ်လာပြီ .."

"အံမယ် .. စပ်စုတာ မဟုတ်ပါဘူး၊ ငါက မမကြည် တို့ မေးလွန်းလို့ သိချင်လာလို့ မေးကြည့်တာ .."

"မမတို့က မေးတယ် .."

"ဟုတ်တယ် ..."

လော စိတ်မကောင်းဖြစ်သွားမိသည်။ ခြယ့် ကို မမနဲ့ မေမေတို့ ဘာဖြစ်လို့ အမြင်ဆောင်းနေကြမှန်း သူနားမလည်နိုင်တော့ပေ။ ညက လည်း မမ ပြောတာ နားစွန်နားဖျားကြားလိုက်သေးသည်။

"အဲဒါတွေ မေမေတို့လည်း သိသားနဲ့ မောင်လေးကို သတိပေးထားဦးနော် .. အဲဒီလူတွေက သူတို့ သမီးအတွက်ဆို စိန်ပုံရွှေပုံနဲ့ လမ်းခင်းပြီး မရမကလိုက်တတ်တယ်၊ ကလေးကို ဘာတွေနဲ့ ဖြားယောင်းနေလဲ မသိဘူး .." တဲ့ ...။

ခက်လည်း ခက်ပါ၏။

"လူကြီးကတော့ စိုးရိမ်ပိုတာပေါ့ဟာ .. အန်ကယ်မင်းတို့လည်း သနားပါတယ်၊ ခြယ် ကအရမ်းစိတ်ကြီးတော့ သူတို့ကိုယ်တိုင် ဘာမှ သေချာ မဆုံးမရဲရှာဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုလည်း မဟုတ်ပါဘူး .."

"ဟင် ..."

လော နှုတ်က ဖွင့်ဟလာသဖြင့် ခင်နီ စိတ်ဝင်တစား လှည့်ကြည့်၏။ ဒါပေမယ့် လော က ဘာမှမပြောတော့ပေ ..။

"ဟဲ့ .. ပြောလေ အဲလိုမဟုတ်ဘူးဆိုတာ ဘာလဲ .."

"မဟုတ်ပါဘူး ယဉ်တိုက်မှုဖြစ်တဲ့ကိစ္စကိုပဲ ပြောဖြစ်တာပါ .."

"အဲဒါ အန်ကယ်မင်းတို့ ဘာမှမသိကြဘူးပေါ့ ဟုတ်လား .."

"ဆိုပါတော့ .."

"အဲဒီကိစ္စ ဘယ်လိုဖြစ်ပြီး ချက်ချင်းကြီး ပြီးသွားတာလဲဟင် .."

"လူနာကိုယ်တိုင် ရှောင်ထွက်သွားတာ .."

"ဟုတ်တယ် ..."

"လူနာက ဘာဖြစ်လို့ ရှောင်သွားတာလဲ .."

"မသိဘူးလေ .. ဒေါ်နှင်းသက် ဆိုတဲ့ မိန်းမကြီးက လူနာနဲ့တစ်ခုခု ပတ်သက်ဖိစီးနေပုံပဲ သူပဲ မကျေနပ်ဘူး ထဖြစ်တာ .."

"အဲ့တော့ ဘယ်လောက်တောင်းလို့လဲ .."

"နစ်နာကြေးတွေရော ဆေးဖိုးဝါးခတွေရော .. တကယ်ပေးရရင်တော့ နည်းမှာမဟုတ်ဘူး၊ တတ်လည်းတတ်နိုင်တယ် .."

"သူက အခေါ်ဆိုတော့ ပြောခွင့်ရှိတာကိုး .. ဒီမိန်းမကြီး ဒီလောက်လည်တာ ခြယ် အိမ်ပေါ်မှာ သောင်းကျန်းခဲ့တာရော ဘာပြဿနာမှ ထည့်မလုပ်လိုက်ဘူးလား .."

လော က ဖျက်ခနဲ လှည့်ကြည့်ကာ ...

"နင့်ကို အဲဒါတွေ ခြယ် ပြောပြထားတာလား .."

ခင်နီ က ကြောင်တောင်တောင်လေး ပြန်ကြည့်တော့မှ သူပဲ ပြောမိတာ ဖြစ်မည်ဟု တွေးမိကာ ..။

"ဆောရီး ငါက အဲဒါတွေကို ဘယ်သူမှ မပြောမိသေးဘူးထင်လို့"



"လော ရယ် ခြယ် ဘာလုပ်လုပ် လူမသိတာ ဘာများရှိလို့လဲ .."

သူ ခေါင်းညိတ်လိုက်ရင်း ..၊

"သူ ဘယ်လောက်လည်လည် လူနာမှ မရှိတော့တာ ဘာလုပ်လို့ ရမှာလဲ .."

"အင်းလေ .. ငွေမက်တဲ့ လူတွေကိုတော့ ခြယ် တို့လို လူတွေက ဘာဂရုစိုက်မလဲ .. ဒါပေမယ့် လော ရယ် နင် ခြယ့်ကို ကူညီတာတော့ ကောင်းပါတယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်လည်း ညှာပါဦး .."

"ငါက ကိုယ့်ကိုယ်ကိုယ် ညှာဖို့အတွက် သူ ထင်ရာလုပ်နေတာကို လိုက်ကြည့်နေရမှာလား ခင်နီ .."

"မလုပ်ပါနဲ့လို့ တားလို့ရော ရခဲ့ဖူးလား နင်တွေးကြည့်လေ၊ ငါက သူတစ်ယောက်တည်း ပစ်ထားလိုက်ပါလို့ပြောနေတာမဟုတ်ဘူး၊ သူဖြစ်ရင် နောက်ကဝင်ရှင်းမယ့် ဘက်စ်ရောင်းနဲ့ရှိတယ် နင့်မှာ .."

"ငါ သိပါတယ် .."

"သိရင် ဆင်ခြင်စမ်းပါဟယ် .. ငါက သူငယ်ချင်းသုံးယောက်လို့ ထည့်တွက်ခံရပေမယ့် .. ခြယ် က .."

"ခြယ် က ခေါ်တိုင်းရော နင်လိုက်လို့လား .."

ခြယ့် ဘက်က ဝင်ပြောလေခြင်းဆိုသည့်အကြည့်က ခွေးရိုင်သမ်း၏။ သို့သော် ခင်နီ့ မျက်နှာပေါ်မှာ ခဏလေးသာ ပြောင်းလဲမှုဖြစ်သွားခဲ့လျက် ..။

"ဟုတ်တယ် ငါ သူနဲ့ အတူတွဲနေဖို့ သတ္တိနည်းလာတာတော့ အမှန်ပဲ၊ ငယ်တဲ့အချိန်တုန်းကတော့ သူ ဝယ်ပေးတာကို မရမှာစိုးတယ်၊ သူ စားတဲ့ဆိုင်တွေမှာ အတူလိုက်စားချင်တယ်၊ သူ့ဆီက အရာရာကို ငါမက်လာပြီး သူ့နားမှာပဲ နေရင်းနဲ့ .."

စကားက ခဏရပ်သွားသေးသည်။ ပြီးမှ ...

"ငါ သူ့ကို ခင်တွယ်ခဲ့တယ်၊ ချစ်လည်းချစ်တယ် အဲဒါတွေ ခုချိန်

www.burmeseclassic.com

www.burmeseclassic.com



ထိုဝါပဲ၊ ငါ သူ့ကို လန့်လာတာကလွဲရင် ခင်နေတုန်းပဲ ..”

“ဘာဖြစ်လို့ လန့်တာလဲ ..”

“သူက သူ့စိတ်ထင်တာ တစ်ခုကလွဲရင် ဘာကိုမှ ငဲ့ညှာရမှန်းမသိတော့ဘူး ..”

“ဟိုအစတုန်းက ပိုဆိုးပါတယ် ဇင်နီ ရယ်၊ ဟိုတုန်းကတောင် ကြောက်ရလန့်ရမှန်းမသိခဲ့ဘဲ .. ခုမှ ဘာလို့လဲ ..”

“နင်က ငါ အပိုပြောနေတယ်ထင်လို့လား ..”

ဇင်နီ စိတ်တိုသွားမှန်းသိတော့ လော က ခေါင်းခါပြီး ...။

“ငါ ပြောချင်တာ နင် ခြယ့် စိတ်ကို ဒီ့ထက် နားလည်သင့်တာကိုပါ၊ တကယ်တော့ ခြယ် က ကြောက်စရာကောင်းတဲ့ မိန်းကလေး မဟုတ်ဘူး .. သူ့စိတ်အခံကိုက ..”

“ရှူး ... ရှူး ...”

နောက်က အသံတွေကြောင့် လော ခြေလှမ်းနှေးသွားသည်။ ဇင်နီ က တော့ ဖျတ်ခနဲ လှည့်ကြည့်၏။

“တွေ့လား ခတ်ခတ်ချင်းသိနေတာ .. ဟဲ .. ဟဲ .. ဟဲ ..”

“အေးနော် ရှူးရှူးပေးလိုက်တာနဲ့ ချာခနဲပဲ ..”

“ပြောလိုက်လေကွာ ..”

“ဘာပြောရမှာလဲ ..”

“သူ့ခများ လှည့်ကြည့်ရပြီးတော့ ကျေနပ်စရာလေး တစ်ခုခုတော့ ပြောပေးသင့်တာပေါ့ ..”

လော စိတ်ကို ဘယ်လိုမှ ထိန်းမရတော့ဘဲ နောက်လှည့်၍ ရင်ဆိုင်လိုက်သည်။ ဇင်နီ က လှည့်ကြည့်လိုက်မိသည့်အမှားကြောင့် စိုးရိမ်စိတ်တွေဖြစ်နေမိကာ လော လှုပ်ရှားလိုက်တာနှင့် အတင်းပြန်ဆွဲလှည့်ရင်း ...၊

“သူတို့ဟာ သူတို့ဘာပြောပြော .. လာစမ်းပါ .. ဖက်ဖြစ်မနေနဲ့”

လော ကိုယ့်စိတ်ကိုထိန်းဖို့ ကြိုးစားရင်း ဇင်နီ ဆွဲတဲ့အတိုင်း လိုက်



ပြန်ဆုတ်ပါသွားလျက်။

“ကြောက်စရာကြီးကွာ၊ မင်းတို့ဘာလို့သွားစတာတုန်း၊ ဟိုမှာ ဆွဲထားလို့နော် .. သူ ရှန်းလို့သာ လွတ်သွားရင် ဟွန့် .. ဟွန့် ..”

“ငါတော့ မကြောက်ပါဘူး၊ ကောင်မလေးက ကြည့်လို့ တို့က လိုက်တာ ..”

သုံးယောက်က သုံးယောက်မို့ တမင်ရန်စနေကြတာဖြစ်ကာ၊ လမ်းကြားထောင့်မှာ လူလည်း ရှင်းနေသည်။

“ဇင်နီ နင် ကျောင်းသွားနှင့်တော့ ..”

“အိုး မသွားပါဘူး၊ သူတို့ဟာသူတို့ ဘာပြောပြောထားလိုက်၊ လာပါ လော ရယ် လာစမ်းပါ ..”

“ဒါမျိုးကို ငြိမ်ခံနေရလား ..”

ခြယ် ...။

သုံးယောက်ရဲ့နောက်ကို ခြယ် ရောက်လာတာ မြင်လိုက်ကာ ဇင်နီ မျက်လုံးပြူးသွားသည်။ ခြယ့် တစ်ကိုယ်လုံးသည် နားဆွဲမှာပဲ အဖြူနဲ့ အနက်ရစ်တွေပါကာ ...။

“အဲမာ .. မင်းက ..”

“ဖူး ...”

“ဟာ ...”

နောက်ကို လှည့်ကြည့်လိုက်သည့်တစ်ယောက် စကားမဆုံးမီ ခြယ့် ဝါးစပ်ထဲက ဗီကေက သူ့မျက်နှာ ဖက်ခနဲပြေးကပ်သွားကာ ...။

“ကဲ .. ဟာ ..”

“ဟိတ် ...”

မျက်နှာ ဗီကေ အကပ်ခံလိုက်ရသည်နှင့် တစ်ပြိုင်နက် ဗိုက်ကိုပါ ဆောင့်ကန်ပစ်လိုက်သဖြင့် လော နဲ့ ဇင်နီ့ ကြားကို ထိုသူ ကိုးယိုကား ရား ကြီး လန်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုး .. အဲ့သတ္တဝါကို သေရာပါအောင် ဒဏ်ရာလုပ်ပေးလိုက်"

ကိုယ့်ရှေ့ပုံလဲလာမှ ခွထိုးရမယ့် အလုပ်ကို လော ကလည်း မလုပ်...။

သို့သော် သူကြောင်ငေးနေတုန်းမှာ ခြယ် ကို ဟိုနှစ်ယောက်က ဝင်ထိုးနေကြပြီမို့ ...။

"ဟိတ်ကောင် ..."

"ဘုန်း ..."

"ခွပ် ..."

လော လွယ်အိတ်ဖြုတ်ချပြီး တစ်ယောက်ကို ပြေးထိုးသည်။ တစ်ချက်သာ ထိုးလိုက်နိုင်ပြီး နောက်တစ်ချက်မှာ မျက်နှာတစ်ခုလုံး မီးပွင့်သွားသည်။

"ခြယ့် .. လောရေ တော်ပါတော့ .. ငါ တောင်းပန်ပါတယ် အမလေး..."

ဇင်နီ့ အော်သံကြောင့် အာရုံများသွားကာ လော နောက်ထပ်အကန်ခံလိုက်ရပြီး ခွေခနဲကျ၏။ ထိုသူကို ခြယ် က နောက်ကျောကနေ ပတ်ကန်ပစ်လိုက်ကာ ...။

"ဒုတ် ..."

"အင့် .."

စိုက်ခနဲ ငိုက်ဆင်းသွားကာ ဘောနံရိုးနှင့် ခေါင်းနဲ့ ပြေးဆောင့်ပြီးမှ ရပ်၏။ လူတွေ ပြေးလွှားရောက်လာသည့်အချိန်မှာ ယောကျ်ားလေး လေးယောက်စလုံး မှောက်နေကြကာ မိန်းကလေးတွေက လှလှပပ ရပ်နေကြလို့ ...။

"ဘာဖြစ်ကြတာလဲ ..."

"ကျောင်းသားတွေ ထင်တယ် .. ဟုတ်လား .."

"ဒီနေရာမှာ ကျောင်းသားတွေ ရန်လာလာဖြစ်ကြတာ ပါချုပ်နဲ့ တိုင်ထားမှဖြစ်မှာပါ .."

ဘယ်သူမှ အကြီးအကျယ်မဖြစ်ကြဘဲ ကိုယ့်ဘာသာကုန်းရုန်းထ



နေကြသဖြင့် လူတချို့က သူတို့တွေ လူစုကွဲအောင် စောင့်ကြည့်နေကြသည်။ ပြီးမှ ပြန်သွားကြ၏။

"လော ..."

ထရပ်ပြီးယိုင်တိုင်တိုင်ဖြစ်နေသေးသော လော ကို ဇင်နီ က စိုးရိမ်တကြီး ပြေးတွဲသည်။

"ရတယ် ..."

"ဘာရတာလဲ နှုတ်ခမ်းပေါက်သွားတာမလား .. သွေးတွေစိမ့်နေပြီ"

ဇင်နီ က မျက်ရည်တွေ ဝေ့လည်နေကာ ခြယ့် ကို မော့ကြည့်၏။ ခြယ် က ပီကေကို ပါးစပ်ထဲထည့်လိုက်ပြီး အိတ်ခွံကို လက်ထဲမှာ လုံးချေပစ်ရင်း ...။

"နင်တို့နှစ်ယောက်စလုံး ဒီလောက်တောင် ခန္တီပါရမီတွေနဲ့ ပြည့်စုံနေကြတာ အံ့ရော .."

"နင် ဒီလောက်တောင် ရန်လိုနေတာလည်း ငါခုမှ ရေရေလည်လည် သိတယ် ခြယ် ရယ်၊ တကယ်ကို လက်ရဲပုံက .."

"ပြောစမ်းပါ ဘာနဲ့တူနေသလဲ .."

ပြောပါဆိုတော့လည်း မပြောတတ်ဘဲ ဇင်နီ ရှုံ့မဲ့နေရင်းက မျက်နှာလွှဲပစ်၏။ ပြီးတော့ ...။

"ရရဲ့လား လော .."

"ရတယ်ဆိုမှ ဖယ် .."

မိန်းကလေး နှစ်ယောက် ရန်ပွဲဆက်မှာစိုးကာ လော ကိုယ့်ကိုယ်ကိုယ် မတ်မတ်စန့်စန့် ပြုပြင်ရပ်လိုက်သည်။ ခြယ် က ပီကေဝါးနေရင်း ရယ်ကာ ...။

"သေချာတွဲထား နှစ်ချက်လောက် ထိထားတော့ နှစ်ရက်လောက် လဲနေနိုင်တယ် .."

"ခြယ့် .."

www.burmeseclassic.com

www.burmeseclassic.com



ဇင်နီ့ မျက်နှာလေးက ဒေါသတွေ ပြည့်နှက်နေကာ …၊

"နင် လုပ်လိုက်လို့ ဒီလောက်ထိ ဖြစ်ကုန်တာနော် …"

"ဟုတ်လား … ငါ့ကြောင့်လား ကျေးဇူးမတင်တဲ့အပြင် ဘယ့်နှာတုံး"

"ကျေးဇူးတင်ခံချင်ရင်လည်း လိုအပ်နေတဲ့သူတွေကို သွားပေးပါလား …"

"နင်တို့ပဲ လိုနေတာလေ … နောက်ကနေ ဒီလောက်ကပ်ရိနေတာကို ဘယ်လိုနားနဲ့ နားထောင်နေနိုင်တာလဲ …"

"ရမ်းကားချင်လို့ ရန်စနေတာကို သူတို့ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ပေးဖို့ မလိုပါဘူး ခြယ်ရယ် ချေးရှုးနဲ့ ဖက်ကိုက်ရင် ကိုယ်ပဲ …"

"သူတို့က ချေးရှုးမှမဟုတ်ဘဲ ချေးရှုးလိုက်လို့ထွက်ပြေးရင်တောင် ကြားကောင်းသေးတယ်၊ ယောကျ်ားချင်း ဒီလောက် စနေတာကို ဘာဖြစ်လို့ ငြိမ်နေရမှာလဲ …"

"ငါ့ကြောင့် ဖြစ်ရတာပါ၊ ငါ လှည့်ကြည့်လိုက်မိတာ …"

"ဒါဆိုလည်း ငါ့ပြဿနာ ငါရှင်းမယ်ဆို နင်ထွက်လေ …"

"ခြယ့် …"

လော နှုတ်ခမ်းနားကို လက်ခုံနဲ့ ကပ်ထားရင်း တားဆီးမိကာ…။

"နင်တို့ကလည်း မဟုတ်တာကို …"

"ငါကတော့ ရန်ဖြစ်တာကို မကြိုက်တာ …"

ဇင်နီ က မျက်နှာတင်းနေဆဲ …၊

"ငါကတော့ ရန်ဖြစ်ရတာ ပျော်နေလို့လား …"

"မသိဘူးလေ …နင်က ဖိုက်တာကြီးဆိုတော့ နိုင်ပွဲတွေဆက်ပြီး ပျော်ချင်ပျော်နေမှာပေါ့ …"

"ဇင်နီ နင်ကလည်း ဘယ်လိုလဲ"

ဇင်နီ ကလှည့်မကြည့်၊ ခြယ် ကလည်း အပြုံးတစ်စနှင့် မျက်ဝန်းတွေက အေးစက်စက်ရှိနေခဲ့ပြီး …။



"ငါသွားမယ် … ငါ ဒီနေ့ အတန်းမတက်တော့ဘူးဆိုတာ ပြောမလို့ နင်တို့ကို လိုက်ရှာနေတာ …"

"ခြယ့် …"

ခြယ် ကျောခိုင်းလိုက်ပြီးမှ ဇင်နီ က လှမ်းခေါ်ကာ …၊

"ဆောရီးပါဟာ ငါ အရမ်းလန့်သွားလို့ပါ …"

လှည့်မကြည့်ဘဲ ခြယ် က ပြုံးလိုက်၏။ သို့သော် မဝီပြင်သော မဲ့ပြုံး …။

"ငါ နားလည်ပါတယ် …"

"ခြယ် နေဦး …"

ဇင်နီ က သူမအားကို ရောက်လာကာ …။

"ဒီနေ့ စာမေးပွဲအတွက် အရေးကြီးတာတွေ ပေးမှာလေ …"

"နင်တို့ ရှိတာပဲ …"

"နင် ကျောင်းမတက်တာ ဒီနေ့ပါဆို သုံးရက်ရှိပြီ …"

"မနက်ဖြန်လည်း မလာဘူး …"

"ခြယ် …"

လော က တစ်ဖက်ကနေ လာရပ်ကာ …။

"နင် ဘယ်သွားစရာရှိနေလို့လဲ …"

ခြယ် က လော ကို လှည့်ကြည့်သည်။ နှုတ်ခမ်းအစွန်းတစ်ဖက်မှာ ဖောင်းတက်နေကာ သွေးစက သုတ်ပစ်၍ မပါနိုင်သော နှုတ်ခမ်းကြားမှာ ရှိနေလျက် …။

"ဘယ်သွားတော့ ဘာလုပ်မလို့လဲ …"

"ပြောသာပြောစမ်းပါ၊ ကိစ္စကြီးငယ်ရှိရင် ငါ လိုက်ခဲ့မှာပေါ့ …"

"ဟွန့် …"

ခြယ် မဲ့လိုက်မှ လော ကိုယ့်နှုတ်ခမ်းကို သတိရကာ လက်ခုံနဲ့ ကပ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရှက်သွားသည့်မျက်နှာမှာ ရဲခနဲ နီတက်သွားသည်။

ခြယ် က ခေါင်းတစ်ချက်ခါရင်း 'တော်တော့' ဆိုသည့် အပြုံးနှင့် လက်ခါထွက်သွား၏။

ဇင်နီလည်း မျက်စိမျက်နှာပျက်လျက် ကျွတ်ခနဲ ဖြစ်ကာ ..။

"ခြယ် ကတော့လေ ငါအရမ်း စိတ်ပျက်တာပဲ တကယ် .."

ပြောရင်း လော ရဲ့ လက်တစ်ဖက်ကို တွဲကိုင်လိုက်ပြီး ..။

"သူပြောတာကို အမှိုက်ဖွာယ်ရာမနေနဲ့ လော .. နင့်ကို ကြောက်လို့ ပြောပြီး မီးထိုးပေးသွားတာ ဒီလို မြှောက်ပေးတိုင်းပဲ .."

"မြှောက်ပေးတာမဟုတ်ဘူး .. ငါက အဲလိုကောင်ပဲ .."

"ဘာ ..."

"ခြယ် က စိတ်ထဲကမပါဘဲ ထွေတာငေါ့တာတွေ လုပ်တတ်တဲ့သူ မဟုတ်ဘူး .."

"လော ..."

"ငါ သူ့ဘက်က ပြောနေတာ မဟုတ်ဘူး ဇင်နီ သူ နင့်ကို ဖွဲ့သွားတာလည်း မဟုတ်ဘူး ခံလိုက်ရတာက ငါ .."

"ဒါပေမယ့် နင် သူ့ကိုဆို .."

ဇင်နီ စိတ်ရှိလက်ရှိပြောမိမလို ဖြစ်သွားပြီးမှ ပြန်ထိန်းလိုက်သည်။ ပြီးတော့ ငိုချင်လာခဲ့၏။

ခုနှ လော အတွက် စိုးရိမ်လွန်းလို့ မျက်ရည်ဝဲခဲ့သည်။ ခုတော့ နာကျင်လာမိတာ ဘာကြောင့်မှန်းမသိ။ တကယ်ဆို လော နဲ့ သူမကသာ ငယ်ပေါင်းကြီးဖော်ဖြစ်ကာ၊ ခြယ် က အလယ်တန်းကျမှ တိုးပွားလာခဲ့တဲ့ သူငယ်ချင်း ..။

ခြယ့် ကို စတွေ့ကတည်းက ထူးဆန်းသည့် အကျင့်စရိုက်တွေနဲ့ ဖြစ်ကာ ဇင်နီ ဆံပင်မှာ ပီကေကပ်နေတာကြည့်ပြီး လက်ခုပ်တီးပြီး အားပါးတရ ရယ်ခဲ့၏။

www.burmeseclassic.com



သူမ ပါးစပ်ထဲမှာလည်း ပီကေ ဝါးနေဟာမို့ ဇင်နီ ရန်တွေ့တော့လည်း မိန်းကလေးချင်းပေမယ့် ကက်ကက်လန်ပြန်ရန်တွေ့တာ မဟုတ်။

"ငါ ပီကေစားနေတိုင်း နင့် ဆံပင်ကဟာကို ငါ့ဟာလို့ ထင်နေလား"

"နင် လုပ်ပြီး ဟားတိုက်ရယ်နေတာ .."

"နင် ခုလို ပါးပြေးရိုက်နိုင်တာ သိရက်နဲ့ ငတ်တုတ်ထိုင်ရယ်နေရအောင် ငါက အရူးလား .."

ဆိုပြီး ပီကေကပ်သွားသည့်တစ်ယောက်ကို လက်ညှိုးထိုးပြသည်။

"ဟိုမှာ ဟိုကောင်တွေလား လော အဲ့ကောင် ငါ့ကို စနေကျ သူပဲနေမှာ .."

"ငါရအောင် ပြန်ခွာပေးပါ့မယ်ဟာ ပြဿနာမရှာစမ်းပါနဲ့ .."

ဇင်နီ ငိုမဲ့မဲ့လေး ဖြစ်နေပေမယ့် လော က နှစ်သိမ့်လိုက်တာနှင့် ပြီးသွားသည်။ ခြယ် က မရမကဆွဲခေါ်လာပြီး ဇင်နီ့ ကို တောင်းပန်နိုင်းခဲ့၏။

ထိုအဖြစ်ကစပြီး သူမကို အထင်ကြီး အားကျခြင်းများစွာနှင့် သူမတို့ လက်တွဲခဲ့ကြတာဖြစ်သည်။

ယောကျ်ားလေးတစ်ယောက်ကို ဘယ်လိုထိန်းချုပ်ခေါ်လာခဲ့သလဲ မေးတော့ ဆေးလိပ်တိုတွေကို ထောင်ပြသည်။

ပြီးတော့ တဖက်က ကိုင်ထားသည့် လွယ်အိတ်ထဲထည့်လိုက်ပြီး အိတ်ကို မြှောက်ပြ၍ ..၊

"သူ့လွယ်အိတ်ကို အရင်ယူထားပြီး နည်းနည်းလှန့်ပေးလိုက်တာလေ .. ဒီကောင်တွေ ကျောင်းလစ်ပြီး ဆေးလိပ်ခိုးခိုးသောက်နေကျ.."

"နင် အဲ့ဒီလိုတွေ လုပ်ရဲတယ် .."

"ဘာလို့မလုပ်ရဲရမှာလဲ လူလူချင်း .." တဲ့ ..။

သူမ ဆင်းလာသည့် ကားကြီးက သိန်းထောင်ကျော်တန်သည်လို့ အားလုံးပြောနေကြသည်။ သူမရဲ့ဘေးမှာ ကိုယ်ရံတော်တွေလည်း ပါနေ

www.burmeseclassic.com

www.burmeseclassic.com



တတ်ကာ ...၊

ခြယ်မှုန်း ဆိုသည့် သူမရဲ့ပုံစံလေးကလည်း တကယ် ရွှေရုပ်လေး အတိုင်း ...။

ဒါပေမယ့် သူမ နှုတ်ခမ်းတွေက ပါးလျသေသပ်သည်။ မျက်လုံး ပြူးသည်ထင်ရပေမယ့် သူများတွေလို မျက်ကုပ်မှန်မလိုဘဲ အညိုရောင် ရွှန်းတောက်နေခဲ့၏။

ပြီးတော့ မျက်တောင်ကော့ကော့ နှာတံပေါ်ပေါ်မှာ ပြုံးလိုက်မှ လိုက်တိုင်း ပါးချိုင့်လေးတွေ ပေါ်လာတတ်သေးသည်။

သူမ ကျောင်းရောက်ကတည်းက ချော၍လှ၍ လက်စောင်းထက် လွန်း၍ စသဖြင့်သော ဂုဏ်သတင်းများနှင့် နာမည်ကျော်ခဲ့သည်။

လော ရဲ့ ခင်မင်မှုအမှတ်ကလည်း ခဏအတွင်းမှာ မြန်မြန်ဆန် ဆန်တိုးတက်သွားခဲ့တာ ဒီနေ့ထိ ပြန်မကျခဲ့။ တွေးမိတော့ နာကျင်မှုက ပိုတိုးလာသည်။

ရေများရာ မိုးရွာသည်။ ဘာလိုလေသေးမှမရှိတဲ့ သူကတော့ ပြည့်စုံ မှုတွေ ပိုလျှံနေခဲ့လျက် .. လိုအင်ဆန္ဒဆိုတာလည်း မရှိ၊ ရှိနေတဲ့ ပြည့်စုံ မှုတွေကိုလည်း မက်မောရမှန်းမသိ ...။

မပြည့်စုံတဲ့လူတွေကျတော့ လိုချင်နေလေ ရှားပါးလေ၊ လိုအပ်ချက် တွေ ပြည့်စုံဖို့ တမ်းတဆုတောင်းနေလည်း ဘာမှဖြစ်မလာ။

ခုနေ သူမ အလိုချင်ဆုံးဆုကို တောင်းခွင့်ရှိသည်ဆိုလျှင် တစ်ခု တည်းသောဆုကိုသာ တောင်းချင်ပါသည်။

"လိုအင်ဆန္ဒမှန်သမျှကို ပါးစပ်က မပြောဘဲ စိတ်ကဆောင့်တာ လိုက်ရုံ နှင့် ပြည့်စုံသောကိုယ် ဖြစ်လိုပါ၏"



## အခန်း (၁၂)

မိုးဖွဲလေးတွေက ပန်းဝတ်မှုန်လေးတွေလို ကြွေဆင်းနေကြသည်။ မိုးရွာပြီးစ ဖွက်အိုင်တွေပေါ်မှာ ညနေခင်းနေရောင်ခြည် အလင်းတန်း လေးက အားနည်းစွာ ဖြာဆင်းနေခဲ့၏။

ခပ်သုတ်သုတ်သွားလာနေကြသော လူအများထဲမှာ အစိမ်းရောင် မင်းသမီးတစ်ပါးကဲ့သို့ ခြယ်ပုံစံက ထင်ရှားနေသည်။

"ဟော့ .. ဟိုရှေ့မှာ ခြယ်မှုန်း ကွ .."

"ဟာ ... ဟုတ်တယ် ဟော့ကောင် .."

"ကား အရှိန်လျှော့ပြီး ဖြည်းဖြည်းလိုက် အဲ့တစ်ယောက်ကို လက်ဆင်န် ပေးရအောင် .."

သူတို့ မြင်ကွင်းထဲမှာ ခြယ်က ကြေးဥစိမ်းရောင် ဘောင်းဘီရှည် ကုတ်အင်္ကျီစိမ်းရောင်နှင့် အတွင်းခံ လည်ဟိုက်အနက်ရောင်လေးက ကျော့ရှင်း နေ၏။ ကောက်ကွေးသော ဆံပင်တွေကို မျက်နှာတပြင်လုံး အပြောင် သိမ်း၍ စုစည်းထားသောကြောင့် မြင်နေကျပုံစံထက် ပို၍ ခန့်ကောတ် ကြောင်းတွေ ပေါ်နေသလို ထင်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမ လွယ်ထားတာ ငွေရောင်ကြိုးပျော့လေးနှင့် အစိမ်းရောင် ဘေးအိတ်လေး ...။

"ဟလို ..."

ပလက်ဖောင်းပေါ်မှာ စဏရပ်ကာ ဖုန်းထုတ်ကိုင်ရင်း လမ်းကူးဖို့ကြည့်သည်။

"အင်း .. ငါ ထွက်လာပြီ .. အခု .."

"ဗွမ်း ..."

ကားတစ်စီး အရှိန်နှင့် ကပ်မောင်းသွား၏။ ဖုန်းပြောပေမယ့် မျက်နှာကို အချိန်မီလွှဲလိုက်နိုင်လို့သာ ...။

မဟုတ်လျှင် ခြယ့် တစ်ကိုယ်လုံး စတ္တန့်ပိုင်းအတွင်း ကာလာချိန်းသွားနိုင်၏။

"ဟယ် .. ဟိုကောင်မလေး သနားပါတယ် ကြည့်စမ်း ရှယ်ဝတ်ထားတာတွေ ကုန်ပါပြီ .."

"အေးလေ ကားတွေကလည်း ..."

"ခုမှ လှသွားတာပါ .."

ဖြတ်သွားကြသည့် လူတစ်ချို့ထံမှ စကားသံတွေ ပျံ့လွင့်လာသည်။ ခြယ် ဖုန်းကိုင်ထားသည့် လက်လေးကို ခပ်ကားကား ဆန့်ချလိုက်ရင် ကိုယ့်ပုံစံကို ပြန်ငုံ့ကြည့်မိ၏။

ရင်ဘတ်တစ်ခြမ်းကနေအစပြု၍ အောက်ပိုင်းတစ်ပြင်လုံးမှာ ရွှံ့ဗွက်ရေတွေ စွန်းထင်းကုန်တာမြင်လို့ မကောင်း ...။

ကျွတ် ...။

ဒေဝီလင်း မွေးနေ့ သွားမလို့ ခုပဲ ဆုံရပ်ကို ချိန်းနေတုန်း ...။

စိတ်ပျက်သွားခြင်းမှာ တလကြမ်း မောင်းထွက်သွားသည့် ကားကို ဒေါသဖြစ်ဖို့ မပါသေးပေ ...။ သို့သော် ခြယ် ပလက်ဖောင်းပေါ်ပြန်တက်လိုက်ပြီး ကိုယ့်အဖြစ်ကို ဘယ်လို စီရင်ရမှန်းမသိ ဖြစ်နေစဉ် ...။



"ယော့ ..."

ဘက်စ်ဆုတ်လာသည့် ကားတစ်စီး၏ နောက်မြီးအရိပ်နှင့် ဒေါသကြောင့် လှည့်ကြည့်လိုက်မိ၏။ အနက်ရောင် ဖစ်တာလေးပေါ်မှာ ခပ်ဖြဲဖြဲမျက်နှာတွေက သူမဘက်ကို စုပြုံ ပြူးပြဲတိုး၍ ...။

"မှတ်ထား အဲဒါ ဖက်(စ်)ဝမ်တိန် .. နောက်ထပ် အနေအထိုင်မတတ်ရင် စက္ကန်းတွေ၊ သတ်(ဒ်)တွေ လာဦးမှာ .."

"တော်လောက်ပါပြီကွာ .. ကြည့်ပါဦး သနားပါတယ် .."

"ဟေး .. ခုနေ လာတောင်းပန်ရင် အချိန်မီသေးတယ်နော် .."

မောင်းထွက်သွားသည့် ကားပေါ်ကနေ အသံတွေ ကျန်ရစ်ခဲ့၏။ ဝီကေကို ထွီခနဲ ထွေးထုတ်လိုက်၏။ အသစ်တစ်ခု ပါးစပ်ထဲထည့်ပြီးသည့်အချိန်မှာ တက္ကစီတစ်စီးတားလိုက်ပြီး ကားရပ်သည့်နေရာထိ ပြေးလိုက်၏။

သူမ ပြေးသည့်ပုံ၊ ကားထဲဝင်ထိုင်လိုက်ပုံတွေကြောင့် လမ်းပေါ်က လူတချို့ တအံ့တဩ လှမ်းကြည့်ကြ၏။

တက္ကစီ ဒရိုင်ဘာလည်း လှည့်ကြည့်ချိန်တောင် မရလိုက်ဘဲ ...။

"ရှေ့က ဖစ်တာ အနက်လေး တွေ့လား မီအောင်လိုက်ပေး ..."

"ကားတွေက တအားကျပ်တာ .."

"ပညာသုံးစမ်းပါ ကျတာထက် သုံးဆပေးမယ်"

ထိုစဉ် သူမ အိတ်ထဲက ဖုန်းမြည်လာသဖြင့် ထုတ်ယူလိုက်ပြီး ...

"ဖင်နီ ငါတို့မဆုံတော့ဘူး .. သွားနှင့် .."

"...."
.... .... ....

"လာမှာ နောက်ကျမယ် လာဖြစ်ချင်မှလည်း လာမှာ .."

ဖုန်းပြောရင်း ရှေ့က ဖစ်တာကို မျက်ခြည်မပျက် လိုက်ကြည့်နေခဲ့လျက် .. ဒီဘက်က မှန်ချ၍ လက်ပြလမ်းတောင်းရင်း ...။

"ဦးလေး ဒီဘက်ထဲဝင်လိုက် .."

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မှာ ကွေ့ကားရှိတယ် .. လိုက်ထရပ်ရှေ့ကို ပြန်ဝင်လိုက် .."

"နင်းထားဦးလေး .. မီပါတော့မယ် .."

သူမ ပြောသည့်အတိုင်းလိုက်မောင်းရင်း တက္ကစီဒရိုင်ဘာ ရွှေးသုတ်၍ ...၊

"အပွန်း .. သက်စွန့်ဆံဖျားပါလား"

ဟု တီးတိုးရေရွတ်၏။ ပြီးတော့ မှန်ထဲက ခြယ်မှုန်း မျက်နှာလေးကို လှမ်းကြည့်ရင်း ခေါင်းခါမိကာ ...၊

ရထင်ရဘူး ...။



## အခန်း (၁၃)

"ဟား .. ဟား .. ဟား .."

"ဘယ့်နှယ့်လဲ ငါ့ ရွှေ့ကွက်လေး မလှဘူးလား .."

"လှတယ်၊ လန်းတယ် အလန်းလွန် .. အလွန်လန်း .."

"ဟား .. ဟား .. ဟား .."

လေးယောက်တည်းရှိတဲ့ စကားပွဲက ရယ်သံတွေနှင့် ဆူညံနေသည်။

"ငါ ဖုန်းဆက်လိုက်တာ စိုင်းလတ် တော်တော်အံ့ဩသွားတဲ့ပုံပဲ"

"အေးပေါ့ကွ .. သူက ခံလိုက်ရတဲ့ကောင် .."

"သင်းမို့ ငြိမ်နေတာ ငါဆို သူတစ်လုံးဆို ကိုယ်တစ်လုံးပဲ သူတစ်ချက်ဆိုရင်တော့ ကိုယ်နှစ်ချက်ပေါ့ .."

"ဒါပေမယ့် ငါတို့ သတိတော့ထားရမယ် .."

"ဘာလဲ ဘာကြောင့်လဲ .."

"ခြယ်မှုန်း ဆိုတဲ့ နာမည်က အလကားကြီး လာတာမဟုတ်ဘူးကွ ပန်းချီကားတစ်ချပ်ပေါ်မှာ ခြယ်မှုန်းတဲ့ အနုအရွအလှအပမဟုတ်ဘူး၊ စိုင်းလတ် ရဲ့ ခြယ်မှုန်း က ပေါ်ပြူလာကွင်း(န်) ပက်ပက်စက်စက်လှတယ် ရေရေလည်လည်ချမ်းသာတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"လက်မြန်တာလေးပါထည့်ပြော .."

"ဘယ်လောက်မြန်မြန် ခုတော့ ခံသွားရတာပဲမို့လား .. မိန်းကလေးတစ်ယောက် ဘယ်လောက်တော်နေ ထက်နေပါစေ .. လှိုင်းအောက်က လှေပါကွာ .. ဟား .. ဟား .. ဟား .."

"ဟော့ ကြာလိုက်တာကွာ .. ငါတို့စောင့်နေရတာ တစ်နာရီလောက်ရှိပြီကွ .. မှာတာတွေ မစုံသေးဘူး .."

"ဒုန်း ..."

"ဟာ ..."

ဝိတ်တာကို လှမ်းအော်လိုက်သည့် အသံနောက်မှာ အဏ္ဏဝါချဉ်စပ်ဟင်းပွဲကြီးက စားပွဲလယ်ကို ဖရိုဖရဲဖိတ်ဖိတ်စင်စင်နှင့် ဒုန်းခနဲ ကျလာသည်။

"သွားပြီ ..."

"ဟာ .. ဒီကောင် .."

လေးယောက်စလုံး ဖရိုဖရဲထလိုက်ကြရင်း ဟင်းစက်တွေကို ရှောင်မိကြကာ ..။

"ဟိတ်ကောင် မင်း .."

"ဟာ ..."

"ခြယ်မှုန်း ..."

"မဟုတ်ဘူး လှိုင်းပေါ်က လှေ ..."

ခြယ် က ဘီယာပုလင်းကို စားပွဲစွန်းနဲ့ ရိုက်ခွဲလိုက်ပြီး အနီးဆုံးက တစ်ယောက်ကို ခြေချင်းလှမ်းချိတ်လိုက်၏။

"ဒုန်း ..."

"အား ..."

ခုံကြားထဲ ဘိုင်းခနဲ ပစ်လဲသွားသည့်တစ်ယောက်ကြောင့် သုံးယောက်စလုံး ဝရုန်းသုန်းကား ထပ်ဖြစ်ကုန်ကာ ..၊

"ဟော့ .. မင်းနော် .."



"အဲဒါကြီး ချလိုက်စမ်း ..."

"အား ..."

"ဖျန်း ..."

"ခွမ်း ..."

"မင်း ..."

တစ်ယောက်က ခုံနဲ့ကိုင်ရိုက်ဖို့ လွှဲမြှောက်လိုက်၏။ ခြယ် က ဖျတ်ခနဲ ကပ်လိုက်ပြီး ဗိုက်ကို ဆောင့်ကန်ပစ်လိုက်၏။ ခြယ် က ပုလင်းကို ရိုက်ခွဲလိုက်ပေမယ့် ကာကွယ်ဖို့ ကိုင်ထားတာဖြစ်သည်။

ဒါပေမယ့် သူတို့၏ အကျမလှခြင်းက ပုလင်းကွဲစတွေကို ပန်းခွေ့ ရာထင်မှတ်နေသကဲ့သို့ ...။ ကာကွယ်ချိန်လည်းမရ .. ပြန်လုပ်ခွင့်လည်း မသာမီ အကြော်၊ အလှော်၊ အပြုတ်၊ အသုပ်တွေရော ဟင်းရည်တွေ ဆော့တွေပါမကျန် သူတို့ကိုယ်ပေါ် မိုးရွာသလို ဖြန့်ကျဲနံ့ရွဲကုန်ကာ ...၊

"ခြယ်မှုန်း ..."

"သရဲမ .."

"နင့်ကို .. အ .."

"အား .. စူးတယ် .. အား ."

လဲကျနေရာမှ ခုန်ထချင်ပေမယ့်မရ .. ရုပ်နေရာကနေ ပြေးထိုးဖို့ မျက်စိတွေက မမြင် ..။

မျက်နှာပေါ်မှာ ပွရှုပေကျံခဲ့သော အချဉ်အစပ်တွေကို ဖယ်ရှားကုန်းထဖို့ ဘယ်လိုမှ မဖြစ်နိုင်သေးခင် ပွဲကပြီးသွားသည်။

သီးသန့်ခန်းယူပြီး အားပါးတရ စားသောက်အောင်ပွဲခံဖို့ ပြင်ဆင်ခဲ့သော လူစုနှင့် ခြယ်မှုန်း ...။

"တောက် .. တွေ့မယ် .. တွေ့မယ် .. နင် .."

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

"နာရီတကြည့်ကြည့်နဲ့ကွာ၊ သူ နှစ်ခွပြောထားတာပဲ၊ လာချင်မှ လည်း လာမှာကို .."

သီဟအောင် က လော့ရဲ့ နာရီနဲ့ လက်ကို ဖယ်ချလိုက်ပြီး သူကိုယ်တိုင် ထည့်ယူလာသည့် စားစရာ ပန်းကန်ကို ရှေ့တိုးပေးသည်။

"မွေးနေ့ရှင်က လာကြည့်တာ နှစ်ခါရှိပြီ စားလိုက်ပါဦး မင်းက လည်း .."

"အေးလေဟာ .. ငါမနေတတ်အောင် တကယ်ပါပဲ .."

ဖင်နီ က နှုတ်ခမ်းလေးစူကာ မျက်စောင်းထိုးတာလည်း မဟုတ်တဲ့ ပုံမှန် ..၊

"ဒီမှာ ဗိုက်တွေလည်း ဆာနေပြီ .."

"ဟော့တော် .. ဖင်နီ ကလည်း လော ဘာမှမစားသေးလို့ မစားတာ လား .."

သူငယ်ချင်းတွေ တအံ့တသြမေးပြီး ပြုံးစိစိတွေ ဖြစ်ကုန်သည်။ လော က မျက်မှောင်ကုတ်လျက် ..၊

"စားလေ .. ဘာဖြစ်လို့ နင်က မနေတတ် ဖြစ်ရတာလဲ .."



"ဖြစ်မှာပေါ့ .. ခြယ် မလာတာ ငါ့ကို စိတ်တိုနေလို့လားမှ မသိတာ၊ ငါလည်း တောင်းပန်တာပဲဟာကို .."

"မဆိုင်ပါဘူးဟာ .."

လော ပုံစံက စိတ်ရှုပ်နေမှန်း သိသာနေကာ၊ ရှေ့မှာ ရှိနေသည့် ကိုရီးယားစားသောက်ဖွယ်ရာများကို စတင်စားသောက်ခြင်းပြုလျက် ..။

"သူ ထွက်လာပြီလို့ နင့်ကို ပြောတာမှတ်လား .."

"အင်းလေ .. နင့်ရှေ့တင် ငါဆက်တာပဲ .."

"နောက်တစ်ခါပြောမှ လမ်းကြောင်းပြောင်းသွားတာ တစ်ခုခုပဲ"

"ဟေး .. သဖင်နီ .."

"ဟင် .. မေသဲ တို့ပါလား .."

စာသင်နှစ်တွေမကုန်ခင် ကျောင်းပြောင်းသွားကြသည့် သူငယ်ချင်း နှစ်ယောက်နှင့်တွေ့ကာ ဖင်နီ က နေရာမှထသွား၏။ လော ဖုန်းထပ် ခေါ်ဖို့ ကိုင်လိုက်လျှင် ..၊

"လော ..."

ထိုလက်ကို သီဟအောင် က ကိုင်ထားပြန်ကာ ..၊

"ဟိုမှာ ဖင်နီ ကိုကြည့်စမ်း ..."

ကြည့်ဆိုတော့ ကြည့်လိုက်မိသည်။ ရွှေအိုရောင်နဲ့ နုံ့သာရောင်နုနု ရောနေသော မြန်မာဝတ်စုံလေးနှင့် လည်တိုင်မှာ အဝါရောင် ပုတီးစေ့ ကုံးလေးတွေ နှစ်ထပ်ဆင့်ဆွဲထားသည့် ဖင်နီ့ ပုံစံလေးက သိမ်မွေ့ခြင်း မဟာဆန်ခြင်းတွေနှင့် နုညက်ချောမွေ့နေသည်။

သီဟအောင် က ဒါတွေကို မြင်စေချင်ပေမယ့်၊ လော က သီဟအောင် ကြည့်ခိုင်းလို့ ကြည့်လိုက်ရပြီး 'ဘာလဲ' ဆိုသည့် မေးခွန်းနှင့် ပြန်လှည့် ကြည့်သည်။

"ဟ .. မင်းကလည်း လော ရာ .."

"ဘာလဲ .. ဘာကို လောနေတာလဲ .."

"ဖင်နီ ဘယ်လောက်လှလဲ မင်းမမြင်ဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"မြင်တယ်လေ .."

"အဲဒါ ဘာဖြစ်လို့ တစ်ဆယာက်ကိုကျော်ပြီး ကြည့်နေတာလဲ မင်း ဖင်နီ ကို ရင်မခုန်ဘူးလား .."

"သီဟအောင် .."

"ပြော .."

"မင်းဘာသာ ကျောင်းမပြီးဘဲနဲ့ လက်ထပ်တာနော် .. ငါ့ကို လာ မဖျက်ဆီးနဲ့ .."

စားနိုင်းလို့ စားနေရသည့် ကိုရီးယားစားဖွယ်တွေကို တစ်မျိုးပြီး တစ်မျိုး ပါးစပ်ထဲကောက်ထည့်ပြီး တူကိုပါချထားလိုက်ကာ ..၊

"ငါတို့က သူငယ်ချင်းတွေ .."

"တော်ပါတော့ကွာ .."

"ဘာတော်တာလဲ .."

"အားလူအမြင်နဲ့ ငါပြောမယ် မင်းကို ဖင်နီ သံယောဇဉ်တွေ လွှတ် ကြီးနေတယ် .."

"ငါတို့က ငယ်သူငယ်ချင်းတွေပဲ .."

"အဲဒါပဲ မင်း သူ့ကိုပဲ ဦးစားပေးရွေးရမှာ .. အခု သူငယ်ချင်း ဖြစ်နေနေ မနေနေ နောက်နေ့ နောက်လတွေမှာ ပြောင်းလဲဖို့ရှိလာရင် မင်း ဖင်နီ ကိုပဲ .."

"ဖွတ်ကြီးပါလား သီဟအောင် .. ဖင်နီ ကြားသွားပါမယ်ကွာ .."

"ကြားတော့လည်း စေ့စပ်ပေးဖို့ မလိုတော့ဘူးပေါ့ကွာ .."

"ဟုတ်တယ် ကိုလော ရဲ့၊ စု တို့ကတော့ ဖင်နီ ကိုပဲတွေးမိတယ်၊ သူငယ်ချင်းတွေ ဘာတွေလုပ်မနေပါနဲ့ စုရှိန်ထိ ကိုလောတို့ သုံးယောက် ပဲ တွဲလာခဲ့ကြတာ၊ ကိုလော တောင်မှ တခြားမိန်းကလေး သူငယ်ချင်း မရှိခဲ့တာ ဖင်နီ က ပိုတာပေါ့၊ သူ့စိတ်ထဲမှာ ကိုလော ပဲရှိတာ .."

ခြယ် ကို စိတ်ပူနေခဲ့တာတွေတောင် ဘယ်ဆီပြေးလွင့်ကုန်သည် မသိတော့ပေ၊ စုလေးတို့ သင်းပျံ့ တို့က အစကတော့ သိပ်မရင်းနှီးခဲ့ပါ။



သီဟအောင် တို့ မင်္ဂလာဆောင်မှာ ဝိုင်းဝန်းကူညီကြမှ နောက်ပိုင်းမှာ ရင်းနှီး သွားခဲ့တာဖြစ်သည်။

ဖင်နီ တို့ ခြယ် တို့နဲ့လည်း ဒီတိုင်းပဲရှိလိမ့်မည်။ သူတို့တွေ ဘာ ကြောင့် ဖင်နီ နဲ့ သူ့ကို ဒီလိုအကြံဉာဏ်တွေ လာပေးနေကြတာလဲ ..။

ဖင်နီ ကို လှမ်းကြည့်မိစဉ် သူမကလည်း ဒီဘက်ကို လှည့်ကြည့် လိုက်တာနှင့် မျက်လုံးချင်းဆုံကာ 'ဘာလဲ' ဆိုသည့် အကြည့်တွေ ခဏ တော့ ငေးစိုက်သွားခဲ့ကြ၏။

ပြီးမှ လော ခေါင်းခါပြလိုက်သဖြင့် ဖင်နီ က ပြန်လှည့်သွား၏။ မွေးနေ့ပွဲတစ်ခုလုံးမှာ သူငယ်ချင်းတွေချည်းဖြစ်နေကာ၊ လူကြီးတွေကို အိမ်ထဲမှာ သီးသန့်ဧည့်ခံတာဖြစ်သည်။

ဒေဝီလင်း ထွက်လာတော့လည်း ဖင်နီ လက်လေးကိုဆွဲပြီး ဘယ်ကို ခေါ်နေသည်မသိ၊ ပြီးတော့ လော တို့ ဘက်ကို လှမ်းကြည့်ပြီး ပုတ်ခတ် စနောက်နေကြတာ မြင်နေရ၏။

သူရယ် ခြယ် ရယ် .. ဖင်နီ ရယ် ..။

သူတို့ရဲ့ အမှတ်တမဲ့ ကျော်ဖြတ်ခဲ့ကြတဲ့ သူငယ်ချင်းဆိုတဲ့ ကာလ တွေမှာ သက်တမ်းရှိနေသလား ..။ ကျောင်းပြီးတော့မယ့်အဖြစ်က သူငယ် ချင်းသက်တမ်းကုန်ဆုံးခြင်းလား ..။

ဒါဆို သူငယ်ချင်းတွေလိုပဲ ဆက်လက်ခရီးဆက်ကြမည်ဆိုရင် ရော သူငယ်ချင်းသက်တမ်း တိုးသွားလို့မရဘူးလား ..။

အားလုံး၏အပြုံးတွေကို လိုက်ကြည့်ရင်း သူ သတိထားမိလာတာ က ဖင်နီနဲ့ သူသာ လက်တွဲဖော်ဖြစ်လာမည့်သူတွေလို့ သေချာပေါက် သတ်မှတ်တွက်ချက်ထားသည့် အပြုံးတွေဖြစ်နေခဲ့လျက်၊ ခြယ် နဲ့ဆို လျှင် ..။

"ငေးလှချေလားဟ .."

သူ ဖင်နီ ကို ကြည့်ရင်း စိတ်တွေပျံ့လွင့်နေစဉ် သီဟအောင် က ကပ်ခေါ်ပြီး ရယ်သည်။ စုလေး က သေချာကြည့်၍ ..။

www.burmeseclassic.com

www.burmeseclassic.com



"ငေးနေတာမဟုတ်ဘူး .. အဲဒါတွေးနေတာ .. ဖင်နီ့ ကို ကြည့်ပြီး သူ့စိတ်တွေကတော့ .."

"ခြယ် ဆီရောက်နေတာလား .."

"မေးကြည့်ပါလား .."

သီဟအောင် က သဘောပေါက်သွားသလို ရယ်ရင်း သက်ပြင်းချလိုက်ပြီး ...။

"ငါထင်ပြီးသားပါ၊ ခြယ် က လော ကိုပဲ မဟုတ်ဘူး၊ အားလုံးကို လွှမ်းမိုးနိုင်တယ်ဆိုတာ .."

"ဟုတ်တယ် .. အဲ့ဒါ ငါလည်းသိတယ်၊ သူက ချမ်းသာတာကြောင့် မဟုတ်ဘူး၊ သူကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် ကောဖစ်ခဲ့နဲ့ ရှိတာမျိုး၊ ပြောရမယ်ဆိုရင် ငါ့အစ်ကို စိတ်ကျန်းမာရေး ဆရာဝန်က သူ့ကို ခဏပဲ စကားပြောဖူးပေမယ့် ဘာပြောသွားလဲသိလား .."

"ဘာလဲ .."

"နင့်အစ်ကို ဘယ်သူလဲ .. ဘယ်တုန်းက ဆုံလိုက်တာလဲ .."

လော ရဲ့ မေးခွန်းတွေကြောင့် စုရီလေး က 'စိတ်ဝင်စားလှချေလား' ဆိုသည့် အပြုံးလေးနှင့် ပခုံးတွန့်သည် ပြီးမှ ...။

"တီချယ်ဝင်းရဲ့ မွေးနေ့တုန်းကလေ .. ကိုကြီးကလည်း တီချယ်ဝင်း ရဲ့ တူနဲ့ ကျောင်းနေဘက်ကိုး .."

"ဪ ..."

"ကိုလော တို့ မမှတ်မိလို့ပါ .. အဲဒီတုန်းက တီချယ်ဝင်း အိမ်မှာ စားပွဲလေးနှစ်ဝိုင်းတည်းရယ်ပါ၊ အားလုံးနဲ့ လှည့်ပတ်စနောက်ပြီး ပျော်စရာကြီး .."

"အေးပါ .. ဘာတွေပြောသွားလဲ ပြောစမ်းပါ .."

သီဟအောင် လော သိချင်နေတာကို မေးပေးနေသည့်နှယ်၊ စုရီလေး က ခေါင်းညိတ်၍ ...။

"အဲ့ ကောင်မလေးက နင်တို့လှချင်လို့ အသေအလဲ ဖြုတ်တပ်နေ



ကြတဲ့ မျက်ကပ်မှန်တွေ တပ်စရာမလိုတဲ့ မျက်လုံးမျိုးရှိတယ်တဲ့၊ အဲဒါကို ဘယ်လို တိုင်တယ်လဲ ပေးသွားလဲဆိုတော့၊ စိတ္တဇဆန်တဲ့ မျက်လုံးမျိုးတဲ့ .."

လော မျက်နှာ ကွက်ခနဲပျက်သွားသည်။ သူ့နားထဲမှာ ကြားလိုက်မိတာ ဦးဉာဏ်မင်း ပြောသွားခဲ့သော စကားတွေ ဖြစ်နေလျက် ...။

"သမီးလေး အန်ကယ်လို့ လက်ထဲမှာ မရှိခဲ့တဲ့ ငါးနှစ်လောက်ဟာ နယ်လှည့်ဈေးသည်တစ်စုရဲ့ စရိုက်အမျိုးမျိုး အသွင်သဏ္ဌာန်အမျိုးမျိုး တွေကပဲ သူ့ဘဝကြီးတစ်ခုလို ဖြစ်နေခဲ့တယ်၊ တိုက်နည်းခိုက်နည်း တွေတတ်လာတယ်၊ မပြောရဲတာမရှိဘူး၊ မလုပ်ဝံ့တာမရှိဘူး၊ ရိုင်းရိုင်း ပြောရရင် .. စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်ချင်တဲ့ မိုက်ရူးရဲစိတ်က ရှူး တိုက်မှန်းသိရင်တောင် ကိုက်မှာပဲဆိုတာမျိုးပေါ့ .."

"သမီးလေး ဘယ်လိုဆိုးရွားမှုတွေနဲ့ ကြုံခဲ့ရသလဲဆိုတာ သေချာ မသိရပေမယ့် .. အန်ကယ်လ်တို့ နားလည်လာတာက သမီးစိတ်ထဲမှာ 'ကိုယ်က မသတ်ရင် သူက ကိုယ့်ကိုသတ်မှာပဲ' ဆိုတဲ့ အစွဲအလမ်းရှိနေတာပဲ ဘယ်သူ့ကိုမှ အကောင်းမမြင်ဘူး .. အချိန်တိုင်းလိုလို ရန်လိုနေတတ်တယ် .."

"သူများတွေအတွက် ဘဝဟာ ငွေရှိရင် ပြည့်စုံတယ်လို့ထင်ရင် ထင်မှာပေါ့ .. သမီးအတွေးထဲမှာတော့ ငွေရှာဖို့က လွယ်တယ် သတ္တိရှိဖို့သာ ခက်တာပေါ့ .."

"လူမမယ်အရွယ်လေးထဲက စီးပွားရေး၊ လူမှုရေးတွေထဲမှာ အချိန်မတန်ခင် ကျင်လည်ခဲ့ရတဲ့ ကလေးငယ်လေးတစ်ယောက်ရဲ့ စိတ်ဓာတ် စရိုက်ကို မင်းတွေးကြည့်စမ်းပါ၊ သူကိုယ်တိုင် ငွေရှာခဲ့တယ်၊ ကိုယ့်စရိတ်နဲ့ကိုယ် ပညာသင်ခဲ့ရတယ် အဲဒီကလေးရဲ့ စိတ်ဓာတ်မာနတွေ ဘယ်လောက် မာကျောပြင်းထန်နေမလဲ .."

"လော ..."

ဟင် ...။

www.burmeseclassic.com

www.burmeseclassic.com



ပခုံးကို ဖက်ခနဲ ပုတ်လိုက်မှ သူ့စိတ်တွေ မွေးနေ့ပွဲဆီ ပြန်ရောက်၏။

"ဘာဖြစ်သွားတာလဲ ..."

"အေးလေ .. ငုတ်တုတ်မေ့သွားလိုက်တာ .."

"မင်းတို့ စကားကိုပဲ တွေးမိသွားတာပါ .."

စုလေး က ရယ်ကာ ..၊

"ငါ မပြောဘူးလား .. ခြယ့် အကြောင်းဆိုရင် ကိုလော ဘယ်နေရာ ဘယ်အချိန်ဖြစ်ဖြစ် စိတ်ဝင်စားတယ်လို့ .."

"မနောက်ပါနဲ့ဟာ နောက်မှ ဘယ်လိုတွေပြောင်းလဲသွားပါစေ .. လောလောဆယ် ငါတို့က သူငယ်ချင်းတွေပါ .."

"သူငယ်ချင်းသက်တမ်း ဘယ်လောက်လောက် ရှိဦးမယ်ထင်လဲ သီဟ .."

စုလေး က ရယ်ရင်း မေးဆတ်မေးတော့ သီဟ တို့က ရယ်ရင်းနဲ့ပဲ ခေါင်းခါကာ ..။

"တော်ပြီ .. တော်ပြီ ဒီလောက်ဆို ငါသိသွားပြီ .."

"ဘာလဲ လောကို ထပ်မစနဲ့တော့၊ အဟွန်း .. သူ ရင်ထဲမှာ ရေဆူ အမှတ်ထိ ဟိတက်နေပြီ .."

"ခြယ် ရောက်မလာသေးလို့လား .."

"ဟုတ်တယ် ..."

ဘယ်သူမှ ဖြေစရာမလိုဘဲ လော ကပဲ ခေါင်းညိတ်ဖြေရင်း နာရီ ငုံ့ကြည့်သည်။

"လာမယ် မလာဘူးလည်း ဖုန်းထပ်မဆက်ဘူး၊ ငါခေါ်တာလည်း မရဘူး၊ ဇင်နီ ခေါ်ကြည့်သေးလား မသိဘူး .."

"ကဲပါ လှမ်းကြည့်ပြီး ဆန္ဒတွေ ပြမနေပါနဲ့ .. ငါပဲ သွားမေးပေး ပါ့မယ် .."

စုလေး ထ ထွက်သွားတော့ သီဟအောင် က သူ့ဆားကို ပခုံးကြီး တစ်ဖက်စောင်းကျလာအောင် ကပ်၍ ...



"ဇင်နီ့ ကို မင်း ဖိလင်မရှိဘူးမို့လား .."

"ဇင်နီ ချည်းပဲ ဖြစ်နေတာလည်း ငါက ပြန်မေးချင်လာပြီ"

"ဟား .. ဟား .. ဟား .."

သီဟအောင် က ပခုံးတွေ လှုပ်အောင် ခပ်ကြိတ်ကြိတ်ရယ်သည်။ လော က မရယ်ဘဲ စိုက်ကြည့်နေကာ ..။

"တခြားဘာမှမပါဘဲ မေးချင်တာ တစ်ခုပဲ .."

"မေး .. ဘာလဲ .."

"မင်္ဂလာဆောင်တုန်းက မင်းတို့ မိဘတွေ ဆေးရုံပြေးတင်ရတဲ့ ကိစ္စမှာ ခြယ့် ကို .."

"လုံးဝမဆိုင်ဘူး .."

သူ့ စကားမဆုံးခင် သီဟအောင် က ဖြေပြီး ..၊

"လောလောဆယ် စိုးယု လည်း သူ့မိဘအိမ်မှာ ပြန်နေပေမယ့် ခြယ့် အပေါ် ငြိုငြင်မှု လုံးဝမရှိဘူး၊ အဲဒါ ငါတို့ချင်းယုံကြည်တယ် ..၊ ခြယ့် ရဲ့ ပထမဓာမှာ စေတနာသန့်သန့်တွေပါ၊ နောက်ထပ် လူတွေရဲ့ ဝေဖန် ကဲ့ရဲ့သံတွေကြောင့် ဦးတည်ချက်လွဲသွားခဲ့တဲ့ အပိုင်းကလည်း ငါတို့နဲ့ မဆိုင်ဘူး ..."

ဒီစကားကြားမှ စိတ်ပေါ့ပါးသွားသလို သက်ပြင်းရှိုက်ရင်း ..။

"ငါလည်း ဒီတိုင်းပဲ သီဟအောင် .. ခြယ့် ကို နားလည်ဆုံး လူတစ် ယောက် ဖြစ်နေတဲ့အတွက် ခြယ့် အတွက် ငါဖြစ်နေခဲ့တာပါ၊ နောက်ထပ် မစပါနဲ့၊ ဇင်နီ့ လို မိန်းကလေးက ဘာသောကမှ မပေးဘူး၊ ဒါပေမယ့် ခြယ့် အတွက် ငါ စိတ်ပူနေရတယ် .."

"သူ့အတွက် စိတ်ပူရမှာ မင်းတာဝန်မှ မဟုတ်ဘဲကွ .."

လော က ဖျတ်ခနဲ မျက်လွှာပင့်ကြည့်သည်။ မျက်လုံးချင်းဆုံတော့ သီဟအောင် က 'ဖြေလေ' ဆိုသည့် အကြည့်နှင့် မေးဆတ်၏။

"ဒါက တာဝန်တစ်ခုမဟုတ်ဘူး၊ ဟုတ်ခဲ့ရင်လည်း ငါကိုယ်ကိုင် ထမ်းဆောင်ချင်တဲ့တာဝန်ပါ .."

www.burmeseclassic.com

www.burmeseclassic.com



"လော ရေ ဒေဝီ တို့က ဓာတ်ပုံရိုက်ဖို့ ခေါ်နေတယ် .."

"မိုးချုပ်နေပြီ ငါတို့ပြန်မှ ထင်တယ် .."

ဟင် ...၊

ပျော်ရွှင်တက်ကြွနေသည့် ဇင်နီ က အံ့သြသွားကာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။ ပြီးတော့ နာရီကြည့်ရင်း ...၊

"ခြယ့် ကို မစောင့်တော့ဘူးလား .."

"သူ လာမှာ မဟုတ်တော့ဘူး .."

"ငါ ဖုန်းဆက်တာလည်းမရဘူး၊ နေပါဦးဟာ ခဏတော့ စောင့်လိုက်ရအောင်ပါ .."

ပြောရင်း လော ရဲ့ လက်ကိုဆွဲကာ ...

"လာ .. ဓာတ်ပုံသွားရိုက်ရအောင် .."

ဆွဲခေါ်တဲ့အတိုင်းပါလာခဲ့ရင်း 'မပြုံးနိုင်မရယ်နိုင်ဖြစ်နေသည့် လော ရဲ့ မျက်နှာကို ဇင်နီ က ကဲခတ်သည်။

ခြယ် မလာသေးတာကို ခဏခဏ လှမ်းကြည့်နေရင်း သူမလည်း မျှော်နေမိတာပါ ...။

ဒါပေမယ့် ခြယ် မလာလို့ ပျက်ယွင်းနေသည့် လော ရဲ့ မျက်နှာကို လှမ်းမြင်နေရတာကြောင့် ပိုစိတ်ဆင်းရဲမိ၏။ ဟိုအရင်တုန်းကဆို ခြယ် လူလည်ကျတတ်တာတွေကို ကွယ်ရာမှာပြောပြီး တော်ရုံဆို ငြိမ်ခံမနေဖို့ သူပဲ ပြောခဲ့ဖူးတာပါ။

"ခြယ် က ထင်သလို စွတ်စွတ်အော်တာ၊ ကိုယ်မဟုတ်ရင် မခံနဲ့ပေါ့၊ နေရာတကာ သူမှန်တယ်ချည်းထင်နေတာ အဲ့တစ်ယောက် .."

"ကိုယ်က ခင်လို့ အလျှော့ပေးရင်တောင် သူ ပိုက်ဆံချမ်းသာလို့ မျှိသိပ်ပေးနေတယ် ထင်ဦးမယ်၊ ဒါမျိုးတော့ လာမလုပ်နဲ့ .."

ဆိုတာတွေ လော ပဲ ပြောခဲ့တာဖြစ်သည်။ ခုတော့ ခြယ့် ကို နားလည်နေတာ သူ့အပြင် ဟုခြားလူ မရှိတော့ပါလား ...၊

ဟိုအရင်က ခြယ်က နောက်မှ ရတဲ့သူငယ်ချင်း၊ ကိုယ်နဲ့ သူကသာ



ငယ်သူငယ်ချင်းမို့ တကယ်ရင်းတဲ့သူတွေ ...။

ခုကျတော့ ကိုယ်ကသပ်သပ် ခြယ် နဲ့ သူက သပ်သပ် ...။

"ရယ်လေကွာ၊ လော ဘယ်လိုဖြစ်နေတာလဲ .."

"လော မျက်လုံးက ဒီမှာ ကင်မရာကိုကြည့် .."

"ဟေး ငါ့ဖုန်းကို တစ်ချက်လောက်ကြည့် .."

လူတွေ အများကြီး စုပြုံရိုက်နေကြတာ .. ဘယ်နှယ် သူ့ကိုချည်း ဘယ်လိုနေပါ၊ ဘယ်လိုပြုံးပါ ...။

"ငါ့ မျက်နှာတစ်ခုတည်းကို ရိုက်နေတာဆိုရင်ပြော၊ အသားကုန် သွားဖြီးထားမယ် .."

လော စိတ်တိုလာပြီး ပြောပေးလိုက်သည်။ အားလုံးဝိုင်းရယ်ကြ၏။ ဇင်နီ ကတော့ မရယ်နိုင်ပေ။

"အဲဒါ မင်းသဘောပေါက်လေ .. မင်း မျက်နှာကြီး ဘယ်လောက်တောင် အဖြစ်ဆိုးနေလဲဆိုတာ .."

"ခြယ် က ဘာလို့တစ်ခါတည်း ပါမလာတာလဲ .."

"ဟုတ်တယ် .. အဲဒါ ခြယ် ပါမလာလို့ ဖြစ်နေတာနေမှာ .."

ခြယ့် ကိုပဲ လော က ဂရုစိုက်နေသည်လို့ ထင်သည့် သူငယ်ချင်းတစ်ချို့က စ,နောက်နေကြသည်။ ပြီးတော့ သူငယ်ချင်းတွေနဲ့ ရောပြီး လော မျက်နှာ ပြုံးပြုံးရယ်ရယ်တွေ ဖြစ်လာခဲ့၏။ အချိန်တွေ တရွေ့ရွေ့ ကုန်သွားခဲ့ပြီး အပြန်လမ်းကို မောင်းနှင်ထွက်ခွာလာတော့ ည ခုနစ်နာရီ ထိုးနေပြီ ဖြစ်၏။

"လော .. နင့် ဖုန်းမြည်နေတာထင်တယ် .."

ကားထဲမှာ ဇင်နီ သီချင်းဖွင့်ထားသဖြင့် ဖုန်းသံကို ရုတ်တရက် မကြားလိုက်ဘဲ .. လော က ကားကို အရှိန်ချပြီးမှ ဖုန်းဖွင့်၍ ...

"ဟလို .."

"... ... ..."

"ဟုတ်ပါတယ် ခင်ဗျ .. ကျွန်တော်က ခြယ့် သူငယ်ချင်းပါ .."

www.burmeseclassic.com

www.burmeseclassic.com



"…… …… ……"

"ဗျာ …"

"ဟဲ့ .. ဟဲ့ လော .. ဖြည်းဖြည်းလုပ်လေ .."

ကားက ရှတ်တရက် လမ်းဘေးကို အလောတကြီး ထိုးကပ်သွားသဖြင့် ဇင်နီ ထိတ်ထိတ်ပျာပျာအော်လိုက်မိသည်။

"ဘာလဲ .. ဘာဖြစ်လို့လဲ .."

မေးတော့လည်း လောက မဖြေ ..။

"အခု ရဲစခန်းမှာ ဟုတ်လား၊ ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါ .."

ပြောဆိုပြီး ဖုန်းချလိုက်မှ …

"ခြယ် ရဲစခန်း ရောက်နေလို့ .."

"ဘုရားရေ .."

ဇင်နီ မျက်လုံးပြူးသွားသည်။

"ရဲစခန်းမှာ ဟုတ်လား .. သူ သူဘာလုပ်လိုက်လို့လဲဟင် .."

"ကျူးကျော်ရမ်းကားမှုလို့ ပြောတာပဲ .."

"ဘုရား .. ဘုရား .."

"အဲဒါ ဘယ်လိုလုပ်ရမလဲ .. ငါ ခြယ့် ကို သွားထုတ်မှ ဖြစ်မယ်.."

"နေဦးလေ .. အန်ကယ်လ် .. အဲ .. အန်တီ ရှိနေတာပဲ .."

ပြောပြီးမှ မိခင်ဖြစ်သူထံ အကြောင်းမကြားဘဲ သူငယ်ချင်းကို ဖုန်းဆက်ရသည့်အဖြစ်က တစ်မျိုးတမည် ပေါ်လာခဲ့ပြီး ..။

"နင် သူ့အိမ်ကို ဖုန်းဆက်ပေးလိုက်လေ .. ငါတို့လည်း သွားကြတာပေါ့ .."

"မဖြစ်ဘူး …"

"ဘာလို့မဖြစ်တာလဲ .. ငါတို့သွားထုတ်ဖို့က အာမခံပေးရမှာတွေ ဘာတွေလုပ်ရင် လူကြီးမပါဘဲ ရချင်မှရမှာလေ .."

စဉ်းစားနေရင်း လော ခေါင်းညိတ်လိုက်သည်။

"ဒါကို ငါကျူးမိပါတယ် .. အိုခေ .. စဉ်းစားလို့ရပြီ နင်လိုက်မှာမလား"



"ခုလား …"

"ဟုတ်တယ်လေ .. စုမသွားရင် ခြယ် အချုပ်ထဲမှာ ညအိပ်နေရမှာပေါ့ .."

"အေး .. ငါ အမေ့ဆီ ဖုန်းဆက်လိုက်ဦးမယ် .."

"ဆက်မနေနဲ့ လူကြီးတွေ စိတ်ပူနေမှာပေါ့၊ သိပ်မကြာပါဘူး .."

"လော …"

ဇင်နီ နာရီငုံ့ကြည့်ရင်း ပြောဖို့တော့ ကြိုးစားသေးသည်။ သို့သော် ကားက မောင်းထွက်လာခဲ့ရင်း တစ်နေရာကို ဖုန်းခေါ်နေပြန်ရာ ..၊

"အန်ကယ်လ်လေးလား ကျွန်တော်ပါ .. လော .."

ဖုန်းပြောနေတာကို ကြည့်ပြီး ဇင်နီ သက်ပြင်းချလိုက်မိသည်။ ပြီးတော့ ကိုယ့်ပါးပြင်လေးကို ပြန်စမ်းမိရင်း၊ မိတ်ကပ်နဲ့သာတို့ကို ခံစားမိကာ ..၊

နင် ပြင်နေလည်း အလကား ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၅)

"နင်တို့ မွေးနေ့ကနေ လှည့်ဝင်လာကြတာလား .."

"ဟုတ်တယ်လေ .. ရဲစခန်းကို လမ်းကြုံနေတာနဲ့ .."

"အပြွန်း ..."

လော ရဲ့ ဒေါသသံကြောင့် ခြယ် က ရယ်လိုက်ပြီး လက်မောင်းကို ဖျန်းခနဲ လှမ်းရိုက်သည်။

"ဒါလေး အကူအညီတောင်းမိတာကို ရစ်ကြီးက .."

"ကိုင်း .. မင်းတို့ အဆင်ပြေပြီဆိုရင် အန်ကယ်လ်လေး ပြန်မယ်နော် .."

"ဟုတ်ကဲ့ အန်ကယ်လေး .."

ဦးအောင်ကောင်း က ခြယ် နဲ့ သူတို့ကို သေချာကြည့်လိုက်ပြီး ရယ်ပြကာ ..၊

"အိမ်ကိုလည်း တန်းပြန်ကြဦး .. အချိန်နောက်ကျနေပြီ .."

လို့ မှာပြီးမှ သူ့ကားပေါ်တက်သွားခဲ့သည်။ ကားထဲကနေ မှန်ချပြီး ခြယ့် ကို လှမ်းကြည့်သေးသည်။ ပြီးမှ မောင်းထွက်သွားခဲ့၏။

ဖြစ်ပျက်ခဲ့ပုံကို စခန်းမှာသိခဲ့ပြီးပြီမို့ ဘာမှမမေးတော့ပေမယ့် ဦးအောင်ကောင်း တော်တော်ကြီး အံ့သြသွားခဲ့တာတော့ မျက်နှာမှာ အထင်းသားပါ။



"ငါ ဗိုက်ဆာနေပြီ .. တစ်ခုခုစားရအောင်ဟာ .."

"ခြယ် .."

"ဘာလဲ .."

"နာရီကိုလည်း ကြည့်ဦး .."

"ဒါဆိုလည်း နင်တို့ ပြန်နှင့်တော့ .."

"ဘာ !..."

ပြောပြီးတာနှင့် ခြယ် က ကားဆီကိုမဟုတ်ဘဲ တခြားကို ခြေဦးလှည့်၏။ သို့သော် လော ရဲ့ 'ဘာ' သံကြောင့် တုံ့သွားကာ ..။

"ဘာဖြစ်တာလဲ"

"ဘာဖြစ်တာလဲ မေးနေတာကြာတယ် .. ကားပေါ်တက် ပြန်မယ်"

"ဟ .. ငါ ဗိုက်ဆာလို့ပါဆိုမှ .."

"အိမ်မှာ ကြိုက်တာလုပ်ခိုင်းပြီး စားလို့ရတယ် .. အိမ်ပဲပြန် .."

"ကဲပါ လောရယ် .. မထူးတော့ပါဘူး ခြယ် ဗိုက်ဆာနေမှာပေါ့"

ဇင်နီ က ဝင်ပြောတော့ လောက လှည့်ကြည့်သည်။

"ငါက နင့်အတွက် ပြောနေတာ .. အိမ်ပြန်နောက်ကျနေပြီ .."

"ရပါတယ် .. မထူးတော့ပါဘူး၊ ဆူလည်းခံရုံပေါ့ .."

"အဆူခံပြီးတော့ မနေပါနဲ့ဟာ ပြန်လိုက်ပါ၊ လော .. သူ့ကို ပြန်ပို့လိုက် ငါအပြင်မှာ မိုးချုပ်အောင်သွားလာဖူးတယ် ဘာမှမဆန်းဘူး"

"ခြယ် ..."

နောက်ထပ် ခြေလှမ်းပြင်တော့ လော က ခြယ့် လက်လေးကို ဗိုင်းခနဲ ဖိုင်နင်း ဆောင့်ဆွဲလိုက်ကာ ..။

"နင် ပြဿနာဖြစ်လာတာ မိုးတောင်မချုပ်သေးဘူးနော် .."

"အဲဒါကြောင့် ပြောတာလေ .. ဖြစ်ချင်လည်း ရှောင်လွှဲလို့မရဘူး"

"စကားလုံးအကြီးကြီးတွေ ပစ်ချမနေနဲ့ .. ရှောင်လွှဲမရတာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ နင်ကိုယ်တိုင် မဖြစ်ဖြစ်အောင် လုပ်တာ ...”

“ဘာပြောတယ် ...”

ကိုင်ထားသော သူ့လက်ကို လွှဲချပါပစ်လိုက်ပြီး ခြယ် က အိတ်ကို ပခုံးပေါ်ထပ်ဆွဲတင်ကာ ...၊

“ငါ့ကို သူတို့ တမင်လုပ်သွားတာကျတော့ နင်မမြင်ဘူးမှတ်လား...”

“လမ်းလေးက ခလျှောက်မိတဲ့လူ ရှေ့တက်စင်ခံရတာ နင် တစ်ယောက်တည်း မဟုတ်ဘူး ခြယ် ..”

“အော် သူတို့ရဲ့ မတော်တဆကို ငါက ရန်လိုလွန်းလို့ ရုပ်စထရန့်ထိလိုက်ပြီး ပြဿနာရှာတယ်ပေါ့ ..”

“ခြယ် .. ငါ နင့်ကို ပြောနေတာက ..”

“မလိုဘူး .. ငါ့ကို အချုပ်ထဲက အာမခံလာထုတ်ပေးတာ ကျေးဇူးပဲ ..”

“ခြယ် ..”

“ဖယ်စမ်းပါ ..”

“ခြယ် နေဦး ..”

“လော ငါ ကိုင်ပေါက်မှာနော် ..”

“လုပ်စမ်းပါ နင် ငါ့ကို အမြဲတမ်း စော်ကားနေကျပဲ ကဲ .. လုပ်”

“တောက် ...”

“ခြယ် ရယ် .. နင်ကလည်းဟာ ..”

လာပြန်ပြီ တစ်ယောက် ...။

ဇင်နီ ကို လှည့်ကြည့်ပြီး ခြယ် မျက်နှာကပိုတင်းသွားသည်။ သူမရဲ့ စိတ်က ပြဿနာတစ်ခုခုရှိလာပြီဆို အကြောင်းအကျိုးတွေ ဆေပုံချပြီး သုံးသပ်ဆုံးဖြတ်သည်။

အပြစ်ရှိသူက ခေါင်းငုံ့ခံ၊ ပါဝင်ဖြေရှင်းပေးသည့် သူတွေကတော့ ပြောရေးဆိုခွင့် ရှိကြသူများဖြစ်လေသတည်း။

“နင် ဖြစ်ခဲ့တဲ့ ပြဿနာက မိန်းကလေးတစ်ယောက်နဲ့ ဘယ်လိုမှ



မဖြစ်သင့်တဲ့ ကိစ္စကြီးရယ် ..”

“အဲဒီတော့ ငါ မိန်းကလေးပဲဆိုပြီး ဘယ်သူတွေ ဘာလုပ်သွားသွား ဒူးနဲ့ မျက်ရည်သုတ်ကျန်ခဲ့ရမယ်ပေါ့ ..”

“နင် အဲ့လို ကျန်ခဲ့မယ့် မိန်းကလေးမဟုတ်လို့ပဲ၊ အခု အချုပ်ထဲက ထိတို့ လိုက်ရွေးခဲ့ရတာလေ .. ငါ ပြောချင်တာက ကရုဏာဒေါသ ဆိုတာ မဖြစ်ရတော့ဘူးလား၊ နင့် သတင်းကြားပြီး ငါတို့ ဘယ်လောက်ထိ စိုးရိမ်ခဲ့ရလဲ နင်သိလား၊ ဒေါသထွက်ပြီး ဆူသလို ငေါက်သလို ပြောမိရင်တောင် အဲဒါ ကရုဏာဒေါသပဲဆိုတာ နင် နားလည်သင့်တယ် ..”

“နားမလည်ဘူးဟာ .. ငါ့အတွက် စိုးရိမ်စရာလည်းမလိုဘူး .. ငါက ဒါလေး ကူညီပါဆိုရင် နင်တို့ ကူညီနိုင်ရင်ကူညီ မကူညီချင်ရင် လှည့်မကြည့်နဲ့ .. ငါလိုချင်တာထက် ပိုပေးနေတာတွေအတွက် ငါ နားလည်မပေးနိုင်တာတော့ မတတ်နိုင်ဘူး ..”

“နင့် ...”

“တော်တော့ ဇင်နီ ဒါ ရန်ဖြစ်နေရမယ့် အချိန်မဟုတ်ဘူး ..”

“လော .. ငါက ..”

“မပြောနဲ့တော့ .. ခြယ် .. ဟော့ ..”

သူမကိုတော့ လက်ကာပိတ်ပင်ခဲ့ပြီး ခြယ့် လက်ကို လိုက်ဆွဲသည်။ ရုန်းနေတာကို အတင်အကျပ်ဖိကိုင်ထားပြီး ငြင်းခုံလွန်ဆွဲနေခဲ့၏။ အတော်ကြာမှ ခြယ် ပါလာခဲ့ကာ ...၊

“အဲဒီမှာထိုင်နေ .. ငါ ဝယ်လာပေးမယ် ..”

ဇင်နီ ဝင်ထိုင်နေသည့် ကားမှာ ခြယ့် ကို သေချာထည့်ပေးပြီးမှ တံခါး ပိတ်သွားသည်။ ဇင်နီက ဒီတိုင်းငုတ်တုတ်လေး ထိုင်နေသဖြင့် ဖုန်းနဲ့ နားကျပ်ထုတ်လိုက်ပြီး ခြယ် က လှည့်ကြည့်ကာ ...။

“သူကြာဦးမှာ ရော့ သီချင်းနားထောင်မယ် ..”

နားကျပ်တစ်ဖက်ကို ဇင်နီ့ နားပေါက်ထဲ ထည့်နေသဖြင့် မျက်နှာလေး ခြယ့် ဘက်လှည့်လာ၏။ ပြီးတော့ နားကျပ်ကို သူမ ဘာသာထည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း ...။

"အချုပ်ထဲ ရောက်သွားတာ နင် ဘယ်လိုမှ မခံစားရသလိုပဲ .."

"ဘယ်လို ခံစားရမှာလဲ မိနစ်ပိုင်းလေးပဲကို"

"နင့်ကိုတော့ တကယ်အံ့သြတယ် ခြယ် .."

"အဟွန်း ..."

ကားထဲမှာ မှောင်ရိပ်ကျနေသည်။ ဒါပေမယ့် ရင်ဘတ်နေရာလောက်ထိ အပြင်က မီးရောင်နှင့် လင်းနေ၏။ ခြယ့် ကိုယ်ပေါ်မှာ အစိမ်းရောင်ရင့်ရင့် ဆွဲသားခါးရှည်တစ်ထည်နှင့် အနက်ရောင်ပြေးနေသော ဘောင်းဘီရှည်က တကယ်က ဘာရောင်လဲတော့ မသိ ...။

ဒါပေမယ့် ဂျင်းဂျက်ကင် လက်ပြတ်လေး တစ်ထည်ထပ်ဝတ်ထားသေးကာ သူမကိုယ်ပေါ်မှာ ရွှံ့ဖွက်စင်ခံထားရသည့် အစွန်းအထင်းဆိုလို့ ဘာတစ်ခုမှလည်း မရှိ ...။

ရဲစခန်းမှာ တွေ့တည်းက သူမ တစ်ကိုယ်လုံးကို ဇင်နီ သတိထားကြည့်ခဲ့တာဖြစ်သည်။ ဒါဆို ရွှံ့ဖွက်စင်တယ်ဆိုတာလည်း ...။

"ဘာကြည့်တာလဲ ဇင်နီ အားမရရင်လည်း မီးဖွင့်လိုက်လေ .."

"မီးဖွင့်စရာမလိုပါဘူး .. ရဲစခန်းထဲမှာတည်းက ငါမြင်တယ်"

"ဘာလဲ ..."

ဇင်နီ က မပြောသေးဘဲ နှာကျပ်ကို ဖြုတ်လိုက်ပြီး ခြယ့် ဘက်လှည့်သည် ပြီးမှ ...၊

"နင့် ကိုယ်မှာ ရွှံ့စက်တွေ စင်ထားတာ ဘာမှမရှိတော့ ငါတောင် နင်ဘာလုပ်လိုက်ပြန်ပြီလဲလို့ ထင်သေးတာ ..."

"ငါက ပေကျံနေတဲ့ အဝတ်တွေနဲ့ မြို့ပတ်နေရမှာလား .."

"နင် ..."

"ဟုတ်တယ် .. ငါ သူတို့ဝင်သွားတဲ့ ဆိုင်ကို လိုက်ကြည့်တယ်၊ ပြီးတော့ အင်္ကျီတွေ ဝယ်လဲလိုက်တယ်၊ ပြီးမှ အဲဒီကို ပြန်လိုက်သွားပြီး သူတို့ မှာထားတဲ့ မီနူးတောင် တောင်းကြည့်လိုက်သေးတယ် .."



"ကြည့်တော့ .."

"ကြည့်ထားတာလေ .. ငါ အလစ်ငိုက်မခံချင်လို့ပေါ့၊ သူတို့ စားပွဲပေါ်မှာ ဘယ်နေရာ ဘယ်ဟင်းပွဲချထားတယ်၊ ရေခဲဘယ်နေရာမှာ အရက်ရှလင်း ဘယ်နေရာမှာဆိုတာကအစ တစ်နေရာကနေ အေးဆေးထိုင်ကြည့်တယ်၊ ငါ ဘယ်လိုလှုပ်ရှားမယ်ဆိုတာ သေချာအကွက်ရွှေ့ပြီးမှ ဝင်တာ.."

"နင် တော်တော် သွေးအေးတာပဲနော် .."

"ဘာကိုလဲ .."

"သြော် .. နင်က တမင်တကာလို့ထင်ပြီး ဒေါသတွေထွက်နေပေမယ့်၊ သူတို့ဘက်ကတော့ မတော်တဆလည်း ဖြစ်နိုင်တာပဲ .."

"ငါက အဲ့လောက်ထိ တတ်ယောက်ကားနဲ့ ရိုင်းစိုင်းတဲ့ မိန်းမလို့ နင် ထင်တယ်ပေါ့ .."

မေးလိုက်တော့ ဇင်နီ က ရုတ်ချက် မဖြေနိုင်ဘဲ ပခုံးတွန့်လိုက်ပြီး ...။

"ဘေးက အမြင်အရလေ .."

တလက်လက်တောက်နေသည့် ခြယ့် မျက်ဝန်းတွေက ဇင်နီ့ မျက်နှာထက်မှာ အတန်ကြာအောင် စူးစိုက်နေခဲ့သည်။ ပြီးမှ ရယ်ချင်တာမဟုတ်မှန်း သိသာသော ရယ်သံသဲ့သဲ့နှင့် ...။

"ဟုတ်တယ် .. ဘေးအမြင်အရဆို မှန်တယ် .. ငါမေ့သွားတာ.."

ဇင်နီ စကားမှားသွားပြီဆိုတာ ကိုယ့်ဘာသာသိလိုက်သည်။ သံသယစွဲအကြင်နာဆိုတာကို မယုံကြည်တတ်သော ခြယ့် စိတ်ထဲမှာ သူစိမ်းပြင်ပြင် ဒီလို စကားမျိုး သူမ မပြောသင့်ပေ ...။

သူမနဲ့ ခင်မင်ရင်းနှီးလာဖို့တောင် အတော်ကြိုးစားခဲ့ရသည့် ကာလတစ်လျှောက်မှာ 'စိတ်ပူလို့ပါ' ပြောမိတိုင်း ဟားတိုက်ရယ်ခဲ့တဲ့ ခြယ်...။

"မဟုတ်ပါဘူး ခြယ်ရယ် .. ငါ ပြောချင်တာက နင် ဘာဖြစ်ခဲ့တယ်ဆိုတာ ငါတို့ သေချာသိရတာကိုပါ၊ နင် တမင်လိုက်ရန်ရှာတာ မဟုတ်မှန်း ငါတို့ သိပါတယ် .. ဒါပေမယ့် .."



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး .. ငါ မမှားဘူးဆိုတာ ငါ့ကိုယ်ငါ သိဖို့ပဲလိုတာ .."

"သူများသိဖို့လည်း လိုတယ် ခြယ် .. ခုပဲ နင် မှန်ပေမယ့် အချုပ်ထဲရောက်ခဲ့ရပြီ .."

"ငါ မမှားလို့-လွတ်လာတာပဲ .."

"ငါတို့နဲ့ အန်ကယ်လ်အောင် အာမခံပြီး ထုတ်ပေးခဲ့တာပါ .."

"ဟား .. ဟား .. ဟား .."

ခြယ် က အရွှံ့တိုက်တတ်သည့် လေသံနှင့် အော်ရယ်ပစ်သည်။

"ခွက်ပေါက်နဲ့ပဲ ခပ်ခပ်၊ ခွက်ကောင်းနဲ့ပဲလာလာ ရေပါဖို့က အဓိကပဲ .."

"ဟင်း ..."

ခေါင်းလေးခါရင်း ဇင်နီ သက်ပြင်းချမိသည်။ ခြယ် က ရယ်လက်စမျက်နှာကို တည်လိုက်ရင်း တံခါးဖွင့်ဆင်း၏။

"ခြယ် .. ဘာလုပ်မလို့လဲ .."

"လော ကို ပြောလိုက် .. ငါ ဘာသာ ပြန်သွားပြီလို့ .."

"ဟင် .. နေဦးလေ .. ဟဲ့ .."

နားကို လှက်ထောက်ပြီး စက်ဝိုင်းတွေ လုပ်ပြသွားပေမယ့် နောက်ကို လှည့်မကြည့်တော့ပေ ..။

ပြီးတော့ ကားလာတာနှင့် သူမ လမ်းဘေးရောက်သွားတာ ကွက်တိဖြစ်ကာ ..။

"ခြယ် ..."

ပီဇာနဲ့ ကော်ပြန့်စိမ်းတွေ ဂျေဒိုးနပ်တွေ အအေးဘူးတွေ အထုပ်ပေါင်းများစွာကို ဆွဲထားရင်း လော ပြေးလိုက်ခေါ်သေးသည်။

သို့သော် ခြယ် က တက္ကစီပေါ် ပါသွားပြီဖြစ်ကာ၊ သူ အတင်းပြေးလိုက်လို့လည်း မှီဖွယ်မမြင်သည်မို့ နေရာမှာတင် ရပ်နေလိုက်ရလျက် ..။

"ကျွတ် .. ခြယ် ကွာ .."

"ငါလည်း တားနေတာပဲ .."



အသံနဲ့အတူ ဇင်နီ က အနားရောက်လာသည်။ ပြီးတော့ သူ့ လက်ထဲက အထုပ်တွေကို ဝိုင်းကူဆွဲရင်း ..။

"ငါနဲ့ စကားပြောနေရင်းနဲ့ သူဘာ သဘောမကျသွားလဲ မသိဘူး.."

နှုတ်ခမ်းမပိတ်နိုင်အောင် စိတ်မောလူမော ဖြစ်နေသည့် လောရဲ့ မျက်နှာ ဖျက်ခနဲလှည့်လာသည်။ ထိုအကြည့်ကိုသိလိုက်သဖြင့် ဇင်နီ မျက်မှောင်ကုတ်သွားကာ ..၊

"နင်က ငါ တစ်ခုခု ပြောလိုက်တယ်ထင်လို့လား .."

လော ဘာမှမပြောဘဲ မျက်နှာလွှဲလိုက်သည် ပြီးတော့ ..၊

"သွားမယ် .."

လေသံယှဲ့ယှဲ့နှင့် ကားဆီ ထွက်သွား၏။ ကိုယ်နဲ့ စကားပြောရမှာကို စိတ်ကုန်ခမ်းသလို လုပ်သွားသဖြင့် ဇင်နီ အောင့်သက်သက်ကျန်ရစ်ခဲ့သည်။

ညသည် သက်ဝင်လှုပ်ရှားနေခဲ့ပေမယ့် သူတို့ စီးနင်းမောင်းနှင်လာသည့် ကားလေးက တိတ်ဆိတ်နေခဲ့လျက် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဒါကိုတော့ တိတ်တိတ်ဆိတ်ဆိတ်နေလို့ မရတော့ဘူး သား၊ ဒီနေ့ထိ မင်းမိဘတွေ ရုံးပြင်ကနားဆိုတာ ဘယ်လိုအရာမှန်း မသိခဲ့ဘူး"

"သိစရာလား မေမေရယ် .. ဒီလိုနေရာကို ဖြတ်လျှောက်ရတာတောင် ကျက်သရေယုတ်သေးတယ် .."

သားအမိနှစ်ယောက်စလုံး ဒေါသတွေ ထွက်နေကြတာ၊ လောကို ကြည့်၍ မချင့်မရဲတွေ ဖြစ်နေမိလျက် ...။

"နေစမ်းပါဦး မင်းက အန်ကယ်လ်လေးကို ပြေးခေါ်ရတဲ့အထိ သူ့အတွက် ဦးဆောင်နေတယ်ပေါ့ ဟုတ်လား .."

"ရှက်စရာကောင်းလိုက်တာ သားရယ် .. မင်းကို 'လော' ဆိုတဲ့ နာမည်ပေးထားတာ ကောင်းတဲ့အတိတ်နိမိတ်နဲ့ မင်္ဂလာရှိရှိပေးခဲ့တာ.."

"မေမေရယ် .. မိန်းကလေး သူငယ်ချင်းတစ်ယောက် အကူအညီ လိုနေလို့ ကျွန်တော် .."

"ဒါ မိန်းကလေးတစ်ယောက်အတွက် လိုအပ်တဲ့ အကူအညီမျိုး မဟုတ်ဘဲ၊ ယောက်ျားလေး လေးယောက်ကို ဆိုင်ထဲဝင်ရိုက်ရတယ်လို့၊ မကြားဝံ့မနာသာကွယ် .."



"ဒီလူတွေ တခြားနေရာမှာ မိန်းကလေး တစ်ယောက်တည်းဆိုပြီး ဗရုတ်ကျလာတာ၊ အဲဒါကြောင့် ခြယ် က လိုက်လာပြီး .."

"အဲဒီက စ,မှားတာပဲ မိန်းကလေးဆိုတာ ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်တာပဲ၊ ဆူးပေါ်ဖက်ကျရင်လည်း ဖက်ပဲပေါက်ရတာ .. မိန်းမသားဘဝက အဲဒါပဲ .."

"ခြယ်မှုန်း ဆိုတဲ့ ကောင်မလေး ဘယ်နေရာမှာမှ မိန်းကလေးနဲ့ မတူပါဘူးဆိုတာ ပြောပေါင်းလည်းများပြီ .. အဲဒီကောင်မလေး ငယ်ငယ်က သူများလက်ထဲရောက်သွားပြီး ဂေါက်ကြောင်လေးဖြစ်လာတာ .."

"ဟာဗျာ မမက ပြောတော့မယ် .."

"ဒါက ဘယ်ကိုလဲ လော .."

လော ထရပ်လိုက်တာနှင့် ဒေါ်ကြည်ဖြူ ကလည်း ထရပ်လိုက်ရင်း တားဆီးပြီး ဖြစ်လျက် ...၊

"ဒီနေ့ မင်း ကျောင်းမသွားရဘူး .."

"ဗျာ ..."

လော တအံ့တဩလှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ .."

"ဘာမှမဖြစ်ပေမယ့် ဒီနေ့မသွားရဘူး၊ ဇင်နီ့ ကိုလည်း သူ့အမေ ကျောင်းမလွှတ်ဘူးတဲ့ .."

"ဇင်နီ့ကို သူ့အမေ မလွှတ်တာ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ မေမေ .."

"မသိချင်ယောင် ဆောင်နေတာလား၊ မမတို့ကို နင် ဂရုမစိုက်တာ လား၊ လော ...၊ ခြယ့် ကြောင့်လေ ခြယ့် ပြဿနာ ပူပူလောလောကြီးနဲ့ နင်တို့ သုံးယောက် တွဲသွားတွဲလာ လုပ်နေကြရင်၊ သူ့ကြောင့် နင်တို့ဝါ မျက်နှာပျက်မှာပေါ့ .."

"မဆိုင်ပါဘူး မမရာ .."

မဆိုင်ပါဘူး ပြောလိုက်[illegible]လည်း သူပဲ ပြန်ထိုင်လိုက်ရတာ ...။

"ပြောပြစမ်းပါဦး ဒီ[illegible]င်လေးတွေက သူနဲ့ ရန်ငြိုးရှိကြလို့

www.burmeseclassic.com



လား"

"မရှိပါဘူး .."

"မရှိဘဲနဲ့ သူ့ကို ရေဗွက်စဉ်အောင် တမင်လုပ်တယ်လို့ ဘာလို့ ပြောနေရတာလဲ .."

လော ခေါင်းကုတ်လိုက်မိသည်။ စခန်းမှာတုန်းကတော့ စခန်းမှူး က ရှင်းပြခဲ့သည်။

"လမ်းမှာ သူတို့ တမင်လုပ်သွားတာလို့ အစစ်ခံထားတယ်ဗျ .. ဘာကြောင့် ဒီလိုပြောနိုင်တာလဲဆိုတော့ ဘာမှ မပြောတော့ဘူး .."

"ဟိုကောင်လေးတွေကရော စခန်းမှူးကြီး .."

"သူတို့ကလည်း မတော်တဆဖြစ်သွားတာလို့ ပြောတယ်၊ ဒါပေမဲ့ ဒီမှာ အမှုဖွင့်တာက ဆိုင်မန်နေဂျာက ဖွင့်တာ သူတို့မဟုတ်ဘူး .."

အန်ကယ်လ်လေးကို ပြောပြသလောက်တော့ သူတို့လည်း ကြားကြ တာပါပဲ ..။

ခြယ် ပြောပြသမျှထဲမှာကိုက သူတို့တွေ တမင်လုပ်တယ်လို့ ဘာကြောင့် ပြောရပါတယ်ဆိုတာ မပါခဲ့ပေ။ ရဲတွေကိုယ်တိုင် ဘာမှသေချာသိလို့ မဟုတ်ဘဲ မိန်းကလေးတစ်ယောက်က ရှက်ဒေါသကြောင့်သာ ဒီလို အန္တရာယ် များသည့် စိန်ခေါ်မှုကို ကျူးလွန်ခဲ့တာလို့ ကောက်ချက်ချ၍ အာမခံပေးခဲ့ တာဖြစ်သည်။

ဘာကြောင့် ဖြစ်ဖြစ် ပျော်လို့ ရန်ဖြစ်တဲ့သူဆိုတာ ရှိလို့လား ..။

"အဲ့ဒါကြောင့် ဒီကောင်မလေး ဂေါက်ကြောင်လေးပါလို့ သမီး ပြောတာပေါ့၊ သူက သူများကို ရန်စရတာကို ပျော်နေတာ .."

"ကျောင်းလည်းပြီးတော့မယ် သား၊ ဒီမိန်းကလေးနဲ့ တွဲတာ မေမေ တို့အားလုံး သဘောမကျခဲ့တာ ကြာပြီ .. ဒီတော့ မင်း အနေအထိုင်ဆင် ခြင်ရမယ် .."

"နောက်နေ့ကစပြီး မောင်လေး ကျောင်းသွားဖို့ အပေါင်းသင်းနဲ့ အချိန်ဖြုန်းဖို့ စာကြည့်ဖို့ အားလုံး မင်းရဲ့အချိန်တွေအတွက် မမတို့ရေး



တဲ့ ပရိုဂရမ်အတိုင်းပဲ ဖြစ်ရမယ် .."

လော ဘာပြောလို့ ဘာလုပ်ရမှန်းမသိအောင် အမေနဲ့ အစ်မကြား မှာ တအံ့တဩ ဖြစ်နေခဲ့၏။ သဒ္ဒါကြည် မျက်နှာကလည်း ဒီစကားတွေ ပြောဖို့အတွက် သေချာအစီအစဉ် ရှိထားပြီးသည့်ပုံဖြစ်ကာ၊ မေမေ့ မျက်နှာ ကလည်း စိုးရိမ်ပူပန်မှုတွေရော ကရုဏာဒေါသတွေပါ ဖိစီးနေခဲ့၏။

ထိုစဉ် .. ဖုန်းမြည်သံကြောင့် အားလုံး ခေါင်းထောင်သွားကြသည်။

"ခြယ့် ဆီကဆို မကိုင်ပေး .."

ဖုန်းဆီ လက်ရောက်ပြီးမှ လော ရဲ့ လက်က အိတ်ထဲကနေ ဒီတိုင်း ပြန်ထွက်လာကာ ..။

"မေမေနဲ့ မမ မသိလို့ပါ ခြယ် က မေမေတို့ ထင်သလို .."

"ဟဲ့ .. ငါတို့ဘာထင်ထင် .. အခု မြည်နေတဲ့ ဖုန်းကို ကိုင်လိုက် လေ .."

"ထားလိုက်တော့ .."

"အံမယ် .. ကြည့်စမ်း မေမေ .."

လော ရဲ့ ကာကွယ်မှုကြောင့် သဒ္ဒါကြည်နဲ့ ဒေါ်ကြည်ဖြူ တို့ မျက်နှာတွေ ပိုမိုပျက်ယွင်းလာခဲ့ကြပြီး ..၊

"မေမေတို့ကလည်း ရိုင်းစိုင်းတဲ့လူတွေမဟုတ်ပါဘူး၊ ဘာတွေ စိုးရိမ်ပြီး ဖုန်းပေးမပြောချင်ရတာလဲ သား .."

"မေမေတို့နဲ့ ပြောချင်လို့ ခေါ်တာမှမဟုတ်ဘဲ မေမေ .. မေမေ ဝင်ဖြေလိုက်တာနဲ့ ဘာမှ ပြောဖို့မလိုဘဲ အဖြေက ရှင်းသွားမှာ .."

"ရှင်းသွားတော့လည်း ကောင်းတာပေါ့ကွာ .."

သဒ္ဒါကြည် က ဒေါသမထိန်းစွာ ဝင်ပြောရင်း ပြေလျှော့နေသည့် ဆံပင်တွေကို ရှေ့ဆွဲယူ၍ ခေါင်းစည်းကွင်းကို စိတ်လိုက်မာန်ပါ ဆွဲဖြုတ် ပစ်လိုက်သည်။

ပြီးတော့ နေရာမှ ထလာရင်း ခေါင်းကိုလည်း တင်းတင်းရင်းရင်း ပြန်စည်းလိုက်ကာ၊ လော ရဲ့ ဘေးမှာ ဆောင့်ခနဲ ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုဖြစ်သွားတာလဲ ပြောစမ်း လော .. သူ့အတွက်နဲ့ ငါတို့တွေ ဆွေခန်းမျိုးခန်း ဖြတ်ထားတဲ့ အန်ကယ်လ်လေးကိုလည်း မင်းသွားခေါ်တယ် .."

"လူကြီးတွေ ဘာဖြစ်ဖြစ် အန်ကယ်လ်လေးနဲ့ ကျွန်တော်တို့က ခေါ်ပြောနေကြတာပဲဟာ .. ဒီကိစ္စဖြစ်မှ သွားခေါ်တာ မဟုတ်ပါဘူး .."

"အေး .. အဲဒါလည်း ထားလိုက်ဦး .. နင် ငါတို့မောင်ဖြစ်ပြီးတော့ မေမေ့ သိက္ခာလည်း မငဲ့ဘူး .. ဖေဖေ့ကိုလည်း သတိမရနိုင်ဘူး .. အချုပ်ကျနေတဲ့လူအတွက် ရဲစခန်းကိုရောက်သွားတယ် .."

"တခြားသူငယ်ချင်းဆိုရင်လည်း ကျွန်တော် ကူညီမိမှာပဲ၊ ခြယ့် မို့လို့မဟုတ်ပါဘူး .."

"ဒါဆို တခြားသူငယ်ချင်းတွေလို သဘောထားပြီး အဲဒီဖုန်းကို ငါ့ကိုပေးကိုင်လိုက် .."

ပြောသည့်အချိန်မှာပဲ ဖုန်းကထပ်မြည်လာခဲ့၏။ လော မျက်နှာ ရှုံ့မဲ့သွားကာ အိတ်လိုက်ချပေးလိုက်မိလျက် ..၊

"ယူ .. မမရာ ကြိုက်သလိုသာပြောတော့ .."

ချပေးလိုက်တော့လည်း ရုတ်တရက် မကိုင်ဖြစ်ဘဲ ဒေါ်ကြည်ဖြူ ထံ လှမ်းကြည့်၏။ ဒေါ်ကြည်ဖြူ က ခေါင်းညိတ်ပြလိုက်မှ ဖုန်းကို ထုတ် ယူလိုက်လျှင် ..၊

"ဟင် .. ဇင်နီ့ ဆီကပဲ .."

အားလုံးကြားအောင် ပြောလိုက်ရင်း ..၊

"အင့် .. ပြောလိုက် .."

ဖုန်းလှမ်းပေးလိုက်တော့ လော ခေါင်းခါ၍ ..၊

"မမပဲ ပြောလိုက်တော့ .."

ကြည့်စမ်း .. ဒါကျတော့ ..၊

သိသာလိုက်တာလို့ ပြောချင်နေသည့်မျက်နှာကို မမြင်ယောင်ပြု ကာ သူနေရာမှထလာခဲ့သည်။ သဒ္ဒါကြည် တစ်ခုခုပြောမလို့ ပါးစပ်ပြင်



ပြီးမှ ဖုန်းမြည်နေတာကိုသတိရကာ ..၊

"ဟလို ..."

"မမကြည် လော ရှိလား .."

"ရှိတယ် .. ရှိတယ် .. ဒါပေမယ့် ဆူထားလို့စိတ်ဆိုးနေတယ်လေ ခုပဲထထွက်သွားတာ .."

ဇင်နီ့ ဆီက ခဏတိတ်သွားသည်။ ပြီးမှ ..၊

"အမေက ဇင်နီ့ ကို သုံးရက်တိတိ ကျောင်းမတက်ရဘူးတဲ့ .."

"အေး .. မမကြည် သိတယ် .."

မနက်စောစောစီးစီးပဲ ဇင်နီ့ အမေ ဒေါ်ရွှေစင် ဖုန်းဆက်ထားတာ ပါ။

"ကျောင်းသွားဖို့ လော လာခေါ်မှာစိုးလို့ သမီးရယ်၊ ဖုန်းလည်း မဆက်ပါနဲ့နော် .. သမီး ညီမက သူ့သူငယ်ချင်းတွေအသံကြားရင် ကျောင်းသွားချင်တယ်ဖြစ်တော့မှာ .. ဒီရက်ပိုင်းတော့ သမီးကို အန်တီ မလွှတ်ချင်သေးဘူး၊ လော ကိုတော့ သမီးတို့သဘောပါ .." တဲ့ ..။

လော ကိုလည်း ယောကျ်ားလေးပေမယ့် လွှတ်တော့မထားနိုင်သေး ဖုန်းပြောရင်း စိတ်က ဒေါ်ရွှေစင် ပြောခဲ့တဲ့ စကားဆီ ရောက်သွားမိ ကာ ..၊

"ဒါနဲ့ညီမလေးကို မမကြည် မေးရဦးမယ်၊ မနေ့ညက ညီမလေး တို့သူငယ်ချင်းတွေ ရန်ဖြစ်လာကြတာလား .."

"ဟင့်အင်း မဖြစ်ပါဘူး .. ဒါပေမယ့် .."

ဒါပေမယ့်ဆိုပြီး စကားက ရှေ့မဆက်လျှင် ..၊

"ပြောလေ .. ဒါပေမယ့် ဘာဖြစ်လဲ .."

"ဘာမှမဟုတ်ပါဘူး .. လော အကြောင်းလည်း မမကြည် သိသား နဲ့၊ ခြယ် တစ်ခုခုဖြစ်ရင် သူ ဖြစ်နေသလိုပဲလေ .."

"အေး .. သိတယ် .. သိတယ် .."

"ဇင်နီ ကလည်း ခြယ့် ကို စိတ်ပူတာပဲ မမကြည် ရယ်၊ ပူလို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ပွဲတက်ဝတ်စုံကြီးတကားကားနဲ့ ရဲစခန်းထိ လိုက်သွားတာပေါ့ ..”

“အေးလေကွယ် .. လော အကြောင်းတော့ မပြောချင်ပါဘူး ..”

“အဲ့ဒါ ခြယ့် ကို သူငယ်ချင်းချင်းမို့လို့ မကောင်းတာ မကောင်းတဲ့ အကြောင်း ပြောမိတာကို ..”

“ခြယ် က ဘာမှမပြောဘဲနဲ့ သူက ဝင်ဆူတာလား ..”

“ဟို ...”

“ခြယ် ကလည်း ဝေဖန်ခံမယ့်ကောင်မလေး မဟုတ်ပါဘူး၊ အဲဒါ မကြည် သိတယ်၊ ခြယ်က မခံ သူက ခြယ့် ဘက်က ဝင်ဆူဆိုတော့ ညီမလေး ဘယ်ခံနိုင်မလဲ၊ မကြည် သဘောပေါက်ပြီ ..”

“ထားလိုက်ပါတော့ မကြည် ရယ် .. လော အပြစ်လည်းမဟုတ်ပါဘူး၊ ခြယ် ကိုက လော နဲ့ ဇင်နီ အဲ့လိုဖြစ်ကျန်ရစ်အောင် တမင်လုပ်သွားသလိုမျိုး ကားပေါ်ကဆင်းကျန်ခဲ့တာကိုး ..”

“ဘုရားရေ .. သူက ကားပေါ်က ဆင်းကျန်ခဲ့တယ် ဟုတ်လား ..”

ဖုန်းပြောနေသမျှ ကြားနေရတာမို့ ဒေါ်ကြည်ဖြူလည်း အနားရောက်လာသည်။

“မပြောပါဘူး ဇင်နီ ရယ် .. လော အဲ့ဒါတွေ ဘာမှပြန်မပြောဘူး..”

“တကယ်တော့လည်း ဇင်နီ မှားတာပါ၊ သူ့ခမျာ ပြဿနာဖြစ်နေတုန်း ပူထူနေမှာပဲလေ .. အဲ့ဒီအချိန်မှာ ဆရာလုပ်လိုက်သလိုဖြစ်သွားတာကိုး ..”

“ဘယ်ဟုတ်မလဲ ဇင်နီ ရယ် .. မိတ်ဆွေသူငယ်ချင်းကောင်းဆိုတာ အကြိုက်လိုက်မပြောရဘူးလေ၊ အဲ့ဒီကောင်မလေးလည်း မမကြည် နဲ့ မတွေ့တာကြာပြီ၊ အိမ်ကိုမလာတာလည်း ကြာပြီကိုး ..”

“ခြယ် က စိတ်ဆတ်တာလေးပဲရှိတာပါ၊ သူငယ်ချင်းတွေအပေါ်မှာ လက်ဖွာတယ်၊ ရက်ရောတယ်၊ ကူလည်းကူညီတတ်ပါတယ်၊ အဲ့ဒါ ကြောင့် ..”

“ရက်ရောတာ လက်ဖွာတာတွေက ပိုက်ဆံရှိလို့ ဗုံးကြဲနေသလို



လုပ်တာပဲ ဇင်နီ .. တစ်ကျပ်ဖိုးလောက်ပေးပြီး တစ်ရာဖိုးလောက် ဒုက္ခ ပြန်ပေးတာ ဘယ်သူက ကျေးဇူးတင်မှာလဲ .. ကဲပါ အဲဒါတွေ မပြော ချင်တော့ပါဘူး .. ညီမလေးကိုပါ တစ်ခါတည်းမှာထားဦးမယ်၊ နောက် နေ့တွေကစပြီး ခြယ်နဲ့ အတူသွားအတူလာတာတွေ တတ်နိုင်သမျှ ရှောင်နော် ..”

“မမကြည် ရယ် .. အဲဒါက ..”

“အောင်မလေး .. လော ရဲ့ သူငယ်ချင်းလို့မပြောရဘူး၊ နင်တို့ရဲ့ အမေတွေ အဖေတွေ ဘယ်လောက်စိတ်ပူနေသလဲဆိုတာလည်း ပြန်ကြည့် ကြဦး၊ ခြယ် ကတော့ ခက်ပါတယ်ဟယ် .. သူ့မိဘတွေ ဘယ်လိုစိတ် နဲ့ ဒီလောက်တောင် ဥပေက္ခာထားနိုင်ကြသလဲမသိဘူး .. အံ့ဩတယ်..”

ဤကဲ့သို့ အံ့ဩတဲ့သူတွေက အံ့ဩလာကြပေမယ့် ခြယ် ကတော့ မအံ့ဩပါ။

ဥပေက္ခာဆိုတာ သူမကစပြီးဖြစ်လာတာမို့ ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

"စီ မှားသွားပါတယ် ကိုမင်းရယ် .. သမီး ဘာဖြစ်နေသလဲဆိုတာ ရေမြေခြားမှာနေတဲ့လူကပြောမှ သိရတယ် .."

"..... ..... ....."

"ကောင်းပါပြီ .. ကိုမင်း စီးပွားရေးမှာပဲ သေချာအာရုံစိုက်ပါ၊ သမီးကို စီ ဒီ့ထက်ပိုပြီးဂရုစိုက်မှာပါ .."

ဖုန်းပြောနေရင်း နှာခေါင်းထဲ ဝင်လာသည့် ပီကေနံ့ကြောင့် ဒေါ်စိန်စီခြယ် နောက်လှည့်ကြည့်လိုက်မိသည်။ ခြယ် က အခန်းထောင့် နံရံမှာ ပခုံးစွန်းနဲ့ မှီ၍ လွယ်အိတ်ကိုပိုက်ထားပြီးရပ်နေ၏။

ဆံပင်တွေသည် ကျောထက်မှာ လုံးဝဖြောင့်စင်းနေခဲ့လျက် ဘေးနှစ်ဖက်မှာ ကျစ်ဆံမြီးသေးသေးလေးတွေအများကြီးလုပ်ထား၏။

နဖူးထိပ်တည့်တည့်မှာကျတော့ ပိုကြီးသော ကျစ်ဆံမြီးတွေကို အပြောင်သိမ်းယူထားသဖြင့် ဖွေးနုနေသည့်မျက်နှာလေးက မျက်တောင်ကော့ကော့ နှာတံလေးကော့ထင်းလျက် ထိုင်ကြည့်နေချင်အောင် လှနေ၏။

ပြီးတော့ ဂျင်းနီ်ခွဲသားဘောင်းဘီရှည်နှင့် အစိမ်းရောင်လည်ဟိုက်



ခါးတိုလေးကိုဝတ်ထားသည်။ ချိုင်းဝနဲ့ ကော်လံမှာ မွှေးပွရလေးတွေပါသော စိမ်းပြာရောင် ဂျက်ကက်လေးတစ်ထည် ထပ်ဝတ်လိုက်တော့ ထင်းရှင်းနေသည့် သူမ ကိုယ်ဟန်က အရိုင်းမဆန်ဘဲ ရိုးရှင်းသော ခေတ်မီခြင်းဖြင့် လှနေပြန်သည်။

သမီးလေး ...၊

ဒေါ်စိန်စီခြယ် ခြယ့် တစ်ကိုယ်လုံးကို ခြေဖျားကနေ ခေါင်းထိ တစ်ခါတည်းမကဘဲ စုန်ချီဆန်ချီငေးကြည့်နေမိခဲ့သည်။ ခြယ် ကလည်း ဒီတိုင်းတိတ်ဆိတ်စွာရပ်နေခဲ့ပြီး ...၊

"သမီး ကျောင်းမသွားဘဲနဲ့ .."

"လျှောက်သွားနေတာ .."

"ဟင် ..."

"ခြယ့် ကို ဘယ်သူမှမှ မခေါ်ချင်ကြတာ .."

သမီးရယ် ...၊

ဒေါ်စိန်စီခြယ့် မျက်နှာ ပြုံတော့မယ့်မိုးနှယ် ညိုမှောင်သွားခဲ့၏။

"မာမီတို့က ပိုက်ဆံတွေလမ်းခင်းပေးနိုင်ပေမယ့် လူတွေက ပိုက်ဆံချည်းပဲ ပစ်ချကျွေးနေရင်လည်း မကြိုက်ကြဘူး .."

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ် .. သမီး စကားတွေက မိဘအပေါ်မှာ ငြိုငြင်မှုတစ်စုံတစ်ရာ ရှိနေသလိုပဲ .."

ခြယ် က မတည်မပြုံးမျက်နှာလေးနှင့် မျက်တောင်ဖျားတို့ကို စိုက်ချထား၏။ ပီကေ ဝါးနေရင်း အံကြိတ်ဖိကိုက်ထားကာ တစ်ခုခု ပြောတော့မလိုလည်း ထင်ရသည်။

ပြီးတော့ ဘာမှမပြောဘဲ မေးဖျားလေးတွေ တလှုပ်လှုပ်နှင့်သာ ဝါးခြင်းမှာ နစ်မျောနေသလိုလို ...။

ဒီပုံစံမျိုးက သူမ တစ်ခုခုအတွက် ဝန်ခံသည့်အခါမှာ ပြုမူနေကျပါ။

ဒေါ်စိန်စီခြယ့် မျက်ဝန်းတွေမှာ ကြေကွဲရိပ်တို့ ထင်သွားခဲ့ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်နေတာလား သမီး .. ဒါဆိုရင် မာမီ့ကို ပြောပြစမ်းပါ၊ မာမီ့ကိုလား သမီးရဲ့ ဒက်ဒီလား .. ဒါမှမဟုတ် မာမီနဲ့ ဒက်ဒီ နှစ်ယောက်စလုံးလား .."

ခြယ့် မျက်ဝန်းလေးတွေ ဖျတ်ခနဲပင့်တက်လာသည်။ ထိုအခါ အမြဲတမ်း လက်တောက်နေတတ်သည့် မျက်ဝန်းတွေမှာ မျက်ရည်စတို့ သီနေတာမြင်လျှင် ..၊

"သမီးလေး ..."

ဒေါ်စိန်စီခြယ် စိုးရိမ်စိတ်နှင့် အနားကပ်သွားမိကာ ..၊

"ဘာဖြစ်လို့လဲ သမီး .. သမီးကို အချုပ်ထဲမှာ .."

"ခြယ် ဘာမှမဖြစ်ဘူး မာမီ .."

"မဟုတ်ဘူး .. သမီး ခံစားနေရတာ မာမီ သိတယ် .."

"မာမီ သိသွားပြီလား .."

ဟင် ...၊

ဒေါ်စိန်စီခြယ် ဘယ်လိုဖြေရမှန်းမသိအောင် မှင်တက်မိခဲ့၏။ သမီ မျက်ဝန်းမှာ ဒီလိုအကြည့်တွေကိုမြင်ရတာ ဒါ ပထမဆုံး ...။ အချိန်သည် ညနေခင်းကာလကို ဖြတ်သန်းဖို့ပြင်ဆင်နေဆဲဖြစ်ကာ နေရောင်ခြည် ဖျော့ဖျော့ကလည်း ဝင့်ဝါလှပနေဆဲပါ။

သို့သော် သူမတို့ရှိနေသည့် ဧည့်ခန်းကြီးထဲမှာတော့ မီးဆိုင်းနဲ့ နံရံမှုပ်မီးရောင်တွေကြောင့် နေရောင်ခြည်ရဲ့ သက်တမ်းကို မှီစရာမလိုဘဲ အမြဲတမ်းလင်းနေခဲ့လျက် ..။

"မာမီ သိတယ် .. မာမီနဲ့ ဒက်ဒီက သမီးအပေါ်မှာ အမြဲတမ်း အလင်းရောင်ပေးဖို့ကြိုးစားနေကြတဲ့သူတွေ၊ ဒါကြောင့် သမီးကို နားလည်ဖို့ကြိုးစားခဲ့ကြတယ်၊ သမီးကမပြောဘဲ ဘာမှလည်းမတောင်းဆိုပေမယ့် သမီးအလိုရှိနေတာတွေကို သိဖို့ .."

"ဟွန်း ..."



ခြယ့် ပခုံးလေးတွန့်သွားကာ ခပ်မွဲမွဲရယ်သံက စကားသံတို့ ပြတ်တောက်သွားစေခဲ့၏။

"မာမီနဲ့ ဒက်ဒီက ခြယ့် ကို နားလည်ဖို့ကြိုးစားနေတုန်းပေမယ့် ပတ်ဝန်းကျင်အားလုံးကတော့ သိနေကြပါပြီ .."

"အဲဒါ သမီး ဖြစ်စေချင်တာလား .. သမီး ဒီနေ့ မာမီ့ကို စကားတွေ အများကြီးပြောဖို့ရောက်လာခဲ့တာ ပတ်ဝန်းကျင်နဲ့ မာမီတို့ကို နှိုင်းယှဉ်ပြဖို့အတွက်လား .."

"မေးခွန်းတိုင်းမှာ အဖြေမရှိဘူးလို့ ပြောကြပေမယ့် ခြယ် ကတော့ မေးခွန်းတွေကိုဖြေဖို့ စိတ်ကိုမဝင်စားခဲ့တာ မာမီ၊ အထူးသဖြင့် သားသမီးကို နားလည်ဖို့အတွက် မိဘကို မေးခွန်းတွေမေးစနေရာမလိုဘူးမှတ်လား .."

"လိုတယ် သမီး .. သမီး သိထားဖို့က မေးခွန်းမေးနေတိုင်း မသိသလို မေးတာမဟုတ်ဘူးဆိုတာပဲ၊ တစ်ခါတလေ သိချင်လို့မဟုတ်ဘဲ သိစေချင်လို့ မေးရတာတွေရှိတယ် .."

"ဒါဆိုလည်း ပြောပါ မာမီ .. ခြယ့် ကို ဘာသိစေချင်တာရှိသေးလဲ –"

"သမီး ဘာမှမသိသေးလို့ ဘာကိုအရင်သိစေရမှန်းမသိတော့ဘူး၊ ဒါပေမယ့် မာမီ လုပ်သင့်ဆုံးက အခု သမီးပြောတာကို နားထောင်ဖို့ပဲ၊ သမီး ရင်ထဲမှာရှိနေတာတွေ မာမီ သိပါရစေ .."

"ဒါဆိုရင်တော့ ပြောပြလို့ရပါတယ် .. ခြယ့် ရင်ထဲမှာ ဘာမှမရှိဘူး .."

"ဘယ်လို!..."

စူးစိုက်ကြည့်နေသည့် ခြယ့် မျက်ဝန်းထဲက မျက်ရည်တစ်စက် ကြွေဆင်းသွားသည်။ သို့သော် တည်ငြိမ်အေးစက်နေသော မျက်ဝန်းတွေက လှုပ်ရှားခြင်းကင်းမဲ့နေသလို မျက်တောင်ခတ်ရာလည်းမရှိ – ထိုပြင် ...၊

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတို့သည် အသက်မဲ့သူကဲ့သို့ ဒီတိုင်းရွှေ့လျားတိမ်းဖယ်သွားခဲ့ပြီး ..၊

"မရှိခဲ့တာတွေကိုလည်း မေ့ချင်တယ်၊ ရှိတယ်ဆိုတာတွေကိုလည်း မုန်းတယ်၊ ရှိခြင်း မရှိခြင်းရဲ့ကြားမှာ ခြယ်မှုန်း က ဘာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မသိတော့ဘူး .."

ခြယ့် မျက်ဝန်းတွေ ဒေါ်စိန်စီခြယ့် ထံ ပြန်လည်ကျရောက်လာခဲ့ပြီး ..၊

"ခြယ် ဘာဖြစ်လို့ ဘဝတစ်ခုတည်းမှာပဲ မရှိခဲ့ရတာလဲ .. ခြယ်သိခဲ့တာ ခြယ့် ကို မွေးတဲ့မိဘတွေမရှိကြတော့ဘူး .."

ဘုရား ..၊

ဒေါ်စိန်စီခြယ် မျက်လုံးတွေမှာ ကြေကွဲခြင်းကြောင့် မျက်ရည်တွေ ချက်ချင်း လက်ဖြာလာ၏။

"ဈေးသည်ကကျွေးတော့ ဈေးသည်သမီး၊ မျက်လှည့်ဆရာကကျွေးထားတော့ မျက်လှည့်ဆရာရဲ့သမီး၊ မြန်မာပြည်ထဲမှာရှိသမျှ ဘုရားပွဲဈေးတွေ၊ အမျိုးမျိုးခင်းကျင်းကြတဲ့ ဈေးပွဲတော်တွေမှာ ဈေးရောင်းနိုင်းရင်ရောင်းရတယ်၊ မျက်လှည့်ပြဖို့အတွက် သရုပ်ပြခိုင်းရင် ပြပေးရတယ် .."

"တော်ပါတော့ သမီးရယ် .. သမီး အဲ့ဒီလိုကျော်ဖြတ်ခဲ့ရတဲ့ အဖြစ်ဆိုးတွေကို မာမီ မကြားပါရစေနဲ့ .."

"မာမီ ဘယ်ကြားချင်မလဲ .. ခြယ်မှုန်း က အဲဒီလိုဘဝကရောက်လာခဲ့တဲ့ မိန်းကလေးဆိုရင် ရတနာ့ကုန်သည်သူဌေးကြီးတွေရဲ့ ဂုဏ်သိက္ခာ"

"မဟုတ်ဘူး သမီး .."

ဒါကိုတော့ ဘယ်လိုမှသည်းခံနားထောင်နိုင်စွမ်းမရှိတော့ဘဲ စိတ်လိုက်မာန်ပါတားမိကာ ..၊

"အဲ့ဒီလိုဘဝက ရောက်လာခဲ့တာမဟုတ်ဘူး .. အစတည်းက သမီးက မာမီတို့သမီး .. မာမီတို့လက်ထဲကနေ အဲဒီဘဝထဲကိုရောက်သွားခဲ့



တာ၊ ဒါပေမယ့် သမီးပျောက်သွားတဲ့အချိန်တွေမှာ မာမီတို့ မနားမနေ ရှာဖွေနေခဲ့ကြသလို သမီးလေးက အမြဲတမ်း မာမီတို့သမီးပဲ၊ ဆိုးရွားခဲ့တာတွေကိုမေ့ချင်တာက မာမီတို့ နားမထောင်ရက်လို့ပါ .."

ဒေါ်စိန်စီခြယ် စကားသံတွေ တုန်လှိုက်တိုးလျသွားခဲ့ပြီး ..၊

"သမီးလေးက မာမီတို့ရဲ့ကမ္ဘာ၊ မာမီတို့ရဲ့ ဘဝပါ၊ ပြီးခဲ့တာတွေကို အိပ်မက်ဆိုးမက်ခဲ့တယ်လို့သဘောထားနိုင်အောင်ကြိုးစားပါ သမီးရယ် .. သမီးဘဝမှာ မရနိုင်တာဘာမှမရှိရအောင် မာမီတို့ ဖြည့်ဆည်းပေးနိုင်တယ်၊ သမီးက မာမီတို့ရဲ့ တစ်ဦးတည်းသောသမီး၊ သမီး ဆယ်သက်မကသုံးဖြုန်းမကုန်နိုင်တဲ့ .."

"သုံးဖြုန်းမကုန်တာတွေ ခြယ့် ကို ပုံပေးထားပြီး မေတ္တာတွေ ပြနေတာလား မာမီ .."

ခြယ် ဘာပြောလိုက်မှန်း ရုတ်တရက် နားမလည် ..။ မျက်လုံးချင်းဆုံနေပြီးမှ ခြယ် က ဆိုဖာတွေဆီလျှောက်သွားရင်း ..၊

"တကယ်တော့ ဘာမှမရှိခဲ့တဲ့ဘဝကမှ ခြယ့် ဘဝအမှန်ပါ၊ ခြယ် အဲဒီဘဝမှာ ဘာကိုမှမခံစားရဘူး .."

ပြောနေရင်း စကားသံတွေက မာထန်ပြတ်ရှလာခဲ့သည်။ သူမရဲ့ လုပ်ရပ်တွေက လောကကိုအရွဲ့တိုက်သလိုဖြစ်နေသလား၊ ဒါမှမဟုတ် ရင်ထုငိုကြွေးမတတ် ချစ်ပြနေကြတဲ့မိဘတွေအပေါ် အခွင့်အရေးယူဆိုးသွမ်းနေခဲ့တာလား ..။

ဘယ်လိုသရုပ်တွေပေါ်နေပါစေ သူမ ခံစားနေရတာတွေကတော့ ဘဝကပေးခဲ့တဲ့ အစစ်အမှန်တွေသာဖြစ်လေသည်။ 'ကရင်မ' ဆိုသည့်ဘဝမှာ သူမကို ထမင်းကျွေးသည့်သူက ကျွေးထားသည့်အချိန်မှာ မိဘပဲဖြစ်ကာ သူမရဲ့ တစ်နေ့တာတိုင်းဟာ ထမင်းနပ်မှန်ဖို့နဲ့ ကျောင်းနေခွင့်ရဖို့ ..။

"ဒီတစ်ပွဲတော့ ခေါ်သွားလို့မရတော့ဘူး၊ ကရင်မ စာမေးပွဲဖြေရ

www.burmeseclassic.com



တော့မှာ ..” လို့ ကာကွယ်ပြောပေးသည့်လူက ကိုယ့်ရဲ့ ကျေးဇူးရှင်ပဲ ဖြစ်သည်။ သို့သော် ...၊

“ငါတို့အားလုံး ဘယ်သူ့ပညာသင်ရလို့လဲ .. အလယ်တန်းအောင်တော့ ဘာဖြစ်လာမှာလဲ ကိုးတန်းဆယ်တန်းအောင်ပြီဆိုတော့ ထမင်းဝမှာလား .. ဘွဲ့ရပညာတတ်တော့ရော အဲ့ဒီစာတတ်ပုံကြီး ဘယ်မှာချိတ်မှာလဲ ..”

“ဟုတ်တယ် တစ်နှစ်နေလို့တောင် အိမ်မှာ တစ်လနေဖြစ်တာ မဟုတ်ဘူး ..”

စသဖြင့်သော ကန့်ကွက်မဲတွေက သူမအတွက် ဦးခေါင်းကွဲမတတ် နာကျင်စေတဲ့ ဝရမ်းနိုင်လက်နက်တွေပဲဖြစ်၏။ ဦးလှလှ ဒေါ်ပြုံး ဆိုတာ ခြယ် တို့ ပထမဆုံးခေါ်ယူကျွေးမွေးခဲ့သည့် မိဘနှစ်ပါးပဲဖြစ်ကာ သူတို့ ကျေးဇူးကြောင့် ခြယ် ပညာသင်ယူခွင့်ရခဲ့တာဖြစ်သည်။

“ငါတို့တူတူတန်တန် ချေးရောင်းနိုင်တာ ဒီကလေးမှာပါတဲ့ လက်ဝတ်လက်စားတွေနဲ့ ရင်းနှီးနိုင်ခဲ့လို့ပဲ၊ ဘာပဲဖြစ်ဖြစ် သူ့အတွက် ဒီလောက်တော့ လုပ်ပေးရမှာပဲ ..” လို့ ဦးလှလှ အားလုံးနဲ့ အတိုက်အခံ လုပ်ခဲ့သည်။

“ဟုတ်ပါတယ် မောင်သိန်း ရယ် .. ‘ကရင်မ’ က လူချမ်းသာ အသိုင်းအဝိုင်းက ကလေးတစ်ယောက်ပါ၊ တစ်နေ့နေ့ သူ့မိဘတွေနဲ့ ပြန်ဆုံနိုင်ခဲ့ရင် စာမတတ်ပေမတတ်တဲ့အထိ အဖြစ်ဆိုးမနေသင့်ပါဘူး၊ ကလေးပစ္စည်းတွေကို ငါတို့သုံးထားတာ တစ်ခုခုပြန်လုပ်မပေးရရင် ငါစိတ်လုံမှာမဟုတ်ဘူး ..”

ဒေါ်ပြုံး က နယ်လှည့်ဈေးသည်တွေစုရုံးနေကြသော မောင်နှမသားချင်းတွေထဲမှာ အကြီးဆုံးဖြစ်ကာ သူတို့လက်ထဲကို ဦးဆုံးရောက်ခဲ့သည့် ခြယ့် အတွက် ကံဆိုးထဲကမှ ကံကောင်းတစ်ခု လက်ဆောင်ရခဲ့တာဖြစ်သည်။



“အစ်မတို့က အဲ့လိုထင်နေသေးတာလား .. ဒီကောင်မလေး ရောက်လာတာနဲ့ ခင်ဗျား ယောက်ျား ပိုးထိလို့သေတာထည့်ပြောဦး ..”

“တော်ပါကွာ .. သေဖို့ရာပါနေရင် ရှောင်လွှဲမရပါဘူး၊ ယောက်ဖ သေတာ ကရင်မနဲ့ ဘာမှမဆိုင်ဘူး ..”

ဦးလှလှ က ဒေါ်ပြုံး အောက်က မောင်ငယ်ဖြစ်သည်။ သူတို့နှစ်ယောက်ပဲ မောင်နှမတစ်ဝမ်းကွဲဖြစ်ခဲ့လျက် ကျန်သည့်ဆွေမျိုးတွေက ဆွေမျိုးနီးစပ်သာသာ ...။

သို့သော် အကြီးအကဲဆိုသည့် မွေးစားမိဘတွေလည်း သွားလာရင်း အခုတ်မထင်သေဆုံးမှုများနှင့် ဆုံးပါးခဲ့ရကာ ဦးစန်း လက်ထဲကိုရောက်တော့ မြန်မာ့သိုင်းပညာကို အခြေခံကစပြီး သင်ခဲ့ရသည်။

တတ်ကျွမ်းအောင်မြင်တဲ့အထိမဟုတ်ဘဲ သိုင်းဟန်ရေးပြ ကျွမ်းကျင်တဲ့အထိတော့ တတ်မြောက်ခဲ့၏။ ကလေးတွေ တိုက်ခိုက်သတ်ပုတ်ပြတာကို လူတွေက သဘောကျသလောက် ပြပွဲတွေရဲ့နောက်မှာ ခြယ် နဲ့ မတိမ်းမယိမ်း မောင်မောင်ခင် ဆိုသည့် ကောင်လေးနဲ့ ခြယ် လည်း သတ်ပုတ်ပွဲတွေဆင်နွှဲနေရတာ တစ်နေ့မှ မနားခဲ့ရပေ ...။

“လူတွေရှေ့မှာ နင် ငါ့ကို နာအောင်တမင်ချတာ ..”

“မဟုတ်ဘူး ..”

“ဟုတ်တယ် ..”

အစပိုင်းမှာ မောင်မောင်ခင် က အနိုင်ကျင့်မိုလ်ကျသည်။ ခြယ့်ရဲ့ ငုတ်စိတ်ထဲမှာ သူများခေါ်ကားတာကိုမခံနိုင်သော မာန်မာနတို့ ရှိနေသည်ဖြစ်ရာ နောက်ပိုင်းမှာတော့ သူ တစ်ချက် ကိုယ်တစ်ချက်ပင်...။

ဦးစန်း ကွယ်လွန်တော့ ခြယ့် ပညာရေးအတွက် တာဝန်ယူမည့်သူ မရှိတော့ပေ ...။

“အလုပ်လုပ်ရင် စားရမယ် မလုပ်ရင် မစားရဘူး .. ကိုယ်ရှာတာ ကိုယ်သုံး လက်ဝါးလာမဖြန့်နဲ့ ..”

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတက်ချင်ရင် ကိုယ့်စရိတ်ကိုယ်ရှာပေါ့ .."

ကျောင်းတက်ခွင့်တော့ပေးမည့်အရေး မြင်သဖြင့် ခြယ် ဈေးလည်းရောင်းခဲ့သည်။

"ကလေးက ကျောင်းတက်ချင်နေတာ ဈေးရောင်းခေါ်မသွားပါနဲ့.." လို့ ကျောင်းက ဆရာမကိုယ်တိုင် လာပြောသဖြင့် စာမေးပွဲနီးသည့်အခါ ဈေးရောင်းမခေါ်ဘဲ ထားခဲ့ဖော်ရခဲ့၏။

ခြယ့် ခေါင်းပေါ်မှာ အကြော်တွေရောက်လာခဲ့သည်။ ရာသီပေါ်ကုန်စိမ်း၊ ဒါမှမဟုတ် ငါးပေါက် ပုဇွန်စိပ်လေးတွေအစက အင်းဖော်အိုင်ပတ်လုပ်တဲ့လူတွေ ပေးသနားကြတိုင်း ခေါင်းပေါ်တင်ပြီး လည်ရောင်းခဲ့ရ၏။

ဒီလိုကာလတွေက သိပ်မကြာခဲ့ပါ။ ဒါပေမယ့် ခြယ် သိခဲ့တဲ့ဘဝက ဒါတွေပဲဖြစ်သည်။

"ကရင်မကျတော့ ဈေးရောင်းမလိုက်ရဘဲနဲ့ ကျောင်းတက်ရမယ် .."

"ကရင်မကျတော့ ဖိနပ်အသစ်တွေ ဝယ်စီးလို့ .."

ခြယ့် ကို မျက်လုံးဒေါက်ထောက်ကြည့်နေသော မောင်မောင်ခင်က မကျေနပ်တာမြင်တိုင်း လူကြီးတွေကို ပြန်တိုင်းပြီး စကားနာထိုးသည်။ ထိုအခါ လူကြီးတွေပြန်ပြောကြတာက ..၊

"သူရှာတာ သူသုံးတာပဲ .. နင့်ကို ငါတို့ ပိုက်ဆံရှာခိုင်းနေလို့လား လား .."

"မောင်မောင်ခင် ရယ် - မင်းက 'မီးအုပ်လျက်' 'ဖအုပ်လျက်' မွေးထားတဲ့ကလေးပါ၊ ဘယ့်နှယ်ကြောင့် မိမရှိ ဖမရှိ ကိုယ့်ဝမ်းကိုယ်ကျောင်းနေရဟဲ့သူကို အားကျနေတာလဲ မီဘဆီမှာ လက်ဝါးဖြန့်ပြီး ရတာလေးနဲ့ ကျေနပ်စမ်းပါ၊ မင်း သုံးခွင့်ရတဲ့ တစ်မတ်ငါးမူးက ကရင်မသုံးတဲ့ ငါးကျပ်တစ်ဆယ်ထက်တန်ဖိုးကြီးတယ်ဆိုတာ နောက်ဆို မင်းသိလာလိမ့်မယ် .."



တဲ့ ..။

မောင်မောင်ခင် မသိပေမယ့် တစ်မတ် ငါးမူးနဲ့ ငါးကျပ်တစ်ဆယ် ဘာဖြစ်လို့တန်ဖိုးမတူရတာလဲဆိုတာ အဲဒီအချိန်ကတည်းက ခြယ် စိတ်ဝင်စားခဲ့သည်။

ပြီးတော့ ပိုတန်ဖိုးကြီးသည့် ပိုက်ဆံကိုပဲ လိုချင်လာခဲ့သည်။

"ကိုယ့်ဝမ်းကိုယ်ကျောင်းနေရတဲ့ မိမရှိ ဖမရှိ .."

"မိဘဆီမှာ လက်ဝါးဖြန့်ပြီးရတဲ့ တစ်မတ် ငါးမူးနဲ့ ကရင်မသုံးနေတဲ့ ငါးကျပ်တစ်ဆယ် .."

ငွေရဲ့ တန်ဖိုးကို သူမ ခွဲခြားမက်မောလာခဲ့တာ ဤသို့ရှိရာ ..၊

"ခြယ်မှုန်း က ကျေးဇူးမသိတတ်တဲ့ မိန်းမပဲ မာမီ .."

ကြာရှည်စွာ တိတ်ဆိတ်နေပြီးမှ ခြယ့် စကားသံလေးပြန်လည်ထွက်ပေါ်လာခဲ့သည်။

"မာမီ ဘာတွေပုံပေးပေး ခြယ် က ကျေးဇူးတင်မှာမဟုတ်တော့.."

သူမလေးက စကားတစ်ပိုင်းတစ်စနဲ့ ရှေ့မဆက်ဘဲကြည့်သည်။ ဒေါ်စိန်စီခြယ် ကလည်းငေးနေခဲ့၏။

ခဏကြာမှ ..၊

"ဒီတိုင်းနေကြတာကောင်းပါတယ် .." တဲ့ ..။

ခြယ် လှမ်းထွက်သွားသည့် ကျောပြင်လေးကို ကြည့်နေရင်း ဒေါ်စိန်စီခြယ် ရဲ့ မျက်ဝန်းမှာ မျက်ရည်တွေပြည့်ပြည့်သိပ်သိပ် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ကျောင်းဝင်းထဲမှာပေမယ့် ကျောင်းသားကျောင်းသူတွေနဲ့ အဝေးဆုံးနေရာတစ်ခုမှာ ထိုင်နေမိကြသည်။ သူက မေးစရာပြောစရာတွေအပြည့်နဲ့ရောက်လာခဲ့သော်လည်း သို့မ ပြောပြနေတာတွေကို နားထောင်ရင်း ကိုယ်ဝါလာတာတွေကိုလည်းမေ့၏။

"နင် ငါ့ဘဝကို စဉ်းစားကြည့်စမ်း လော ‥ ငါ့ဘဝနဲ့ ငါတစ်ထပ်တည်းကျရဲ့လား ‥"

သူ့မထံမှ မေးခွန်းတစ်ခုထွက်လာခဲ့သည်။

"ကူညီချင်တဲ့စိတ် ငါ့မှာရှိတယ်၊ ဒါပေမယ့် လူတွေကို ငါမချစ်ဘူး၊ ပိုက်ဆံတွေ ငါ ကိုင်သုံးနေနိုင်တယ်၊ ဒါပေမယ့် ဒီပိုက်ဆံတွေသုံးနိုင်နေတဲ့အတွက် ငါ ဂုဏ်မယူဘူး၊ ဒါကြောင့် ငါက မိုက်ရိုင်းနေတယ်ဆိုရင်တောင် ပိုက်ဆံချမ်းသာလို့မဟုတ်ဘူး ‥ အဲဒါကိုရော နင်ယုံလား‥"

သူ သက်ပြင်းချမိသည်။

"မိဘဆီမှာ လက်ဖြန့်တောင်းပြီးရတဲ့ပိုက်ဆံကို ငါမကိုင်ခဲ့ဖူးဘူး၊ နင် သုံးလှချေလား ‥ ပိုက်ဆံကိုချွေတာသုံးမှပေါ့ ‥ ဘာတွေသုံးနေလို့



ဒီလောက်ကုန်နေတာလဲ ‥ မရတော့ဘူး နောက်ဆို မုန့်ဖိုးလျှော့ပေးတော့မယ်၊ အပေါင်းအသင်းသူငယ်ချင်းတွေကြည့်ပေါင်းပါ သမီးရယ်၊ ပေးကမ်းရက်ရောတယ်ဆိုတာ ဘယ်လိုရှိတယ် ဘာညာတွေ ‥"

စကားတွေ ဆက်တိုက်ပြောချသွားပြီး မဆုံးသေးဘဲရပ်ပစ်သည်။ ပြီးမှ ‥၊

"ငါ အဲ့ဒီလိုပိုက်ဆံကို လက်ဖြန့်ယူချင်တယ် ‥ ဒက်ဒီနဲ့ မာမီ တဗျစ်တောက်တောက်ဆူနေလို့ ခေါင်းကုတ်ခြေဆောင့်ပြီး စိတ်တောက်ရတာမျိုး ဖြစ်ချင်တယ် ‥"

"မိဘဆီမှာ ပိုက်ဆံကိုလက်ဖြန့်တောင်းချင်ရအောင် နင်က တလေးလား ‥"

"နင်တို့ကတော့ လက်ဖြန့်မတောင်းလို့လား ‥"

"ငယ်ငယ်တုန်းက တောင်းခဲ့တယ်လေ၊ ခု ကြီးလာတော့ တောင်းဖို့မလိုအောင် မိဘကလုပ်ပေးထားတာပဲ၊ နင်က ချမ်းသာတဲ့မိဘတွေနဲ့ တစ်ဦးတည်းသော သမီးမို့လို့ ထင်သလိုနှိုက်သုံးနေနိုင်တယ်၊ ငါတို့ကတော့ နင့်လိုမဟုတ်တဲ့အတွက် နင့်လောက်မသုံးနိုင်ဘူး ‥ ဒါပဲကွာတယ် ‥"

"မဟုတ်ဘူး ‥"

"မဟုတ်ဘူးဆိုတာ ဘာကိုပြောတာလဲ ခြယ် ‥ နင် ဟုတ်တယ်လို့ထင်နေတာက ဘာလဲ ‥"

"ငါ့ကို ဒက်ဒီနဲ့ မာမီက ‥"

"ပြော ‥ နင်ထင်တဲ့အတိုင်းပဲပြော ‥"

"ပြန်ရောက်လာတဲ့ ခြယ်မှုန်း ရဲ့ ဘဝကို သူတို့လက်မခံနိုင်ကြဘူး ‥"

"အဲ့ဒါ နင် လုံးဝလွဲနေတာပဲ ‥"

ခြယ် နှုတ်ခမ်းလေးမဲ့သွားခဲ့သည်။

"အရိုးကွဲအောင်ရိုက်လို့ အသည်းစွဲအောင်ချစ်သည်" တဲ့ ‥။

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားပုံက ကိုယ်နဲ့သက်ဆိုင်သလား မဆိုင်ဘူးလားဆိုတာ မသိ...။ သူမ ခံစားနားလည်ခဲ့သည်က 'အချစ်စစ်ဟူသမျှ နာကျင်ရ၏' ဆိုတာပင် ...။

"နင် ပိုက်ဆံရှာတာကိုမလိုချင်လို့ နင့်ကို ဘာမှမခိုင်းဘဲ ထားတာလေ၊ ဘာဖြစ်လို့ လောဘကြီးရတာလဲ မောင်မောင်ခင်၊ မိဘပေးတဲ့မုန့်ဖိုးနဲ့ပဲ နင် မရောင့်ရဲနိုင်ဘူးလား .."

"နင် အဲ့ဒီလူတွေနဲ့လိုက်ပြီး အလုပ်လုပ်တာ ကွယ်ရာမှာ ကာလနာတိုက်ပြီး သေနေရင် ဘယ်သူသိမှာလဲ၊ မြောင်းကြိုမြောင်းကြား ချောင်ကြိုချောင်ကြားမှာ မြွေပွေးအပြုံလိုက်ကိုက်သေနေမယ် နားလည်လား.."

"မိန်းကလေးတစ်ယောက်က အရုက်အကြောက်တရားနည်းလာရင် နေရာတကာမှာ စောင့်ထိန်းမှုလျော့နည်းလာတတ်တယ်၊ နင်တို့မှာ အမေမရှိတော့လို့ သမီးမိန်းကလေးတွေကို ဒီအဖေ မထိန်းတတ်ရှာဘူးလို့ သူများဝေဖန်တာ ငါမခံနိုင်ဘူးနော် .. ပြောစကားနားမထောင်ရင်တော့ သူများကဲ့ရယ်တာခံမယ့်အစား ငါ့လက်နဲ့ ငါ ရိုက်သတ်ပစ်မှာ .." တဲ့ ...။

ဘဘစန်း က သူ့သမီးတွေကို ဆုံးမတာကြားခဲ့ဖူးသည်။ မောင်မောင်ခင့် အမေ နှုတ်ကြမ်းလျှာကြမ်းနှင့် ကျိန်တွယ်ကြိမ်းမောင်းတတ်သမျှ သားကိုစိုးရိမ်နေတာတွေက သိသာပါသည်။

ကရင်မ ဆိုတဲ့ သူမကိုတော့ ချိုချိုသာသာချော့မော့ပြောပြမယ့်လူလည်းမရှိ၊ 'ကာလနာတိုက်ပါစေ' 'မြွေပွေးကိုက်မယ့်ကောင်' ဆိုပြီး ဆဲရင်းဆိုရင်း စိုးရိမ်မယ့်မိဘလည်းမရှိ ...။

သူမ စိတ်ကူးယဉ်နေခဲ့မိတာက အမေပြုံး ပြောတဲ့အတိုင်း သူမရဲ့ မိဘအရင်းတွေနဲ့သာ ပြန်ဆုံခွင့်ရခဲ့ပါလျှင် ဆူပူကြိမ်းမောင်းမယ့် အမေလည်းရှိမည်။ အဖေလည်းရှိမည်။

မုန့်ဖိုးတွေလည်းပေးမည်။ တတွတ်တွတ်ဆုံးမစကားတွေလည်း နားငြီးအောင်ကြားရတော့မည်လို့ ...။

"နင် သိလား လော .. ငါ ဈေးလည်ရောင်းခဲ့ရတယ်၊ ဈေးရောင်း



တတ်နေတဲ့အတွက် ငါ ပိုက်ဆံကိုင်နိုင်ခဲ့တယ်၊ သူတို့အားလုံး ငါ့ကို မကြင်နာကြပေမယ့် ငါ့ပိုက်ဆံကို ခေါင်းပုံဖြတ်ယူမယ့်လူမရှိဘူး၊ ငါ့မှာ မရှိရင်လည်း စားပါသောက်ပါလို့ ဘယ်သူကမှ လာမကျွေးကြဘူး... ငါလေ .."

ခြယ် က ကိုယ့်အကြောင်းကိုယ်တွေးလိုက်၊ စကားသံလေးထွက်လာလိုက်နှင့် ...။

"ငါ အဲ့လိုမျိုး ယူလည်းမယူ၊ ပေးလည်းမပေးတဲ့ ပတ်ဝန်းကျင်ကို မုန်းတယ်၊ မုန်းတယ်ဆိုတာထက် ခါးသီးနေမိတာဆိုရင် ပိုမှန်တယ်၊ ငါ့ဘဝအခြေအနေ ဘယ်လိုဖြစ်နေနေ ငါ့အတွက် ပိုက်ဆံမရှားခဲ့ဘူး၊ အဲဒါကြောင့် ငါလိုသလောက်ပုံပေးနေတဲ့ ပိုက်ဆံတွေအတွက် ငါ ကျေးဇူးမတင်ဘူး .."

"နင် အဲဒါတွေကို အန်ကယ်လ်တို့ကိုပြောခဲ့ဖူးလား .."

"မလိုပါဘူး .."

"လိုတယ် ခြယ် .. နင်နဲ့ အန်ကယ်လ်တို့က တစ်နှစ် နှစ်နှစ်တည်းဝေးကွာခဲ့ကြတာမဟုတ်ဘူး၊ မိဘနဲ့ သားသမီးဆိုပေမယ့် သူတို့ကွယ်ရာမှာ နင် ဘယ်လိုရင်ဆိုင်ကျော်ဖြတ်ခဲ့ရသလဲ ဘယ်လိုခံစားခဲ့ရသလဲဆိုတာ ဘာမှ သေချာသိကြတာမဟုတ်ဘူး .."

"သိလို့သာ .. အဲ့ဒီဆိုးရွားမှုတွေကိုမေ့လိုက်ပါလို့ ပြောတာပေါ့.."

"အဲ့ဒါ နင့်အတွက် .."

"သူတို့အတွက်ပါ .. ငါ ဖြတ်သန်းခဲ့ရတဲ့ဘဝက လူကုံထံအသိုင်းအဝိုင်းတွေထဲမှာ ချပြရဲစရာမှမရှိတာ .."

"မဟုတ်သေးဘူး ခြယ် .. နင် ထင်ရာနင်တွေးပြီး မှန်မနေနဲ့၊ အန်ကယ်လ်မင်းတို့ ရင်ထဲမှာ နင် ဆင်းရဲခဲ့တယ်၊ ဒုက္ခများခဲ့ရတယ်ဆိုပြီး နင့်အတွက် ပုံအောချပေးထားခဲ့တာ .."

"ဒီငွေတွေ သုံးဖြုန်းပြီး ငါ ထင်ရာတွေလုပ်နေခဲ့တာ သူတို့နဲ့မဆိုင်တော့ဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



“ဒါက ..”

“ငွေတွေနဲ့ချော့ပြီး ငါ ဒီ့ထက်ပျက်စီးသွားခဲ့ရင်ရော ..”

“နင် မပျက်စီးဘူးလေ ..”

“ငါက မိဘလက်ထဲပြန်ရောက်တဲ့အချိန်ထိ ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနေရတဲ့မိန်းမ ..”

“အဲ့ဒါ နည်းတဲ့အရည်အချင်းမှတ်နေလို့လား .. နင် အကြီးကြီး လွဲနေပြီ ခြယ် .. ငါ နင့်အတွက် စိတ်ပူနေရတာ အဲဒါတွေလည်းပါတယ်၊ နင် ငယ်ငယ်က မိဘမေတ္တာတော်မှတ်ခဲ့တဲ့အစွဲက ခုချိန်ထိ ဒီတိုင်းရှိနေခဲ့တာ အန္တရာယ်ကြီးတယ် ..”

ခြယ် က နှုတ်ခမ်းမဲ့ပြီး တစ်ဖက်လှည့်လိုက်တော့ လော က ထိုင်ရင်းတနေ ပခုံးချင်းတိုက်ပစ်လိုက်ကာ ..၊

“ခြယ် ...”

“ဘာလဲ ...”

“မိဘဆီမှာ လက်ဖြန့်တောင်းပြီး ဆူတာရိုက်တာခံချင်တဲ့ ကာလတွေကို ထားခဲ့လိုက်စမ်းပါ .. အဲ့ဒီတုန်းက နင် သူများတွေနဲ့နေခဲ့ရတဲ့ ကလေးအရွယ် .. အခု နင် အပျိုကြီးဖြစ်နေပြီ ..”

“အပျိုကြီးဖြစ်မှ ငါ ပြန်လာတာမဟုတ်ဘူး၊ ရှစ်နှစ်ကျော် ကိုးနှစ် သမီးတည်းက ငါ အိမ်ပြန်ရောက်တာ ..”

“အဲဒီတည်းက နင် ခုထိ ဟိုကပါလာတဲ့ခံစားချက်တွေနဲ့ ရှိတက်ခဲ့တာမဟုတ်ဘူးလား ..”

“ဟုတ်တယ် ရဲစခန်းမှာ ကျွန်မ မိဘမဲ့ပါလို့ပြောခဲ့တာလည်း ဘယ်သူတွေဘာပြောပြော ငါ တွေးနပ်တယ်၊ ဘထ်မှာ ငါ့အတွက် ငွေတွင်းကြီးတူးပေးထားတော့ ဒီငွေတွင်း မကုန်မချင်း ငါ ဖြုန်းမယ်၊ သုံးလှချေလားလို့ မာမီ မပြောသရွေ့ သုံးလို့ကုန်ရင် လမ်းပေါ်ထွက်ကြပစ်ဖို့ထိ ဆုံးဖြတ်ထားတာ ..”

ရဲစခန်းမှာ မိဘမဲ့လို့ ပြောခဲ့တယ်ဆိုပါလား ..။



သူကိုယ်တိုင် ရောက်ခဲ့သားနဲ့ ဒါကို ဘာဖြစ်လို့မသိခဲ့တာလဲ ..။

လော တအံ့တသြပြန်ကြည့်လိုက်မိသည်။ မိဘက ‘ငါ့သမီးလေး ဆင်းဆင်းရဲရဲနေခဲ့ရတယ်” ဆိုပြီး စိတ်ကြိုက်သုံးစွဲနိုင်အောင် ဖြည့်ဆည်းပေးထားကြသည်။

သမီးဖြစ်သူကတော့ မဆုံးမ မတားမြစ်တာတွေကို တစ်လွဲကြီးတွေးပြီး နာကျင်နေခဲ့၏။ ခြယ်မှုန်းဆိုသည့် မိန်းကလေးတစ်ယောက် ဘယ်လိုထူးခြားဆန်းပြားသည့် အယူအဆအတွေးတွေနဲ့ လောကကြီးထဲကို ဝင်ရောက်လာခဲ့တာလဲ ..။

“နင် ငါ့ကို ရိုင်းလိုက်တာလို့ ထင်သွားပြီလား ..”

“မထင်ပါဘူး .. အားလုံးက ကိုယ့်အတွေးနဲ့ ကိုယ်ပဲ ..”

“ဟုတ်တယ် .. ငါ ထင်ရာလုပ်နေတဲ့အတွက် ငါလုပ်တဲ့ကောင်းကျိုး ဆိုးကျိုးက ငါနဲ့ပဲဆိုင်တယ်လေ .. အဲဒါကြောင့် မာမီတို့ ဂုဏ်ကျက်သရေမညှိုးရအောင် မိဘမဲ့လို့ပြောလိုက်တာပါ၊ အဲ့ဒါ မာမီ သိရင်လည်း ကျေးဇူးတင်သွားမှာပါ ..”

“နင် ငရဲကြီးနေပြီဆိုတာတော့ ငါ သေချာပြောနိုင်တယ် ..”

“ဘာဖြစ်ဖြစ် မကြောက်ဘူးဆိုတာလည်း ငါပြောနိုင်ပါတယ်၊ တော်ပြီဟာ ငါ နင့်ကို ဒီနေရာလာဖို့ မရမကခေါ်မိတာ အဲ့ဒါတွေ ပြောချင်လို့ပါ၊ ခု ပြောလိုက်ရတော့ ပေါ့သွားပြီ .. နင်ပြန်တော့လေ ..”

“နင်ကရော ..”

“ငါ ဒီနေ့ အတန်းမတက်တော့ဘူး ..”

“ဘယ်နှစ်ရက်ရှိပြီလဲ ..”

“အဲဒါ နင် ပူစရာမလိုပါဘူး ..”

“မပူလို့ရမလား .. နင်က ငါ့ကို ပြောချင်စိတ်ရှိတာလေးတွေပြောပြီးရင် ပြန်တော့ ဟုတ်လား .. နင့်အတွက် ငါက ဘာလဲ ..”

“စကားပြောဖော် သူငယ်ချင်း ..”

“ဘာ !...”

www.burmeseclassic.com

www.burmeseclassic.com



ပြောတာလည်း ဟုတ်နေသည်။ ဒါပေမယ့် နားထဲမှာ ခါးသွားခဲ့သည်။

"ငါ ရဲစခန်းရောက်သွားတဲ့ကိစ္စကြောင့် နင့်အမေနဲ့ အစ်မ ငါ့ကို မခေါ်ဖို့တားမြစ်ထားမှာပဲဆိုတာ ငါသိတယ် .."

"တားတား .. မတားတား အခု ငါ နင့်ရှေ့မှာရှိနေတာပဲ .."

"အဲဒါကို ကျေးဇူးတင်ပါတယ်၊ အဲဒါကြောင့် ပြန်တော့လို့ပြောနေတာ .."

"နင် ကျေးဇူးတင်တာခံယူဖို့အတွက် ငါလာတာပေါ့ .."

"ငါက နင် ရင်ဆိုင်ရမှာကို သိလို့ပြောနေတာ .."

"သိရင် ငါ့ကို နင် ဒီနေ့ရာထိ ခေါ်မထုတ်ပါဘူး .. စာနာတတ်တာ နင့်အကျင့်မှမဟုတ်တာ .."

"ကျေးဇူးပဲ .."

"ဘာအတွက်လဲ .."

ခြယ် က ရယ်လိုက်ကာ ..၊

"ငါ အဲ့လိုမိန်းမပဲဆိုတာသိရက်နဲ့ ငါ့ဘက်က ရပ်တည်ပေးဖော်ရလို့ .."

နောက်ထပ် ကျေးဇူးတစ်ခါထပ်မရဖို့အတွက် ကိုယ့်ဘာသာပဲ နှုတ်သိမ်းဖို့ဆုံးဖြတ်ကာ ..၊

"သွားမယ်လေ .."

"အင်း ..."

"နင် အတန်းမတက်ဘူးဆိုပြီး ဒီမှာဘာထိုင်လုပ်နေမှာလဲ .."

"ငါ့ဘာသာနေခဲ့ချင်လို့ပါ၊ သွားမှာသွားတာမဟုတ်ဘူး .."

"သွားမှာပေမယ့် ငါ တစ်ယောက်တည်းသွားမှာမဟုတ်ဘူး .."

"ဟင် .. ဘာ ..."

လော က နှုတ်ကမဖြေတော့ဘဲ ခြယ့် လက်လေးကိုငုံ့ယူဆွဲကာ..၊

"ထပါဆိုဟာ .."



"လော .. နင် အတန်းမတက်တော့ဘူးလား .."

ကမန်းကတန်းထရပ်လိုက်ရင်း မေးတော့ လော ခေါင်းခါပြကာ...

"အခု ဘယ်သွားမှာလဲ ပြော .."

"မသိဘူး .. ငါ နင်တို့နဲ့ မတွဲသင့်တော့ဘူးထင်လို့ .."

"ဘာဖြစ်လို့ထင်တာလဲ .."

"ဖင်နီ နဲ့ နင့်ကို အိမ်ကလူကြီးတွေက ကျောင်းတောင်မတက်နိုင်းဘဲ ထားကြတာ .."

ဒါကို မရမက ခေါ်ထုတ်ဖို့ကျတော့ အားနာရမှန်းသိလို့လား ..၊

အတန်းရှေ့ကလာပြီး ခေါ်ထုတ်ခဲ့သည်။ ဖင်နီ ကတော့ အတန်းထဲရောက်ပြီဆို ဘယ်တော့မှ ပြန်ထွက်တတ်တဲ့အကျင့်မရှိပေ။ သူ ထထွက်လာတော့ ဒီတိုင်းငေးရင်း ကျန်ရစ်ခဲ့၏။

"နင် ဘာပြုံးတာလဲ .."

"ကြောက်တတ်သလိုလို လူရှိန်အောင်ပြောနေလို့လေ .."

နှစ်ယောက်အတူလျှောက်လာကြရင်း ပြုံးမိကာ ..၊

"ငါကမကြောက်ပါဘူး .. နင်တို့အဆူခံထိမှာတွေးမိလို့ .."

"နင် အဲ့ဒီလိုစာနာပေးတတ်တဲ့အကျင့်လည်း မရှိပါဘူး ခြယ် ရာ၊ ထပ်ခါထပ်ခါပြောနေရတာ အားနာလာပြီ .."

ခြယ် က သူ့လက်မောင်းကို လက်သီးနဲ့ ခပ်ဖွဖွထိုးလိုက်ကာ ..၊

"တစ်ခါတလေ စိတ်ထဲမှာဖြစ်လာတာကို မဖြစ်သလိုနေလိုက်ရတာတွေရှိတယ်နော် .. နားမလည်ဘဲနဲ့ .."

"ဘာလဲ .. ငါ့ကို အချိန်မရွေးခေါ်နိုင်းချင်နေတာကိုလား .."

"အင်း .. ဟုတ်လားမသိဘူး .. လော ဆိုတဲ့ချာတိတ်က ခုလို အလိုက်တသိ အနစ်နာခံပေးတတ်တာတွေလည်းရှိတော့လေ .."

"ဒါဆိုလည်း လုပ်ပါ .. စိတ်ထဲမှာဖြစ်လာတဲ့အတိုင်းပေါ့၊ မဖြစ်သလိုနေရင် ပင်ပန်းနေမယ် .."

"အဟွန်း .. ဟွန်း .."

www.burmeseclassic.com

www.burmeseclassic.com



"မိခြယ်မှုန်းမ .."

ပခုံးလေးတွန့်ပြီးရယ်နေသည့် ခြယ့် နဖူးလေးကို လော က စာအုပ်နဲ့ ဖက်ခနဲရိုက်သည်။ ခြယ် က ရှောင်နေကျ အကျင့်ပါနေသည့်အတိုင်း နောက်ကို ခြေလှမ်းဆုတ်လိုက်လျှင် ...၊

"ဝေး ..."

"ဟာ ..."

ခြယ့် ထော့ပြင်လေး ရင်ခွင်တစ်ခုမှာ ထိကပ်မိသွားခဲ့၏။ ခြယ် ထမန်းကတန်းပြန်ရုန်းထွက်လိုက်ပေမယ့် နောက်ကနေ လက်မောင်းနှစ်ဖက်ကို ကိုင်ထားလိုက်သဖြင့် ဖက်ထားလိုက်သလိုဖြစ်သွား၏။

လော ကြည့်လိုက်တော့ စိုင်းလတ် နဲ့ သူငယ်ချင်းနှစ်ယောက်ကို မြင်လိုက်ရကာ မျက်လုံးထဲမှာ မီးပွင့်သွားသည်။

"ဟေ့ကောင် .. လွှတ်လိုက် .."

"ဟား .. ဟား .. ဟား .."

"ခွစ် ..."

"ဟာ ..."

"ဟေ့ .. ဟေ့ .. ရန်မဖြစ်ကြနဲ့ .."

"မိုက်ပါ့ကွာ .. ကျောင်းဝင်းထဲမှာ ဖြစ်ရဲတယ် .."

မဖွယ်မရာမြင်ကွင်းကြောင့် လော ရဲ့ ဒေါသတွေဘရိတ်လွတ်သွားသလို စိုင်းလတ်တို့ လော ကို ဆွဲချုပ်လိုက်တာနှင့် ခြယ် ကလည်း သည်းမခံ ...။

ထို့ကြောင့် စတ္တုန္ဓုပိုင်းအတွင်းမှာ ထိုးကြိတ်တိုက်ခိုက်မှုတွေ ဖြစ်ခဲ့ရပြီး ...၊

"မင်းတို့ကို ပါချုပ်ဆီပို့ရမယ် .."





အခန်း (၁၉)

"ဒီကိစ္စ မင်းတို့မိဘတွေကိုခေါ်ပြီး .."

"ခြယ့် မိဘတွေက စင်ကာပူမှာပါ .."

စကားဖြတ်ပြောလိုက်သဖြင့် ပါချုပ်က မျက်နှာတည်တည်နှင့် လှည့်ကြည့်သည်။

"အိမ်မှာ အုပ်ထိန်းသူတစ်ယောက်ယောက်မရှိဘူးလား .."

"မရှိပါဘူး .."

ယောက်ျားလေးတွေအများကြီးတန်းစီထိုင်နေကြတဲ့အထဲမှာ ခြယ်တစ်ယောက်နဲ့ပဲ စကားပြောနေရသည့်အဖြစ်မှာ ...၊

"ခြယ် တက္ကသိုလ်စတက်တည်းက ဒက်ဒီနဲ့ မာမီက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေကြတာ၊ အဲဒါကြောင့် ခြယ် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ သတ္တိ ဝညာတွေမွေးမြူထားရတာပါ .."

ပြောပြီး စိုင်းလတ်တို့ကို တည့်တည့်စိုက်ကြည့်လိုက်တော့ ...၊

"ကျောင်းဝင်းထဲမှာတောင် မိန်းမသားတစ်ယောက်ကို အစွင့်အရေးရှင် ရသလို ကျူးကျော်စော်ကားဖို့ ဝန်မလေးတဲ့ ကျောင်းသားဆိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတော့ စိတ်ချလက်ချသွားလာနိုင်တဲ့နေရာဆိုတာ မရှိသလောက် ဖြစ်နေပါပြီ၊ ခုလည်း ခြယ့် ကို လူရှေ့သူရှေ့မှာ ဖက်လားဆွဲလား လုပ်ကြလို့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရတာပါ၊ လော ့က အမြင်မတော်လို့ ဝင်ကူညီတဲ့ သူငယ်ချင်းပါ .. ဒီကိစ္စ သူနဲ့မဆိုင်ပါဘူး .."

"ဆိုင်တာမဆိုင်တာထက် ကျောင်းဝင်းထဲမှာ ရန်ဖြစ်လို့မရဘူး၊ ဖြစ်လာပြီဆိုရင် ပါဝင်ပတ်သက်သူတွေအကုန်လုံးကို ခေါ်ရမှာပဲ .."

"ကျွန်တော်တို့ သူပြောသလိုမဟုတ်ဘူး ဆရာကြီး .. ကျွန်တော်တို့ ကိုယ့်ဘာသာလျှောက်လာကြတာ၊ သူ့ဘာသာ ကျွန်တော့်အပေါ် လဲကျလာတာပါ .."

"ကိုယ့်ဘာသာလျှောက်တာက ငါ့နောက်မှာ ကပ်ထပ်ပြီးတော့လား .."

"နင်တို့ ပုတ်ခတ်ကျီစယ်ပြီး ငါ့ပေါ်လဲကျ .."

"ဟဲ့ကောင် .. နင့်ပါးစပ်ပိတ်စမ်း .."

"ခြယ်မှုန်း .."

ဒေါ်သထွက်လွန်းသဖြင့် ခြယ် က ကိုင်ထားသည့်ဖုန်းနဲ့ လက်ပြန်ထုဖို့ရွယ်လိုက်၏။ ပါချုပ်ရဲ့ တားဆီးသံဟိန်းထွက်သွားကာ ..၊

"မိန်းကလေးမို့ ကာကွယ်ခွင့်နဲ့ ခွင့်လွှတ်လို့ရပေမယ့် မင်းရဲ့ အပြုအမူအပြောအဆိုတွေက သိပ်ကိုရိုင်းလွန်းတယ် ခြယ်မှုန်း .."

"မိန်းကလေးမို့ ပြောရခက်နေတာတွေကို သူ အခွင့်အရေးယူနေတာ ဆရာကြီး .. ခြယ် လဲကျသွားတာမဟုတ်ဘူး၊ ခြေတစ်လှမ်းစာတောင် သေချာဆုတ်လိုက်မိတာမဟုတ်ဘူး .. အဲ့ဒါ သူက ခြယ့် နောက်ကျောမှာ .. ပြီးတော့ .."

ခြယ် ဘာပြောချင်တာကို ပါချုပ်က နားလည်သွားသည်။ စိုင်းလတ် ပျာယီပျာယာလက်ကာရင်း ..၊

"မဟုတ်ပါဘူး .. အဲ့လိုမဟုတ်ပါဘူး .. ကျွန်တော် .."

"အားလုံးတိတ် .."



လူငယ်တွေအားလုံးကို အပြစ်ရှိတဲ့အတိုင်း အပြစ်ရှိသူကို ခွဲခြားချမှတ်ပြီး တစ်ယောက်တည်းကျန်ခဲ့လျှင် ပါချုပ်က ဖုန်းခေါ်လိုက်၏။

"ဟဲလို .."

"မိစီလား .."

"ဟုတ်ပါတယ် .. ခု .."

"ငါ .. ကိုကိုမောင် .."

"ဟင် .. ကိုကိုမောင် သမီးလားဟင် .. သမီးလေး ဘာဖြစ်လို့လဲ ..."

"နင့်သမီး ဘာမှမဖြစ်ဘူး .."

ပါချုပ် ဦးကိုကိုမောင် က အဖြစ်သနစ်ကို ပြောပြလိုက်ပြီး ပင့်သက်ရှိုက်ကာ ..၊

"မွေးလည်းမွေးတတ်တယ် စီစီရယ် .. ငါကတော့ ဘက်လိုက်မှာမဟုတ်ဘူးနော် .. သူလုပ်ခဲ့တာ မိန်းကလေးမို့လို့ အပြစ်မဆိုသာပေမယ့် သူ ပြောဆိုတွေးခေါ်ပုံတွေက .."

"အေးပါ ငါသိပါတယ် ကိုကိုမောင်ရယ် .. ငါ့သမီးလေး ဒီလိုဖြစ်ရတာ ငါတို့ကြောင့်ပါ၊ အားလုံးလည်း နင့်ကိုပြောပြပြီးပါပြီ၊ ငါ ဆုံးမပါ့မယ် ငါ့ကိုမပြောဘဲနဲ့တော့ နင် တစ်ခုခုအပြစ်ဒဏ်မသတ်မှတ်လိုက်ပါနဲ့ .."

"သတ်မှတ်ပေးပါလို့ သူကိုယ်တိုင်မပြောရုံတစ်မယ်ပဲ .. ပြီးတော့ နင့်သမီးက နင်တို့မြန်မာပြည်မှာမရှိဘူးလို့ပြောခဲ့တာ .."

"ဟုတ်တယ် .. ငါတို့ကို .."

ဒေါ်စိန်စီခြယ် ဖုန်းကိုဆုပ်ကိုင်ထားရင်း ပြောပြချင်သော်လည်း ပြောမထွက်နိုင် ...။

"ငါ့ကိုခင်ရင် ငါ့သမီးလေးကို နားလည်ပေးဖို့ကြိုးစားပေးပါ ကိုကိုမောင်ရယ်၊ သမီးနဲ့ ငါတို့ ခုချိန်ထိ နားလည်မှုမရကြသေးဘူး ထင်တယ်၊ ငါ့မှာ အရမ်းခက်ခဲနေလို့ပါ .."

"အေးပါ .. ငါ့ကို ဒီလောက်ပြောဖို့မလိုပါဘူး၊ ငါ သူ့ကိုမြင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်မှာ အဆိပ်သင့်နေတာကိုခံစားမိတယ်၊ သူ့မှာရှိတဲ့ မဟုတ်မခံစိတ်က တစ်လွဲအားကောင်းနေတော့ ခုချိန်မှာ နားလည်ရခက်မှာပဲ၊ ဘာပဲဖြစ်ဖြစ် နင်တို့ ဒီထိုင်းကားကွယ်ဖေးမပေးနေရှုံ့နဲ့တော့ နင့်သမီးပုံစံ နူးညံ့ပျော့ပျောင်းလာမှာမဟုတ်ဘူး ..”

“ငါ နားလည်ပါတယ် .. ဒါပေမယ့် မကောင်းတဲ့စိတ် အားကြီးနေရင် ဘယ်လိုဆုံးမသွန်သင်မှုမှ တိုးပေါက်ဖို့မလွယ်ဘူး ကိုကိုမောင် .. အချိန်တစ်ခုတော့ စောင့်ရမှာပဲ ..”

ရင်ထဲမှာ နာကျင်နေမိသည်။ ရုံစခန်းမှာတုန်းကလည်း မိဘမဲ့ပါလို့ ပြောသွားသည်တဲ့ ...။

ခုလည်း မိဘတွေမရှိကြပါလို့ပြောခဲ့ပြန်ပြီ ...။

မိဘ ဂုဏ်သိက္ခာထိခိုက်မှာစိုးတာလား တကယ်ပဲ မိဘအပေါ်မှာ ယုံကြည်လေးစားမှုမရှိခဲ့တာလား ...။ ပါမောက္ခချုပ်ဦးကိုကိုမောင်က ကျောင်းနေဘက်သူငယ်ချင်းမို့ သမီး တက္ကသိုလ်တက်ကတည်းက ခေတ်ပုံပြီး သေချာအပ်နှံထားခဲ့တာပါ။

သူငယ်ချင်းအရင်းကြီးတွေပေမယ့် သူ့အလုပ်သူ့စည်းကမ်းကို ချိုးဖောက်ကူညီပါလို့တော့ မတောင်းဆိုသင့်ပေ ...။

“နင့်သမီးနဲ့ လော-ဆိုတဲ့ ကျောင်းသားက တခြားကျောင်းသားသုံးယောက်ကို ကိုယ်ထိလက်ရောက်စပြီး တိုက်ခိုက်ခဲ့တာ ..”

“ကောင်လေးကလည်း မဖွယ်မရာနှောက်ယှက်ခဲ့ပုံပဲ .. ဒါပေမယ့် မေးကြည့်လိုက်တော့ ရုံးခန်းရောက်လာတဲ့ ကျောင်းသားတွေအားလုံးထဲမှာ ကျောင်းသူဆိုလို့ သူပဲပါတယ်၊ သူ့မှာပဲ ပြစ်ချက်တွေရှိခဲ့တယ်၊ အဲဒါကို နင်စဉ်းစားကြည့် ..” တဲ့ ...။

ကြားလိုက်ရသမျှ ဖြေရှင်းရခက်သည့်ပြဿနာတွေချည်းပဲ ဖြစ်နေခဲ့လျက် ...။

“မမကြီး .. မမကြီး ..”

ဟင် ...၊



အနူး ရဲ့ ခေါ်သံကြောင့် ဒေါ်စိန်စီခြယ် ထိတ်ခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ ထင်သည့်အတိုင်း အနူး မျက်လုံးပြူးနေကာ ...၊

“မမကြီး ..”

“အင်း .. ပြောလေ အနူး ..”

“အငယ်လေးလေ ခြယ်လေး .. ကားနဲ့တိုက်သွားတာ ..”

“ဟင် .. ဘာကိုတိုက်သွားတာလဲ ..”

“ကားကို ..”

“ဟောတော် ..”

“လာထွက်ကြည့်ပါဦး ကားက သေးသေးလေးပဲ .. ဒါပေမယ့် ဘေးတစ်ခြမ်းလုံးပွန်းပွဲလိန်ပိန်လို့ ..”

ဒေါ်စိန်စီခြယ် ကပျာကယာထွက်လာခဲ့ရင်း ...၊

“သမီးတိုက်သွားတာပါလို့ ဘာသက်သေနဲ့ လာပြောနေရတာလဲ၊ ဟုတ်နေရင်တော့ ပြန်ပြင်ပေးမနေတော့ဘူး .. ကားရှိုးရှမ်းခေါ်သွားပြီး အသစ်ပဲဝယ်ပေးလိုက်တော့မယ် ..”

တောက်လျှောက်ပြောလာခဲ့ရင်း ‘သမီးက ဒီပြဿနာကို အိမ်မှာ သွားရှင်းဖို့လွှတ်လိုက်တာလား’ လို့ တွေးမိတော့ ကျေနပ်သွားမိသည်။

သမီးလေးရဲ့ ရှားပါးသော အားကိုးသမှု ဒါမှမဟုတ် ငါ့အိမ် ငါ့အမေ ငါ့အမေရှိတယ်လို့ သတ်မှတ်ထားခြင်းမည်သော သက်သေတစ်ခုအဖြစ် ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၀)

"မိုးတွေရွာနေပြီ .. နေဦး ငါ ထီးဖွင့်လိုက်ဦးမယ် .."

ဇင်နီ က ထီးဖွင့်ရင်းကျန်နေခဲ့သဖြင့် ဖွင့်ပြီးတာနှင့် လော နောက်ပြေးလိုက်၏။ ထိုစဉ် မိုးကပိုသည်းလာသဖြင့် ကျောင်းသားတွေ ရှုတ်ရှုတ်သဲသဲတွေ ဖြစ်ကုန်လေသည်။

"ဟဲ့ .. ဒီဘက်တိုးလေ လော ရယ် .. မိုးက သည်းနေပြီ .."

"ဟာ .. နေပါစေ .. နင့်ထီးလေးက ယပ်တောင်သာသာပဲရှိတာ.."

"ရပါတယ်ဟ .. ခေါင်းတော့ လုံပါတယ် .."

"နေပါစေ .."

လော က ဒီတိုင်းခြေလှမ်းကျဲကျဲလှမ်းနေ၏။ ဇင်နီ က အပြေးတစ်ပိုင်းလျှောက်နေသည်။ ထိုစဉ် သူတို့မြင်ကွင်းထဲကို ရောက်လာကြတာက သီဟအောင်ရယ် နေခြည်ရယ်၊ ခြယ် ရယ် ...။

ဘယ်လိုတွေတွဲမိတာမှန်းတော့မသိပေမယ့် သီဟအောင် မှာပဲ ထီးကိုင်ထားကာ နေခြည် ကို ခြယ် က ထီးအောက်ဝင်ဖို့ပြောရင်း လက်ကိုဆွဲပြီးပါ အတူခေါင်းစေ၏။

ပြီးတော့ သူမက လွယ်အိတ်ကိုခေါင်းပေါ်တင်ပြီး လမ်းတစ်ဖက်



ကူးသွားခဲ့၏။ လော ခြေစုံရပ်၍ငေးနေစဉ် ဇင်နီ က ထီးလာမိုးပေးရင်း...၊

"နည်းနည်း ငုံ့လိုက်စမ်းပါ .. နင့်အရပ်ကြီးကိုမီအောင် မိုးပေးနေရတာ နစ်ယောက်စလုံး စိုကုန်တော့မယ် .."

"နေပေ့စေဆိုမှ .."

"ဟဲ့ .. ဘယ်ကိုလဲ .."

"ခြယ် .. ဒီနေ့ အတန်းမတက်ဘူးဆိုပြီးတော့ .."

"ဘယ်မှာလဲ ခြယ် က .."

ဒီလောက်မျက်စိရှေ့ကဖြတ်သွားတာကို မမြင်ဘူးဆိုတော့ လော အံ့သြသွားပြီးလှည့်ကြည့်မိသည်။ ဇင်နီ က ဘာလဲဆိုသည့် မျက်ဝန်းလေးတွေနဲ့ မေးဆတ်၍ ...၊

"တွေ့လို့လား .."

"ကဲ.. မြန်မြန်လျှောက် .."

ဖြေလည်းဖြေမနေချင်တော့သဖြင့် ထီးကိုသူပဲဆွဲယူလိုက်ပြီး ဇင်နီ့ကို လုံအောင်ဆောင်းပေးထားကာ ...၊

"တောက် ..."

"ဟင် .. ဘယ်သူ့ကိုဒေါသထွက်နေတာလဲ .."

"ခြယ် .."

"ခြယ် ဘာဖြစ်လို့လဲ .."

"ငါ့ကိုတော့ အတန်းမတက်တော့ဘူးတဲ့ .."

"သူနဲ့ ငါတို့အတန်းမှမတူတာ၊ မတက်ဘူးဆိုပေမယ့် တက်လို့နင် မြင်တာပေါ့၊ ဟုတ်ပါရဲ့ အချိန်ပြည့်တက်နေတာလား .. ဘယ်အချိန်ဝင်တက်တာလဲမသိဘူး .. ငါတို့ကိုတောင် လာနှုတ်ဆက်ဖော်မရဘူးနော် .."

လော မျက်နှာသုန်မှုန်နေသည်။ ဒါပေမယ့် မေမေတို့ရဲ့ မလိုလားသံတွေကို ခြယ် လည်း ကြားမိလို့နေမှာပါ ...။ ဟိုအရင်က အိမ်မှာ ဇင်နီ့

www.burmeseclassic.com



လို့ပဲ ဝင်ထွက်စားသောက်တဲ့အထိ ရင်းနှီးခဲ့ကြသည်။

နောက်တော့ အလာကျဲသွား၏။ ထို့နောက်မှာတော့ မလာတော့ သလောက် ပြတ်တောက်သွားခဲ့သည်။ ခုဆိုရင် အိမ်ရှေ့ကိုတောင် ကား လိုက်မရပ်တော့ဘူး ..။ ဒါတွေက မေမေတို့ရဲ့ ဆက်ဆံရေးအခြေအနေ တွေကြောင့်ဆိုတာ သူသိသည်။

ဒါပေမယ့် သူ့စိတ်က မေမေတို့လိုမဟုတ်ဘူးဆိုတာ ခြယ်သိသည် ပဲ ..။

"လာလေ .. ဘယ်လို .. ဟိုမှာ ငါ့အမေ လာကြိုနေပြီ .."

"အဲဒါဆို လိုက်သွားလေ .. ငါ သွားစရာရှိသေးတယ် .."

"သွားစရာရှိရင်လည်း အမေ့ကိုပြောလို့ရပါတယ် .. ကားလည်း မပါဘဲနဲ့ မိုးတွေရွာနေတာ .. လာပါ .."

ခင်နီ က အနက်ရောင်တက္ကစီလေးရှိသည့်ဆီ ဆွဲခေါ်သည်။ သူက မလိုက်ချင် ..။

ထိုစဉ် ကားတစ်စီးဖြတ်မောင်းသွားသဖြင့် ခင်နီ့ ကို စိုးရိမ်ကာ လော က လက်ကိုဆောင့်ဆွဲလိုက်၏။

"အား ..."

"ဟိုမှာ ကားလာနေတာ မမြင်ဘူးလား .."

စိုးရိမ်သည့်ကရုဏာဒေါသသံကြောင့် လက်မောင်းလေးနှိပ်ရင်း ခင်နီ က မျက်စောင်းရွယ်၏။ ဒေါသမပါပေမယ့် နာတော့နာသွားတာ မို့ ..။

"လုပ်လိုက်ရင် အရမ်းပဲ .."

"အရမ်းမဟုတ်ဘူး ခင်နီ ရေ .. အဲဒါ ကြင်နာတာလို့ခေါ်တယ် ဟ .. စိုးရိမ်တာတွေ .. စိုးရိမ်တာတွေ .."

"မဟုတ်ပါဘူး .. ချစ်တာပါ၊ ဒီလိုနေရာမှာ ပွင့်အံထွက်လာတာ ပဲ .."



အတန်းထဲက သူငယ်ချင်းတွေ မြင်သွားကြပြီး ကပ်နောက်သွား ကြသည်။ ထိုအခါကျမှ စိုးရိမ်စိတ်နှင့် စိတ်လွတ်ကိုယ်လွတ်ဆွဲချလိုက်မိ သည့် ကိုယ့်လုပ်ရပ်ကို သတိထားမိခဲ့၏။

ခင်နီ့ ကို သူ ဆွဲလိုက်တာ အရှိန်များပြီး သူ့ရင်ခွင်ထဲ ပုံကျလာတာ ပြေးဖက်လိုက်တဲ့အတိုင်း ..။

"တွေ့လား .. သူများတွေ စကုန်ကြပြီ .."

"မတတ်နိုင်ဘူး .. ကိုယ့်ဘာသာ တစ်ယောက်တည်းပျော်ယာခတ် နေတာ .."

"နင်ကရော .."

အပြစ်တင်မလို့ပေမယ့် နောက်တောင်ကျနေသေးသည်။ မော့ကြည့် လိုက်တော့ လော ရဲ့ မျက်လုံးတွေက ဘာကိုရှာနေသလဲဆိုတာ သိသာ စွာဖြင့် ..။

ခင်နီ့ မျက်နှာလေးရွှေသွားသည်။ တော်တော်ရက်စက်တဲ့ လော ..။ သိသာသိစေ မမြင်စေနဲ့ပေါ့ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

အဖြူရောင်ဘောင်းဘီရှည်နှင့် ရှိန်း(န်)ရှပ်အဖြူပေါ်မှာ မီးခိုးရောင်ဂျက်ကက်လေးထပ်ဝတ်ထားသည်။ ဆံပင်တွေကို ကျစ်ဆံမြီးလေးတွေကျစ်ထားပြီးမှ အားလုံးနဖူးကနေ အပြောင်သိမ်းစည်းထား၏။

ပြီးတော့ အဖြူနဲ့ မီးခိုးရောင် စပ်ကျားလေးပါသော နားဆွဲရှည်က လှုပ်ခါနေသည်။ ခေါက်မြင့်ဖေါ့လ်ကင်းရှူးကြောင့် အစတည်းက မနိမ့်သည့်အရပ်က မြင့်မားသွယ်လျှစွာထင်းနေခဲ့၏။

"ဟိုမှာတွေ့လား .. အဲ့ဒါ ခြယ်မှုန်း ပဲ .."

"တော်တော်လှတာရကွ .."

"အရမ်းလည်းချမ်းသာတယ် .. သူကလည်း အရမ်းကြောက်ဖို့ကောင်းတယ် .."

"ဟုတ်လား .. ဘာဖြစ်လို့လဲ .."

"ဒါတွေ .. ဒါတွေတတ်တယ်လေ .."

တစ်ယောက်က လက်သီးတွေ တံတောင်တွေနဲ့ လုပ်ပြလိုက်တော့ တစ်ယောက်က မျက်လုံးပြူးသွားသည်။ ခြယ် ဝင်လာတာကိုကြည့်ကာ လော ရင်တွေပူသွားသည်။

ဒီနေ့က တီချယ့်မွေးနေ့ဖြစ်ကာ သူတို့မှာလည်း မိဘတွေပါပါလာ



ကြ၏။ ခင်နီ နဲ့ သူ့အမေက တီချယ့်အတွက် မွေးနေ့လက်ဆောင်ပေးရင်း စကားပြောကျန်ခဲ့ပေမယ့် သူနဲ့ မေမေက အတင်းပြောသူတွေရဲ့ အနီးဆုံးစားပွဲမှာထိုင်ပြီးနေပြီဖြစ်သည်။

မေမေကတော့ ထိုင်ကာစ အမှတ်တမဲ့ကြားလိုက်ပုံမပေါ်ပေ .. သို့သော် ခြယ် ကို လှမ်းမြင်လိုက်တာနှင့် မျက်နှာပျက်သွားကာ သူ့ကိုလှည့်ကြည့်သည်။ လော မသိသလိုနေလိုက်ရပေမယ့် ကြားနေရသည့်စကားသံတွေကိုတော့ နားစွင့်ထားမိ၏။

"ဟုတ်လား .. စိုင်းလတ် တို့နဲ့လား .."

"စိုင်းလတ် က ညွန့်မှူးပေါ့ကွာ .. အောင်လင်း တို့ ဖွဲ့တို့ ကလည်း သိတယ်မလား .. တကယ့်ကောင်တွေပဲ သူတို့က ကြည့်ရင် ဘာမှမဟုတ်သလိုနဲ့ .."

"ပြောစမ်းပါ ဘာတွေဖြစ်ကုန်သလဲ .."

"စိုင်းလတ် ကောင်တွေ တော်တော်ခံလိုက်ရတယ်၊ ဒါပေမယ့် ငါကြားတယ်ကွ .. ဒီကောင်တွေ အခါကောင်းကိုစောင့်နေတာ .."

"မိန်းကလေးတစ်ယောက်ကိုများကွာ .. အခါကောင်းစောင့်စရာမလိုပါဘူး .. ဘယ်လောက်တော်နေနေ မိန်းမက မိန်းမပါပဲ .."

"ဟုတ်တယ် .. တစ်ချောင်းချောင်းမှာတော့ ပိတ်မိမှာသေချာတယ်၊ ဟဲ .. ဟဲ နမျောစရာလေး .."

ခေါ်ရွှေစင် ဒီဘက်ပြန်ထွက်လာပြီမို့ ခေါ်ကြည်ဖြူ နဲ့ လူကြီးချင်းစကားတွေဖောင်ကာ အေးကပြောနေကြတာတွေကို မကြားကြပေ ..။

"သမီးတော့ ခြယ် နဲ့ တွေ့ပြီး ဟိုစားပွဲမှာကျန်ခဲ့တယ် မဖြူရေ" ပြောပုံက မျက်စိမျက်နှာပျက်ယွင်းစွာဖြစ်ကာ ..။

"လူချက်ကတော့ အဲ့ဒီမိန်းကလေး စရိုက်မကောင်းဘူးဆိုတာထင်ချင်စရာကိုမရှိဘူး .."

"ဟုတ်တယ် .. ကျွန်မလည်း အဲ့ဒါကိုတွေးမိနေတာ၊ အနီးတဖြစ်ဖြစ် အဝေးကဖြစ်ဖြစ် ဘယ်သူနဲ့မှ ရောနှောမသွားဘူး ထင်းနေအောင်ကို

www.burmeseclassic.com

www.burmeseclassic.com



လှတာ .. ဗိုက်ဆံပေါ်တိုင်း ဝတ်လည်းဝတ်နိုင်တာကိုး .. ဒါပေမယ့် သူ့အကြောင်းသိရင်တော့ ..”

“သူက ဘာဖြစ်နေလို့လဲ မေမေရာ ..”

နားအကြားမတော်ခြင်းက မပြောဘဲနေလို့မရအောင် ဖြစ်လာတော့ လော ဝင်ပြောမိ၏။ ထင်သည့်အတိုင်း အမေနှစ်ယောက်ရဲ့အကြည့်တွေ သူ့ဆီ ဒိုင်းခနဲရောက်လာကြပြီး ...၊

“ဘာမှမဖြစ်ဘူးလေ .. ဒါပေမယ့် ဘာဖြစ်နေလဲ အားလုံးသိနေကြတာပဲဟာ .. မိန်းကလေးတစ်ယောက်က ကိုယ်ကျင့်သိက္ခာပျက်စီးနေမှ ပျက်တာမဟုတ်ဘူး ..”

“ဟောတော် .. သမီးကီ ဒီခေါ်လာတယ် မဖြူရေ ..”

ကြည့်လိုက်တော့ ဇင်နီ နဲ့ခြယ် အတူတူလျှောက်လာကြတာ မြင်လိုက်ကြပြီး ဒေါ်ကြည်ဖြူ က ခေါင်းခါ၍ ...၊

“ဇင်နီ ခွဲခေါ်လာတာမဟုတ်လောက်ပါဘူး .. သူ့ဟာသူ ထလိုက်လာတာနေမှာ ..”

ပြီးတော့ ကိုယ့်သားကိုငဲ့ကြည့်မိသည်။ ဒီကောင်မလေး ကိုယ့်သားကိုတော့ ခိုင်းဖတ်လိုသဘောထားနေတာပါ။

မဟုတ်ဘူးဆိုရင်လည်း တစ်ခုခုပဲဖြစ်လိမ့်မည်။ ခုလည်း ငှလာရှိနေလို့ လိုက်လာတာမှန်း တစ်အစ်သိလိုက်၏။ ကိုယ့်ကိုမလိုလားကြမှန်းသိရက်နဲ့ လူကြီးတွေရှေ့မှာတောင် ဒီမိန်းကလေး ...။

“အန်တီဖြူ နဲ့ အန်တီရွှေ နေကောင်းတယ်နော် ..”

“အေး ...”

“ကောင်းပါတယ်ကွယ် ..”

အနားရောက်လာကြတော့ ထိုင်ကြမယ်ပဲရှိသေးသည် စုရီလေးက ခပ်လှမ်းလှမ်းကနေ လှမ်းခေါ်ကာ ...၊

“ခြယ် ရေ .. နှင့်မာမီနဲ့ ဒက်ဒီ လာတယ်ဟဲ့ .. နင်တို့အတူလာကြတာမဟုတ်ဘူးလား ..”



ခြယ့် မျက်နှာပေါ်ကအပြုံးတွေ ဖြုတ်ခနဲပျောက်ကွယ်သွားသည်။ သူမကိုယ်တိုင် အံ့သြသွားသလိုလှည့်ကြည့်လိုက်ပြီး ဒက်ဒီ ပြန်ရောက်လာတာကိုမြင်ကာ ငေးနေမိ၏။ ထို့ပြင် ...၊

ဒက်ဒီနဲ့ မာမီ ဒီကိုလာမှာမှန်း သူမ မသိခဲ့ခြင်းနှင့် ဝတ်သက်၍...၊

“ဘယ်လိုဖြစ်ကြတာလဲ .. သမီးတို့က အိမ်ကနေလာကြတာမဟုတ်ဘူးလား ..”

ဒေါ်ကြည်ဖြူ က မသိလို့မေးသော်လည်း သိနေသည့် မျက်လုံးတွေက အဖြေကို မျှော်လင့်နေပုံမျိုးမရှိ ...။ ဒေါ်ရွှေစင် က သားအမိသားအဖသုံးယောက်ကို လည်ပင်းတစ်ချက်ရှည်ရင်း မျက်လုံးဝေ့လိုက်ကာ ...၊

“ကြည့်ရတာ သားအဖေတွေ အဆင်မပြေကြတဲ့ပုံပဲနော် ..”

ခြယ် မျက်မှောင်ကုတ်လျက်လေးနှင့် ဘယ်သူမေးတာမှ မဖြေနိုင်...။

ဒေါ်ရွှေစင် နဲ့ ဒေါ်ကြည်ဖြူ တို့ မျက်လုံးချင်းဆုံသွားကြ၏။

“ခြယ့် .. ထိုင်လေ ..”

လော က ဘယ်သူမှစကားမဆက်နိုင်အောင် သူ့ဘေးမှာ ခုံဆွဲပြီး လာထိုင်ခိုင်းလိုက်၏။ ဒေါ်ကြည်ဖြူ က ဖျတ်ခနဲလှမ်းကြည့်၍ ...၊

“ဇင်နီ ထိုင်လေ သမီး ..”

လော ပြင်ပေးလိုက်သည့်ခုံကို မေးဆတ်ပြ၍ ထိုင်ခိုင်းလိုက်သည်။ ဇင်နီ က ခေါင်းလေးညိတ်ပြီး ဝင်ထိုင်ကာ ...၊

“ခြယ် .. ထိုင်လေ ..”

လော ရဲ့ ဘေးကခုံနေရာအတွက် ခြယ် က စိတ်မဝင်စားပါ။ သူမရဲ့စိတ်တွေ ပျံ့လွင့်နေတာက ဒက်ဒီနဲ့ မာမီတို့ မွေးနေ့ကိုရောက်လာကြခြင်းနှင့်ပတ်သက်၍ ...၊

“ဒါနဲ့ သမီးရဲ့ အမှတ်စုတွေပြီးသွားပြီလား ..”

“ရှင် ..”

“သြော် .. ဟိုတစ်ခါ ယောက်ျားလေးတွေနဲ့ ထိုးကြိတ်ကြဖြစ်ကြတာလေ ..”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေစင် စကားစလိုက်ချိန်က မွေးနေ့ရှင် ကထိကဒေါ်ချယ်ရီနှင့် ဆရာမသုံးယောက်ရောက်လာကြသည့်အချိန်မှာပဲ ဖြစ်ကာ ..၊

"ပြီးခဲ့တဲ့ ဖရိုက်ဒေးကပဲ ကောင်လေးတွေနဲ့ ဖြစ်ကြသေးတယ်လေ၊ သားတောင် အဆစ်ပါသေးတယ်၊ အဲဒါကတော့ ဟိုကောင်လေးတွေလွန်တာပဲထင်ပါတယ် .."

"အန်တီတို့က စကားပြောနေကြတာလား .. အားရပါးရသုံးဆောင်ရမယ်နော် .. သုံးမျိုးတောင် စီစဉ်ထားတာ .."

ကထိကဒေါ်ချယ်ရီနိုင် က အသက်ဆုံးဆယ်ဝန်းကျင်လောက်ပဲ ရှိတာ နောက်က ကထိကတွေလည်း အသက်တွေသိပ်ကွာခြည်မထင်ပေ ..။

သူမတို့နဲ့ ဓရှေးမနှောင်းမှာပဲ စားစရာတွေရောက်လာကာ ..၊

"ဘူးဖေးနော် .. ဒါက သက်သက်ညှော်ခံတာ ဟိုမှာကြိုက်တာ သွားယူလို့ရတယ် .."

"ဟုတ်ပါပြီ .. ဟုတ်ပါပြီ .. သမီးတို့တီချယ်တွေက ငယ်ငယ်ချောချောလေးတွေပဲ .. ဒါကြောင့် သမီးက သူ့တီချယ်ကိုပဲပြောပြောနေတာ .."

"ဟုတ်လား .."

ဒေါ်ချယ်ရီနိုင် က တခြားဆရာမတွေနဲ့ပါ မိတ်ဆက်ပေးလျှင် ..၊

"ခုလို ဆရာမတွေနဲ့ ဆုံမိတုန်းသေချာအပ်ရဦးမယ် .. အန်တို့သမီး သစင်နီလေ .."

"ဟုတ်ကဲ့ပါ .. ကျွန်မ အတန်းကပါ အန်တီ .."

"အင်း .. ရင်းနှီးတဲ့သူတိုင်းကတော့ စင်နီ လို့ပဲခေါ်ကြတာပါ၊ သူ့ကို အန်တီအပ်ပါတယ်ကွယ်၊ အမြင်မတော်ရင် ဆုံးမပါနော် .. အန်တီကတော့ ဒီအရွယ်သမီးမိန်းကလေးကို ဘယ်လိုထိန်းကျောင်းရမယ်ဆိုတာ နားလည်ပေမယ့် သွားတာလာတာ အပေါင်းအသင်းသူငယ်ချင်းထိတော့ ဘယ်လိုက်ကြည့်နိုင်မလဲ .."



ဒေါ်ရွှေစင် က စလာသည်။ ဆရာမတွေပြုံးရယ်နေပေမယ့် အကြည့်တွေက စူးစမ်းမှုပါလာသည်။ တက္ကသိုလ်ကျောင်းသူတစ်ယောက်ကို ဒီလောက်ထိလိုလို့လား ..။

ထို့ပြင် ဒေါ်ကြည်ဖြူ က ..

"မှန်တယ် .. မှန်တယ် .. ဒီအရွယ်တွေလည်းအပေါင်းအသင်းမှားရင် သွားတာပဲ၊ သူတို့ကိုလက်လွှတ်လို့ရနေတဲ့အရွယ်ဆိုတာလည်း မရှိပါဘူးကွယ်၊ နေ့ရှိသမျှ အထိန်းသူနဲ့တွဲနေသလဲ ဘယ်မှာရန်ဖြစ်နေမလဲ ပူနေရတာ.."

"ကျွန်မကတော့ မှာထားလိုက်ပြီ မဖြူ .. မိဘကမပေါင်းရဘူးဆိုတဲ့ လူကိုဆက်ပေါင်းနေရင် စတ္တန်းဆမ်တောင် ဖြေခွင့်မပေးဘူးလို့လေ.."

မိဘတွေ၏ စိတ်ရောက်နေသည့် ခြယ် နားထဲမှာ ကိုယ့်ကိုရည်ရွယ်ပစ်ခွင်းနေသည့်စကားတွေက မိုးခြိမ့်သံလိုကြမ်းတမ်းကျယ်လောင်စွာဝင်လာကြ၏။

ကိုယ်တစ်ခွန်းမှ ဝင်မပြောရပေလို့ဘဲ ကိုယ်နဲ့ပြောနေသလို တီချယ်တို့ရဲ့မျက်လုံးတွေ သူ့ဆီရောက်လာကြသည်။ ပြီးတော့ လော နဲ့ စင်နီတို့ရဲ့ အားနာ၍နေရစေသော ရှောင်လွှဲဖို့ကြိုးစားနေသည့်မျက်နှာတွေ..။

"ဒါနဲ့ .. သားနဲ့ ခြယ် တို့အဝတ်တုန်းက ကျောင်းသားတွေနဲ့ ရန်ဖြစ်ကြတဲ့ကိစ္စလေ .. အဲဒါ တီချယ်တို့ဖြေရှင်းပေးလိုက်ကြတာလားဟင်.. အရမ်းကျေးဇူးတင်တာပဲ .."

ဒေါ်ကြည်ဖြူ က သူမတို့ရည်ရွယ်သည့် မပေါင်းသင့်သောသူငယ်ချင်းဆိုတာကို ဆရာမတွေသိအောင် စီးမောင်းထိုးပြဖို့ ကြိုးစားရင်း ..၊

"ထိုးကြိတ်ကြတဲ့အထိ သားတစ်ခါမှ ရန်မဖြစ်ခဲ့ဖူးပါဘူး ဆရာမရယ် .. အဲဒါလေ .."

ခြယ် ကို ကြည့်၍ ပြုံးမလိုမဲ့မလိုဖြစ်သွားရင်း ..၊

"အပြစ်တော့မဟုတ်ပါဘူးလေ .. ခြယ် ကလည်း လူတော်ပါ။ သူ့အားမှာရှိတဲ့ ယောကျ်ားလေးတွေ .."

"တီချယ် .. တီချယ့်အတွက် ပန်းအိုးတွေတင်လာခဲ့တာ ကျွန်တော်မေ့နေတာ .. ကားပေါ်မှာပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဟုတ်လား .."

ဆရာမတွေလည်း နေရခက်နေတုန်းမို့ လော ရဲ့ စကားကြောင့် အားတက်သရေဖြစ်သွားကြ၏။ ထို့ကြောင့် ဒေါ်ချယ်ရီနိုင် က တခြား ဆရာမတွေကိုလှည့်ကြည့်၍ ...၊

"သုံးပန့်လု ဒေလီယာမျိုးလေ၊ အဲဒါ မိုင် တောင်းထားတာကြာပြီ .."

ဒေါ်ကြည်ဖြူ မျက်နှာ ရှုံ့မှောင်သွား၏။ သားဖြစ်သူက ကိုယ့်စကား မဆုံးခင် တခြားအာရုံလွှဲပစ်လိုက်သဖြင့် ရှက်လည်းရှက် ဒေါသလည်း ထွက်လျက် ...၊

"မေမေ ခဏနော် .. တီချယ့် ကို မွေးနေ့လက်ဆောင်နောက်တစ်မှု ဖြစ်သွားအောင် ကားပေါ်က သွားချလိုက်ဦးမယ် .."

"အန်တီတို့ အေးဆေးစားသောက်ပြီးမှ ပြန်ရမယ်နော် .. ကျွန်မ ပြန်လာခဲ့မယ် .."

ဒေါ်ချယ်ရီနိုင် ကတော့ နှုတ်ဆက်သွားသည်။ ခြယ် က လုံးဝ တိတ်ဆိတ်နေခဲ့ပြီး ဖုန်းလာတာတောင် ပိတ်ထားလိုက်သေးသည်။ ခင်နီ ကတော့ မျက်နှာတွေပူနေကာ ...၊

"ခြယ် .. ငါတို့ မေစီတို့ ဝိုင်းမှာ သွားစကားပြောရအောင် .."

"ပြောပြီးပြီလေ .. နင်ပဲ ဒီမှာပဲ လာထိုင်ပါဆိုပြီး .."

"ဟုတ်တယ် သမီးရဲ့ အန်တီ့သမီးက မိဘနဲ့သွားတဲ့လမ်းဆို ဘယ်တော့မှ တခြားမှာ သွားမထိုင်ဘူး .."

"ဟုတ်ကဲ့ ခြယ် သိပါတယ် .."

"ခြယ် ရေ .. လာ အပေါ်မှာ နှင်းဒက်ဒီနဲ့ မာမီရှိတယ် .."

စုလေး ပဲဖြစ်ကာ ဒီတစ်ခါ ခြယ့် နားထိရောက်လာပြီး လက်ကိုပါ ဆွဲ၍ ...၊

"လာလေ .. တီချယ့် အသွားနဲ့ နှင်းဒက်ဒီ သိတယ်ဟ .. အထဲမှာ အက်(စ်)ဒင်နာနော် .."

ဒေါ်ရွှေစင် နဲ့ ဒေါ်ကြည်ဖြူ မျက်လုံးချင်းစကားပြောမိကြ၏။ အထဲမှာ စပါယ်ရှယ်စားသောက်ပွဲနဲ့ ဧည့်ခံနေတယ်ဆိုပဲ ...။



ခြယ် က လက်ကိုပြန်ရုန်းပြီး ခေါင်းခါ၍ ...၊

"နေပါစေ စုလေး .. ဒီမှာ စကားကောင်းနေလို့ .."

ခြယ် ရဲ့နေပြီကို ခင်နီ သိလိုက်သည်။ ပြောချင်တိုင်းပြောနေတာ ကို လုံးဝပါးစပ်ပိတ်နေခဲ့ပြီး ခုထိလည်း စကားမပြတ်သေးတာက သူမ နဲ့လည်း မဟုတ်ဘဲ ...။

"အန်တီ ပြောလေ .. ခြယ် အန်တီပြောပြီးမှ သွားမှာပါ .."

ဒေါ်ရွှေစင် မျက်နှာမှာ မလုံမလဲတွေဖြစ်သွားခဲ့၏။ သို့သော် ...၊

"အေး .. ပြောစရာတွေတော့ရှိတယ်၊ ဒါပေမယ့် စကားဆိုတာ ပြောလို့ရတိုင်းလည်း မပြောသင့်ဘူးလေ .. နားလည်ရမယ့်လူကလည်း မပြောဘဲ နားလည်ရင်ကောင်းတာပေါ့ .."

"ခြယ် က သိပါတယ်၊ အခု ခင်နီ က လာနှုတ်ဆက်ပါဦးဆိုလို့ လာခဲ့တာ၊ ဒါပေမယ့် ငေ့ါကီတို့အနေနဲ့ ခြယ့် ကို ဒီ့ထက်ပိုရှင်းအောင် ပြောလိုက်ချင်တာတွေရှိနေသေးတယ်ဆိုတော့ ခြယ် က နားလည်ပြီး သား ဟုတ်ဟုတ် မဟုတ်ဟုတ် ထပ်ပြောလို့ရပါတယ် .."

"ပိုရှင်းအောင်ပြောရင်တော့ ငါ့သမီးနဲ့ နောက်ထပ် မပတ်သတ်ဖို့ပဲ"

"မပတ်သက်အောင်နေခဲ့တာကြာပါပြီ၊ အခုလည်း ခင်နီ ခေါ်လာ လို့ပါ .."

"ခြယ် ရယ် ...ငါကလေ .."

"ရတယ် ခင်နီ .. ငါလုပ်ခဲ့သမျှ လူတိုင်းမကောင်းပြောနေကြတာ ပါ၊ ဒီနားကလူတစ်ဝုတည်းမဟုတ်ပါဘူး .. ငါ နင်နဲ့ လော ဆီ အိမ်တိုင် ရာရောက်မလာတော့တာလည်း ငါ့စိတ်နဲ့ ငါ့ဆုံးဖြတ်ချက်ပဲ၊ ဘယ်သူ ပြောမှာဆိုမှာ ကြောက်လို့မှ မဟုတ်ဘူး၊ အဲ့ဒါကို သိစေချင်တာ .."

ခြယ့် မျက်နှာလေးက ရောင်စုံမီးလုံးလေးတွေရဲ့ အလင်းရောင် အောက်မှာ ပိုလှနေသည်။ အဖြူရောင်တွေက အနုမြူရောင်ဖြာနေသော နှုတ်ခမ်းသားတွေပေါ်က ဖြာလွှဲသောခဲသားရောင်နှုတ်ခမ်းနီကအစ ရောင်ပြန်ပြေးနေသလို ထူးခြားနေခဲ့၏။

"အန်တီဖြူ ခြယ့် ကို ပြောစရာရှိသေးလား ဟင်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်ဖြူ ခြယ် ကို ကြည့်ရင်း ဆွံ့အနေခဲ့သည်။ တကယ်တမ်း မျက်နှာချင်းဆိုင် ပြောလိုက်စမ်းဆိုရင်တော့ တစ်ဖက်ကမိန်းကလေး ဆိုသည့်အသိက တားဆီးနေခဲ့၏။

ပြီးတော့ သူမလေးခမျာ လူတွေပြောသမျှ သစ်ငုတ်တိုလို ပါးစပ်ပိတ်ပြီး ငုတ်တုတ်ငြိမ်နေခဲ့ရှာ၏။ ကိုယ့်သားနဲ့လည်း မရိုးမသား ဘာမှ ဖြစ်ပျက်ထားတာမရှိဘဲ ...၊

"မရှိဘူးထင်တယ် .. ဒါဆို ခြယ် ကို ခွင့်ပြုပါဦး .."

ပြောပြီး ခြေလှမ်းပြင်သည်။ သွားလည်းသွားပြီးမှ ခြေလှမ်းတုံ့ပြီး ပြန်ကြည့်၍ ...၊

"အန်တီတို့ ခြယ့် ကို ဘာတွေပြောချင်နေတယ်၊ ဘာဖြစ်ချင်တယ် ဆိုတာ ခြယ် သိတယ်၊ အခု လူတွေထဲမှာ ခြယ့် သမိုင်းကို ချရေးပြလိုက်တာ လည်း စိတ်မဆိုးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခြယ့် ကို မွေးဖန်ပေးမယ့် ဒက်ဒီနဲ့ မာမီကို မပုတ်ခတ်ခဲ့ဘူး၊ အဲ့အတွက် ကျေးဇူးတင်ပါသေးတယ် .."

ပြောပြီးမှ လှည့်ထွက်သွားခဲ့သည်။ ဒေါ်ကြည်ဖြူ အံ့ဩမလိုငေး ကြည့်နေမိကာ ဒေါ်ရွှေစင် က နှုတ်ခမ်းမဲ့၍ ...၊

"ဖြစ်ရလေနော် .. ပြောသွားပုံက ငါတို့ကပဲ လူဆိုးကြီးတွေလိုလို သူ့မိဘတွေကိုပါ နိုက်ပြောရင်တော့ သည်းမခံဘူးလို့ ကြိမ်းဝါးသွားတာ သိလား် .."

ဒေါ်ကြည်ဖြူ က ခေါင်းညိတ်သည်။ သို့သော် သူမ သိလိုက်တာ က တစ်ခု ...။

"ဒီကောင်မလေး မိဘဂုဏ်သိက္ခာကို ထိနိုက်မှာတော့စိုးသား .."

ဟင် ...၊

ဒေါ်ရွှေစင် မျက်စိလည်သွားသကဲ့သို့ ဖျက်ခနဲလှည့်ကြည့်လေသည်။ ဘာပြောလိုက်တာလဲ ...။



အခန်း (၂၂)

မိုးက ဝုန်းဒိုင်းကြဲရွာချလာသည်။ ရှေ့လမ်းကို ကားမီးရောင်ထိုး ထားတာတောင် မိုးစက်တွေပြာမှိုင်းနေသည်မှလွဲ၍ ဘာမှမမြင်ရတော့ ပေ ...။

ခြယ် ကားကိုအရှိန်လျှော့ချရင်း မောင်းရမှာလည်း စိတ်မပါတော့ ဘဲ လမ်းဘေးကိုထိုးချပြီး ရပ်လိုက်မိ၏။ အချိန်က ည ဆယ်နာရီ ...။

နားထဲမှာ စကားသံတွေအများကြီး ပွဲတင်ရိုက်ခတ်နေသည်။ ပြီး တော့ မျက်နှာတွေ၊ မျက်လုံးတွေ အားလုံးသော သွင်ပြင်ဟန်ပန်တွေက ကိုယ့်ကို မလိုမုန်းထားမှုတွေနဲ့ပဲ ဖြစ်နေကြသည်။

ဘာကြောင့်လဲ ကိုယ့်ဘဝနဲ့ကိုယ် နေပျော်သလိုနေလို့မရဘူးလား...။

ထိုစဉ် ဖုန်းသံမြည်လာတော့ ယူကြည့်လိုက်မိသည်။ ပြီးတော့ ဖွင့် ၍ ...။

"ဟလို .."

"သမီးလေ .. သမီး ဘယ်မှာလဲ .."

"လမ်းပေါ်မှာပဲ မာမီ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟလို .. သမီး မာမီပြောတာကြားရဲ့လား .. မာမီ သမီးအသံကို ကောင်းကောင်းမကြားရဘူး .."

ခြယ် ဖုန်းကိုပြန်ကြည့်မိကာ ..၊

"ဟလို ..."

"သမီးရေ မာမီတို့ သမီးကိုလိုက်ရှာနေတာ၊ မွေးနေ့ကနေ ဘာဖြစ်လို့ တစ်ယောက်တည်းပြန်သွားတာလဲ သမီးရယ်၊ မာမီက သမီး ဒက်ဒီ ပြန်ရောက်ရောက်ချင်း နားတောင်မနားနိုင်ဘူး၊ သမီး တီချယ်ရဲ့မွေးနေ့မှာ သမီးရှိမှာပဲဆိုပြီး လိုက်လာတာ .."

"... ... ..."

"သမီး မာမီ ဘာမှမကြားရလို့ သမီး ဘယ်မှာလဲဆိုတာ မာမီ ပြောတာကြားရင် မက်ဆေ့ချ်ပို့လိုက်နော် .."

ခြယ် ဖုန်းချလိုက်သည်။ ပြီးတော့ ပြောတဲ့အတိုင်း မက်ဆေ့ချ်ပို့ပေးလိုက်၏။

မိုးရေထဲမှာ နေချင်သေးလို့ မာမီ ..။

လိုက်မရှာပါနဲ့ ..။

ပို့ပြီးတော့ ဖုန်းချထားလိုက်ပြီး သီချင်းဖွင့်လိုက်သည်။ မိုးတွေ သည်းမည်းနေသဖြင့် အောက်မီးသေးလေးတွေဖွင့်ထားရ၏။ အချိန်တွေ ဘယ်လိုကုန်ဆုံးသွားခဲ့မှန်းမသိဘဲ သီချင်းတစ်ခွေစာအစကနေ ပြန်လာကာမှ ပတ်ဝန်းကျင်ကိုအကဲခတ်မိ၏။

မိုးရွာနေပေမယ့် သိပ်မသည်းတော့ပေ နားကျပ်တွေဖြုတ်၍ကြည့်လိုက်တော့ မာမီတို့ ခေါ်ထားတာ သုံးခါ ..။ လော ခေါ်တာကတစ်ခါ..။

လော က ဘာဖြစ်လို့ခေါ်တာလဲလို့ တွေးလိုက်မိစဉ် ..၊

"ဘုတ် .. ဘုတ် .."

ကားဘေးမှန်ကို လာပုတ်သဖြင့်ကြည့်လိုက်တော့ လော ရယ် ..။

ဒါပေမယ့် အမှောင်ထဲမှာ ခေါင်းစွပ်နဲ့ မိုးကာအကျီကြီးဝတ်ထား



တာလား .. ဂျာကင်လားမသိ၊ ခေါင်းထိစွပ်ထားသောကြောင့် သေချာမသဲကွဲသဖြင့် ပြူးပြဲကြည့်နေမိဆဲ ..။

"ဘုတ် .."

စိတ်မရှည်သလိုထပ်ပုတ်ကာ ဖုန်းနဲ့ မီးထိုးလိုက်လျှင် လော ရဲ့မျက်နှာကို ကွင်းကွင်းကွက်ကွက်မြင်လိုက်ရ၏။

ထိုအခါကျမှ ခြယ် ကမန်းကတန်းတံခါးဖွင့်ပေးလိုက်မိသည်။

လော က မိုးကာဂျာကင်နဲ့ဖြစ်ကာ အထဲမဝင်ခင် အကျီ ကမှာ ထယာချွတ်ပြီးမှ ဝင်ထိုင်ပြီး တံခါးပိတ်လိုက်သည်။

"ဖုန်းခေါ်နေတာ ဘာဖြစ်လို့ မကိုင်တာလဲ .."

"ငါ သီချင်းနားထောင်နေတာ .."

"ခြော် .. မိဘတွေက ဒီလောက်စိတ်ပူပြီး ပျာယာခတ်နေတာ နင့်မှာ .."

"ငါ မက်ဆေ့ချ်ပို့ထားတယ်လေ .."

"ဒါနဲ့ပဲ လူကြီးတွေက စိတ်အေးလက်အေးနေနိုင်မလား ခြယ်..၊ နင်ဟာလေ တစ်ခါတစ်ခါ တော်တော်မိုက်လုံးကြီးမယ့်ပုံပေါက်ပေါက်နေတယ် သိလား .."

"ဟွန်း ..."

ခြယ် က ရယ်သည်။ ပြီးတော့ ကားစက်နှိုးဖို့ပြင်ရင်း ..၊

"တစ်ခါတစ်ခါ မဟုတ်ပါဘူး .. ငါက အမြဲတမ်းမိုက်ရိုင်းနေတဲ့ မိန်းမပါ .."

လော က ဆံပင်တွေကို ထိုးသိမ်တင်ရင်း ရေစိုနေသည့် မိုးကာ အကျီ ကို ခုံကြားထဲထိုးထည့်နေလျက် လှည့်ကြည့်သည်။

"မေမေနဲ့ အန်တီရွှေ့ စကားတွေအတွက် ငါ တောင်းပန်ပါတယ် ဟာ .. ဒီ မွေးနေ့မှာ အားလုံးလာဆုံကြလိမ့်မယ်လို့ ငါ လုံးကိုမထင်ခဲ့ ဆိုဝါ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကြိုသိနေရင် မဆိုဖြစ်အောင် လမ်းကြောင်းလွှဲပေးမလို့လား .."

သူ ဘာပြောရမှန်းလည်းမသိ၊ တကယ်ဆို ငင်နီ အဲလိုလုပ်လာလိမ့်မယ်လို့ မထင်ခဲ့တာဖြစ်သည်။

"နင် အခု ဘယ်သွားရင်းနဲ့လဲ .."

"ဘာ ..."

မေးပုံက ဆောင့်ခါသွားသဖြင့် ခြယ် က လှည့်ကြည့်၏။ မိုးစက်တွေကို ထွင်းဖောက်နေသော ကားမီးရောင်ကြောင့် တစ်ယောက်ကို တစ်ယောက် ဝေမှုန်မှုန်မြင်နေရကာ ..၊

"နင့်ကိုမေးတာလေ .. မွေးနေ့ပြန်တစ်ယောက်ယောက်ကို လိုက်ပို့ရင်းနဲ့ ငါ့ကားကို မြင်တာလားလို့ .."

"အင်း ငါက ပြန်မယ့်ကောင်တွေကို ပခုံးပေါ်ထမ်းပြီး ကိုးခြောက်ကိုးသုံးနဲ့ လိုက်ပို့တာလေ .."

ဟုတ်သားပဲ .. လော မှာ ကားမှမပါဘဲ ..။

"မေ့သွားလို့ .."

ရယ်ဟဟလေးနှင့် ပခုံးလေးကျုံ့သွားရင်း တောင်းပန်လိုက်တာ ..၊

"ငါ့နောက်လိုက်လာတာလို့တော့ ခုထိ မထင်တာအမှန်ပဲ၊ ပြော.. ဘယ်လိုလဲ .."

"ခင်ဗျားနောက်ကိုပဲ လိုက်လာတာ ကျွန်တော် .."

"တကယ်လား .."

"ဟုတ်တယ် .. အန်တယ်လ်တို့ ဖုန်းဆက်တော့ ငါအိပ်ရာထဲရောက်နေပြီ .."

"အဲဒီမှာ မိုးမရွာဘူးလား .."

"ရွာတယ် .. သိပ်မသည်းဘူး .."

"နင် ပြန်ထွက်လာတော့ အန်တီတို့ မသိဘူးလား .."



"မသိဘူး .. ဒါပေမယ့် အိမ်က ညီမတစ်ယောက်ကို ခဏစောင့်ဖို့ မှာခဲ့တယ်၊ တော်ကြာ တံခါးဖွင့်ပေးမယ့်သူ မရှိမှာစိုးလို့ .. ဘာမေးစရာရှိသေးလဲ မေး .."

"မမေးတော့ဘူး .. ဒီမှာ ကျိုင်တက်နေပြီ .."

"ဟင် !..."

"စက်မနိုးတော့ဘူး .."

သူ ထိတ်ခနဲဖြစ်သွားသည်။ ကြည့်လိုက်တော့ ရှေ့မှာလင်းနေခဲ့သည့် မီးရောင်တလည်း အားနည်းဖျော့ကျသွားပြီဖြစ်ကာ ..၊

"သေချာတယ် .. ဘက်ထရီဒေါင်းသွားတာ .."

လော ခေါင်းခါရေရွတ်လိုက်ရင်း ပတ်ဝန်းကျင်ကို ကြည့်သည်။ ပြီးတော့ နာရီကြည့်မိကာ ..၊

"ဆယ့်တစ်ခွဲတော့မယ် .. ဒီနားမှာ ခေါ်လို့ရတဲ့ ဝပ်ရှော့လည်း မရှိဘူး .."

အော်တိုဆားဗစ်ရုံတွေကလည်း မိုးချုပ်တာနဲ့ မရှိတော့ပေ ..။ မိုးက မတိတ်သေးသဖြင့် ပိုဆိုးသည့် အခြေအနေအရ အိတ်တွေ လွယ်စရာတွေ ဘာမှမယူဘဲ ခြေလွှတ်လက်လွှတ်လမ်းထွက်လျှောက်ဖို့ ဖြစ်လာခဲ့၏။

မိုးစက်တွေ ခပ်ကျဲကျဲကျနေသည့် လမ်းပေါ်မှာ လော ရဲ့ ခေါင်းစွပ်နဲ့ ဂျာကင်အနီကို ခြယ် က ဝတ်ထားလျက် သူ ယူလာခဲ့သည့် ထီးကိုပဲ လော က ဖွင့်၍ ..၊

"နေစမ်းပါ လော ရယ် .. ငါက ဂျာကင်နဲ့ဟာ တိုယ့်ဘာသာ လုံအောင်ဆောင်းစမ်းပါ .."

"ငါက ထီးဆောင်းလမ်းလျှောက်ရတာ ဝါသနာကိုမပါတာ။ မိုးမိ ရှိုကြိုလာရင်လည်း အမိခံလိုက်တာပဲ .. နင်သိပါတယ် .."

ပြောပြီး ခြယ် ရဲ့ လက်တစ်ဖက်ကို ပြန်ဆွဲ၍ သူ့နားကပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ထီးကိုင်ပြီး လိုက်ဆောင်းပေးတာလည်း လော က မကြိုက်..။

ကိုယ့်ဘာသာ ဆောင်းဖို့လည်း ထီးကိုင်ပြီး သွားလာနေရတာကို မကြိုက်တဲ့သူ ..။

"ထီးကိုင်တာ ဝါသနာမပါလို့ထင်တယ် မိုးမိပြီး ဖျားခဲ့ဖူးတာမရှိဘူး .."

"အေးပေါ့ .. မဖြစ်သေးတော့ပြောပေါ့ .."

"ခြယ့် ..."

"ဘာလဲ .."

"နင့်တစ်ယောက်တည်း အဲ့လိုဖြစ်နေရင် ဘယ်လိုလုပ်မလဲ .."

"ဒီထက်ဆိုးတာတွေတောင် ဖြစ်ဖူးတယ်၊ တစ်ခုခုဖြစ်လာမလားလို့ ဘယ်တော့မှ ကြိုမတွေးဘူး၊ ကြိုတွေးနေလည်း ဖြစ်လာမှာက ဖြစ်မှာပဲ .."

"ဟုတ်တယ် .. ဒါက အန်ဆီး(န်)လေ .. အကယ်၍ တံခါးပိတ်မီးမိုတ်ထားတဲ့အိမ်ထဲကို မဖြစ်မနေအကြောင်းတစ်ခုခုနဲ့ ဝင်ရတော့မယ်ဆိုရင် 'ငါဝင်သွားရင် ဘာတွေဖြစ်မလဲလို့' မတွေးလို့ရမလား .."

"တော်ပါဟာ .. နင် ငါ့ကို ရင်ငြိမ်းချမ်းအောင်ပဲ ကူညီစမ်းပါ၊ နောက်ဆိုရင်လည်း နင် ငါနဲ့ ဆေးဆေးနေဖို့ပဲ စဉ်းစား .. ငါ့မှာ သည်းခံတတ်တဲ့စိတ် သိပ်မရှိဘူး၊ ဒါပေမယ့် .."

ခြယ် က ဂျာကင်အိတ်ထဲ လက်တွေထည့်ထားရင်း လမ်းပေါ်က ရေအိုင်တွေထဲ တဗွမ်းဗွမ်း ခြေလှဲ့လျှောက်၏။ လော က သူမစကားကို စောင့်ရင်း ရေထဲမှာ ပျော်ပါးနေသည့် ခြေထောက်တွေကို စိုးရိမ်စိတ်နှင့် ငုံ့ကြည့်၏။

"ဒါပေမယ့် နင့်အမေနဲ့တော့ ဘာမှမဖြစ်ချင်ပါဘူး၊ အဲဒါ နင့်ကြောင့် .."

"ရှောင်သေးတာပေါ့ .."



"ဘာတော်သေးတာပေါ့လဲ .. နင့်အမေက ငါ့ကို .."

"ငါသိပါတယ် ခြယ် ရယ် .. ဒါပေမယ့် .."

"ဒါပေမဲ့နဲ့ .. သူဖြစ်နေတဲ့ပုံက နင်နဲ့ ငါကပဲ ဘာလိုလို .."

ဒေါသတွေထွက်ပြီး ရေထဲကိုလှဲ့ကန်ပစ်လိုက်တော့ လော မျက်လုံးပြူးသွားသည်။

"ခြယ့် .. နင် မျက်ကန်းတစ္ဆေမကြောက်သလို လုပ်မနေနဲ့၊ ရေထဲမှာ ကျောက်ဘုတ်တို့ မှလင်းကွဲတို့ရှိရင် သေဦးမယ် .."

"ဒေါသဖြစ်ပါတယ်ဆို ဘာရှိနိုင်လဲတွေးနေရမှာလား .. ငါလေ မာမီတို့ကိုသာ နည်းနည်းမှ ထည့်မတွက်ဘူးဆိုရင် အဲဒီနေရာမှာတင် ပြီးပြီ .."

"ဒါနဲ့ ငါ့ကြောင့် နင် ဒေါသထိန်းလိုက်တာဆို .."

"ဟုတ်တယ်လေ နင် ငါ့ရှေ့မှာ ငုတ်တုတ်ကြီးထိုင်နေတော့ ပြောချင်တဲ့စကားတွေက နှောင့်နှေးကုန်တာပေါ့၊ ပြီးတော့ သူတို့က ငါ့ကိုပဲ ပြောနေကြတာ၊ မိဘကမဆုံးမဘူး .. ဘာညာ သူများတွေပြောနေကျ စကားမျိုးတွေမပါဘူး၊ ငါ စိတ်မထိန်းနိုင်တော့တဲ့အချိန်မှာ နောက်မှာ မာမီတို့က ရှိနေပြန်ရော .."

လော က သွားတွေပေါ်အောင်ရယ်လိုက်ပြီး ရှေ့ပြန်လှည့်၏။ မီးတိုင်အောက်က ဖြတ်လျှောက်နေတာမို့ ထိုမျက်နှာကို ခြယ် က သေချာမြင်လိုက်ကာ ..၊

"ဟွန်း .. ထီးကွယ်နေလို့မမြင်ဘူးထင်နေလား .. ရှုပ်ကြီးကိုတ.."

"ငါ တွေးမိလို့ပါ .. တစ်ခုခုဖြစ်လာမလားလို့ ကြိုမတွေးဘူးဆိုပြီး .."

"အဲဒါ ကြိုတွေးတာလား .. အားလုံး ငါ့ရှေ့မှာပဲလေ၊ ငါ နင့်အမေကို မမုန်းပါဘူး၊ နင်တို့အိမ်မှာ ဝင်ထွက်စားသောက်ဖူးတဲ့ တွေးစရာတွေ ရင်းနှီးမှုတွေက .."

www.burmeseclassic.com

www.burmeseclassic.com



ခြယ် က ဒါတွေပြောနေတော့လည်း တကာယ်မိန်းမကြီးတစ်ယောက်လို ...။

"တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာ ဝေါ်လို့ကျွေးတာဖြစ်ဖြစ် ခင်လို့ကျွေးတာဖြစ်ဖြစ် ကျေးဇူးတင်ထိုက်တာပါပဲ၊ အဲဒါ ငါ နားလည်တယ်၊ ဒါကြောင့် အန်တီ့စကားတွေကို ဒေါသထွက်ပေမယ့် ငါ့စိတ်ကို ငါ ထိန်းလိုက်နိုင်တာ ..."

"ဘာကြောင့်ထိန်းထိန်း ဒေါသကိုထိန်းနိုင်တာ ကောင်းတာပေါ့..."

ပြောရင်း ထီးကိုပိတ်ပစ်လိုက်သည်။

"မိုးရွာနေတယ်လေ ..."

"သိပ်မှမသည်းတာ အေးဆေးပါ ..."

"နင် ငါဘယ်မှာရှိတယ်ဆိုတာ ဘယ်လိုလုပ်သိလဲ .. မာမီတို့လည်း မသိဘူး ..."

"လမ်းပေါ်မှာပဲ ရှိတယ်ဆိုတော့ ဖြစ်နိုင်ဆုံးလမ်းကို ရွေးရတာပေါ့ ..."

"တန်းတွေ့တာပဲလား .."

"တန်းတွေ့တွေ့ .. စကြာဝဠာကိုပတ်ပြီးပဲလာလာ ဘာအရေးကြီးလို့လဲ .."

"အရေးမကြီးပေမယ့် အံ့ဩလို့ပေါ့ .. ငါက ထင်ရာလျှောက်မောင်းနေတာ .."

"လမ်းကြိုလမ်းကြား ဝင်မနေတာ ကျေးဇူးတင်ရဦးမယ် .."

ခြယ် က ရယ်သည်။ ပြီးတော့ သူကိုင်ထားသည့်ထီးကိုဆွဲယူပြီး ဖွင့်လိုက်ကာ ...၊

"လာ .. ဒီဘက်တိုး .."

"ဘာလဲ .. မဆောင်းပါဘူး .."

"လာစမ်းပါ .. ငါ့ကို နင့်အကျီပေးထားပြီး နင်က ဒီတိုင်းနေတော့



ဘယ်တရားပါ့မလား .."

"တရားတာ ဘယ်နှစ်ခါများလုပ်ဖူးလို့လဲ .."

"ဘာရယ် .."

"ဘာမှမဟုတ်ဘူး .."

"ဟုတ်တယ် .. ပြန်ပြော၊ လော နော် .. နင် ငါ့ကို ပြောလိုက်တယ် တစ်ခုခု .."

"မပြောပါဘူး .."

"ပြောတယ် .."

"ဟာ .. ဘယ်လိုဖြစ်နေတာလဲ .. ထီးက ငါ့ကိုထိုးနေပြီနော် .."

ထိုစဉ် ...၊

"တီ ..."

ဟွန်းသံရှည်ကြီးဆောင့်တီးလျက် ကားတစ်စီးပြေးဝင်လာ၏။ ထီးက လေနဲ့လွင့်ပြီး မြောက်ခနဲပါသွားလျှင် ခြယ် က ထီးကိုပြန်လှည့်ဆွဲလိုက်ရာ ...၊

"ဝေါ ..."

"ဖြန်း ..."

"အား ..."

လော က ခြယ့် တစ်ကိုယ်လုံးကိုဆွဲဖက်ကာ ဒီဘက်လွှဲလိုက်သော်လည်း အထိတ်တလန့်ကမန်းကတန်းမို့ အကျမလှဘဲ ဖြစ်သွားခဲ့ပြီး ...၊

"အ ..."

"အင့် ..."

မလဲအောင်ထိန်းနေရင်း ခြေချင်းချိတ်ပြီး ဖင်ထိုင်လဲကျသွား၏။ ရွှံ့ဗွက်အိုင်ထဲပဲ ပြန်လဲမိသောကြောင့် လူနှစ်ယောက်လဲကျသွားသည်နှင့် ရေတွေဖျန်းခနဲ စင်ထွက်ကုန်ကာ ...၊

"သေပါပြီ .. ဗီး .. ဖရီး ..."

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ရေတွေစင်ကုန်သဖြင့် ခြယ် မျက်လုံးတွေမှိတ်ခါရင်း…၊

"နင် ဘယ်လိုလုပ်လိုက်တာလဲ … ဘွီ … ပါးစပ်ထဲတွေပါဝင်ကုန်ပြီ … ရှုံလိုက်တာ …"

"ရှုံရင် မတ်တတ်ရပ်ပြီးမှ ရှုံ … ငါ့ကိုထူပေးဦး …"

ဘေးတိုက်လဲသွားကြတာပေမယ့် ခြယ် နာမှာစိုးသောကြောင့် သူ့ကိုယ်တစောင်းပစ်ခံပေးလိုက်သဖြင့် အထိနာသွားတာက သူပဲဖြစ်၏။

"အား … ပခုံး … ပခုံးရိုးကျိုးပြီထင်တယ် …"

"ဘယ်မှာလဲ …"

ခြယ် က ကိုယ့်မျက်နှာကို ပွတ်နေရာကနေ ပျာပျာသလဲထူပေးရင်း ပခုံးကိုကြည့်ကာ …၊

"မကျိုးပါဘူး … ဘာအရိုးမှမတွေ့ဘူး အပြင်မှာ …"

"ဘာ …"

"ဟဲ့ … တကယ်ပြောနေတာ ဘာအရိုးမှ ထွက်မနေဘူး …"

"ခြယ့် … အရိုးကျိုးပြီး အပြင်ပေါ်ထွက်မှတော့ ငါ့ကိုထူပေးပါဦးလို့ ပြောနိုင်တော့မလား …"

"နိုင်ငံခြားကားတွေထဲမှာဖြင့် ထတောင်ပြေးနိုင်သေးတယ် …"

"ကျွတ် … သွားပါပြီကွာ … ပေကျံကုန်ပြီ …"

"ငါ ညည်းဖို့ထားပါဦး၊ ဒီမှာ ဝတ်ထားတာ ဘာအရောင်မှန်းတောင် မသိတော့ဘူး၊ မျက်နှာမှာလည်း ပေကျံကုန်ပြီ … ဆံပင်တွေရောပဲ …"

ပြောရင်းထရပ်လိုက်ကာ ဟိုကားထွက်သွားတဲ့နောက်လိုက်ကြည့်လိုက်ပြီး …၊

"မောင်းပြေးသွားလိုက်တာ၊ အိမ်မှာ မယားလင်ငယ်နဲ့ပါသွားပြီ၊ ယောက်ျားမအိမ်မှာ မီးလောင်နေလို့ အရေးကြီးနေတဲ့အတိုင်းပဲ …"

"ဟား …"

ထလို့ ထိုင်လို့အဆင်မပြေဖြစ်နေရတဲ့အထဲ ခြယ် ခါးထောက်ပြီး



ဆီမန်းမန်းနေတာကို စိတ်ပျက်ကာ …၊

"ခြယ် …"

"ဘာတုံး …"

"နင် တော်တော် ပါးစပ်သရမ်းပါလား … ရုပ်လေးလှတာပတာနဲ့ ပြောလိုက်တဲ့စကားလုံးက မတန်ဘူး …"

"လှတာပတာပြောတော့ ဒေါသမထွက်ရတော့ဘူးလား …"

"ဒေါသဖြစ်တိုင်း လူတိုင်းပဲ နင့်လို ကျိန်ဆဲနေကြလား …"

"မသိဘူး … သူများဒေါသဖြစ်တာ ငါလိုက်ကြည့်နေတာမဟုတ်ဘူး …"

"တော်တော့ … ငါ့ကိုလက်ပေး …"

"ဘာ …"

ခါးထောက်ထားတာဖြုတ်ခနဲပြုတ်သွားပြီး ခြယ် က ငုံ့ကြည့်သည်။ ရေအိုင်ထဲမှာ လော က ထရပ်ဖို့ကြိုးစားရင်း မှုဆိုးဖွဲ့ထောက်ကနေ မတိုးတက်နိုင်ဘဲရှိနေ၏။

လက်ပေးခိုင်းလိုက်တာကို မကျေနပ်ပေမယ့် စိုးရိမ်သွားမိတာ …၊

"လော … နင် တကယ်နာသွားတာလားဟင် … မထနိုင်တော့ဘူးလား …"

"မတ်တတ်ရပ်ပြီးရင်တော့ ရမယ်ထင်တယ်၊ လေနိုသွားတာမျိုး အဲဆစ်က …"

လက်ချင်းထပ်ကိုင်ပြီး ထရပ်လိုက်တော့ လော မတ်တတ်ရပ်ပြီး ခြေလှမ်းကြည့်သည်။ သို့သော် …၊

"အ …"

သူ ညွတ်ခနဲဖြစ်သွားတာနှင့် ခြယ် က ရှေ့ကနေ သိမ်းကျုံးဖက်ထားလိုက်မိကာ …၊

"ဂျိမ်း …"

www.burmeseclassic.com

www.burmeseclassic.com



လျှပ်ရောင်ဝင်းခနဲ ဖွေးထိန်သွားကာ မိုးခြိမ်းတာလား မိုးကြိုးပစ်လိုက်တာလားမသိ ..။ ကျယ်လောင်စူးရှသည့်အသံကြောင့် ခြယ် သူ့ရင်ခွင်ထဲမှာ မျက်နှာလေးဖိကပ်ငြိမ်ကုတ်သွားခဲ့သည်။

ထိုစဉ်ခဏမှာ သူ့ရင်ခုန်သံတွေကို ခြယ် ကြားနေရသလို ခြယ့်ရင်ခုန်သံတွေနဲ့ ရင်ဘတ်ချင်းနီးကပ်လွန်းသဖြင့် လော ကတုန်ကယင်တွေဖြစ်ကုန်သည်။

သူမ လန့်သွားသဖြင့် ဖက်ထားလိုက်မိသည့်လက်တွေကိုလည်း မလွှတ်မိ၊ သူ့ရင်ခွင်ထဲက မိန်းကလေးဟာ သူနဲ့အမြဲတမ်း ပုတ်ခတ်ရယ်မောနေကြ ခြယ် မဟုတ်တော့သလိုရှိကာ ..၊

"လော ...."

ခြယ် ရုန်းနေတာကို လွှတ်မပေးသဖြင့် မော့ကြည့်လိုက်မိလျှင် ငုံ့မိုးကြည့်နေသော လော ရဲ့ မျက်ဝန်းတို့နှင့် ဆုံမိခဲ့ပြီး ..၊

မိုးစက်တွေက သူတို့ကိုယ်ပေါ်ကို အရှိန်မှန်ရိုက်ခတ်နေခဲ့လျက် လေပြင်းရိုက်ခတ်သွားတိုင်း စိမ့်အေးနေခြင်းက တစ်ယောက်ကို တစ်ယောက် ဖြေလွှတ်ဖို့မေ့နေစေခဲ့တာလား ..။

ရွှေလျားနေခဲ့သော စက္ကန့်တိုင်းသည် သူတို့နှစ်ယောက်၏ ပြောင်းလဲခဲ့ပြီဖြစ်သော ရင်ခုန်သံတို့ရဲ့ အနာဂတ်ဆီသို့ ..။

၏



BURMESE CLASSIC

## အခန်း (၂၃)

"နင် အရမ်းချောင်းနေပြီလား .."

"ဟင့်အင်း .. နင်က ဒဏ်ရာရှိတဲ့လူ .."

"ရပါပြီ .. အခု သိပ်မနာတော့ဘူး .."

လော က ခြယ့် လက်ဖဝါးလေးကို သူ့လက်ဖဝါးနဲ့ ထပ်ဆုပ်ကိုင်လိုက်၏။ အတူတူတလှမ်းချင်းသွားနေကြရင်း ခြယ် က မော့ကြည့်သည်။ မိုးကလည်း မတိတ် ညဦးလည်းနက်နေပြီဖြစ်ကာ တဲတွစ်လည်းတစ်စီးတစ်လေတောင် မတွေ့တော့ပေ ..။

ဖြတ်သွားသည့် တစ်စီးတစ်လေကလည်း အိမ်ပြန်ဖို့သာ တာစူနေသည့်အရှိန်တွေနှင့် ..။

"ခြယ် .. ငါ့ကိုမှီပြီးလျှောက်ပါလား .."

"ရပါတယ်ဆိုမှ .."

"နင် အသံတောင်မထွက်တော့ဘူး ဘာရတာလဲ .. လာပါ ငါတို့ ဝနဲ့ရှင်းတိုက်ပြီး တစ်ယောက်ကိုတစ်ယောက်မှီလျှောက်တာပေါ့ .."

"အဲ့လိုရလို့လား .."

"ရမယ်ထင်တာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာတစ်ယောက် ငေးကြည့်ရင်း ရယ်မိကြသည်။ ကျစ်ဆံမြီးသေးသေးလေးတွေလုပ်ပြီး နဖူးပြောင်အောင်သိမ်းလှန်ထားသဖြင့် ရေစိုရွှဲနေသော မျက်နှာလေးက နားသယ်စပ်လေးတွေစိမ်းလျှက် ချစ်ဖို့ကောင်းနေသည်။

မျက်တောင်ကော့လေးတွေက ရေလည်းစိုနေသည်။ ရေသီးလေးတွေ ကပ်တွယ်နေတာလည်းရှိ၏။ ပြီးတော့ ကော့ချွန်သည့် နှာသီးဖျားလေးမှာ ရေပေါက်လေးခိုတွဲနေပေ့ာ လော က ပြုံးလိုက်ပြီး ရေသီးလေးကို လက်ညှိုးနဲ့ လှမ်းတို့လိုက်၏။

လော ရဲ့ ယုံအကြည့်နဲ့ အပြုအမူလေးတစ်ချက်မှာ ခြယ့် ရင်ဘတ်တစ်ခြမ်းမှာ ဖျတ်ခနဲ ခုန်သွားသည်။ ပြီးတော့ မျက်နှာငုံ့ပစ်လိုက်ပြီး ရယ်မိ၏။

ကိုယ် အဲ့လိုဖြစ်သွားတာ လော သိမှာစိုးပြီး ရှက်ရယ်ရယ်မိတာ ဖြစ်သည်။ ဒါပေမယ့် မသိဘဲနေမလား ...။

သူငယ်ချင်းချင်း ဒီလိုတရင်းတနှီးနေနေကျမို့ သူက ရိုးရိုးသားသားပဲနေမှာကို ...။

"ခြယ် ..."

လော က ခြယ့် မျက်နှာလေးငုံ့သွားတော့ ဆုပ်ကိုင်ထားသည့် လက်ဖဝါးလေးကို ဖျစ်လိုက်ပြီး ...၊

"ငါတို့နှစ်ယောက်ကို ဒီညမျိုးမှာ ခုလိုလမ်းပေါ်မှာ အတူတွဲလျှောက်နေရမယ်လို့ မထင်ခဲ့ဘူးနော် .."

"ထင်ရင် ဘယ်သူက ထွက်လာမှာလဲ .. ဒီမှာ ခြေထောက်တွေညောင်းလှပြီ .."

"ပြောတော့ရတာယ်ဆို .."

"ညောင်းတော့ ညောင်းတာပေါ့ .."

"လာပါ .. ငါ့ပခုံးကိုမှီလိုက် .."



လော က သူကိုယ်တိုင် ခြယ့် လက်မောင်းလေးကိုဆွဲကပ်ပေးလိုက်ကာ ပခုံးပေါ်လှန်ချထားသည့် ခေါင်းစွပ်ကို ပြန်ဆွဲတင်လိုက်၏။

"မတင်နဲ့တော့ စိုနေပြီဥစ္စာ .."

ခြယ် က ပြန်ဆွဲချ၏။ သူက ပြန်ဆွဲတင်ကာ ...၊

"စိုနေလည်း သက်သာတာပေါ့၊ ဆောင်းထားပါ .. နင် အအေးပတ်လိမ့်မယ် .."

"ဟင့်အင်း .. နင်က ဘာမှမပါဘဲနဲ့ .."

သူတင်ပေးလည်း ခြယ် က ခေါင်းခါပြီးပြန်ဆွဲချသဖြင့် လက်လျှော့လိုက်ရကာ ...၊

"စည်းချက်ညီညီလျှောက်နော် .. အားလျော့သွားတဲ့ဘက်ကို ချားတဲ့ဘက်က ပြိုကျလာမှာ .."

ပခုံးချင်းမှီလျှောက်ရင်း ခြယ် က ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး ...၊

"ငါက မိန်းကလေးဆိုပြီး နင့်ဘက်က ပြိုကျလာမှာပဲလို့ ထင်နေတာလား .."

"သတိပေးတာပါ .. ပြန်ထူပေးနေရမှာစိုး .. ဟ .."

"အား ..."

ပြောလို့မှမဆုံးခင် ပခုံးချင်းတိုက်ထားရင်းကနေ ခြယ့် ဘက်က ချော်ထွက်သွား၏။ လော အမိအရပြန်ဆွဲထားကာ ...၊

"တွေ့လား .. ပြောတာမဆုံးသေးဘူး .."

"ဟား .. ဟား .. ဟား .."

"ခစ်ခစ် .. တော်ပြီ အပြောမကြီးတော့ဘူး .."

"လိမ္မာတယ် .."

ပင်ပန်းတာတွေကိုလည်း မခံစားမိခဲ့ပေ။ သူတို့ရယ်မောရင်း လက်နှင်းတွဲ၍ လျှောက်လာကြတာ ခြယ် တို့ ခြံကြီးရှေ့ကိုရောက်လျှင် ...၊

"နင် အထဲမှာ ကော်ဖီပူပူလေးဖြစ်ဖြစ် ဝင်သောက်ဦးနော် .. ပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့နိုင်းလိုက်မယ် ..”

“ဟင့်အင်း .. မသောက်တော့ဘူး ..”

ပြောပြီး လက်ကနာရီကိုပင့်ကြည့်ကာ ..၊

“တစ်နာရီထိုးနေပြီ ..”

“ဘာပဲဖြစ်ဖြစ် ဒရိုင်ဘာကိုနှိုးရဦးမယ် ကားထုတ်ရဦးမယ် နှင့်မှာ ရေတွေလည်းစိုနေတဲ့ဟာ ..”

“ဒါလည်း ...”

လော ဘာမှမပြောဖြစ်တော့ဘဲ ခြံဝကိုလှမ်းကြည့်နေသဖြင့် ခြယ်ပါ လှမ်းကြည့်လိုက်မိသည်။ ခြံစောင့်ဦးဝတုတ် က ခြံတံခါးဖွင့်၍ အသံစောင့်နေသဖြင့် နှစ်ယောက်စလုံး အံ့ဩသွားကြပြီး ..၊

“ငါတို့ လာနေတာကို ကြိုသိနေတဲ့အတိုင်းပဲ ..”

“ဟုတ်တယ် .. တမင်ထွက်စောင့်နေတာ ..”

လက်ချင်းထပ်ဆုပ်ထားတာကို လွှတ်လိုက်ကြကာ ခြေလှမ်းတွေ သွက်သွားခဲ့ကြ၏။ အနားရောက်တော့ သူတို့ ဘာမှမမေးရသေးခင် ဦးဝတုတ် က ရှေ့တိုးလျှောက်လာပြီး ..၊

“အထဲမှာ ဧည့်သည်တွေလည်းရှိတယ် ခြယ်လေး ..”

“ဟင် .. ဘယ်ကဧည့်သည်တွေလဲ ..”

ဦးဝတုတ် အကြည့်တွေက လော ဆီရောက်သွားပြီး ..၊

“လူလေးအိမ်က ထင်တယ် ..”

အခြေအနေတွေရှုပ်ထွေးသွားခဲ့သည့်အဖြစ်ကို သူတို့ တွေးလိုက်မိပေမယ့် အိမ်ထဲဝင်လိုက်တာနှင့် တကယ်ကြုံတွေ့လိုက်ရသည့်အဖြစ်သည် ..၊

“သမီး ...”

“လော ...”

ဒေါ်စိန်စီခြယ် ၏ စိုးရိမ်ပူပန်သောခေါ်သံနှင့်အတူ ဒေါသကြောင့်



ဆောင့်ခုန်ထွက်လာသည့် ဒေါ်ကြည်ဖြူ အသံက မိုးခြိမ်းသံလိုပင် ..။

ပြီးတော့ ရှေ့ကိုလျှောက်ထွက်လာတာ သဒ္ဒါကြည် ..။

“မင်းက လူကြီးမိဘမသိအောင် အချိန်မတော် ဘယ်တုန်းက ထွက်တတ်သွားတာလဲ လော .. ဟင် .. ပြောစမ်း ..”

“မမ ..”

“မင်းကို ငါတို့ကလမ်းပေါ်မှာ အလေ့ကျပေါက်သလိုမွေးထားတာ မဟုတ်ဘူး၊ အဲ့ဒီလိုစည်းမဲ့ကမ်းမဲ့သွားနေရအောင် .. ကဲဟယ် ..”

လော မျက်နှာကို ရိုက်ချလိုက်တာ ဖြောင်းခနဲမြည်သွားသည်။

“သမီး .. တော်တော့ ဒါ သူများအိမ် ..”

ဦးမြကျော် သမီးလက်ကိုဆွဲ၍ နောက်ဆုတ်စေကာ ..၊

“အခု ပြန်လာကြပြီပဲ .. ဖြူ မင့်သားနဲ့ သမီးကိုခေါ်ပြီး ကားပေါ်က သွားစောင့် ..”

“စောင့်လို့မရဘူး ကိုကျော် .. ဒီကိစ္စမိုးလင်းရင် ဘယ်အဆင့်ထိ ဖြစ်သွားမယ်ဆိုတာ မပြောနိုင်ဘူး ..”

“ဘယ်အဆင့်ထိမှ ဖြစ်မလာစေရဘူး ဒေါ်ကြည်ဖြူ .. ကျုပ်တို့ဘက်က သမီးရှင်ပါ ..”

“သမီးရှင်မို့လို့ ဘာတွေတောင်းဆိုလာနိုင်တယ်ဆိုတာ ကြိုသိနေတာပေါ့ ..”

ယဉ်ကျေးသိမ်မွေ့ပါသည်ဆိုသော ဒေါ်ကြည်ဖြူ တို့ သားအမိ သားအဖတွေရဲ့ မျက်နှာတွေက ဒေါသကြောင့် ဘီလူးသရဲစီးသလို နီမြန်းခက်ထက်နေကြကာ ပြောသမျှစကားတို့သည် ..၊

“ဒီမှာ ဦးညာဏ်မင်း ဒီအိမ်က မိန်းကလေး သူ့ဝါသနာနဲ့ သူ့သဘောနဲ့ သူ သွားနေကျအတိုင်းသွားနေတာကို ကျွန်မသားဆီ ဖုန်းဆက်ပြီး သွားရှာပေးပါ နိုင်းတာကိုက ..”

“မဟုတ်ဘူးမမေ .. အန်ကယ်လ်နိုင်းတာမဟုတ်ပါဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



"မင်း တိတ်တိတ်နေစမ်း .."

"ဟုတ်မှမဟုတ်တာ မမေ .."

"ဟိတ် ..."

လော ကို တားမရတော့ လက်ကိုဆောင့်တွန်း၍ အော်ပစ်လိုက်ပြီး ..၊

"မင်း ပါးစပ်မပိတ်ရင် ငါ့ပါးစပ်က ဒီထက်ဆိုးတာတွေပြောဖို့ အဆင်သင့်ပဲနော် .."

"နေဦး အန်တီ .. ဒီကိစ္စက ဒီလောက်ထိ .."

"သမီး .."

ဒေါ်စိန်စီခြယ် က သမီးပခုံးလေးကို ဆွဲဖက်ထားလိုက်ပြီး ခေါင်းခါပြကာ ..၊

"သမီး ရှင်းဖို့မလိုဘူး .."

ပြောပြီး နောက်မှာနေစေလိုသလို သူမပဲ ရှေ့ထပ်တိုးကာ ..၊

"ဟုတ်ပါတယ် .. သူက သမီးနဲ့ အရင်းနှီးဆုံးမို့ ဖုန်းဆက်မေးမိတာပါ .."

"မေးတာက အသိပေးလိုက်တာပဲ .. ဒီယုန်မြင်လို့ ဒီမြို့ထွင်တာလေ၊ ရှင်တို့က 'ခြယ်' လို့ ပါးစပ်ဟလိုက်တာနဲ့ 'လော' ဆိုတဲ့ ကောင်လေး ပျာယာခတ်သွားမှာပဲဆိုပြီး .."

"အခု ကျွန်တော်တို့က ဘာလုပ်ပေးစေချင်တာလဲ ဒေါ်ကြည်ဖြူ.."

"ရပြီ .. ရပြီ ကလေးတွေလည်း ပြန်ရောက်ကြပြီ သွားမယ် ဖြူ.."

ဦးမြကျော် က မျက်နှာထားတင်းနေသေမယ့် ပြဿနာမရှည်စေလိုသည့်စိတ်နှင့် ပြန်ဖို့ကြိုးစား၏။ သို့သော် ..၊

"ကလေးတွေပြန်ရောက်လာကြတဲ့အချိန်ကို ကြည့်လေ ကိုကျော်..ဒါကို .."

"ဒေါ်ကြည်ဖြူ ခင်ဗျား စိုးရိမ်သလို ဘာမှမဖြစ်လာဘူးလို့ ကျွန်တော်တို့က တာဝန်ယူတယ်ဆိုရင် ခင်ဗျား မကျေနပ်ဘူးလား .."



"တစ်ခုပြောဖို့ရှိသေးတယ် .."

ဒေါ်ကြည်ဖြူ့ အကြည့်တွေ ခြယ့် ဆီ ကျရောက်သွားလျှင် လော က ရှေ့ကပိတ်ကာထားလိုက်ကာ ..၊

"ပြန်ကြအောင် မမေ .."

"ဘာပြောတယ် .."

"ဒေါ်သဖြစ်နေတုန်းပြောတာ မှားတတ်တယ်၊ မမေပြောနေတာတွေက .."

"လော ..."

သဒ္ဒါကြည် က သူ့လက်ကိုဆောင့်ဆွဲလိုက်ပြီး ..၊

"မင်း ဝင်မပါနဲ့လို့ပြောနေတာ မင်း နားကန်းနေလား ..'

"မမတို့ အထင်လွဲပြီးပြောနေတာ နားကန်းတဲ့လူတောင် ခံနိုင်မှာမဟုတ်ဘူး .."

"ငါတို့ကလည်း အကန်းတွေကိုပြောနေတာ မဟုတ်ဘူး .."

"တောက် ..."

ခြယ် ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ တက်တစ်ချက်ခေါက်ရင်း ထတ်ပြင်လိုက်လျှင် ..၊

"သမီး မလုပ်ရဘူး .."

ဒေါ်စိန်စီခြယ် က ကမန်းကတန်းဆွဲဖက်ထားလိုက်၏။ လက်မအားသည့် ခြယ် က ခြေထောက်နဲ့ ပတ်ကန်ပစ်သည်။

"ခြယ် ..."

ခြယ် နဲ့ အစ်မကြားမှာ လော ပဲ ပျာများသွားကာ ကန်ချက်ထိသွားတော့လည်း သူ့ခြေထောက်ကိုပဲ အဖျားခတ်ထိသွားခဲ့၏။

အခြေအနေတွေက အချိန်မတော်မှာပဲ ထိန်းမရလောက်အောင် ချော်ထွေးသွားခဲ့၏။ နောက်မှာရပ်ကြည့်နေကြသည့် အိမ်အကူမိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေပါ ပြေးထွက်လာကြပြီး ဒေါ်စိန်စီခြယ် မနိုင်မနင်းထိန်းနေရသည့် ခြယ့် ကို ဝင်ဆွဲကြရင်း …၊

"ရှိကြီးခိုးပါရဲ့ မမလေးရယ် .. တော်ပါတော့နော် ညည့်နက်နေပါပြီ .."

"လာပါ မမလေးရယ် .. မေမေကြီး သနားပါတယ် .."

"ဟွန်း …"

ဒေါ်ကြည်ဖြူ က ခါးနှစ်ဖက်ထောက်၍ ကျူကျူနနမဲ့၏။ နောက်ထပ် ဆိုးရွားသည့်စကားလုံးတွေထွက်လာလျှင် သမီးရဲ့ စိတ်နဲ့ ခက်တော့မှာမို့ ဒေါ်စိန်စီခြယ် မာန်မာနတို့ကို ခဝါချ၍ …၊

"ဒေါ်ကြည်ဖြူ တို့ ဘာလုပ်စေချင်သလဲ .. ဘာဖြစ်ချင်တာလဲ အားလုံး ကျွန်မတို့လုပ်ပေးပါ့မယ်၊ ဒီကိစ္စကိုလည်း ကျွန်မတို့ကပိုပြီး အကျယ်တဝင့်မဖြစ်စေချင်တာပါ၊ ဒါကြောင့် မနက်မိုးလင်းရင် ဘာဖြစ်လာမှာတွေ ဘာတွေ ဒေါ်ကြည်ဖြူ တို့ စိတ်မပူဘဲ ပြန်ကြပါရှင်၊ ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ် .."

"ဘာကိုတောင်းပန်တာလဲ မာမီ .. ခြယ် က ဘာလုပ်လိုက်လို့လဲ၊ လမ်းမှာမိုးတွေရွာနေတာ ကားမောင်းမရလို့ ရပ်နေရတယ်၊ ပြီးတော့ စက်နှိုးမရတော့လို့ ဒီတိုင်းဆင်းလျှောက်ခဲ့ရတယ်၊ အဲ့ဒါ ဘာတွေမှားသွားလို့လဲ .."

အထဲရောက်ခါနီးမှ ခြယ် က နောက်လှည့်အော်သွားသေးသည်။

ဒေါ်စိန်စီခြယ့် မျက်ဝန်းမှာ ငိုချတော့မလို မျက်ရည်ရောင်တို့ လက်နေခဲ့လျက် သမီးရှင် ဖခင်တစ်ယောက်အနေနဲ့ ရင်ဆိုင်နေရသော ခင်ပွန်းဖြစ်သူကိုလည်း ဒီအခြေအနေထဲမှာ မကြည့်ရက်နိုင်ဘဲဖြစ်ရကာ…။

"ကျွန်မသမီးလေးက စိတ်ထင်ရာလုပ်တတ်ပေမယ့် ကိုယ်ကျင့် သိက္ခာတော့ .."

"ကိုယ်ကျင့်သိက္ခာမှာ ဘယ်လိုပုဒ်ဖြတ် ပုဒ်မတွေနဲ့ ခွဲခြားသတ်



မှတ်ထားသလဲတော့ မသိဘူး၊ ဒါပေမယ့် ခြယ်မှုန်း ဆိုတဲ့ မိန်းကလေး က ကျောင်းအုပ်ကြီးရုံးခန်း၊ ရဲစခန်း စားသောက်ဆိုင်ခန်းမ သူ မရောက်ဘူးတဲ့နေရာမရှိအောင် ဂျင်ခြေလည်နေတာတော့ ကျွန်မတို့သိတယ်၊ လူတိုင်းလည်းသိပါတယ် .."

"ဒါပေမဲ့ရှင် .."

"ကျွန်မပြောတာပဲ ရှင် နားထောင်ပေးပါ ဒေါ်စိန်စီခြယ် .."

"ဟုတ်ကဲ့ ပြောပါ .. ဒေါ်ကြည်ဖြူ တို့ ဖြစ်ချင်တာအားလုံး .."

"ဒေါ်စိန်စီခြယ် တို့ ဘယ်လောက်ချမ်းသာသလဲ မသိပေမယ့် ကျွန်မတို့ထက်တော့ အများကြီးသာမှာပါ၊ ဒါပေမယ့် ငွေနဲ့ အရာရာကို လွှမ်းမိုးလို့မရဘူး၊ အရေးကြီးဆုံးက ဆိုဆုံးမမရတဲ့ သားသမီးအတွက် အုပ်ထိန်းနိုင်မယ့် အိမ်ထောင်ဘက်ရှာတာမျိုးမှာ ငွေရှိတိုင်းမရဘူးဆိုတာပဲ .."

"ဒီမှာ ဒေါ်ကြည်ဖြူ .. တစ်ဖက်သားရဲ့ အားနည်းချက်ကို ခင်ဗျား မစာနာရင် ကြိုက်သလိုထိုးနှက်လို့ရတယ်၊ ဒါပေမယ့် သူများမိသားစု အတွင်းရေးထိ ခင်ဗျား စည်းမကျော်ပါနဲ့ .."

"မကျော်ပါဘူး .. ဒါက ကျွန်မသားနဲ့ တိုက်ရိုက်သတ်ဆိုင်နေတာလေ .."

"ဖြူ တော်တော့ .. ဒီက ဦးညာဏ်မင်း တို့ကို ကျွန်တော် တောင်းပန်ပါတယ် .."

"မတောင်းပန်နဲ့ ဖေဖေ .. မောင်လေးက ခြယ် ကြိုးဆွဲရာ 'က' နေတဲ့အရုပ်လိုပဲ၊ နောက် ဘယ်တော့မှ မပတ်သက်ကြလေ ကောင်းလေပဲ၊ ခုလုပ်သွားတာကြည့်ဦး မိဘက ဖုန်းဆက်ပြီးခိုင်းတယ်၊ သမီးက ဖုန်းတောင်မကိုင်ခိုင်းဘဲနဲ့ .."

"မမ အဲ့ဒါ .. ကျွန်တော်တို့ .."

"ဟဲ့ကောင်လေး နင်တိတ်တိတ်နေစမ်းပါ၊ အန်တီတို့ကို ကျွန်မပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောပါရစေ၊ အန်တီတို့ ဘယ်လောက်ချမ်းသာပါစေ သူများတကာ အပေါ် အနိုင်ကျင့်တတ်တဲ့အကျင့်ဆိုးနဲ့ ထင်ရာလုပ်တတ်တဲ့ မိန်းကလေး မျိုးနဲ့တော့ မောင်လေးကို နီးစပ်မခံနိုင်ဘူး၊ အဲ့ဒီတော့ နောက်ထပ် မပတ်သက်ဖို့ ထိန်းသိမ်းပေးကြပါ ..."

"ရှိသေးတယ် .. ဒီညကိစ္စကို ဘယ်သူမှလည်းသိကြတာမဟုတ်ဘူး၊ ကျွန်တို့လည်း မသိခဲ့ကြဘူးလို့သဘောထားပြီး ဒီညဘာမှမဖြစ်ခဲ့ဘူးလို့ ပဲ သဘောထားပေးရင် ရပြီ .."

တစ်ဖက်စောင်းနင်း ဆူညံပွက်ထနေအောင်ပြောသွားကြ၏။ အားလုံးပြန်သွားကြသည့် ကားစက်သံသည် ဒေါ်စိန်စီခြယ်တို့ ဖနီးမောင်နှံ ၏ ရင်ဘတ်တွေပေါ်က ဖြတ်ကြိတ်မောင်းနင်သွားသကဲ့သို့ရှိလျက်..။

"တောက် ..."

ဦးညာဏ်မင်း ၏ တက်ခေါက်သံကြောင့် ဒေါ်စိန်စီခြယ် ဆတ်ခနဲ ဖြစ်သွားသည်။

"အစ်ကိုရယ် .. သမီးလေးကို မငြိုငြင်ပါနဲ့နော်၊ ကိုယ့်သမီးက သူတို့စွပ်စွဲပြောဆိုသွားကြသလိုမဟုတ်ဘူးဆိုတာ စီ တို့ သိနေတာပဲ၊ သမီးကို စီ ယုံတယ်၊ သမီးလေးက မလိမ်ပိုးမလိမ္မာမိုက်ရိုင်းနေတာမျိုး မဟုတ်ဘူး၊ စိတ်ဆတ်တာလေးတစ်ခုကပဲ သူ့ရဲ့ အားနည်းချက်ပါ .."

"စီ ..."

ဦးညာဏ်မင်း က ဒေါ်စိန်စီခြယ် လာကိုင်သည့်လက်ကို ဖယ်ပစ် လိုက်ကာ ..၊

"သမီးကို ကိုယ်တို့ပြုပြင်လာနိုးနဲ့ စောင့်ကြည့်နေခဲ့တာ တော်သင့် ပြီထင်တယ် .."

"တော်သင့်ပြီဆိုတာ ဘာကိုပြောတာလဲ အစ်ကို .."

မျက်နှာပျက် ခြောက်ချားသွားသည့် ဇနီးသည်ကိုကြည့်ကာ ဦးညာဏ်မင်း ခေါင်းခါလိုက်မိသည်။ ပြီးတော့ ဧည့်ခန်းမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်



နေမိလျက် ..၊

"သမီးကို ဒီတိုင်းကြည့်နေလို့တော့ .."

"စီ ဆုံးမပါ့မယ် .. သမီးလေးက သူစိမ်းတစ်ရံတွေလက်ထဲမှာ ကြီးပြင်းခဲ့ရတာ .."

"ဒါနဲ့ပဲ .."

"အဲ့ဒါ သူ့ဘဝပဲ အစ်ကို၊ သမီးရဲ့စိတ်ခတ် ကာရိုက်တာဘယ်လို ပုံပဲဖြစ်လာလာ စီ တို့က နားလည်ရမယ်လေ၊ မိဘအင်အားနဲ့ သူ့ကို .."

"မင်းပဲ အခု အရှက်ရသိက္ခာကျခဲ့ပြီ၊ ငွေရှိတိုင်းအရာရာကို ဖြည့် ဆည်းပေးဖို့မဖြစ်နိုင်ဘူးကွ .. အဲ့ဒါ တကယ်ပဲ .."

"စီ နားလည်တယ်၊ ဒါပေမယ့် ဘယ်သူတွေဘယ်လိုထင်ကြပါစေ၊ စီ တို့က သမီးလေးဘက်ကပဲရှိရမှာမဟုတ်ဘူးလား .. သူများတွေလက် ထဲမှာ ကိုယ့်ဝမ်းကိုယ်ကျောင်းခဲ့ရတဲ့ကလေး၊ ပြီးတော့ သူစာတတ်ဖို့ သူကိုယ်တိုင် ရုန်းကန်ခဲ့ရရှာတယ်၊ ဒါနဲ့တင် သမီးအတွက် စီ တို့ ဂုဏ်ယူထိုက်နေပါပြီ .."

ဦးညာဏ်မင်း ငေးငိုင်သွားခဲ့သည်။ ခုချိန်ထိ သူ တစ်ချက်လေးမှ မနားရသေးပေ ..။ မြန်မာပြည်ပြန်ရောက်တာနဲ့ သမီး ဆရာမရဲ့ မွေးနေ့ ကို လိုက်ခဲ့ပါဆိုလို့ ချက်ချင်းထလိုက်ခဲ့ရသည်။

သမီးကိုစောင့်နေရင်း ပြန်သွားပြီလားမသိ၊ ရှိနေသေးတာလား မသိဘဲ မွေးနေ့မှာပဲ တော်တော်ကြာအောင်နေခဲ့ရ၏။

ဖုန်းဆက်မယ်ဆိုတော့ 'သမီးက သူသွားလေရာ တကောက်ကောက် လိုက်ကြည့်နေသလိုလုပ်ရင် မကြိုက်ဘူး ' လို့ ဇနီးသည်က တားသည်။

သမီးကို သွားခေါ်မယ်ဆိုတော့ 'တစ်မျိုးထင်သွားပါ့မယ်' တဲ့..။

သမီး ငြိုငြင်မှာကို ကမ္ဘာပျက်မလောက်ကြောက်ရွံ့နေတဲ့ မိခင်ဖြစ်သူ ကိုပဲ အပြစ်တင်ရမလား၊ ဒီလောက်တုန်နေအောင်ချစ်တဲ့ မိဘတွေကို ဂရုမစိုက်စွာနေတဲ့ သမီးက ဆိုးနေတာလား ..။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပဲတွေးကြည့်ပါဦး … သမီးလေးသာ စာသင်ချင်စိတ်မရှိခဲ့ဘဲ ကလေးဆိုးဆိုး သူများထားသလိုနေ၊ ကျွေးတာစားပြီး ကျေနပ်နေခဲ့ရင် စီ တို့ ဘာမှလုပ်မပေးနိုင်ခဲ့တဲ့ သူ့ရဲ့အတိတ်ကို ခုချိန်မှာ ဘယ်လိုပြုပြင်ပေးကြမလဲ၊ အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ခွင့်ရတာ ပစ္စုပ္ပန်ပဲ အစ်ကို …"

ဦးညာဏ်မင်း သက်ပြင်းရှည်ကြီးချကာ ဆိုဖာမှာလေးတွဲ့စွာထိုင်လိုက်၏။ ဒေါ်စိန်စီခြယ် က အနားကိုတိုးသွားရင်း …၊

"အမှားမြင်ပြီး အမှန်ရောက်အောင်ပြုပြင်နိုင်ဖို့ကလည်း ပစ္စုပ္ပန်မှာပဲရတာ၊ သမီးလေးက သူ့အတိတ်ကောင်းအောင် သူ ကိုယ်တိုင်ကြိုးစားခဲ့တဲ့ကလေးပါ၊ သူ မကြိုးစားခဲ့ရင် ရှစ်နှစ် ကိုးနှစ်အရွယ်မှာ စာမတတ် ပေမတတ်နဲ့ စီ တို့ ဘာလုပ်ပေးနိုင်မှာလဲ …"

"ဟုတ်ပါတယ် မိန်းမရယ်၊ ကိုယ် ရုတ်တရက် ဝဋ်သိက္ခာကြောင့် ရှက်တဲ့စိတ်ဖြစ်သွားလို့ပါ၊ တို့ကမိဘဖြစ်ပြီး သမီးအတွက် အတိတ်ကောင်းအောင် ဘာမှပြင်ဆင်မပေးနိုင်ခဲ့ဘူး၊ သမီးရဲ့ ကောင်းခြင်းဆိုးခြင်းကို ခုချိန်မှာ ကိုယ်တို့အဆုံးစွန်ထိ နားလည်ပေးနိုင်ရမယ် …"

ဦးညာဏ်မင်း နေရာမှပြန်ထရပ်ကာ ဒေါ်စိန်စီခြယ် ကို အားပေးသည့်အပြုံးနှင့်ကြည့်သည်။ ပြီးတော့ ခေါင်းညိတ်လိုက်ရင်း "ဘာပြဿနာတွေရှိရှိ တို့မိသားစုရင်ဆိုင်ကြတာပေါ့ …"

ထိုစကားတို့သည် နံရံအကွယ်မှာရှိနေခဲ့သည့် ခြယ် ရင်ထဲကို စူးနစ်ဝင်ရောက်နေခဲ့လျက် သူမ မျက်ဝန်းတွေ ဖိမှိတ်ပစ်လိုက်သည်နှင့် မျက်ရည်စက်တို့ တလိမ့်လိမ့်စီးကျသွားကြ၏။

မှားခဲ့ပါပြီ …။

❦



အခန်း (၂၄)

"ကျောင်းပြီးရင် ဘာလုပ်ကြမလဲ …"

"ယောကျ်ားယူမယ် …"

"သုံ့တ်ရိုက်(ထ်) …"

"အံမယ် …"

"ဟုတ်တယ် … ဟုတ်တယ် ငါ ထောက်ခံတယ်၊ ဒီကောင်လည်း ယူတာပဲ၊ ယူတာမှ မနေနိုင်လွန်းလို့ပါဆိုပြီး ကျောင်းတောင်မပြီးသေးဘဲနဲ့ …"

သီဟအောင် ကို ဝိုင်းလက်ညှိုးထိုးကြသည်။ မေးလိုက်သည့် စုစီလေးက မဲ့သွားကာ …၊

"ငါက ဘယ်သူ့နောက်လိုက်ပြီး ဘယ်လိုကဲကြမလဲလို့ မေးတာကို…"

"ဘာလဲ … ငါတို့အုပ်စုထဲမှာ နယ်က တစ်ယောက်မှမပါဘူး …"

"ပါတယ် …"

သိန်းသန်း က ပြောလိုက်ပြီး မာလာ ကို လက်ညှိုးထိုး၏။ မာလာအ ဖျာပုံသူဖြစ်ကာ ကိုယ်ပိုင်စက်လှေတွေနဲ့ လုပ်ငန်းတွေရှိသောကြောင့် …။

"မာလာ ဘာလို့အသံတိတ်နေတာလဲ၊ စိတ်မပုပ်နဲ့နော် … ငါတို့

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပေါင်းမှ ဆယ်ယောက်မပြည့်ဘူး ..."

"အောင်မလေးဟာယ် ..."

"ဒေဝီက ဈေးစပ်တော့မှာဆိုတော့ မိန်းကလေးက စုလေး နဲ့ ဇင်နီ နဲ့ ..."

"ဇင်နီ က လိုက်မှာမဟုတ်ဘူး၊ သူ့မယ်တော်ကြီးက ကွိုင် ..."

"ဒါဆို စုလေး နဲ့ ခြယ် ပဲ ..."

"ဟုတ်တယ် ... ခြယ် ကတော့ ဘယ်သူ့မှကြောက်ရမယ့်သူမရှိဘူး လိုက်မှာပဲ၊ ပြီးတော့ ခြယ် ပါရင် ငါတို့အကုန်အကျသက်သာမှာ..."

"ဟုတ်တယ် ... ခြယ် က သူ့ကိုမခံချင်အောင်သွားမစနဲ့ ဒီတိုင်းဆိုချစ်ဖို့ကောင်းတယ် ..."

"ဟုတ်တယ် ခြယ် က စိတ်ရင်းကောင်းရှိတာ ငါသိတယ်၊ ဘယ်သူတွေဘာပြောပြော ငါ သူ့ကိုကြိုက်တယ် ..."

"ဟောကောင် ..."

"ဘာလဲဟ ... သူ့စိတ်ဓာတ်ကိုကြိုက်တယ်ပြောတာ၊ သူ့အကြောင်းနားလည်တယ်ပြောတာ ... ကဲ ..."

"လုပ်မနေနဲ့ ... သူ့အကြောင်း ဇင်နီ့ လောက် ဘယ်သူမှမသိဘူး..."

ဒေဝီ က လူမရောက်ခင်တည်းက အသံအရင်ပို့သည်။

"ဒေဝီ လာပြီ ... လိုက်မှာလား မေးကြည့်ပါဦး၊ ဈေးစပ်မယ့်သူရှိသေးမယ့် လိုက်ရင်လိုက်မှာပေါ့ ..."

အားလုံးလှည့်ကြည့်ကြတော့ ဒေဝီ က နံ့ခွဲထိုင်လိုက်ရင်း ပြုံးကာ...

"သူငယ်ချင်းတွေမစုံဘဲနဲ့ မလိုက်ချင်ပါဘူး ..."

"အကြောင်းပြနေပြန်ပြီ ... နင် လိုက်ဖို့ပဲလိုတာ ..."

"ခြယ် လည်း လိုက်မှာမဟုတ်ဘူး ..."

"ဟေး ..."

မာလာ က လက်ခုပ်ထတီးကာ ...၊

"ခြယ် မလိုက်လို့တီးတာမဟုတ်ဘူးနော် ... ငါအကြောင်းပြလို့



ရပြီ ... ဟဲ ... ဟဲ ... မိန်းကလေးတွေ မစုံဘဲနဲ့တော့ လိုက်ချင်လို့ရှုစိုဝိုးတက်နေလည်း ... အင်း ... အားနာတယ် ..."

"အံမာ ... ငါတို့က လိုက်ရင်လည်း ကိုယ့်စရိတ်နဲ့ ကိုယ်လိုက်မှာပါ ..."

"နေပါကွာ ... သူ့အိမ်လိုက်မတည်းရလည်း ဖျာပုံမှာ ဘုန်းကြီးကျောင်းတော့ရှိမှာပါ ..."

"ရှိတယ်လေ ... ဒါပေမယ့် ဘုန်းကြီးကျောင်းရှိသမျှ ကျောင်းထိုင်ဆရာတော်တွေက ငါ့ဘကြီး၊ ငါ့ဦးလေး အဲ ... ဦးလေးကစ်ဝမ်းကွဲနဲ့..."

"တော်တော့ ... တော်တော့ ... တော်ကြာပြစရာရှာရင်းနဲ့ ဒေါ်ကြီးဒေါ်လေး သီလရှင်တွေပါလာလိမ့်မယ် ..."

ယောက်ျားလေးတွေနဲ့ မာလာ အော်ဟစ်ငြင်းခုံနေကြသဖြင့် စုရီလေးနားနှစ်ဖက်ပိတ်ထားမိကာ ...၊

"နင်တို့ကို ဆိုင်ရှင်မောင်းထုတ်တော့မယ် ... တိတ်ကြပါတော့ ..."

လို့ အော်ဟစ်တားဆီးတာလည်းမရ ...။

"မိန်းကလေးတွေပါရင် လိုက်လို့ရတယ်လို့ နင်ပြောတယ်နော် ... ရတယ် ... သီဟအောင် မိန်းမပါ ပါစေရမယ် ..."

"ဒါဆိုရင်တော့ နင် အိမ်ပြန်ပြီး အိပ်နေလိုက်တော့ သိန်းသန်း ..."

"လာပြန်ပြီ ..."

ရောက်မလာခင်တည်းက နက်(ဂ်)တစ်တွေနဲ့ ပစ်ခွင်းလာသည့် ဒေဝီ ကို သိန်းသန်း က မကြည်ကြည့်နှင့် မေးဆတ်၍ ...၊

"ဘာလဲ ... ဘာလို့ပြန်အိပ်ရမှာလဲ ဇင်နီ နဲ့ ခြယ့် ကို ..."

"ဇင်နီ ရော ခြယ် ရော လိုက်မှာမဟုတ်ဘူး ..."

စုရီလေး က ဒေဝီ မျက်နှာပေါ်က အပြုံးကို အံ့ဩစိတ်နှင့် သေချာကြည့်သည်။

"ဘာဖြစ်လို့လဲပြောစမ်းပါ ရမ်းတုတ်နေတာလား ..."

"ဒေဝီ ပါ မသိဘဲ ဖြီးဖြန်းပြောတာတွေ ပါသွားမှာမပါဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုပြောလေ .."

"ဇင်နီ တို့နဲ့ ခြယ် ကျိုင်တက်နေကြတယ် .."

"ဟင် .."

"သိတယ်လေ .. ဇင်နီ့ အမေက အမြဲတမ်းကျိုင်ပူနေတာပဲဟာ.. တကယ်တမ်းကျတော့ ခြယ် က အေးအေးနေတတ်တဲ့သူပါ .."

ဒေဝီ က ခေါင်းခါနေရင်း မဲ့လိုက်သေးသည်။

"နင်တို့မသိလို့ပါ ကောင်းရယ် .. အဲ့ဒီသုံးယောက်က အချစ်ဆုံး သူငယ်ချင်းတွေလို့ ငါတို့ကထင်တာ၊ တကယ်တော့ သူတို့ကမှ ချစ်သူ ရန်ဘက်တွေ .."

ဒေဝီ က အားလုံးစိတ်ဝင်စားကြမယ့်အဖြစ်တစ်ခုကို သေချာပြော ပြလိုက်သည်။ ပြီးတော့ မေးဆတ်၍ ...၊

"ဘယ်လိုလဲ ခြယ် က အေးဆေးနေတတ်တာပါလို့ ပြောဦးမလား.."

"အေးလေ .. ဒါပေမယ့် အဲ့ဒီညက ပြဿနာက လော နဲ့ ခြယ် တို့ပဲ၊ နင်ပြောတာက ဇင်နီ နဲ့ ခြယ် ကျိုင်တက်နေတာဆို .."

သိန်းသန်း က ထပ်မေးတော့ အားလုံးနားစွင့်နေခဲ့ကြသည်။ ဒေဝီ ကတော့ ဆရာမကြီးစတိုင်လ်နဲ့ ရယ်နေလျက် ...။

"နင်တို့ မသိသေးတာတွေရှိပါတယ်ဆိုမှဟာ .."

"နင်ရော .. ဒါတွေဘယ်လိုသိတာလဲ .."

"အေးလေ .. ညကမှဖြစ်ကြတာ၊ ဇင်နီ့ ဆီက သိတယ်ဆိုရင်တောင် ဇင်နီ လည်း ကျောင်းကိုမလာသေးဘူး .."

ဇင်နီ နဲ့ ဒေဝီ အဲ့ဒါတွေကို မိုးမလင်းခင် ဖုန်းဆက်ပြောပြကြ လောက်အောင် မရင်းနှီးပါ။ ခြယ် နဲ့ဆို ပိုဝေးသေးသည်။ ဒေဝီ့ မျက်နှာ ကို အကဲခတ်ရင်း စုရီလေး က တွေးနေခဲ့၏။ ပြီးတော့ ...၊

ဒီလိုဖြစ်ခဲ့တာတွေကို လော ပါးစပ်ကနေ တခြားတစ်ယောက်ကို ဘယ်တော့မှ ဖွင့်ပြောမှာမဟုတ်တာသေချာသည်။ ဟိုအရင်တည်းက လော နဲ့ ခြယ် တို့ သုံးယောက်မှာ ဇင်နီ နဲ့ တခြားသူတွေရောနှော



ခင်မင်လို့ရကြပေမယ့် ခြယ် က ခေါ်ချင်မှခေါ်သည်။ မေးလည်း ဖြေချင်မှ ဖြေ၏။

ဒါပေမယ့် သူမရှေ့မှာ မတရားတာတစ်ခုခု ဒါမှမဟုတ် အမြင် မတော်တာတစ်ခုခုမြင်လျှင် ခြယ် က သိသိမသိသိ ဘယ်သူ့ခွင့်ပြုချက် မှ မလိုဘဲ ပါဝင်ဖြေရှင်းပေးတတ်ကာ ဇင်နီ က သီးသန့်ဆန်၏။ ဇင်နီ့ လိုပဲ လော ကလည်း ဒီအတိုင်း ...။ ဒါကြောင့် သဘောကောင်းပြီး ကူညီ တတ်သူအဖြစ် ခြယ့် ကိုပဲ လူသိများပြီး ခင်မင်သူလည်း ပေါ်ခဲ့သည်။

နောက်ပိုင်းမှာ ခြယ် ဒုက္ခပေးတတ်လာတာတွေကတော့ ...။

"ဟယ် .. ပြောရင်းဆိုရင်း ဟိုမှာ ခြယ် ပါလား .."

"ဒီလောက်ဖြစ်ထားကြတာတောင် ကျောင်းလာတက်ရဲတယ်နော် .."

မာလာ က တအံ့တဩ ...။

သီဟအောင် တို့ကတော့ ခြယ့် ကို လှမ်းကြည့်လိုက်ကြပြီး အံ့ဩ သွားကြသလိုရှိလျက် သူမအကြောင်းပြောနေကြတုန်းမို့ အားနာသွား သည့် မျက်နှာလေးတွေလည်းဖြစ်သွားကြသည်။

ခပ်မှိုင်းမှိုင်းဖတ်ဖူးစိမ်းရောင်နှင့် ထပ်ဝတ်ထားသည့် ဂျက်ကတ် လေးကလည်း အစိမ်းရောင်ပဲဖြစ်ကာ ခုံမြင့်ဖိနပ်ကြီးက နီညိုရောင်ရင့်ရင့်...။

ပြီးတော့ ကောက်ကွေးသော ဆံပင်တွေကို ဖြန့်ချထားကာ အစိမ်း နဲ့ အနီရောသော ကွင်းငယ်လေးတွေဆက်နေသည့် ကြိုးရှည်လေးတစ်ကုံး ကို ဆွဲထားသည်။

နားဆွဲတွေ လက်ကောက်တွေကအစ အစိမ်းအနီရောနေတာ ...။

"ခြယ် က ဘယ်အချိန်ကြည့်ကြည့် ထင်းလင်းနေတာပဲနော် .."

"ခြယ့် ကို ကြည့်တာလား .. သောမှာပါလာတဲ့ နေခြည် ကိုလား .."

"ဟာ .. နင်ကလည်း ပြောတော့မယ် .."

သီဟအောင် က ရယ်နေရင်းခေါင်းကုတ်သည်။ နေခြည် ကတော့ မျက်နှာသေးသေး နှာတံပေါ်ပေါ်နှင့် အပေါ်နှုတ်ခမ်းလေးလည်း လန်ချင် ၏။ သူမကိုတော့ ကုလားဆင်လေးလို့ပြောကြကာ လူဘယ်လို့လည်းဆိုး၏။

www.burmeseclassic.com

www.burmeseclassic.com



"နေခြည် နဲ့ နင် ခုတလော အရမ်းဟွဲတာပဲနော် .. သတိထား.."

"မချွန်ပါနဲ့ ဒေဝီ ရာ .. နင့်စကားတွေသာ စိုးယု ကြားရင် ငါ တကယ့်ကွိုင် .."

သီဟအောင် က လျှောက်လာနေကြသည့် ခြယ် နဲ့ နေခြည် တို့ကို ကြည့်လိုက်ရင်း ..၊

"ခြယ် က ကျေးဇူးရှိလို့ သူ့အတွက်အကူအညီလိုရင် ပေးချင်လို့ ပါ .."

"ဟင် .. ဘာဆိုင်လို့လဲ .."

ဒေဝီ က ဒီစကားဝဲ ပြန်ရောက်အောင်ဆွဲချနေသလိုပင် ..။

"ဆိုင်တယ်လေ .. လော ရဲ့ အမေနဲ့ အစ်မအကြောင်းလည်း နင်တို့ကြားသားပဲ၊ ဇင်နီရော လော ရော ခုတလော ခြယ့် ကို သိပ်မှ မတွဲရဲကြတာ .."

"ဘယ်တွဲရဲမလဲ .."

ဒေဝီ ဝင်ထောက်လိုက်သည့်စကားက ခြယ့် ကို အပြစ်တင်ကဲ့ရယ် ချင်တာလား၊ အထင်မြင်သေးတာမျိုးလား ..။ စုရီလေး ကလည်း ဒေဝီ စကားပြောလိုက်တိုင်း သတိထားကြည့်နေခဲ့လျက် ..။

"ဟုတ်တယ် ငါ့ကို အဲ့ဒါကြောင့် လောက သေချာမှာထားတာ၊ ခြယ် က ဘာလုပ်လုပ်နောက်တွန့်တာမဟုတ်ဘူး၊ ပြဿနာတစ်ခုခုရှိ လာရင် ငါ့မျက်စိအောက်မှာဆို ငါ ကူညီပေးလိုက်ဖို့ပါ .."

"ခစ် .. ခစ် .. ခစ် .."

ဒေဝီ က ပခုံးလေးတွေလှုပ်အောင်ရယ်သည်။ ပြီးတော့ ခြယ် တို့ကို လှမ်းကြည့်၍ ..၊

"ငွေက အဓိကမကျဘူးသာဆိုတယ် ခြယ် ဆိုရင် အားလုံးပြီးနေကြ တာပဲနော် .. မမြင်ကွယ်ရာမှာတောင် စိတ်ပူပေးမယ့်လူနဲ့ စောင့်ရှောက် မယ့်သူနဲ့ .."

ပြောနေရင်း ခေါင်းခါရမ်းလျက် ..၊



"ငါ မြင်သမျှပြောရရင်တော့ ခြယ် တော်တော်မျက်နှာပြောင်တာ.."

"ဟား .. နင်တို့ မိန်းကလေးတွေကတော့ .."

သိန်းသန်း က ချက်ချင်းကဲ့ရယ်သည်။

"ခြယ် က ပွင့်လင်းတာပါဟာ .."

"ဟုတ်တယ် ဒေဝီ .. နင် အမြင်မှားနေတာ၊ ခြယ် က သူမှန်တယ် ထင်ရင် ဘာကိုမှ ဂရုစိုက်တတ်တဲ့အကျင့်မရှိဘူး၊ အဲဒါကြောင့်.."

"တော်စမ်းပါ .. ဟိုမှာ နီးလာပြီ၊ သူ့အကြောင်းအတင်းတုပ်နေဝါ တယ်ဆိုပြီး တစ်ခုခုဒုက္ခပေးမှဖြင့် .."

ဒေဝီ ဘာဖြစ်လို့ ခြယ့် ကို အမြင်စောင်းသွားတာလဲ ဘယ်တုန်း ကလဲ ..။

စုရီလေး က မဆီမဆိုင်ခေါင်းရှုပ်ခံနေခဲ့သည်။ တကယ်ဆို လော တို့သုံးယောက်နဲ့ သူမတို့အားလုံးက မုန်းရလောက်အောင် ချစ်ခင်ရင်းနှီး ခဲ့ကြတာလည်းမဟုတ်ပေ ..။

ခြယ့် ကို ဇင်နီ က မကျေနပ်ချက်ရှိသည်ဆိုရင်တောင် ဒါထ သဘာဝကျသေးသည်။

"ဟဲ့ .. နင် သူတို့ရဲ့ လျှို့ဝှက်ချက်ကို စိတ်ဝင်စားလား .."

"ဟင် .. ဘာ .."

စုရီလေး ငေးနေမိတုန်းမှာ ဒေဝီ က မျက်နှာလေးငဲ့လာပြီး ကပ် မေးလိုက်သဖြင့် ပျာပျာသလဲဖြစ်သွားကာ ..၊

"သူတို့ဆိုတာ ခြယ် တို့ သုံးယောက်လား .."

ဒေဝီ က ပြုံးလျက်နှင့် ခေါင်းညိတ်ပြသည်။

"ပြောလေ .. ခြယ့် ကို နင် ဘယ်လိုမြင်လဲ .."

ခြယ် နဲ့ နေခြည် တို့က အနားရောက်ခါနီးမှ တီချယ်တစ်ယောက် နဲ့ စကားပြောနေသဖြင့် စုရီလေး ခြယ့် ကို လှမ်းကြည့်လိုက်သည်။ သီဟအောင် တို့ ခြယ့် ဘက်က ကာကွယ်ပြောလိုက်သဖြင့် ဒေဝီ မဖြစ် မနေပြောချင်နေသော စကားတွေက သူမ တစ်ယောက်တည်းဘက်ကို

www.burmeseclassic.com



ဦးတည်လာတာဖြစ်၏။

ထို့ကြောင့် သူမကတော့ သီဟအောင် တို့နဲ့ တစ်လေသံတည်းထွက်လို့မဖြစ် ...။

"မသိဘူးလေ .. နင် ခုနကပြောတော့ ငါအံ့သြနေတာ၊ ဖြစ်နိုင်တယ်သိလား .. ခြယ် က သိပ်မမိုက်ပါဘူး .."

"ဟွန်း .."

ဒေဝီ က ပခုံးတွန့်ပြီး မဲ့လိုက်ကာ ...၊

"အာ့ကြောင့် သူ့ကို ဇင်နီ က ခွာပစ်တာပေါ့၊ အစက လုံးထွေးနေကြတဲ့ဟာ .."

ပြောရင်း ခြယ့် ကို လှမ်းကြည့်သေးသည်။ ပြီးတော့ ရှေ့မှာ စားစရာထပ်မှာနေကြသည့် ယောကျ်ားလေးတွေကို မျက်လုံးဝေ့လိုက်ပြီး ...၊

"နင့်ကို ငါ ပြောပြစရာတွေရှိသေးတယ်၊ ဒါပေမယ့် နောက်မှ.."

ခြယ် နဲ့ နေခြည် တို့ ဒီဘက်ကို လှမ်းကြည့်လာကြကာ ခြယ် က သီဟအောင် ကို လက်ယပ်ခေါ်၏။

"ငါ ..."

သီဟအောင် က သူ့ရင်ဘတ်သူပုတ်ပြတော့ ခြယ် က ခေါင်းညိတ်သဖြင့် ...၊

"လာပြီ .."

တီချယ်လည်းရှိနေသဖြင့် သီဟအောင် လွယ်အိတ်တစ်ဖက်ကဆွဲပြီး ကမန်းကတန်းထွက်သွား၏။ ပြီးတော့ ဘာတွေပြောကြမှန်းမသိဘဲ နေခြည် က သီဟအောင် ကို စာအုပ်နဲ့ လှမ်းရိုက်၏။

တီချယ်ကလည်း ရယ်နေကာ ခဏကြာတော့ သီဟအောင် နဲ့ နေခြည် တို့ အတူထွက်သွားကြရင်း သီဟအောင် က ဒီဘက်ကို လက်ပြသွား၏။

သူတို့အားလုံး ဘာမှန်းမသိဘဲကြည့်နေမိကြရင်း ခြယ် ရောက်လာတော့ ...၊

"သီဟအောင် တို့က ဘယ်သွားကြတာလဲ ခြယ် .."



ဒေဝီ က ဦးဆုံးမေးသည်။ ခြယ် က မဖြေဘဲ မတ်တတ်ကနေအားလုံးကိုလိုက်ကြည့်၏။ ပြီးတော့ သူမ မျက်ဝန်းတွေက ဒေဝီ ဆီပဲပြန်ရောက်ခဲ့ပြီး ...၊

"ဇင်နီ မလာဘူးတဲ့လား .."

"ဇင်နီ့ ကို မေးချင်တာလား .. လော ကိုလား .."

"ငါ ဘယ်သူ့ကိုပဲမေးမေး နင်သိရင်ဖြေ မသိရင် မဖြေနဲ့ပေါ့ .."

"နင့်ကျတော့ ငါမေးတာကို မဖြေဘဲနဲ့ မေးခွန်းပြန်ထုတ်တာလေ .."

ဒေဝီ့ မျက်ဝန်းမှာ ခနဲ့ခနဲ့အကြည့်တွေနဲ့ဖြစ်ကာ ခြယ် က ထိုမျက်ဝန်းတွေကို အံ့သြသလို မျက်မှောင်ကုတ်ကြည့်ရင်း ...၊

"တီချယ် နိုင်းလိုက်တာ ဘယ်သွားလဲသိချင်ရင် တီချယ့်ကို သွားမေး .."

ပြောပြီးတာနှင့် လှည့်ထွက်သွား၏။ စုရီလေး ခေါ်မည်ပြင်ပြီးမှ ဝါးစပ်ပိတ်နေလိုက်၏။

"နင်တို့ကလည်း တကယ်ကွိုင်ပူတယ် .."

"ငါကမပူပါဘူး .. အမြဲတမ်းပူနေတာက သူပဲ .."

ဒေဝီ က ရယ်တောင်ရယ်နေသေးသည်။ ပြီးတော့ သက်ပြင်းချ၍ ခေါင်းလည်းခါရင်း ...၊

"ကိုယ့်ကိုယ်ကိုယ် မင်းသမီးလားမသိ ဇာတ်ပို့လားမသိ .." ဟု တီးတိုးရေရွတ်၏။

ဘာမှန်းတော့မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

စာမေးပွဲတွေက ကပ်နေပြီ ကျောင်းမှာ လော နဲ့ ဇင်နီ ကို မတွေ့ရသေးပေ။ မေးကြည့်ဖို့ ကြိုးစားတော့လည်း သူငယ်ချင်းတွေက ကိုယ့်ကိုပဲ မေးခွန်းတွေနဲ့ စောင့်ငေးတတ်ကြတာကြောင့် မေးဖို့ကို လက်လျှော့လိုက်ရသည်။

ဒေါ်ကြည်ဖြူ တို့တွေ ခြယ့် အပေါ်မှာ ဆက်ဆံပုံပြောင်းလဲသွားကြတည်းက လော နဲ့ ဇင်နီ ကို သူမကချည်းပဲရှာနေရသည့် အခြေအနေတွေဖြစ်ခဲ့ရ၏။

လူကြီးတွေက မကြိုက်လို့ မခေါ်နဲ့ဆို ဇင်နီ က ဘာသိဘာသာနေတတ်ပေမယ့်၊ လော က ခြယ် ခေါ်လိုက်ရင် ရောက်မလာဘူးဆိုတာမရှိ ...။

ထို့ကြောင့် ဇင်နီ နဲ့ ကင်းကင်းနေလိုက်ရရင် သူမရဲ့ နေ့စဉ်ဖြတ်သန်းမှုက ခလုတ်မထိ ဆူးမငြိနဲ့ ပြီးသွားတတ်သော်လည်း လော နဲ့တော့ ခြယ် ဘယ်လိုမှ ကင်းကင်းမနေနိုင်ပေ။

ကိုယ့်အိမ်ထဲထိလာပြီး ကိုယ့်မိဘကိုလည်း အရှက်ရအောင်ပြောသွားသည်။ ကင်းကင်းနေဖို့လည်း သတိပေးသွား၏။ ဒါပေမယ့် သူ့မိဘ



တွေကို စိတ်နာတာကသပ်သပ် လော ကို သတိရနေတာက တခြား...။

ကဲန်တင်းဘက်ထိ တစ်ယောက်တည်းလျှောက်လာ ရှာမိပေမယ့် ဇင်နီ နဲ့ လော တို့ကို မတွေ့ရသဖြင့် လူရှင်းသည့် စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်မိသည်။ ပြီးတော့ ...၊

"ကြက်အကြွပ်ကြော်နဲ့ ရှပ်(တ်)တစ်ဘူးပေး ..."

"စားစရာတွေ မမှာစဖူးပါလား ..."

စကားသံတွေနှင့်အတူ စုရီ နဲ့ ဒေဝီ တို့ သူမရှေ့ကိုရောက်လာကြ၏။ သူမကိုမြင်လိုက်တိုင်း ပျာပျာသလဲပြုံးရှိနေတတ်သည့် ဒေဝီ မျက်နှာ ခုတလော တစ်မျိုးဖြစ်နေတာ ခြယ် သတိထားမိသည်။

တစ်ခုခုပြောချင်နေတာလိုလို မကျေနပ်လို့ ရွဲ့နေတာလိုလို ...။

"အပျွန်း ... အကြော်အလှော်တွေ မှာနေပုံထောက်ရင် မကောင်းသော အားဘာယာတွေကျော့်သွားအောင် ယကြာချေနေတာများလား..."

ဒေဝီ ကပဲ ပြောကာ အအေးနှစ်လုံးလှမ်းမှာသည်။ ပြီးမှ စားပွဲပေါ်မှာ လက်တင်လိုက်ပြီး ခြယ့် ကို ကြည့်၍ ...၊

"လော နဲ့ ဇင်နီ့ ကို လိုက်ရှာနေတာလား ..."

"ဟုတ်တယ် ..."

ခြယ် က ခေါင်းညိတ်လိုက်ပြီး ...၊

"နင် သိလို့လား ..."

"သိတာပေါ့ ... တယ်သူမှမသိသေးတဲ့ သတင်းဆိုတော့၊ အဲ ... ဒါပေမယ့် ဖြစ်ပါတယ်၊ နင်က သူများတွေကိုလည်း ကူညီခဲ့ဖူးတဲ့သူဆိုတော့ နင် သိချင်တာကိုပြောပြရမှာပေါ့ ..."

ခြယ့် မျက်ဝန်းမှာ စိတ်မရှည်နိုင်ခြင်းတွေ ယှက်သမ်းနေကြသည်။ စုရီလေး က တစ်ခုခုထဖြစ်မှာစိုးရိမ်နေမိကာ ...၊

"နင်ကလည်း ပြောဖို့ပဲလိုက်ရှာနေပြီးတော့ ပြောလိုက်တာ မဟုတ်ဘူး ..."

"ပြောမှာပေါ့ ဒါပေမယ့် ဒီကိစ္စက ပြဿနာတစ်ခု[illegible]အရင်းခံတာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ခြယ် က ဒါကိုဖုံးကွယ်ထားတာလေ၊ ငါပြောလိုက်ရင် စိတ်ဆိုးသွားမှာစိုးလို့ ..”

“ဘာလဲ .. ငါက ဘာကိုဖုံးကွယ်ထားလို့လဲ ..”

“လော နဲ့ နင်တို့ မိဘချင်း အချင်းများကြတဲ့ကိစ္စ ..”

ခြယ့် မျက်နှာက အပြောင်းအလဲကြီးမားစွာဖြစ်မသွားပေမယ့် မျက်ဝန်းတွေ ကျဉ်းမြောင်းသွားခဲ့၏။ ဧဝီ က သူမကို သေချာအကဲခတ်ကြည့်ရင်း ...၊

“မိုးတစ်ညမှာ နင်နဲ့ လော နဲ့ အလည်လွန်ကြတာတဲ့၊ ဒါပေမယ့် လော ရဲ့ မိဘတွေက တာဝန်မယူနိုင်တဲ့အပြင် နင်တို့အိမ်ထိလာပြီး ..”

“အဲဒါတွေကို ငါက လျှောက်ပြောနေရမှာလား ..”

“မဟုတ်ပါဘူး .. ဒါပေမယ့် သူငယ်ချင်းတွေပဲဟာ ..”

“ငါမပြောရသေးဘဲ အခု တစ်ကျောင်းလုံးပျံ့နှံ့နေတာ ဘယ်သူလျှောက်ပြောနေတာလဲ ..”

ခြယ့် မေးခွန်းကြောင့် ဧဝီ မျက်နှာပျက်၏။ သို့သော် ...၊

“ငါပြောတာ မဟုတ်ပါဘူး .. အဲဒါ .. အဲဒါတွေ သူများပြောမှ သိရလို့လေ .. အဲဒါကြောင့် ..”

“ဟွန်း ...”

ခြယ် က မှဲ့လိုက်ကာ ဖန်ခွက်နဲ့ရောက်လာသည့် ရှပ်ဘူးကို ရှေ့ကို ဆွဲယူလိုက်သည်။

သူမ ဘူးဖွင့်နေတုန်းမှာပဲ ကြက်အကြွပ်ကြော်လာချပေးသွားလျှင် ရှပ်ကို ရေခဲတုံးတွေနဲ့ ဖန်ခွက်လေးထဲထည့်၏။ ပြီးတော့ တစ်စက်ဝက် ချန်ထားကာ ...၊

“သူများ မပြောချင်တဲ့ကိစ္စကို မျက်နှာတည့်တည့်ကြည့်ပြီး မေးရဲတာလည်း နည်းတဲ့သတ္တိမဟုတ်ဘူး ..”

“ငါက ..”

“ဘယ်လိုပြောရမလဲ .. မျက်နှာပြောင်တယ်လို့ခေါ်မလား .. လူမှု



ရေးနည်းတယ်ပြောမလား ..”

“ခြယ် .. ငါက သူငယ်ချင်းချင်းမို့လို့ ပြောတာ၊ နင် တကယ် ရှိုင်းတယ် သိလား ..”

“အခု ငါက နင့်ကို ဆရာခေါ်မလို့ပါ၊ ငါ ရိုင်းတာတောင် နင့်လောက်မရိုင်းဘူး .. ဘာဖြစ်လို့လဲသိလား ..”

မေးဆတ်မေးရင်း ရှပ်ဘူးကိုကိုင်၍ ကြက်အကြွပ်ကြော်တွေပေါ် သေသေချာချာလောင်းချပစ်လိုက်ပြီး ...၊

“နင် မပြောချင်တဲ့အကြောင်းကို ငါ နင့်မျက်နှာကြည့်ပြီး လာမမေးဘူး ..”

ဘူးခွံကို ဒီတိုင်းလွှတ်ပစ်လိုက်တဲ့အထိ စုရီလေး ပါးစပ်အဟောင်းသားနဲ့ကြည့်နေမိ၏။ ခြယ် က စားပွဲစွန်းမှာ လက်ပိုက်သလို ဖွဖွလေး မှေးတင်လိုက်ပြီး ပြုံးကာ ...၊

“အခု ဘယ်သူမှမသိသေးတဲ့ သတင်းလည်း နင်ယူလာပြန်ပြီ၊ လောလောဆယ် ငါသိချင်သွားတာ နင်ပြောမယ့်သတင်းမဟုတ်ဘူး၊ နင် ငါ့ကို ဘာဖြစ်ချင်တာလဲဆိုတာ ..”

“ငါက ဘာဖြစ်ချင်ရမှာလဲ ..”

“ဒါဆိုလည်း ပြန်မေးလိုက်ဦး .. အတွင်းတစ်မျိုး အပြင်တစ်မျိုးနဲ့ လာရောပြီး စကားနိုက်ကြတဲ့ အန္တရာယ်တွေက ကျော်လွှားနိုင်အောင် ငါ အခုပဲ ယတြာလုပ်လိုက်တာဆိုတော့ ..”

“ခြယ် .. ငါ အဲ့လိုမဟုတ်ဘူးနော် .. နင်သာ ..”

“ဝေဒီ ရယ် .. တော်ပါတော့ .. သူ့အကြောင်းလည်း နင်သိသားနဲ့ ..”

“ပြောသွားတာကြားလား .. လူကို နှစ်ပြားမတန်အောင် ..”

ခြယ် က ငါးထောင်တန်တစ်ရွက် ချထားခဲ့ပြီး ထွက်သွားလျှင် ဧဝီ ဆတ်ဆတ်ခါကျန်ရစ်ခဲ့၏။ စုရီလေး သက်ပြင်းခိုးချရင်း ခေါင်းခါလိုက်မိသည်။

လှမ်းကြည့်လိုက်တော့ ခြယ် က တီချယ်နဲ့ စကားရပ်ပြောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးသူငယ်ချင်းနှစ်ယောက်တော့ စာမေးပွဲကပ်နေကာမှ ဈေးစပ်ကြမလို့ဆိုပါလား .."

"ရှင် ..."

"မသိသေးဘူးလား .. လော နဲ့ ခင်နီ တို့လေ .."

ရင်ထဲမှာ နင့်ခနဲစူးသွားသည်။ ခြယ့် မျက်နှာလေးကို အကဲခတ်မိကာမှ ဒေါ်ချယ်ရီနိုင် စိတ်မကောင်းဖြစ်သွားမိကာ ...၊

"ဆောရီး သမီးရယ် .. သမီးတို့တွေ ပြဿနာဖြစ်ထားကြတာ တီချယ် သိပါတယ်၊ ဘာတွေဖြစ်လာလာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်နဲ့ ရပ်တည်နေနိုင်အောင်ပဲ ကြိုးစားပါ၊ တီချယ်တို့ သမီးစိတ်ကို နားလည်တယ် .."

ပခုံးတစ်ဖက်ပေါ် လက်တင်၍ ဖွဖွဆုပ်ကိုင်ရင်း ...၊

"တစ်ခါတလေကျတော့ လူတိုင်းက လူဆိုးပါလို့ပြောနေကြပေမယ့် အဲဒီလူက အားလုံးအတွက် အနစ်နာခံပေးဆပ်သူဖြစ်နေတတ်တယ်၊ လူကောင်းလို့အမည်ခံပြီး အားလုံးရဲ့ ယုံကြည်မှုတွေ အားကိုးနဲ့ တစ်ကိုယ်ကောင်းဆန် ယုတ်မာနေကြတဲ့ လူတွေလည်း အများကြီးပါပဲ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်အမျိုးအစားထဲမှာပါသလဲဆိုတာ ဆန်းစစ်ပြီး ခိုင်ခိုင်မာမာရပ်တည်ပါ သမီးရယ် .."

ဒေါ်ချယ်ရီနိုင် က ပြုံးပြလိုက်ကာ ...၊

"လူဆိုးလူကောင်းဆိုတာ ဘယ်သူကမှ သတ်မှတ်ပေးတာမဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာရှိတဲ့ ဆင်ခြင်တုံတရားကပဲသတ်မှတ်တာ .."

တီချယ် ပြောပြနေတဲ့ ဆုံးမစကားတွေကို နားထောင်နေရင်း ကိုယ့်ကိုယ်ကိုယ် သေးငယ်ကြုံလှီသွားသလို ခံစားလာခဲ့မိသည်။ ကိုယ် ဘာမှအမှားမလုပ်ခဲ့ပါဘဲ မဆင်မခြင်ပြောမိ လုပ်မိတာတွေကြောင့် ပေးခဲ့သမျှလည်း အရာမထင် လုပ်နေသမျှက မှန်တာဘာမှမရှိ ...။

ခုတော့ ကိုယ့်ကြောင့် မိတ်တွေမျက်နှာငယ်အရှက်ရခဲ့သလို သူငယ်ချင်းကောင်းကိုလည်း ဆုံးရှုံးရပြန်ပြီ ...။ တီချယ်နဲ့ လမ်းခွဲလာခဲ့ပြီး အတန်းထဲ



လည်း ပြန်မဝင်ဖြစ်တော့ပေ ...။

ဟိုတုန်းက သူတို့နှစ်ယောက်ကို မတွေ့ရခြင်းက သိပ်မထူးခြားပေမယ့် ပြဿနာတစ်ရပ်ကြားခံခဲ့ပြီးမှ သူတို့က ပျောက်နေသဖြင့် ကိုယ့်ကိုမြင်လိုက်တဲ့လူတိုင်းက အံ့ဩတေးမောကြသည်။

အနားရောက်လာရင် မေးချင်ကြသည့် မေးခွန်းတွေနဲ့ ပါးစပ်ပြင်နေကြ၏။ ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်ဘဲ ခုကျမှ သူမ ဘာတွေ ခံရခက်နေတာလဲ ...။

လူတွေကဲ့ရယ်ကြမှာကိုလား လော နဲ့ ခင်နီ ဈေးစပ်မှာကြောင့်လား...။

ရင်ထဲမှာ ပူလောင်မွန်းကျပ်နေသည်။ ဒီဈေးစပ်ပွဲကြောင့် သူမနဲ့ ပြဿနာအရပ်ရပ်က ကြော်ငြာစရာမလိုဘဲ လူသိရှင်ကြားဖြစ်ရတော့မည်။

ခုတောင် ကာယကံရှင်နှစ်ယောက်စလုံး ကျောင်းကိုမလာကြဘဲ သူမလည်း ဘာမှမပြောခဲ့ပါဘဲ သတင်းက ကျောင်းတစ်ခုလုံး မသိတဲ့သူမရှိ ...။

ဒီသတင်း ဘယ်သူဖြန့်လိုက်တာလဲဆိုတာ မသိပေမယ့် မကောင်းသတင်း၏ ပျံ့နှံ့လွယ်ခြင်းကို သူမ နားလည်သည်။ ဒါကြောင့် ထားလိုက်နိုင်၏။

သတိရနေမိတာ ခင်နီ ...။

လော နဲ့ သူမ ရေ့ဆက်ပတ်သက်ဖို့ခဲယဉ်းသွားပြီပေမယ့် ခင်နီကတော့ ဖုန်းနဲ့ဖြစ်ဖြစ် ပြောလို့ရသည်ပဲ ...။ ခုတော့ ကိုယ့်ရဲ့ အခင်ဆုံးသူငယ်ချင်းတွေ ဈေးစပ်ကြမှာကို သူများပြောမှ သိခဲ့ရသည်။ ဘယ်လိုမှ မျောက်လို့မရသည့်အဆုံးမှာ ခင်နီ့ ဆီ ဖုန်းခေါ်လိုက်မိ၏။

ဖုန်းက တာဝန်ကျေသော်လည်း ကိုင်မယ့်သူကမရှိ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ဘယ်ကဖုန်းလဲ .. ကိုင်လိုက်လေဟာ .."

လမ်းထိပ်ကအအေးဆိုင်မှာ အတူထိုင်နေကြရင်း ဖုန်းရဲ့ Vibration သံကိုကြားနေရသဖြင့် လော က မေးဆတ်ပြောရင်း ..၊

"ဘယ်နှစ်ခါရှိပြီလဲ .. ဒီလောက်ခေါ်နေတာကို .."

ဇင်နီ့ မျက်နှာလေးက ညှိုးရော်နေကာ ကိုင်ထားသည့်ပိုက်တံလေးကို လွှတ်ချလိုက်ပြီး ..၊

"စိတ်ညစ်နေလို့ ဘယ်သူနဲ့မှကို မပြောချင်တာ .."

သူမှာတော့ ပြောချင်နေတာတွေရှိသေမယ့် မေမေတို့က ဖုန်းကိုင်ခွင့်ပါ ပိတ်ပင်ထားကြ၏။ လက်ခံဖို့ ဘာမှအဆင်သင့်မဖြစ်သေးဘဲ အိမ်ထောင်ချပေးဖို့ ဝတ်ပျိုးနေကြတာက တစ်မျိုး ..။

ခြယ် နဲ့ မဆက်သွယ်ရအောင် ဖုန်းသိမ်းထားတာကရှိသေးသည်။ ခုလောက်ဆို ခြယ် ဘယ်လိုတွေးနေရှာမလဲ ..။

"နင်မပြောချင်ပေမယ့် ငါပြောချင်တယ် ဖုန်းခဏလေး .."

"ဘာ ..."

"နင့်ဖုန်းခဏပေးလို့ .."



ဇင်နီ မျက်နှာပျက်သွားသည်။ ပြီးမှ ခေါင်းညိတ်ကာ ..၊

"ငါ့ကို အန်တီဆူရင် နင်ပဲနော် .."

ပြောပြီး ဖုန်းထုတ်ပေးလိုက်လျှင် ..၊

"ခြယ် ..."

ဖုန်းခေါ်ထားတာ ခြယ် ပဲ ..။

လော ရဲ့ နှုတ်မှ 'ခြယ်' ဆိုသည့်အသံ ကြားလိုက်သဖြင့် ဇင်နီ ခေါင်းထောင်သွားကာ ..၊

"ဟုတ်လား .. သူမှန်းသိရင်တော့ ကိုင်ပါတယ် .."

"နင် သူနဲ့ ဖုန်းမပြောဖြစ်ဘူးလား .."

"ပြောပါတယ် .."

"ခြယ် က ဘယ်တော့မှ အဲဒီလို မရမကမခေါ်ခဲ့ဖူးဘူး၊ အကြောင်းရှိနေလို့ခေါ်တာ .."

လော မျက်စိမျက်နှာတွေပျက်လျက် ခြယ့် ကို ချက်ချင်းလှမ်းခေါ်၏။ သို့သော် ..၊

ဖုန်းထဲက 'လူကြီးမင်းရဲ့ လက်ကျန်ငွေနည်းနေပါနေသဖြင့် ဖုန်းခေါ်ဆို၍ မရနိုင်ပါ' လို့ ကြားလိုက်ရကာ ..၊

"ဟား ..."

ညည်းသံကြောင့် ကျွတ်ခနဲဖြစ်သွားတော့ ဇင်နီ က ဖျတ်ခနဲမျက်လွှာပင့်ကြည့်ကာ ..၊

"ဘာဖြစ်လို့လဲ .."

"ပိုက်ဆံကုန်နေပြီတဲ့ .."

ပြောရင်း မျက်လုံးက လမ်းဟိုဘက်က ဆိုင်တိုရောက်ကာ ..၊

"ဟိုဆိုင်မှာ ငွေဖြည့်ကဒ်ဝယ်လို့ရလားမသိဘူး .."

"မရဘူး .. အဲ့ဒါ ကုန်စာဆိုင် .."

"နင်ကလည်း ပိုက်ဆံတစ်ပြားမှ မကျန်တော့အောင်ပဲ ထားရတယ်လို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ငါရော အပြင်ထွက်ရလို့လား .."

အပြင်မထွက်ရတဲ့ ပြဿနာကို ကြားကာမှ ကိုယ်တာလုပ်သင့်သည်ကို တွေးမိသည်။ နာရီကြည့်ကာ နေရာမှ ထရပ်လိုက်ပြီး ...၊

"ငါ ငွေဖြည့်ကဒ်သွားဝယ်ဦးမယ် .."

"ဘာ ..."

"ခဏပဲ .. ဒီနားမှာ ပတ်ရှာလိုက်ရင် ရပြီ .."

"လော ..."

ဖင်နီ တစ်ခုံတစ်ခုပြောမည်ပြင်ပြီးမှ ပြောရခက်နေစဉ် ဖုန်းက အသံလေးတစ်ချက်မြည်လာ၏။ ငုံ့ကြည့်လိုက်တော့ ...၊

Low Battery လို့ ပြနေ၏။

"တောက် ..."

"ဒုတ် ..."

"အယ် ..."

ဖုန်းကို စားပွဲပေါ် ဒုတ်ခနဲ ပစ်ချလိုက်ပြီး စိတ်ပျက်လက်ပျက် ထိုင်မိကာ ...၊

"မသိရင် တစ်ယောက်ယောက် တမင်လုပ်ထားသလိုပဲ .. ကျွတ်"

"ဘာရယ် .."

"နင့်ကိုပြောတာမဟုတ်ဘူး .."

"ဘာပဲဖြစ်ဖြစ် နင့်စကားက ကြားလို့မကောင်းဘူးနော် .."

"ငါ ဖြစ်ပျက်နေတာတွေကိုပြောနေတာပဲ၊ သူများကြားကောင်းအောင် ရွေးချယ်နေရဦးမှာလား .."

ထူတန်းသည့် ရျက်ခုံးနှစ်ဖက်ကို ထိဆက်မတတ်ကုတ်ချထားကာ ဆံပင်တွေကို ထိုးသိပ်ဖိသပ်နေတာလည်း ခဏခဏ ...။ သူ့အဖြစ်က ဘာနဲ့တူနေသလဲ ...။

မိန်းကလေးတစ်ယောက်နဲ့ အလည်လွန်မိလို့ မိဘက မိန်းကလေးအိမ်ထိ လိုက်လာခေါ်သည်။ မနာခံရကောင်းလားဆိုပြီး ပါးရိုက်ခံရတာ



လည်းရှိသေး၏။

ပြီးတော့ ကျောင်းတက်ခွင့်ကိုပိတ်ပင်သည်။ ဖုန်းပြောခွင့်လည်း မရတော့ဘဲ အခန်းထဲထည့်ပိတ်မထားကြရုံတစ်မယ် ...။ ဒါလည်း သိပ်တော့မထူးပါ။ ဒီနေ့ ဖင်နီ သာ ရောက်မလာရင် သူ ဒီလမ်းထိပ်လေးတောင် ထွက်ရပါ့မလား ...။

မိန်းမလျာဖြစ်နေသည့် ယောကျ်ားတွေထက် သူ့အဖြစ်က ဆိုးနေသည်။

ယောကျ်ားစင်စစ်ကနေ မိန်းမဘာဝလုံးလုံးဖြစ်သွားခဲ့တာ 'အောင်မလေး' အော်ချိန်တောင် မရလိုက်ပေ ...။

"မမေတို့ တော်တော်လွန်တယ် .."

"နင် ဘာတွေဖြစ်နေတာလဲ လော .. အေးအေးစကားပြောချင်လို့ ထွက်လာခဲ့တာ စကားကောင်းကိုမပြောဘူး .."

"ဒီလောက်ဆိုးတဲ့အခြေအနေမှာ ငါက စကားအေးအေးထိုင်ပြောနေရမယ် ဟုတ်လား .."

"ငါကရော ဒီအခြေအနေကို ကြိုက်လွန်းလို့လား .."

"နင်ကရော ငါပြောသမျှ နင့်ကို ရည်ရွယ်တယ်ချည်း ဘာဖြစ်လို့ ထင်နေရတာလဲ .."

ဖင်နီ မျက်နှာင်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ ...၊

"စေ့စပ်မယ့်ကိစ္စကို နင် ဖြစ်နေတာမို့လား .."

"ဟုတ်တယ် .. ဒါပေမယ့် နင်နဲ့ ငါ စိတ်ညစ်နေကြတာ အတူတူပဲ၊ ငါက ဘာဖြစ်လို့ နင့်ကို ရန်လိုမောင်းမဲနေရမှာလဲ .."

ပြောရင်း ခေါင်းကုတ်မိပြန်သည်။

"ကျောင်းသွားရင် ကျောင်းထိလိုက်မယ်၊ ခြယ့် ကို သွားတွေ့ရင် လူလယ်ခေါင်မှာ ပြောပစ်မယ်နဲ့၊ ကြာတော့ အကျပ်ကိုင်နေရတာ ကိုယ့်ကိုယ်ကိုယ် မိန်းမလား ယောကျ်ားလားတောင် မသိတော့ဘူး .."

"ဒါကတော့ နင် ခြယ့် အတွက်ငဲ့ပြီး နောက်ဆုတ်နေခဲ့တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ပျော့ညံ့တယ်ထင်ရင် သွားပေါ့ ..”

'ဟုတ်တယ် ငါ ပျော့ညံ့မနေနိုင်ဘူး' ဆိုပြီး ခုချက်ချင်း ထသွားလိုက်ချင်သည်။ ဒါပေမယ့် သူ့ကိုတွေ့ရင် ခြယ် က မခေါ်ဘဲနေမှာ မဟုတ်ပေ ..။ ထို့အတူ ...

မေမေတို့ရဲ့ ရင့်သီးသောစကားတွေကိုလည်း ခြယ် ဘယ်လိုမှ သည်းခံနေမှာမဟုတ် ...၊

“နင့်ကိုယ်နင်လည်း တွေးကြည့်ပါဦး ခြယ် နဲ့ နင် သူငယ်ချင်းမှ ဟုတ်သေးရဲ့လားလို့ ..”

“ဘယ်လို ...”

“နင့်ပုံစံက သူငယ်ချင်းနဲ့မှမတူတာ ရည်းစားနဲ့ အခွဲခံရတာကျ နေတာပဲ ..”

“ငါ အဲ့လိုဖြစ်နေတာဆိုရင်လည်း နင် စာနာကြည့်လေ၊ နင်နဲ့ ငါကရော ချစ်သူတွေလား ..”

ဒီလိုပြန်မေးမည်မထင်သောကြောင့် ဇင်နီ ရုတ်တရက်မဖြေနိုင် ..။

“ငါ ဘယ်သူ့ကိုချစ်ချစ် မချစ်ချစ် သူငယ်ချင်းလို ဟုတ်ဟုတ် မဟုတ်ဟုတ် နေစပ်ဖို့ချက်ချင်းထလုပ်ကြတာ ကောင်းသလား ..”

“တီ ...”

စကားတွေပြောရင်း မှားကုန်ကြဖို့ရှိစဉ် သဒ္ဒါကြည် နဲ့ ကားရောက်လာပြီး ...၊

“ဟော့ .. ကားပေါ်တက်ကြ ..”

သူ ခုမှ အပြင်ထွက်လာတာ တစ်နာရီတောင်မပြည့်သေး ..။ ဆိုင်ထဲကနေ လှမ်းကြည့်နေတော့ သဒ္ဒါကြည် က မှန်တစ်ဝက်ကို အကုန်ချပစ်လိုက်ကာ ...၊

“မေမေ ဖုန်းဆက်လိုက်လို့ဝင်ခေါ်တာ နင်တို့လမ်းထိပ်မှာဆိုလို့..”

သဒ္ဒါကြည် က လော မျက်နှာတည်တည်ကြီးဖြစ်နေတာကို ဂရုမစိုက်ဘဲ ဇင်နီ့ ကို ကြည့်၍ ...၊



“လာလေ .. ဇင်နီ နေ့လယ်စာအဆင်သင့်ဖြစ်နေပြီတဲ့၊ ထမင်းစားဖို့ ပြန်ခေါ်ခဲ့လို့ မေမေမှာလို့ ..”

ဒီတိုင်းပဲ အသံတိတ်ထသွားမိကြကာ တစ်ဖက်စီကနေ ဝင်ထိုင်လိုက်မိကြကာ ...၊

“ဒါ ဘာတွေလဲ မမကြည် ..”

ရှေ့ခုံနှစ်လုံးကြားမှာ အထုပ်လိုက်ရှိနေသည့်အိတ်ကို ဇင်နီ က စိတ်ဝင်တစားကိုင်မေးလိုက်တော့ ရှေ့မှာထိုင်နေသည့် သဒ္ဒါကြည် က ငဲ့ကြည့်၍ ...၊

“အဲဒါ နေစပ်ပွဲဖိတ်စာတွေလေ .. ယူကြည့်ပါလား ..”

ဟင်!...၊

ဇင်နီ လက်တွန့်သွားကာ လော က ကမန်းကတန်းဆွဲယူလိုက်၏။ နေစပ်ဖိတ်စာတွေက လက်ထပ်ဖိတ်စာအတိုင်းတခမ်းတနားလှပလျက်..။

မောင်လောသက်ရှည်

နှင့်

မသဇင်နီ

ဖိတ်စာကိုင်ကြည့်နေသည့် လော ရဲ့ လက်တွေကတုန်ကယင်ဖြစ်လာခဲ့၏။ ဒီဖိတ်စာကြောင့် ခြယ် တို့ မိသားစု ဘယ်လောက်ထိ သိက္ခာကျ အရှက်ရကြမလဲ ...။

ခြယ့် ရင်ထဲမှာရော ဘယ်လိုခံစားရမလဲ ...။

အချိန်တိုတိုအတွင်းမှာ ပြောင်းလဲကုန်တာတွေကို မယုံနိုင် ...။

ကု

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"မမေတို့ အဲ့လောက်ထိလုပ်ပစ်တာ ကျွန်တော် ယုံတောင်မယုံနိုင်ဘူး .."

"မင်း လုပ်ခဲ့တာတွေလည်း မယုံနိုင်စရာတွေပဲလေ၊ သူငယ်ချင်းကို သူငယ်ချင်းလိုပဲ ခင်ပါလား .."

"သူငယ်ချင်းနဲ့ ညဘက်တွေ့စရာအကြောင်းမရှိရဘူးလို့ ဘယ်ဥပဒေ ပြဋ္ဌာန်းချက်ရှိထားလို့လဲ မေမေ .."

နေ့လယ်စာစားပြီးမှ ခင်နီ ပြန်သွားသည်။ သူမ မရှိတော့တာနှင့် အိမ်မှာ ကျန်ရစ်ခဲ့တာ ရန်ပွဲ ..။

"ခြယ် က မိကောင်းဖခင်သားသမီးပါ .."

"သိတယ်လေ .. ငါတို့ထက် အများကြီးချမ်းသာတဲ့ တစ်ဦးတည်းသော သမီး၊ ဒါပေမယ့် သူ့ရဲ့ငယ်စဉ်ဘဝတစ်ခုလုံးက အဖက်ဆယ်မရအောင် စုတ်ပြတ်သပ်လာတာလည်း တည့်ပြော .."

"စုတ်ပြတ်သပ်တယ်လို့ မေမေ ဘာကိုပြောတာလဲ .."

"နင်က မေမေ့ကို မေးခွန်းတွေထုတ်လို့ပါလား .. ခြယ်မှုန်း ဆိုတဲ့ ကောင်မလေး ပါးစပ်ကြမ်းတာ စိတ်ဓာတ်ကြမ်းတာ၊ လက်ပါတတ်တာ



မိဘကိုမလေးစားတတ်တာ၊ တစ်လောကလုံးကို ဂရုမစိုက်တတ်တာ၊ ကဲ .. အဲဒီလို မိန်းကလေးကို စုတ်ပြတ်မသပ်ပါဘူးလို့ မင်း ဘယ်လို သက်သေပြမလဲ .."

သဒ္ဒါကြည် က ရေပက်မဝင်အောင်ပြောပြီး လော မျက်နှာကို စေ့စေ့ကြည့်သည်။

"ဟွန်း .. ငါကိုတောင် သူက ခြေထောက်နဲ့ လှမ်းကန်လိုက်သေးတယ်၊ အဲဒီလို မိန်းကလေးမျိုးကို မင်းက .."

"ကျွန်တော် သူ့ကိုနားလည်တယ်၊ သူ ဘယ်လိုမိန်းကလေးဆိုတာ သက်သေပြဖို့မရှိရပေမယ့် မမပြောသလောက် သူမဟုတ်ဘူးဆိုတာ .."

"တော်စမ်း လော .. 'အရင်းလဲမှ အဖျားထင်းဖြစ်တယ်' တဲ့၊ မင်းက အဲ့လိုကောင်လေးမို့ ဟိုကောင်မလေး ငါတို့ကိုစော်ကားနေတာ၊ နင့်ကို အဲဒီလိုမိန်းကလေးမျိုးနဲ့ လုံးဝ သဘောမတူနိုင်ဘူး .."

"ဘယ်သူက သဘောတူပါပြောနေလို့လဲ မမရာ၊ ကျွန်တော်နဲ့ သူ ဘာမှမဟုတ်ဘဲနဲ့ အခု မမတို့ လုပ်လိုက်မှ မဟုတ်မဟပ်ပုံစံတွေ အားလုံးထင်ပြီး ခြယ့် သိက္ခာ .."

"သူ့သိက္ခာကို သူ ကိုယ်တိုင်တောင် တန်ဖိုးထားရဲ့လား လော ရယ်၊ အဲဒါကို မင်းပူမနေစမ်းပါနဲ့ .."

လော မျက်နှာမှာ စိတ်ဆိုးသွားသည့်အရိပ်တွေ ထင်သွားတော့ သဒ္ဒါကြည် က မဲ့လိုက်ကာ ..။

"အခု ယောကျ်ားလေးတစ်ယောက်နဲ့ အလည်လွန်တယ်၊ ယောကျ်ားလေးရှင်က သဘောမတူလို့ ကောင်လေးကို ပြန်သိမ်းသွားတာ ဒီအဖြစ်တွေက သူ့အိမ်ပေါ်မှာပဲဖြစ်သွားခဲ့တာ ဒါတောင် ခြယ် ကျောင်းတစ်ရက်မှ မပျက်ဘူးတဲ့ .."

"ကျွန်တော်တို့မိသားစုနှစ်ခုပဲသိတဲ့ကိစ္စကို မမ ဘာလို့ပြောနေတာလဲ .."

ခေါင်းရင်းပန်းခြံထဲမှာ အလုပ်သမားတွေ ပန်းစိုက်ဖို့ပြင်ဆင်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြတာ အများကြီးရှိသည်။ လော က ဒီစကားတွေသူများကြားမှာစိုးသောကြောင့် ..၊

"ခြယ် က ပုံမှန်အတိုင်းနေဖို့ကြိုးစားတာပါ၊ အခု ကျွန်တော်တို့ကျောင်းမသွားဘဲ ချစ်ပစ်လိုက်တဲ့အထိဖြစ်တာ ဘယ်လောက်ဆိုးသလဲ၊ ကျောင်းပြီးဖို့လည်း ရက်ပိုင်းလေးပဲလိုတော့တာကို၊ မမတို့ တကယ်လွန်တယ် .."

"လွန်သွားတာမဟုတ်ဘူး သား .. လိုသွားတာ၊ နောက်ကျမှ စိစဉ်လိုက်ရတဲ့အတွက် ဗျာများသွားခဲ့တာ .."

ဒေါ်ကြည်ဖြူ က နေရာမှထသွားရင်း လော ရှေ့မှာရပ်လိုက်ပြီး..၊

"ခုမရှုပ်လည်း နောက်ရှုပ်လာမှာတွေရှိလို့ ရှင်းလိုက်တာပဲ၊ ချက်ချင်းကောက်ချစေ ပမယ့် မင်း လက်ထပ်ရမှာလည်း ဇင်နီ ပဲ ဆိုတာ မှတ်ထား .."

"ဇင်နီ က ထာဝရ ကျွန်တော့်ရဲ့ သူငယ်ချင်းပဲ .."

"ဟွန်း .. ခြယ့် ကို ဂရုစိုက်သလိုပဲစိုက်ပေးရင် ရပါပြီ၊ ခြယ် လည်း မင်းသူငယ်ချင်းပဲဆို .."

မေမေ့ စကားက ဝဲဘက်ရင်အုံကို တည့်တည့်ပစ်ခွင်းသွားသည်။ ဒီအချိန်မှာ မေမေ ဒီစကားကို မပြောသင့်ဘူးဆိုတာ မေ့သွားတာလား..။

ကိုယ့်ကိုယ်ကိုယ် နားလည်ဖို့မကြိုးစားခဲ့ပေမယ့် မေမေ့ စကားကြောင့် သူသိလိုက်သည်။ ခြယ့် ကို သူ စိုးရိမ်ပူပန်ခဲ့သမျှသည် ဇင်နီ့အပေါ် ထားခဲ့တဲ့စေတနာကရုဏာမျိုးနဲ့ နည်းနည်းလေးမှ မတူခဲ့ ..။

ထိတ်လန့်သွားခြင်းသည် လော ရဲ့ ရင်ဘတ်တစ်ခြင်လုံးကို မီးဟပ်ခံလိုက်ရသလို စကားသံတွေပါတိတ်ကျသွားခဲ့၏။

ခြယ် ကို သူ ချစ်နေခဲ့သည်။



## အခန်း (၂၈)

ရယ်သံတွေကြားနေရင်လည်း လွမ်း ..။

ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးနှစ်ယောက် အတူတွဲသွားလာနေကြတာမြင်လည်း လွမ်း ..။

မိုးတွေရွာနေရင်လည်း လွမ်းပါသည်။

တစ်ယောက်တည်း Myanmar Plaza ထဲမှာ လျှပ်လီလှုပ်လှဲ လျှောက်နေရင်း နာရီတစ်ချက်ငုံ့ကြည့်မိသည်။ ပြီးတော့ ဘယ်ကိုမှမကြည့်တော့ဘဲ ခင်းကျင်းရောင်းချနေသည့် ပစ္စည်းတွေအပေါ် မျက်လုံးတွေကို ဖို့ထားသည်။

ထိုအခါ အပြင်မှာ မိုးတွေရွာနေခြင်းက အာရုံမှာပေါ်လာသည်။ အဘယ့်ကြောင့်ဆိုသော် သူမရဲ့ ပခုံးတစ်ခြမ်းနဲ့ လက်မောင်းမှာ မိုးစက်တွေ ခုထိရှိနေကြဆဲ ..။

သူမ ဘယ်ကိုကြည့်ကြည့် လော ကိုပဲ မြင်ယောင်နေသည်။

သူ ပေးနေတဲ့ အလိုလိုက်ဂရုစိုက်ခြင်းတွေကို သူမ တန်ဖိုးထားရမှန်းမသိခဲ့ဘဲ အားလုံးကို ဆုံးရှုံးလိုက်ရပြီဆိုမှ တမ်းတနေမိသည်။ ဒီနေရာကို ဇင်နီ နဲ့ လော တို့ လာမည်ဆိုလို့ သူမ လာစောင့်နေမိတာလည်း



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မရှိတဲ့ မာနတွေပါ …။

'နင် ရက်စက်လိုက်တာ လော ရယ် …'

မျက်ဝန်းမှာ မျက်ရည်စတို့ဝေ့သီလာခဲ့သည်။ ကိုယ့်ကိုယ်ကိုယ်လည်း လန့်သွားမိသည်။ လှုပ်ခြင်သွားမှာစိုးသည့်စိတ်နှင့် မျက်နှာငုံ့ချလိုက်ပြီး လျှောက်ခဲ့မိသည်။

"ဟင် …"

မျက်နှာရှေ့မှာ ခြေထောက်နှစ်စုံနှင့်အတူ သူမ ခြေလှမ်းရပ်မပစ်လိုက်နိုင်လျှင် တိုက်မိကြတော့မှာမို့ ခြယ် မော့ကြည့်လိုက်မိ၏။

"စိုးယု …"

သူမနဲ့ ရင်ဘတ်ချင်းကပ်မတတ် မျက်နှာချင်းဆိုင်ရှိနေသူက စိုးယုဖြစ်ကာ သူမဘေးမှာ ဒေဝီ က လက်ပိုက်လေးရပ်လျက် …၊

"နင်တို့ …"

"နင့်ကို လိုက်ရှာနေတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် တွေ့ချင်နေတာတော့ အမှန်ပဲ …"

နှစ်ယောက်စလုံးကိုကြည့်လိုက်တော့ စိုးယု မျက်နှာပေါ်က မကျေနပ်သော ကောက်ကြောင်းတို့နှင့်အတူ ဒေဝီ အပြုံးတွေက ဖြူစင်သောဖော်ရွေမှုမပါ။

ဒါပေမယ့် ခြယ့် မျက်နှာက စိတ်ရှုပ်တွေးခြင်းအပြင် ဘာမှထူးခြားပြောင်းလဲသွားခြင်းမရှိဘဲ …။

"ဘာကိစ္စရှိလို့လဲ …"

'လာလေ … တစ်ခုခုစားရင်း ပြောကြတာပေါ့ …"

"စားလည်းမစားချင်ဘူး … ပြောချင်စိတ်လည်းမရှိဘူး၊ နင်တို့ပြောစရာရှိရင် နားထောင်မယ်လေ … ဒီမှာပဲပြောပါ …"

စိုးယု မျက်နှာပျက်သွားသည်။ ဒေဝီကိုကြည့်ကာ မပြောဘဲလည်း မနေနိုင်သဖြင့် …၊

"နင်တို့ ဘာမှမသက်ဆိုင်ဘဲနဲ့တောင် လော ခေါ်စပ်မယ်ဆိုတော့



နင့်ရင်ထဲမှာ ဘယ်လိုဖြစ်နေပြီလဲ ခြယ် …"

ခြယ် မျက်မှောင်ကုတ်သွားသည်။ စိုးယု ဘာပြောချင်တာလဲ သူမ သိ …။

"သီဟအောင် က ငါ့ယောက်ျား၊ ငါသိပ်ချစ်လို့ မိဘကိုတော်လှန်ခုန်ကုန်ပြီးယူခဲ့တဲ့သူ …"

"အဲဒါ ဘာဖြစ်လို့လဲ စိုးယု … သီဟအောင် ကို နင် ဘယ်လောက်ချစ်တာ ငါနဲ့ ဘာဆိုင်လို့လဲ …"

"သီဟအောင် နဲ့ ခင်စိုးယု က နင့်လက်ခုပ်ထဲကရေလေ၊ ဆိုင်ရုံတင်မကဘူး မှောက်လို့သွန်လို့လည်းရသေးတယ်၊ အဲ့လိုလုပ်ရင်လည်း ငါ ခြေနိုင်ပါတယ် … ခုတော့ …"

စိုးယု မျက်ရည်တွေဝေ့လာတော့ ခြယ့် အံ့သြသွားသည်။ စိုးယု ဘာလို့ရောက်လာတာလဲ၊ သူမနဲ့ ဘယ်လိုပတ်သက်နေသလဲ၊ စိတ်ဝင်တစားဖြစ်ခဲ့ရလျက် စူးစိုက်နားထောင်နေမိ၏။

"အသက်ကိုယူတာ ဘဝကိုယူတာထက် အချစ်ကိုလုယူခံရတာ အဖြင်ထန်းဆုံးပဲ၊ နင် ငါတို့မိဘတွေကို မကျေနပ်ရင် တခြားနည်းနဲ့ ဆက်တုံ့ပြန်လို့ရပါတယ် …"

"နင် ဘာတွေပြောနေတာလဲ စိုးယု … ငါ့ကို သီဟအောင် နဲ့ သမုတ်နေတာလား …"

"နင် ကြိုက်လို့ယူတာဆိုလည်း ဒါ ရှင်းရှင်းလေးပါ၊ အခု ငါနဲ့ သီဟအောင် က မိဘတွေကြောင့် ခဏခွဲနေကြတယ်၊ ဒီအချိန်လေးအတွင်းမှာ မေခြည် နဲ့ သီဟ နီးစပ်သွားအောင် နင်တတ်လည်း တတ်နိုင်တယ်နော် …"

"ဘာ!…"

ခြယ့် ဒေါသက ဘယ်တုန်းကမှ လစ်မစ်ရှိခဲ့တာမဟုတ် …။

ထိုစဉ် သူမရဲ့ 'ဘာ' သံကြောင့် ဒေါ်ကြည်ဖြူ နဲ့ လော ရယ်၊ ဒေဝီ ရယ် သူမနောက်မှာ ခြေလှမ်းတွေတုံ့သွားခဲ့ကြပြီး တအံ့တသြ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်နေကြတာကို ခြယ် မသိခဲ့ ...။

"နင့်စကားကို အခု ပြန်ပြင်လို့ရသေးတယ် စိုးယု၊ ငါ အဲ့ဒီလိုလုပ်တာတွေ ဝါသနာမပါဘူး ..."

"ဟုတ်ရင် ဟုတ်မှာပေါ့ .. ဒါပေမယ့် နင့်ကို ဒုက္ခပေးတယ်လို့ ထင်ရင်တော့ အဲဒါကို ပစ်မှတ်ထားပြီး နင် တုံ့ပြန်တတ်တာ အားလုံးသိပြီးသား၊ မင်္ဂလာပွဲမှာလည်း နင် ပေးတဲ့ ဒုက္ခနဲ့ သကောင်ပေါင်းလဲ ခံလိုက်ရတာပါ၊ နင် တော်တတ်အပြိုးကြီးတယ် ခြယ်၊ နင် ငါ့ကိုပဲ ကြိမ်းဝါးမနေပါနဲ့၊ နင် ကျူးလွန်နေတဲ့အပြစ် ဘယ်လောက်ကြီးသလဲ ဆိုတာမသိရင် အိမ်ပြန်ပြီး နင့်မိဘကို မေးကြည့်လိုက် .."

"အစက မဆုံးမခဲ့ရင်တောင် ဗုဒ္ဓဘာသာမှန်ရင် အပြစ်တော့ ကြောက်တတ်မှာပါ၊ သူများအိမ်ထောင်ရေးကို ပျက်စီးအောင်လုပ်ကြံဖြိုခွင်းတဲ့ အပြစ်ဘယ်လောက်ကြီးသလဲဆိုတာ နင့်မိဘ .."

"တောက် ..."

"ဖြန်း ..."

"ဟာ ..."

"ဟယ် ..."

"အောင်မလေးလေး .. မှုက်ရှိင်းလိုက်ပါဘိ .."

ဝါးကို ဖြောင်းခနဲရိုက်ချလိုက်သည့်ပြင် စိုက်ခနဲယိုင်ထွက်သွားသည့် စိုးယု ရဲ့ လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲလိုက်လျှင် ...၊

"ခြယ် တော်တော့ .."

"ဟော့ .. မသွားနဲ့ .."

လော အတင်းပြေးထွက်သည်။ ခေါ်ကြည်ဖြူ နဲ့ ဇင်နီ တို့က ဆွဲထားကြ၏။ စိုးယု ရဲ့ လက်မောင်းတစ်ဖက်ကို ဆွဲထားပြီး လက်ပြန်ရွယ်လိုက်သည့် ခြယ့် လက်က လေထဲမှာ ရပ်တန့်သွားကာ ...၊

လော ရဲ့ အသံလား ...။

သူမ လက်ရွယ်ထားလျက်နှင့် နောက်လှည့်ကြည့်လိုက်မိစဉ် ခေါ်



ထ ရွယ်ထားသည့်လက်ကို ပြေးတွန်းပစ်လိုက်၏။ ခြယ် နောက်ကို လူရောလက်ပါ ယိုင်သွားခဲ့ပြီး ...၊

"ဒီမှာ ရန်ဖြစ်လို့မရဘူး .."

"လော ..."

လော ကို မမြင်လိုက်ဘဲ သူမသာလျှင် လုံခြုံရေးနှစ်ယောက်ရဲ့ တားဆီးမှုထဲမှာ ချုပ်ခံလိုက်ရကာ ...၊

"လော ..."

သူမအားမှာ လူတွေဝိုင်းပတ်ရံနေကြလျက် လော ကို ရှာတာမတွေ့...။

ခြယ့် အားမှာ လူအုပ်ကြီးဖြစ်သွားတာ လှမ်းမြင်နေရသဖြင့် လော ခေါ်ကြည်ဖြူ လက်တွေကိုဖြုတ်ချပစ်လိုက်သည်။

"လော .. မင်း သွားရဲရင် သွားကြည့်စမ်း၊ အခု ငါ မင်းလက်ကို ဆွဲခေါ်လာတာနော်၊ မင်း သူ့နားပြန်ရောက်သွားကြည့်လိုက် ခေါ်ကြည်ဖြူ ဆိုတာ 'ငါ့အမေဟုတ်ရဲ့လား' လို့ ထင်ရလောက်အောင် မင်းရဲ့ ခြယ် ကို ငါ ဘာလုပ်မလဲ သိသွားရမယ် .."

"လာပါ လော ရယ် .. ဟိုမှာ ဒေဝီ လည်း ရှိတယ်၊ ရန်ဖြစ်တာက ပြီးပါပြီ .."

"မဟုတ်ဘူး .. ခြယ် .."

ခြယ့် စိတ်ကို သူသိသည်။ ဒေါသဖြစ်လာပြီဆို သူမအသားကိုယိ ...နဲ့ လုံခြုံရေးတွေဘာတွေလည်း သူမက ရှောင်မှာမဟုတ် ...။

ပြီးတော့ ခြယ် သူ့အသံကိုကြားတာသေချာသည်။

'လော' လို့ လှမ်းခေါ်လိုက်တာလည်း သေချာသည်။

သူဟာ သူရဲဘောကြောင်တဲ့ယောကျ်ားတစ်ယောက်ဖြစ်နေရင် ...င် ခြယ့် အတွက်တော့ သူရဲကောင်းဖြစ်ချင်မိသည်။ သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"မာမီတို့ နောက်ထပ် အရှက်ရအောင်မလုပ်ပါနဲ့ သမီးရယ်နော် မီဘက သားသမီးရဲ့ ဆိုးဒဏ်ကောင်းဒဏ်ကို ခါးစည်းခံနိုင်ပေမယ့် ပတ်ဝန်းကျင် သမီးရဲ့အနာဂတ်ကို ကြက်ခြေခတ်လိမ့်မယ် .." တဲ့ ..

မာမီက ခြယ့် ကို ဆူလည်းမဆူ၊ မျက်နှာထားတင်းတင်းနဲ့တော မပြောခဲ့ပေ ..။

သူမ အိမ်ပြန်ရောက်ကာမှ ထင်သလိုသုံးစွဲသွားလာနေသမျှ အပြ တင်မောင်းမဲခဲ့ရတာမရှိသလို မှားတာကို မှားနေသည်လို့ပြောရင်လည ဥပမာ ဥပမေယျနဲ့ နူးညံ့ညင်သာစွာ ဆုံးမတတ်ခဲ့၏။

မီဘကိုတစ်ဖက်သတ် အထင်လွဲပြီး ဘာပြောပြောခေါင်းထဲမထည ခဲ့တာက သူမသာဖြစ်သည်။ ဒါကို ဘာဖြစ်လို့ မီဘက မဆုံးမခဲ့ဘူးရ ပဲ ပြောကြတာလဲ ..။

ခြယ် မှားနေရင် ခြယ့် ကိုပဲ ပြောပါ။ ဘာဖြစ်လို့ 'မီဘကဘယ် ဆိုတဲ့ နောက်ဆက်တွဲတွေထည့်ပြောကြတာလဲ ..။

သူမ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်တော့မယ်လို့ ဘယ်လိုပဲ ကြိ



ပြင်ဆင်ဆင်ထားပါစေ ..။ ဒီလိုအသံတွေကိုတော့ သည်းခံနိုင်စွမ်းမရှိခဲ့ တာ အမှန် ..။

ခုတော့ လော တို့ အားလုံးခြင်သွားကြသည်။ ကြားလည်းကြား သွားကြ၏။ သူက ဈေးလယ်ခေါင်မှာ သတ်ပုတ်ရန်ဖြစ်ရတဲ့ မိန်းမ ..။

"ဖြေနိုင်ရဲ့လား ခြယ် .."

အနားရောက်လာသည့် စုရီလေး ကို ငုံကြည့်လိုက်ပြီး ခေါင်းညိတ် ပြမိသည်။ ပြီးတော့ သူမ ကျန်ရစ်ခဲ့အောင်ခြေလှမ်းကျဲလိုက်၏။ ဒါပေမယ့် စုရီလေး က လွယ်အိတ်လေးကို ဝခုံးပေါ်ထပ်ဆွဲတင်လိုက်ပြီး သူမနောက် ကို အမီလိုက်လာကာ ..၊

"ဘာဖြစ်သွားတာလဲ ခြယ် .. ငါနဲ့ စကားမပြောချင်လို့လား .."

"ဟုတ်တယ် .."

တုံးတိတိဝန်ခံရပ်း ခြေလှမ်းကတော့ နှေးသွားခဲ့၏။ ပြီးတော့ ကိုယ့်ခြေလှမ်းတွေကိုပဲ ငုံ့ကြည့်လျှောက်ရင်း ..၊

"ငါ ဘယ်သူ့ကိုမှ မယုံတော့ဘူး .."

"ခြယ် ရယ် .. ဟုတ်ပါတယ်၊ ငါလည်း မှားပါတယ် .."

ခြယ် တုံ့ခနဲဖြစ်သွားသည်။ စုရီလေး က သူမရှေ့မှာ နီးကပ်စွာ ရပ်လိုက်ပြီးမော့ကြည့်ကာ ..၊

"နင်တို့ ဘာတွေဖြစ်လာကြသလဲ ငါသိပါတယ်၊ ဖြစ်တော့မှာကို လည်း ငါ ကြိုသိခဲ့တယ်၊ ဒါပေမယ့် ငါ နင့်ကိုသတိမပေးခဲ့မိဘူး .."

"ဘယ်လို .."

Myanmar Palaza မှာ ပြဿနာဖြစ်ခဲ့တဲ့နေ့ စုရီလေး မပါခဲ့ပါ။

"နင် ဘာပြောလိုက်တာလဲ .."

"နင့်ကို ပြဿနာတွေနဲ့ အမြဲတမ်းလုံးထွေးနေအောင် ကြည့်နေ တာ ဘယ်သူထင်လို့လဲ .."

ခြယ့် မျက်ဝန်းတွေရွှေးရွှေးရဲရဲဖြစ်သွားတဲ့အထိ အာရုံစိုက်နားစွင့်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့ စုရီလေး က ခေါင်းခါပြရင်း ..၊

"ဒီစကားတွေက ဟိုကနေဒီပို့ ဒီကနေ ဟိုပို့မလုပ်သင့်ဆုံး စကားတွေပါ၊ အထူးသဖြင့် နင်က စိတ်ဆတ်တယ်၊ ဇုန်းဒိုင်းကြဲတတ်တဲ့သူ ဒါကြောင့် နင့်ကိုပြောလိုက်ရင် ငါပဲ ဒုက္ခရောက်မှာ .."

"ဘာမို့လို့လဲ ပြောစမ်းပါ၊ ငါက ခွေးရူးလိုလျှောက်ကိုက်နေရလောက်အောင်တော့ အသိမမဲ့သေးပါဘူး .."

"ငါသိတာပေါ့ .. ဒါကြောင့် ငါ နင့်ဘက်က ရပ်တည်ဖို့ဆုံးဖြတ်ပြီး အခုလာခဲ့တာ၊ ဒါပေမယ့် ငါပြောတာကိုကြားကြားချင်း နင် မပေါက်ရဘူး၊ ငါပြောတာကိုလည်း ဆုံးအောင်နားထောင်ရမယ်၊ စိတ်လိုက်မာန်ပါ လျှောက်မလုပ်ရဘူး .."

"ပြောစမ်းပါ .. ငါ့ကို ဘယ်သူကဘာပြောနေလို့လဲ .."

"အတင်းအဖျင်းမဟုတ်ဘူးဟ .. သေချာအကွက်ချပြီးလုပ်ကြတာ နင်က မိတ်တိုလွယ်တယ်၊ ဒေါသဖြစ်ရင် ဆင်ခြင်မဲ့တယ်၊ အဲ့ဒါတွေကို ကောင်းကောင်းအသုံးချပြီး နင့် အနာဂတ် စာမျက်နှာမှာ မှင်နီကြက်ခြေတွေများအောင်လုပ်ခဲ့တာ၊ အဲ့ဒါ တခြားသူမဟုတ်ဘူး နင့်ရဲ့အခင်ဆုံး သူငယ်ချင်း သခင်နီ ပဲ .."

"ခင်နီ ..."

မယုံနိုင်သည့် စိတ်သည် သူမနာမည်ကို သံယောင်လိုက်ခေါ်မိတဲ့ အထိ ..။

"နင် မယုံနိုင်ဘူးမို့လား .. မှတ်ထား အဲဒါနောက်ကျောကနေ ဓားနဲ့ထိုးတာလို့ခေါ်တယ် .."

"နင် ငါ့အတွက်ပြောနေတယ်ဆိုတာတွေက ဟုတ်ရဲ့လား စုရီ .. ငါ နောက်ထပ် ဒုက္ခရောက်အောင်လုပ်နေတာများလား .."

စုရီလေး ဝမ်းနည်းပက်လက်ဖြစ်သွားသည့် မျက်နှာလေးနှင့် ငေးခနဲ ဖြစ်သွားသည်။ ပြီးမှ ..၊



"နင် မေးသင့်ပါတယ်၊ နင့်စိတ်ထဲမှာ အဲလိုခံစားမိလာလို့မေးတာပါ စိတ်မဆိုးပါဘူး၊ နင် အဲဒီလိုမှန်လင်းရိုးသားတတ်လို့ ငါ ပိုပြီးခံပြင်းတာ၊ တကယ်တော့ နှုတ်ခမ်းတစ်လံပန်းတစ်လံဖြစ်အောင် အတင်းပြောနေကြတဲ့လူတွေထက် မလှုပ်တလှုပ်လေးနေပြီး သူတော်တောင်းယောင်ဆောင်နေတဲ့လူက ပိုကြောက်စရာကောင်းတာ၊ အဲ့ဒီကိစ္စတွေကို ငါ ဒေဝီ ဆီက သိရတာ .."

"ဒေဝီ ..."

ဒါကိုတော့ သူမ မအံ့ဩပါ။ ဒေဝီ မျက်လုံးတွေ သူမ အပေါ်မှာ တစ်မျိုးပြောင်းလဲနေတာကို သတိထားမိပြီးသား ..။ ခင်နီ နဲ့ လော ကလွဲရင် ဘယ်သူနဲ့မှ တရင်းတနှီးပေါင်းသင်းခဲ့တာ မရှိသောကြောင့် ချစ်ကြတာမဟုတ်ဘဲ မုန်းစရာအကြောင်းလည်းမရှိ ..။

ဒါကြောင့် ဒေဝီ ပြောင်းလဲသွားတာကို အံ့ဩနေမိသေးသည်။

"သူက ဘာဖြစ်လို့ ငါ့ကို .."

"ဒေဝီ ကလား သူက ဘာမှဟုတ်ဟုတ် မဟုတ်ဟုတ် ချောတဲ့လှတဲ့ မိန်းကလေးချင်းဆို ချိုချိုသာသာလေးပြောဆိုဆက်ဆံနေရင် နေလိမ့်မယ်၊ သိပ်မကြာခင် သူ့စိတ်ရင်းပေါ်လာတာပဲ၊ ပြီးတော့ နင်ကမှ မသိတာ၊ နေခြည် က လော ကို ကြိတ်ပိုးလာခဲ့တာ အထက်တန်းကျောင်းမှာတည်းက .."

ခြယ် ရှုပ်ထွေးနေတာကိုကြည့်ပြီး စုရီလေး က ပြုံးလိုက်သည်။

"ခင်နီ က နင့်ကို ဒုက္ခပေးချင်တယ်၊ ဒေဝီ က ချောက်တွန်းချင်တဲ့သူ၊ သီဟအောင် ကလည်း ရှိသေးပါတယ်၊ နေခြည် ကလည်း အဲ့ဂုဏ်းချစ်နေရင်းနဲ့ ကျေနပ်နေတဲ့သူပဲ၊ ဘာမှမဟုတ်တာတွေကို ဟုတ်သယောင် အကွက်ချစီစဉ်ပြီး ခင်စိုးယု ဆီ ပုံတွေပို့ သတင်းတွေပေးနဲ့ ချုပ်ကိုင်လိုက်တာက ခင်နီ နဲ့ ဒေဝီ ပဲ .."

"ပုံတွေပို့ရအောင် ငါတို့က မဟုတ်တာဘာလုပ်ခဲ့လို့လဲ ခင်ခင်

www.burmeseclassic.com

www.burmeseclassic.com



မင်မင်ဆက်ဆံနေကြတဲ့ ကျောင်းသူချင်း၊ သီဟာအောင် ကလည်း ငါက ကူညီဖူးတယ်ဆိုပြီး ရင်းရင်းနှီးနှီးဖြစ်လာတာ ..."

"ဟုတ်တယ် ခြယ် .. ငါပြောဝါပတော၊ နေခြည် နဲ့ သီဟာအောင် က အဲ့လိုအနေအထားရှိခဲ့ဖူးပါတယ်ဆို .."

"ဒါပေမယ့် ငါက .."

"နင်လည်း ဘာမှမဟုတ်ဘူး၊ ဒါပေမယ့် အဲဒါတွေကို သိထားခဲ့တဲ့ စိုးယု ကိုတော့ သူတို့အသာလေး ထောင်ပေးလိုက်လို့ရတယ်လေ၊ နောက်ပြီး နင့်ရာဇဝင်ကရှိခဲ့တာကိုး .."

ပလာဇာမှာ ဖြစ်ခဲ့တုန်းက စိုးယု ရဲ့ မျက်ရည်တွေနဲ့ပြောခဲ့သည့် စကားတွေကို သတိရလာသည်။ ဘယ်အခြေအနေကြောင့်ပဲဖြစ်နေပါစေ ဒီလိုထင်ရင် လာမေးလိုက်လို့ရသည်။

သူမျှားစကားကို အဟုတ်ထင်ပြီးမှ လက်ညှိုးငေါက်ငေါက်ထိုးပြီး စွပ်စွဲဖို့ပြေးလာခဲ့တာ မိုက်ရိုက်လွန်းပါသည်။ သူမ ကူညီခဲ့သမျှ ပြန်ရခဲ့တော့ ဘာတွေလဲ ..။

"လူတွေကို နင် အထင်မလွဲပါနဲ့ ခြယ် ရယ်၊ သိုးယောင်ဆောင်တဲ့ ဝံပုလွေတစ်ကောင်ကြောင့် ဘာတွေပျက်စီးခဲ့ရသလဲ ငါတို့သင်ခဲ့ဖူးတာပဲ၊ ငါ အဲ့ဒါတွေကို စပြီးရိပ်မိလိုက်တော့ နောက်ကောင်ကျနေပါပြီ၊ ဒါပေမယ့် တကယ့်အဖြေကိုသိချင်လို့ ဒေဝီ နဲ့ သင့်တင့်အောင်ပေါင်းပြီး သူ့အကြိုက်လိုက်ပြောခဲ့ရတယ်၊ ငါလည်း သူ့လိုလူပဲလို့ထင်နေလို့ အားလုံးပြောပြခဲ့တာ .."

"ဘယ်တုန်းကလဲ နင်သိလား .."

"အဲဒါတော့ ငါသေချာမပြောတတ်ဘူး၊ ဒါပေမယ့် နင် ပြဿနာတွေ ဆက်တိုက်ကြုံလာရတာတွေကတော့ သူ့ရိုက်ချက်တွေဖြစ်နိုင်တယ်ဟ.."

ခြယ့် အတွေးတွေ ရှေ့ရောက်လိုက် နောက်ရောက်လိုက်နှင့် ဘယ်အဖြစ်ကနေ စတွေးရမှန်းမသိဖြစ်နေခဲ့၏။



"သူပြောတာကတော့ နင် လူတစ်ယောက်ကို ကားနဲ့တိုက်မိပြီး အလျော်အစားကိစ္စတွေနဲ့ ပြဿနာဖြစ်တော့ လော နဲ့ နင် အတူခြေရှုပ်နေခဲ့ရတာလေ .."

"အင်း ..."

"အဲဒီလိုရှင်းမရအောင်ဖြစ်သွားတာ ဖင်နီ လက်ထောက်ချတာ.."

ဟင် ...၊

ဒါ ဖြစ်နိုင်လို့လား ..။

စုရီလေး နဲ့ အတူ ဖြည်းလေးဖွာလှမ်းနေမိသည့် ခြေလှမ်းတွေက ရပ်တော့မလိုဖြစ်လိုက် ရှေ့ဆက်သွားလိုက်နှင့် ..။

"ဒေဝီ က ယောကျ်ားလေးသူငယ်ချင်းတွေ အများကြီးပဲလေ၊ အဲဒါတွေလုပ်ဖို့ သူတွဲခဲ့တာက စိုင်းလတ် ရဲ့ ညီဝမ်းကွဲ သွားခေါ်ခေါ် အရပ်ရှည်ရှည်နဲ့ သတိုးအောင် ဆိုတဲ့ ကောင်ပဲ၊ ထရိန်နာတတော့ ဖင်နီ ပေါ့ဟာ .."

နာမည်တွေကိုသိသည်။ လူကိုမြင်ရင်လည်းသိမှာပါ ..။ သတိုးအောင် ဆိုတာ ဒီလူပဲလို့တော့ တွဲမသိခဲ့ ..။

"လူနာရှင်မိန်းမကြီးတစ်ယောက်ပေါ်လာတယ်မို့လား – အဲ့ဒါ လူနာနဲ့ ပတ်သက်မှုရှိတာတစ်ခုပဲ ဘာမှမတော်တူးတဲ့ ..၊ အဲဒီလို ပြဿနာ ထရှာအောင် နင် ချမ်းသာတာတွေသွားပြောပြီး အမှုကို ဘယ်လောက်ထိ ချဲ့ကားလို့ရတာတွေ .."

"ငါသိပြီ .."

ရှေ့စေ့တွေးတော့ ရေးရေးပေါ်သည်။ ခြယ် ကတော့ ထင်ထင်ရှားရှားကွက်ကွက်ကွင်းကွင်းကို မြင်လာတာပါ။

"နောက်ပြီးရှိသေးတယ်၊ နင် ရဲစခန်းရောက်သွားတုန်းကလည်း မွေးနေ့ပွဲကနေ လော နဲ့ သူနဲ့လိုက်သွားပြီး ဘယ်လောက်ထိရှင်းခဲ့ရတာ နင်က ဘယ်လိုစော်ကားတာ၊ မိုက်ရိုင်းတာ၊ လော က ဘယ်လောက်ထိ

www.burmeseclassic.com

www.burmeseclassic.com



ချော့မော့ခေါ်လာရတာတွေစုံနေတာပဲ သိလား .. ဇင်နီ က သူ့ လက်လှမ်းမမီလိုက်တဲ့ကိစ္စဆိုရင်တောင် နှင့်ကို လော အိမ်ကလူတွေ စက်ဆုပ်ရွံရှာသွားအောင် ပျော့ပျော့ချွဲချွဲကလေးနဲ့ ရိုက်သွင်းတာတဲ့ ..”

ခြယ့် မျက်ဝန်းတွေငြိမ်သက်အေးစက်သွားခဲ့သည်။ ရင်ထဲမှာဖြစ်လာတာက ဒေါသလား၊ နာကြည်းမုန်းတီးမိတာလားဆိုတာ မကွဲပြားတော့ပါ။ သို့သော် ဇင်နီ့ မျက်နှာက အာရုံထဲမှာ ပျောက်ကွယ်မသွားခဲ့ဘဲ ..။

“နောက်ပြီး ဝါချုပ်ဆီရောက်ရတဲ့ကိစ္စတွေရောပဲ .. ဇင်နီ က ညွှန်ကြားတယ်၊ ဒေဝီ နဲ့ အဖွဲ့က လှုပ်ရှားတယ်၊ သီဟအောင် နဲ့ နေခြည် ဆုံတဲ့အချိန်တော်တော်များများမှာလည်း နှင်က အနားမှာရှိနေတာလေ၊ အဲဒါကြောင့် သူတို့အကွက်ရသွားတာပေါ့၊ နောက်ပြီး အဲဒီရက်ပိုင်းတွေမှာ နှင်ကလည်း နေခြည် နဲ့ တွဲတာမကြာခဏရှိတော့ ..”

“ငါ နားလည်ပြီ စုရီ .. သူတို့ဘယ်လိုလှုပ်ရှားနေကြသလဲဆိုတာထိ တွေးလို့ရသွားပြီ ..”

“ဟုတ်တယ် .. ငါ့စိတ်ထင်ပြောရရင်တော့ နှင်က ကာယကံရှင်ပဲ တွေးကြည့်လေ၊ နှင့်ကို လောတို့ အိမ်က မကောင်းမြင်လာတာတွေက ဘယ်ကစခဲ့တာလဲ၊ ဇင်နီ နှင့်ကို လုပ်ကြံတာ အဲဒါတွေကစတာဖြစ်မယ်”

“သူ ငါ့ကို ဘာဖြစ်လို့ ဒီလောက်တောင်အငြိုးအတေးနဲ့လုပ်တာလဲဆိုတာ ငါသိချင်တယ်၊ ဒီလိုစံနစ်တကျအကွက်ချပြီး လုပ်နေတယ်ဆိုတာ တော်ရုံသတ္တိနဲ့လည်းမရဘူး၊ နည်းနည်းနောနောအမုန်းလည်း မဟုတ်ဘူး .. ငါ့ရှေ့မှာကျတော့ သူ ဘာမှ ..”

“နှင့်ကို မစာနာတမ်းပြောရရင်တော့ အတွေ့အကြုံရသွားပြီလို့ပဲ မှတ်လိုက်တော့ ခြယ်၊ ဖြစ်ပြီးတာတွေကို နှင် ဘာမှပြင်ဆင်ခွင့်မရှိတော့ဘူးလေ .. လူ့အကြောင်း ပေါင်းမှသိဆိုပေမယ့် ပေါင်းလည်းမသိလို့သာ ‘မပေါင်းလည်းခက် ပေါင်းလည်းခက်’ ဆိုတဲ့စကား ဖြစ်လာတာ



ပေါ့၊ နောက်ထပ် သူများကြံစည်ရလွယ်အောင် နှင့်ရဲ့ စိတ်မြန်လက်မြန်ဖြစ်တတ်တွေကို ပြင်ပေါ့ဟာ ..”

“သူက လော ရဲ့ အမေနဲ့ အစ်မတွေ ငါ့ကို ဘာဖြစ်လို့ မုန်းစေချင်ရတာလဲ၊ အဲဒီလိုဖြစ်ဖို့အတွက်နဲ့ ဒီလောက်တောင်သေချာပလန်ချပြီး..”

“ခြယ် ရယ် .. နှင့်ကိုမုန်းစေချင်တာ သူ့ကိုချစ်စေချင်လို့ပေါ့ဟယ်.. ရှင်းရှင်းလေးပဲဟာ .. နောက်ပြီး လော က သူ့ရဲ့ ငယ်ငယ်လေးတည်းက သူငယ်ချင်း၊ နှင်က နောက်မှခင်တဲ့သူ ဒါပေမယ့် နှင့်ကိုပဲ လော ဂရုစိုက်နေတာ အားလုံးသိတယ်လေ ..”

“အဲဒါတွေကို သူ သဝန်တိုတဲ့ပုံ နည်းနည်းမှကို မပြခဲ့တာ ငါ အရမ်းအံ့ဩတယ် ..”

“ဒါကြောင့် ကြောက်စရာကောင်းတယ်လို့ပြောတာပေါ့၊ သည်းခံမျိုသိပ်နိုင်တဲ့လူက အောင်မြင်တာပဲဟ .. ဒါပေမယ့် သူကြိုးစားတာက သူများကို မကောင်းဖို့ဖြစ်နေတော့လည်း မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမှမရှိဘဲ၊ ဘယ်သူမှမသိလိုက်ရင်လည်း ကိုယ့်ကိုယ်ကိုယ်သိနေတာပဲ..”

စိတ်တွေတင်းကျပ်ရှုပ်ထွေးကာ အနီးဆုံးမှာရှိနေသည့် အုတ်ခုံပေါ်မှာပဲ ထိုင်လိုက်မိသည်။ စုရီလေး ကလည်း ဘေးမှာဝင်ထိုင်ကာ ..။

“သူတို့ ဓာတ်ပုံ နှင့်ကိုဖိတ်စာပေးသေးလားဟင် ..”

“ဟင့်အင်း ..”

“ငါ ပြမယ် ..”

စုရီလေး က လွယ်အိတ်ထဲကိုဖွင့်ရှာရင်း ..။

“ဖိတ်စာကတော့ အလန်းပဲသိလား၊ ဓာတ်ပုံလေးကိုဟယ် .. ပြီးတော့ အင်းယားလိတ်မြက်ခင်းပြင်မှာတဲ့ ..”

ဘာဖြစ်လို့ ဒီလောက်တောင် အကြီးအကျယ်လုပ်ရတာလဲ ..။

ဇင်နီ့ မှာ ဘယ်လိုချစ်စရာအရည်အချင်းကောင်းတွေနဲ့ ပြည့်နှက်နေလို့လဲ ..။ ဒါ ကိုယ်နဲ့ မပတ်သက်စေချင်ရုံသက်သက်နဲ့ လုပ်တာတော့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါ။

"ဒီမှာ .. ရော့ .."

ပန်းနုရောင်လွှင်နေသည့် ဖိတ်စာက မသိရင် စာအုပ်လေးအတိုင်း...။

ကတ္တူဖုံးလေးထက်မှာ အသည်းနှစ်ထပ်ပုံလေးနှင့် ...၊

မောင်လောသက်ရှည်

နှင့်

မသဇင်နီ

ဆိုသည့် နာမည်တွေက ငွေမှင်ရောင်မှောင်လက်နေကြ၏။ အမည်မသိ ဝေဒနာသည် ဇင်နီ့ လုပ်ရပ်တွေကိုသိလိုက်ရကာမှ ခံရခက်စွာ ဖြစ်လာခဲ့၏။

"အဲ့ဒါ သူ သည်းခံမျိုသိပ်ခဲ့တဲ့ အောင်မြင်မှုပဲလေ၊ မိဘတိုင်းက အထူးသဖြင့် သားရှင်တိုင်းက သူတို့ရဲ့သားကို မြတ်နိုးယုယနေမယ့် မိန်းမမျိုးနဲ့ပဲ ပေးစားချင်ကြတာဟ .. အနိုင်ယူမိုလ်ကျမယ့် ချွေးမမျိုးကို အလိုမရှိဘူး၊ ပြီးတော့ အဲ့ဒီချွေးမက သဘောဖြူအူစင်း ရှေ့ကြောင်း နောက်ကြောင်းကင်းပြီး စင်းလုံးချောပြစ်ချို့မဲ့မထင်ဖြစ်နေမှ .."

"ဟွန်း ..."

ခြယ် နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားတော့ စုရီလေး က နှစ်ခါ ပြန်ကြည့်သည်။ မဲ့လိုက်တာလား ပြုံးလိုက်တာလား ...။

"ငါ့ကို သားရှင်သဘောမကျတဲ့မိန်းမမျိုးဖြစ်အောင် သူလုပ်လိုက်တာကိုး .."

"သိပ်မှန်တာပေါ့ .. နင်က လော ကို နိုင်တယ်၊ စရိုက်ကြမ်းတယ်၊ ဒေါသကြီးတယ် .. ဘာညာတွေပေါ့ဟာ .."

"ကျေးဇူးပဲ စုရီ .. နင်ပြောတာတွေကို ငါယုံတယ် .."

ပြောပြီး ထိုင်ရာမှ ထရပ်လိုက်လျှင် ...၊

"ဘယ်သွားမလို့လဲ ခြယ် .."



"နင်ပဲ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးဆို .."

"အေးပါ ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့အမှားက ကိုယ့်အမှားဖြစ်ပါ့မယ်ဟာ .. နင် ဘာပဲလုပ်လုပ် အကောင်းမမြင်တဲ့လူတစ်စုရှိနေတာကို သတိရစမ်းပါ .."

"အေးပါ .. ငါ နင့်စေတနာကို လေးစားပါတယ်၊ နင်ပြောတဲ့ စကားမျိုး မာမီတို့နဲ့ လော က လွဲရင် ငါ့ကို ဘယ်သူမှမပြောခဲ့ဖူးဘူး၊ အဲဒါကြောင့် နင် ငါ့ကိုစေတနာထားတယ်ဆိုတာလည်း ယုံကြည်တယ်၊ ဒါပေမယ့် ငါ လုပ်စရာရှိတာကိုတော့လုပ်မှဖြစ်မယ် .."

ဘာလဲဆိုတာ မမေးတော့ဘဲ စုရီလေး ဒီတိုင်းကျန်ရစ်ခဲ့၏။ တစ်ယောက်တည်း ခြေလှမ်းကျဲကျဲတို့နှင့် လျှောက်ထွက်လာကာမှ ခြယ့် မျက်ဝန်းမှာ မျက်ရည်တွေပြည့်ပြည့်သိပ်သိပ်ဖြစ်လာခဲ့သည်။ မျက်နှာငုံ့ပစ်လိုက်တော့ မျက်ရည်တို့သည် ဖြိုးပြက်လက်သွားခဲ့ပြီး မြေပြင်သို့ခုန်ဆင်းသွားကြ၏။

သူမ မြေပြင်ကိုငုံ့ကြည့်နေမိပေမယ့် ဘာမှမမြင် ...။

ခုချိန်မှာသာ သူမရှေ့မှာ မြေဆိုးတစ်ကောင်ရှိနေခဲ့ရင် မြွေကိုက်ခံရလို့သေတာတောင် 'ဒီလောက်ကန်းတာနည်းသေးသည်'လို့ ပြောကြလိမ့်မည်။

မျက်ဝန်းမှာ မျက်ရည်တို့ကလွှဲ၍ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"မင်း ဘယ်လိုလုပ်နေတာလဲ သား .. ယောကျ်ားဖြစ်ပြီး ဒီလို အထာကိုင်နေတာ ဂုဏ်ယူစရာမဟုတ်ဘူးနော် .."

လော က ကိုင်ထားသည့် ဖက်လက်စစာအုပ်ကိုချထားလိုက်ပြီး ထရပ်သည်။ ဒေါ်ကြည်ဖြူ က သားဖြစ်သူ လှုပ်ရှားသမျှကိုလိုက်ကြည့်နေကာ ...।

"အောက်မှာ ဇင်နီ တို့ မိသားစုရောက်နေကြတယ်၊ ဇင်နီ နဲ့ မင်းရဲ့ ဆက်ဆံရေးမှာ မင်းတို့ချင်းဘယ်လိုပဲရှိနေနေ မိဘတွေရှေ့မှာတော့ ငါ့သားက မိန်းကလေးတစ်ယောက်လို .."

"တော်ပြီလား မေမေ .. မေမေ ပြောလို့ပြီးရင် ကျွန်တော်ပြောချင်လို့ .."

"မင်းပြောမှာတွေ ငါ နားမထောင်ချင်ဘူး .."

"ပြောတာလောက်တော့ မေမေ နားထောင်သင့်တာပေါ့၊ ကျွန်တော့် ဘဝအရေးကိုကျတော့ မေမေတို့ သဘောကျကြိုက်သလို စီစဉ်ခြယ်လှယ်နေကြတာ .."

"မင်း ဘာပြောတယ် လော .."

လော မျက်နှာကလည်း တည်တင်းနေကာ ...।



"ကျွန်တော့်ဆန္ဒကို နည်းနည်းလေးမှ မငဲ့ဘဲ မေမေတို့ စေ့စပ်ဖို့ စီစဉ်တယ်၊ စေ့စပ်ရုံပဲဆိုတာက လုပ်ချလိုက်တော့အကြီးကြီး .."

"အကြီးကြီးလုပ်မှ ပျောက်ပျက်မသွားမှာပေါ့၊ မင်းကို ငါ ပြောပြီးသား၊ စေ့စပ်ပြီးရင် လက်ထပ်ရမှာပဲဆိုတာ .."

"မေမေ ရွေးထားတာ သမီးချည်းပဲ နှစ်ယောက်လို့ မေမေ ကိုယ်တိုင် သတ်မှတ်ခဲ့တာပဲ .."

"ဘာပြောတယ် .."

လော က ချာခနဲလှည့်ထွက်သွားပြီး ပြတင်းတံခါးနားရပ်လိုက်သည်။ ပြီးတော့ ပေါ်တီကိုအောက်က ဇင်နီ့ အဖေ မောင်းသည့် တက္ကစီ အဖြူရောင်ကို ငုံ့ကြည့်မိရင်း သူ့မျက်ခုံးတွေတွန့်ကုတ်သွားခဲ့၏။

တခြားမိဘတွေလို ငါ့မိဘတွေက ငွေမခက်ဘူးလို့ ဂုဏ်ယူလိုက်ချင်သည်။ ဒါပေမယ့် ဂုဏ်မနမ့်တဲ့ မိန်းကလေးက ကိုယ့်ချစ်သူ မဟုတ်ဘဲ ...။

မချစ်တဲ့မိန်းမကို မယူနိုင်ပါဘူးဆိုရင် ချစ်တဲ့မိန်းက ဘယ်မှာလဲလို့ မေးတော့မည်။ ခြယ် က သူ့ချစ်သူမဟုတ်ပေမယ့် ခြယ့် ကို နည်းနည်းလေးမှ ထိခိုက်မခံနိုင်သည့် သူ့အဖြစ်က မေမေတို့အတွက် နိုင်ကွက်တစ်ခုလိုဖြစ်နေခဲ့၏။

"ပြောတော့ သူငယ်ချင်းလိုခင်ကြတာဆို .."

"မင်းပြောတော့ ရိုးရိုးသားသားပါဆို .."

သူ မဖြေရှင်းနိုင်သည့် မေးခွန်းတွေနှင့် ဒီအခြေအနေထိ ရောက်အောင် နှတ်တီးယူခဲ့တာမို့ သည်းခံရပါများတော့လည်း ရင်ဘတ်ကြီးက မီးလောင်ပြင်ကြီးလို ဖြစ်လာခဲ့သည်။

စေ့စပ်ကြမယ်ဆိုလည်း စေ့စပ်ပွဲဖြစ်မြောက်သွားဖို့က လိုရင်း.. သူ ဘာထပ်ပေးရဦးမလဲ ...।

"မင်း ဘာပြောလိုက်တယ် သား .. မေမေ့ကို ပြန်ပြောစမ်း .."

ဒေါ်ကြည်ဖြူ အနားရောက်လာပြီး သူ့လက်ကိုဆွဲလှုပ်၍ ...।

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မေမေက ခြယ်လှယ်နေတယ်ပေါ့ ဟုတ်လား .."

"မဟုတ်ပါဘူးလို့ ဖြေစေချင်တာလား မေမေ၊ သားယောကျ်ားလေးတစ်ယောက်ကို သူ မလိုချင်တဲ့မိန်းမနဲ့ လက်ထပ်ပေးလိုက်တာ မဆန်းသေးပါဘူး၊ ဒါပေမယ့် အဲ့ဒီသားကို ကျောင်းမတက်ရ၊ အပြင်မထွက်ရ၊ ဖုန်းမသုံးရဆိုတဲ့ တားမြစ်ခြင်းတွေနဲ့ အခန်းထဲထည့်ပိတ်ထားဖို့ထိ မေမေ စီစဉ်ခဲ့တာ .."

"ဟုတ်တယ် .. အဲဒါမင်းအတွက်ပဲလေ၊ မင်းရဲ့ အနာဂတ်မပျက်စီးရအောင် မိဘက ထိန်းကျောင်းလမ်းပြနေတာ၊ အဲဒီလို နားလည်လွယ်တဲ့ သားသမီးမျိုးဖြစ်လာအောင်လည်း ကြည်ဖြူ ဆိုတဲ့ မိန်းမက ကိုယ်မွေးတဲ့သားသမီးကို အဲ့ဒီလိုနိုင်နိုင်နင်းနင်း ဆိုဆုံးမခဲ့တာ .."

"ဆိုဆုံးမခံခဲ့ရတဲ့ သားသမီးတိုင်း ယဉ်ကျေးလိမ္မာလာကြတာ မဟုတ်ပါဘူး မေမေ၊ မေမေ ကျွန်တော့်ကို စိမ့်ညွှန်ကြားသလို သားတစ်ယောက်အပေါ်မှာ ဩဇာသြောင်းဖို့ပေါ့ .."

"မင်းက မအေကို နာကြည်းနေတာလား သား .."

လော က မျက်နှာလွှဲပစ်သည်။

"နာခံနေတာကို နာခံနေရတဲ့အကြောင်းပြောပြီး နာကျင်မှုတွေပြနေတာ ယဉ်ကျေးလိမ္မာတာလား .."

"မေမေပြောလို့ပြောတာပါ၊ မေမေ ခေါ်သထွက်နေတဲ့ သားက ဘယ်လောက်ထိမျိုးသိပ်နာခံခဲ့တာဆိုတာ အသိအမှတ်တော့ပြုသင့်တာပေါ့၊ ယောကျ်ားဖြစ်ပြီး အထာကိုင်တာရွေ့ ဘာတွေနဲ့ နောက်ထပ်ဖီအားမပေးပါနဲ့၊ မေမေ တံခါးပိတ်ဝါဒနဲ့ နေစပ်ပျံ့ဖြစ်အောင်လုပ်နေတာ သိမ်း မဟုတ်ဘူး"

"မင်း .. မင်းက ငါ့ကို .."

"ကျွန်တော်က ယောကျ်ားလေးဆိုတာ မေမေ မေ့နေသလားလို့ .."

"လူပါးဝတဲ့ကောင် .. ကဲ .."

"မေမေ့ .."

သဒ္ဒါကြည် က ကမန်းကတန်းပြေးဆွဲတာတောင် လက်ရဲ့အရှိန်



ကြောင့် သူမပါ ဒယိမ်းဒယိုင်တွေဖြစ်သွားခဲ့လျက် ..။

"အောက်မှာ ညည်းသည့်တွေနဲ့ မေမေရယ်၊ မောင်လေး မင်းကရော ဘာဖြစ်နေတာလဲ .. ရှမှ .."

"ကျွန်တော်က ဘာမှမဖြစ်ပါဘူး .."

"ဟုတ်တယ် .. ငါက ဖြစ်နေတာ၊ ငါက အရှမ်းဆိုးနေတဲ့ အမေလေ၊ သင်းကတော့ လုံးရာကပြားနေပါပြီတဲ့ .. တောက် .."

"ဖြည်းဖြည်းအော်ပါ မေမေရယ်၊ သဲသဲကွဲကွဲမကြားရပေမယ့် အပေါ်မှာ အဆင်မပြေဖြစ်နေကြတာကို အန်တီရွှေတို့ သိနေတဲ့ပုံပဲ .."

ပြောပြီး နှုတ်ခမ်းတင်းတင်းစေ့ရင်း မျက်နှာခပ်လွှဲလွှဲနှင့် ရပ်နေသည့် လော ကို လှည့်ကြည့်ကာ ..။

"ဇင်နီ စောင့်နေတယ် မောင်လေး .. သွားတော့လေ .."

"အဲဒါကို ငါလာပြောတာ၊ သူက နာကြည်းချက်တွေနဲ့ မအေကို.."

"မေမေရယ် .. သူလည်း စိတ်အခန့်မသင့်တာရှိမှာပေါ့၊ ကိုယ်ဖြစ်ချင်တာဖြစ်အောင်လုပ်ပြီးပြီပဲ၊ သူ ဖြစ်ချင်တာလည်း .."

"ကျွန်တော့်ကို ဖုန်းပြန်ပေးပါ .."

သဒ္ဒါကြည် စကားမဆုံးခင် လော က တောင်းဆို၏။

"ပေးမယ် .. ဒါပေမယ့် .."

"မပေးရပါဘူး .. ဟိုကောင်မလေးက အမှတ်လည်းမရှိဘူး၊ အရှက်လည်းမရှိဘူး၊ အချိန်တိုင်းဖုန်းဆက်နေတာ .."

ဒေါ်ကြည်ဖြူ အထွာကလည်း သေးသေးလေးမဟုတ် ..။

လော ကို ကြည့်တော့လည်း မျက်နှာတစ်ခုလုံး သုန်မှုန်နီမြန်းနေသည်။ ကြားထဲက သဒ္ဒါကြည် ဘယ်လိုဖြေရှင်းရမှန်းမသိဖြစ်နေသည်။

"မင်းကို ဒီဖုန်းမပေးရင် ဇင်နီ နဲ့ ဆင်းမတွေ့နိုင်ဘူးလို့ပြောချင်နေတာလား .."

လော က စိတ်ပျက်သည့်အကြည့်တစ်ချက်နှင့် ခေါင်းညိတ်ကာ..

"ခုချိန်ထိ မေမေ မပေးဘဲထားမှာ မဟုတ်ဘူးထင်လို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြည်ဖြူ ခေါင်းခါဖို့ခက်ခဲသွားသည်။ သို့သော် ...၊

"ဖုန်းရဖို့အတွက်က ခြယ် နဲ့ ဆက်သွယ်ချင်လို့ပဲမဟုတ်ဘူးလား... မင်းက ပြောတော့ ရိုးသားတယ်ဆိုပြီး .."

"ရင်ထဲမှာတော့ ပြောသလိုဟုတ်ချင်မှ ဟုတ်မှာပေါ့ မေမေ .."

"ဘာ ..."

ခေါ်ကြည်ဖြူ အသံ ဆောင့်ခါထွက်သွားသည်။ သဒ္ဒါကြည် မျက်လုံး ပြူးသွားကာ ...၊

"မောင်လေး .."

"ပြောပြတာလေ .. ကျွန်တော့်ရင်ထဲက အမှန်တရားထိ မမတို့ တူးဖော်သုံးသပ်နေဖို့မလိုဘူးမို့လား .. ကျွန်တော့်ရင်ထဲမှာ ဘယ်သူရှိရှိ ဘာတွေဖြစ်နေနေ မမတို့စကား နားထောင်နေရင်ပြီးတာပဲ .."

"ကြည့်စမ်း .. ကြည့်စမ်း .."

"ဖုန်းမပြောရလည်း သတိရနေရင်ဖြစ်တယ်၊ မတွေ့ရလည်း မေ့ပျောက်သွားတာမှမဟုတ်တာ၊ ကျွန်တော် ဖုန်းတောင်းနေတာက ကျွန်တော့် အခွင့်အရေးအတွက်ပဲ .."

လူကြီးတစ်ယောက်ရင်ထဲမှာ အဌ္ဌ မာနတွေနဲ့ ဒေါသတွေပဲ ဖုံးလွှမ်းနေလို့ မြင်ချင်မှမြင်နိုင်လိမ့်မည်။ ဒါပေမယ့် သဒ္ဒါကြည် ကတော့ လော ရဲ့ စကားတွေနဲ့ပတ်သက်ပြီး ပေါက်ကွဲချင်နေသည့် လော ရင်ထဲက အုံ့ဖွဲ့မှုကို ခံစားမိနေပြီဖြစ်သည်။

ဒီနေ့ထိ မိဘစကားကို နာခံနေခဲ့တာကလည်း ဇင်နီ့ ကို ငဲ့ညှာနေတာကတစ်ဖက်၊ ခြယ် ကို ပစ်ခွင်းဖို့ပြင်ဆင်ခြိမ်းခြောက်ထားသည့် လက်နက်တွေကြောင့်ပင် ...။

ဘာပဲဖြစ်ဖြစ် မေမေ့ဒေါသကို လျှော့ဖို့ ပြောရပါလိမ့်မည်။



အခန်း (၃၁)

"ဗိုက်ဆာတယ်ဆို .. တစ်ခုခုသွားစားမယ်လေ .."

"မစားတော့ဘူး .."

"ဘာဖြစ်လို့လဲ .. မဖြေနိုင်ဘူးလား၊ ဘာပဲဖြစ်ဖြစ် ဒီနေ့နောက်ဆုံးပဲ အားလုံးပြီးသွားပြီ .."

"နှင်းကရော ဒီနေ့မှ ဘာဖြစ်လို့ လောကွတ်ချော်နေတာလဲ .."

"ဘာ ..."

"တစ်မေးပွဲစဖြေတည်းက အိမ်ကနေ ကျောင်း၊ ကျောင်းကနေ အိမ်ပြန် တယ်၊ ဖြေနိုင်လားတောင် မမေးခဲ့ဖူးဘူး .."

"ဖြေနိုင်မှာမှန်းသိနေတာပဲ ဘာလုပ်ဖို့လဲ လူမှာသတင်းမေးသလို.."

"ခုကျတော့ရော .."

အတူတူလျှောက်လာကြရင်း လော က မျက်ခုံးလှည့်ကြည့်သည်။ အနီရောင်ရင့်ရင့် မြန်မာဝတ်စုံလေးနှင့် ဇင်နီ့ မျက်နှာလေးက ပါးပြင် လေးတွေပါ အနီရောင်သမ်းနေ၏။

"ဘာကြည့်တာလဲ .."

"နှင် ငါ့ကိုတစ်ခုခုပြောချင်နေတာလား ဇင်နီ .."

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတောင်မကဘူး .."

"ပြော ..."

"မပြောတော့ဘူး ပြန်မယ် .. အိမ်ရောက်မှ စားသောက်ပြီး ပြောပြီးမှ ပြန်မယ် .."

စာမေးပွဲဖြေနေပြီဆိုမှ ရောက်အောင်တမင်နောက်ကျခံပြီးလာခဲ့သည်။ စာဖြေချိန်စေလို့ အားလုံးပြန်ကုန်မှ အစာန်းထဲကထွက်ဖို့ ပြောခဲ့တာလည်း သူမ စိတ်ကူးပဲဖြစ်သည်။

ဒါကြောင့် နောက်ဆုံးနေ့ဆိုပြီး ကျောင်းဝင်းထဲမှာ လတ်လျားလတ်လျားသွားနေလို့မဖြစ် ...။

သို့သော် သူမ တံခါးဖွင့်ပြီးနေမှ ...၊

"ခဏနေဦး သီဟအောင် တို့ လာနေကြတယ် .."

"အဲ့ကောင်တွေက နှစ်ဖက်ချွန်တွေရယ် စကားတွေရှုပ်အောင်လော ရယ် .. တော်ကြာ အိမ်ပြန်နောက်ကျရင် အန်တီတို့က မေးမြန်းလာဦးမယ် .."

လော က ဂရုမစိုက်ဘဲ သီဟအောင် တို့ဘက်ကို လှည့်လျှောက်သွား၏။ ဝင်နီ ဒေါသထွက်ပြီး တံခါးကို ဂျိမ်းခနဲပိတ်ပစ်လိုက်သည်။

ထိုအခါ သူမရှေ့မှာ မိုးပေါ်ကကျလာသလို ရောက်နေတာက ခြယ်မှုန်း ...။

နို့စိမ်းရောင်ဖျော့ဖျော့ လည်ပတ်ကလေးပေါ်မှာ စိမ်းပြာရောင် ဂျက်ကက်လေးနှင့် ဖြစ်လျက် မျက်ဝန်းတွေကပါ အစိမ်းရောင်သမ်းနေသလိုပင် ...။

ထို့အပြင် မျက်တောင်များထောင့်စွန်းလေးတွေနှင့် မျက်ခွံစပ်စပ်လေးတွေမှာလည်း အစိမ်းရောင် ...။

သူမရဲ့ တစ်ကိုယ်လုံးမှာ ဆင်ထားသမျှ အစိမ်းရောင်နဲ့ကင်းတာမပါသလောက်ရှိနေလျက် အထူးသဖြင့် အစိမ်းရောင်ဝတ်ထားတိုင် သူမ ဤသို့စိတ်ပါဝင်စားစွာ ပြင်ဆင်တတ်လေသည်။



ခြယ်ပ့် တစ်ကိုယ်လုံးကို မမြင်ဘူးခဲ့သူကဲ့သို့ ခြေဆုံးခေါင်းဆုံးကြည့်နေမိရင်း ဝင်နီ့ မျက်နှာမှာ တင်းမာသယောင်ဖြစ်သွားလိုက် ဖျော့ဖျော့သလဲနှုတ်ဆက်တော့မလိုဖြစ်လိုက်နှင့် ...၊

ပြီးတော့ လော ကို လှည့်ကြည့်မိမလိုဖြစ်ပြီးမှ ဖျတ်ခနဲ ပြန်လှည့်၍ ပြုံးပြတာ ...၊

"ခြယ် ..."

"အင်း .. ငါ့ကိုမြင်ပြီး သည်းခြေများပျက်သွားပြီလားလို့ .."

"ငါက ဘာလို့ပျက်ရမှာလဲ .."

"မဟုတ်တာလုပ်ထားတဲ့လူမို့လို့လေ .. ကိုယ့်ကိုယ်ကိုယ် သိနေသားနဲ့ ဘာလို့ ပြန်မေးနေတာလဲ၊ နင်က ထပ်နားထောင်ရတာ ပြဿနာရှိပေမယ့် ပြောရတာ ကျက်သရေယုတ်တယ် .."

"ခြယ် .. နင် ဘာတွေပြောနေတာလဲ နင်ရောက်လေရာမှာ အမြဲတမ်း ပြဿနာရှာနေတာနော် .."

"ငါက 'ယမ်း' ပါ .. ယမ်းဆိုတာ မီးရှို့မှပေါက်ကွဲတာ၊ အဲဒီလိုဖြစ်အောင် သွားလေရာမှာ နင်က မီးမွှေးထားတာလေ .."

"ဘာပြောတယ် .."

"သဝင်နီ .."

ဝင်နီ ဒေါသထွက်ခွင့်မရလိုက်ဘဲ ခြယ် က လက်မောင်းကိုဆောင့်ဆွဲဝစ်လိုက်ပြီး မျက်နှာချင်းကပ်ကာ ...၊

"နင် အကွက်ရွှေ့ကောင်းခဲ့တာတွေ ငါ အားလုံးသိပြီးပြီ .."

ဝင်နီ့ မျက်လုံးတွေ ကယောက်ကယက်လှုပ်ရှားသွားသည်။ ခြယ် က အံကြိတ်ထားလျက် ...၊

"စာတ်သိမ်းမှာ ဇီလိန်ကအသာရသွားတဲ့အကွက်တွေက နိုင်ငံခြားကားတွေထဲမှာပဲ ကြည့်လို့ကောင်းတာ၊ နင့်ကိုယ်နင် လည်လှပြီထင်နေလား သဝင်နီ .."

"နင် ဘာတွေလာပြောနေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မေးပြန်ပြီ နင် .."

"အား .."

လက်မောင်းကို ဆောင့်ခါလိုက်တော့ ဇင်နီ့ ညည်းသံလေးထွက်လာသည်။

"နင် နိုင်းနေတဲ့ စိတ်ကောင်းမရှိသူများအုပ်စုက ငါ့ကိုအကုန်ပြောလိုက်ပြီးပြီ .."

ဇင်နီ့ မျက်လုံးတွေပြူးကျယ်နေတာကို စိုက်ကြည့်ရင်း ...၊

"သတိုးအောင် နဲ့ ဒေဝီ .."

"ဘာတွေပြောနေတာလဲ .. ဖယ် .."

ဇင်နီ အထင်းအော်ပစ်လိုက်ပြီး ရုန်းထွက်ဖို့ကြိုးစားသည်။ ကားထဲမှာ ထိုင်နေသည့် လော တို့ ဒရိုင်ဘာ ကမန်းကတန်းဆင်းလာရင်း ...၊

"သမီးတို့ မဖြစ်ကြနဲ့လေ .. သူငယ်ချင်းချင်းကွယ် .."

"ဘာမှမဖြစ်ဘူး .. ဘာဘာ .."

ခြယ် က မဖြစ်ဘူးပြောပေမယ့် ဒရိုင်ဘာ ဦးလာဘာ က ဟိုကြည့်ဒီကြည့်နှင့် ဘာဖြစ်နေကြမှန်းလည်းမသိ ...။ ဘာမှမဖြစ်ဘူးဆိုတာ ဟုတ်သလား မဟုတ်ဘူးလားလည်း မသိ ...။

"ခြယ် တို့ စကားပြောနေတာပါ .."

"မဟုတ်ဘူး .. ပြောစရာအကြောင်းလည်းမရှိဘူး၊ အဲဒါကြောင့် နင် အဲဒီလိုမိန်းမမှန်းသိလို့ လူကြီးတွေက နင်နဲ့ မခွာက်ဆံစေချင်ကြတာ .."

"နင့်ကို အဲဒီထက်ပိုဆိုးတဲ့မိန်းမမှန်း သိသွားကြရင်ရော .."

ဦးလာဘာ ရှေ့မှာမို့ ဇင်နီ့ မျက်နှာမှာ သွေးမရှိတော့သလို ဖြူလျော်သွားခဲ့၏။

"မှမနေနဲ့ ဇင်နီ .. ငါ အဲဒီလိုဖြေရှင်းပြီးမှရတဲ့ တစ်စုံတစ်ရာကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး၊ ဒါပေမယ့် တစ်ခုပဲ .."

ခြယ် က ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြီး ...၊



"မလိုက်ဖက်တဲ့အရာနှစ်ခု ပူးတွဲနေတာ ကြည့်မကောင်းဘူး .."

ပြောပြီး ရယ်လိုက်ကာ ...၊

"နံပါတ်တစ် နင် ဖြစ်ချင်နေတာ ဘယ်တော့မှ မဖြစ်စေရဘူး။ နံပါတ်နှစ် နင့်လို မိန်းမနဲ့ လော နဲ့ မတန်လို့၊ နံပါတ်သုံး အဲဒီစေ့စပ်ပွဲကို သေချာပေါက် ငါဖျက်မယ် .."

"လူပါးဝလို့ နင့်ကိုယ်နင် ဘာများမှတ်နေလို့လဲ ခြယ်မှုန်း .."

"ဟုတ်တယ် .. ငါက ခြယ်မှုန်း ပဲ .."

"တောက် ..."

ဇင်နီ ဒေါသမထိန်းနိုင်ဖြစ်လာတာက ခြယ်မှုန်း ကို သူမ လွယ်အိတ်နဲ့ တအားလွှဲရိုက်ပစ်လိုက်၏။ သို့သော် လော က အနားရောက်လာပြီဖြစ်ကာ လွယ်အိတ်ကို ဖမ်းဆွဲထားလိုက်၏။

"ဘယ်လိုဖြစ်နေတာလဲ .."

"လော ..."

"ငါ နင့်ကိုလာတွေ့တာပါ .."

ဇင်နီ့ ဒေါသက ကတိုက်ကရိုက်နိုင်ကာ ခြယ် က ပုံမှန်မျက်နှာနဲ့ပဲ ဖြစ်လျက် ...၊

"ငါက နင်နဲ့တောင် စကားပြောလို့မရတော့ဘူးလား .."

"အဲ့အတွက် သူ့ကို ခွင့်တောင်းနေတာလား .."

"လော ..."

လော စကားကြောင့် ဇင်နီ ထိတ်ထိတ်ပျာပျာတားဆီးဖို့ကြိုးစား၏။ ဦးလာဘာ ကလည်း လော နား ထပ်တိုးလိုက်ကာ ...၊

"လူလေး .. မင်းကို မကြည် ဆုလိမ့်မယ်လေ၊ ဘာဘာကြီး ကိုလည်း သေချာမှာလိုက်တာ၊ စာမေးပွဲဖြေပြီးတာနဲ့ .."

"စာမေးပွဲခန်းကထွက်တာနဲ့ ကျွန်တော့်ကို ကားပေါ်ခေါ်ခေါ် ဖို့လား .."

ပြောပြီးတာနှင့် ခြယ့် လက်လေးကိုဆွဲယူလိုက်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ သူငယ်ချင်းတွေနဲ့ စကားပြောပြီးမှ ပြန်မယ်၊ ဘာဘာ စောင့်မနေရဲရင် ဇင်နီ့ ကို ခေါ်ပြီးပြန်နှင့်လိုက်တော့ .."

ဇင်နီ နဲ့ ဦးလာဘာ ကားနှားမှာဒီတိုင်းကျန်ရစ်ခဲ့ကြ၏။ ခပ်လှမ်းလှမ်းမှာ ရပ်ကျန်ခဲ့ကြသည့် သီဟအောင် တို့ အုပ်စုကလည်း ခြယ် လက်ကိုဆွဲပြီး 'လာ' ထွက်သွားတာကိုကျေနပ်နေကြသည်။

သိန်းသန်း က သီဟအောင် ကို လက်တို့၍ ..၊

"ဇင်နီ ဘယ်လိုဖြစ်တာလဲ၊ ပုပ်ပွနေတဲ့မျက်နှာက လေဖြတ်တော့မယ် .."

"ဟီး .. ဟီး .. သူများနိုက်မြည်းသွားမှာစိုးလို့နေမှာပေါ့ .."

"ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေ၊ အညှီအဟောက်တွေမပါစေနဲ့ .."

သီဟအောင် အစား ကြားဝင်ဖြေပြီးမှ ကိုလေးက ပါးစပ်ပိတ်ရယ်တာ ..၊

"မင်းကလည်းမသိဘူးလား .. ဇင်နီ က လူကြီးတွေအားကိုးနဲ့ ကောက်ထည့်ထားရတာကို ခြယ် လက်ထဲရောက်သွားတော့ မျောက်မီးခဲကိုင်မိသလို .. ဟဲ .. ဟဲ .."

သီဟအောင် က သွေးအေးအေးစားပုံမျိုးနှင့် ခါးတောက်ရှင်း ကားနား မှာ ပျာယီပျာယာကျန်ရစ်ခဲ့သည့် ဇင်နီ့ ကို စိုက်ကြည့်နေကာ ..၊

"သူသာရှိးသားရင် သူငယ်ချင်းချင်း ဒီလောက်တွန့်တိုနေဖို့မလိုဘူး .."

သီဟအောင် ပြောမှလှမ်းကြည့်မိကြ၏၊ ဇင်နီ က ဝတ်ဝန်းကျင်ကို သတိထားဖို့မေ့နေသလိုမျိုး ဒရိုင်ဘာဦးလေးကြီးကို ဘာတွေမှာနေမှန်းမသိ ..။

ပြီးတော့ ဖုန်းထုတ်ခေါ်ရင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေတာ ကယောင်ခြောက်ခြားဖြစ်သည့်ပုံပေါ်နေ၏။ ကျောင်းသားအုပ်စုလိုက် လှမ်းကြည့်အကဲခတ်နေကြတာကို သိလည်းမသိ၊ လှည့်လည်းမကြည့် ..။



သူမ အသည်းအသန်ဖုန်းခေါ်နေတာကလည်း လော တို့ အိမ်ကိုမဟုတ် ပေ .. ဒေဝီ မကိုင်မချင်းခေါ်နေခဲ့လျက် ..။

"ဒေဝီ လား .."

"... ... ..."

"နင် ဘယ်လိုလုပ်လိုက်တာလဲ ဒေဝီ နင် ပြောတုန်းကတော့ နင်ကိုယ်တိုင်ကြည့်မရလို့ ဒုက္ခပေးချင်နေတာဆို .."

"... ... ..."

"ဟုတ်တယ် .. နင့်မှာလည်းအန္တရာယ်ရှိနေတာတောင် နုတ်မလုံတာ ငါ တကယ်အံ့ဩတယ်၊ ခုဘယ်လိုလုပ်ကြမလဲ .."

"... ... ..."

"ကြောက်လို့မဟုတ်ဘူး .. ဒါပေမယ့် ငါ ရင်ဆိုင်ရမှာ ခြယ် နဲ့ ဖြစ်နေတာ နင် စဉ်းစားကြည့်ဦး .."

"... ... ..."

"တော်ပြီဟာ .. ပြောမနေနဲ့တော့ .."

ဒေါသဖြစ်ဖြစ်နှင့် အော်ရင်း ဒီဘက်လှည့်လိုက်တော့ ဦးလာဘာ က အံ့ဩသည့်မျက်လုံးတို့နှင့် ငေးကြည့်နေခဲ့၏။

သွားပြန်ပြီ .. ကျွတ် ..။

နောက်ထပ် စုတ်သပ်သံတစ်ချက်နှင့် မျက်နှာလွှဲပစ်မိသည်။ အကူသိလ်ဝင်ပြီဆို စပေါ်တင်ရောမလို ရေမီးအစုံနှင့် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"အဲ့ဒီပီကေ ဝါးနေတာ မဝသေးရင်လည်းပြော၊ အဆင်သင့်ရှာထားပေးမယ် .."

ရွှဲပြောသလိုနှင့် လော က သူ့အိတ်ထဲက ပီကေတစ်ခုထုတ်လိုက်တော့ ခြယ် က ငုံကြည့်ကာ ..။

"နှင်လည်း ပီကေ စားတတ်သွားပြီလား .."

"မစားပါဘူး .."

မျက်နှာထားတင်းတင်းနဲ့ပြောနေရင်း ပီကေကိုသေချာရှာထုတ်နေသည်။ ခြယ် က ပီကေနဲ့ သူ့ကို တစ်ချက်စီကြည့်နေလျက် ..။

"မစားဘဲနဲ့ ဘာလို့ ပီကေဆောင်ထားတာလဲ၊ ခင်နီ စားနေလို့လား .."

လော က ဖျတ်ခနဲကြည့်သည်။ ပြီးတော့ စိုက်ကြည့်ကာ ..၊

"ပီကေ မပြတ်တမ်းဝါးနေတတ်တဲ့တစ်ယောက်ကို သတိရလို့ .."

"ဟင် ..."

"အလွမ်းပြေထည့်ထားတာ .."

"ငါ့ကိုလား .."

လို့ကို မေးလိုက်ပြီးမှ ..၊



"မဖြစ်နိုင်ပါဘူး .."

ဆိုပြီး စဉ်းစားနေတော့ အသည်းယားသွားသည်။ ကျိုခနဲအံတစ်ချက်ကြိတ်လိုက်ရင်း သူမပါးလေးတစ်ဖက်ကို အသာလေးပုတ်လိုက်ပြီး…

"ပါးစပ်ထဲကဟာထုတ် .."

"ဘာလို့ထုတ်ရမှာလဲ .. ခုနမှ စားတာ .."

"မရဘူး .. ဒီမှာရှာပြီးနေပြီ .."

"ဘယ်သူ ရှာခိုင်းလို့လဲ .. ဟွန်း .. သူ့ပီကေ အလကားမဖြစ်အောင်ပဲ ဒီက စားပေးဦးမယ် .."

"ခြယ့် .."

"ဘာလဲ .."

"ခု ထုတ်ဆို ထုတ်လိုက် .."

မေးဖျားလေးကို လက်ဝါးထဲထည့်ကိုင်ပြီး သူ့ဘက်ဆွဲလှည့်လိုက်မှ ခြယ် က ပီကေကိုထုတ်သည်။ လော က သူကိုယ်တိုင် တစ်ရှူးလေးနဲ့ ထုတ်ယူလိုက်ပြီး အသစ်တစ်ခုထည့်ပေး၏။

ထိုဖြစ်အင် ဖျတ်ခနဲလှမ်းမြင်လိုက်ကာ ခင်နီ့ ခြေလှမ်းတွေတုံ့သွားသည်။ မျက်လုံးထဲမှာသာမကဘဲ ရင်ထဲမှာပါ မီးတောက်မီးလျှံတွေ အလျှံညီးညီးထဖြစ်လေသည်။

အဝေးက လှမ်းကြည့်တော့ ကလေးငယ်လေးတစ်ယောက်ကို တလုတယ အစားခွံ့ကျွေးနေတာမျိုး ..။

ဘယ်လိုမှ သည်းခံမနေနိုင်တော့ဘဲ သစ်ဝင်မှာ ဖျတ်ခနဲကွယ်လိုက်ပြီး ဖုန်းခေါ်လိုက်သည်။

ခေါ်ပေမယ့်လည်း မကိုင်ပေ ..။

"တောက် ..."

ခင်နီ မရဲကခေါ်နေခဲ့လျက် ခုနစ်ခါမြောက်မှာ မက်ဆေ့ချ်ဝင်လာ၏။

'နင် ပြန်နှင့်တော့ .. ငါနဲ့ ခြယ် စကားပြောစရာရှိလို့ ..' တဲ့ ..။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ပြောနေတာပဲမဟုတ်ဘူးလား၊ ဒီကပဲ တစ်ယောက်တည်း ပြန်ရဦးမယ် ...။

ဒေါ်သဖြစ်ဖြစ်နှင့် သွားပြောပစ်လိုက်ဖို့ သစ်ပင်အကွယ်က ထွက်လိုက်မိလျှင် ...၊

ဟင်!...၊

ဘယ်ရောက်ကုန်ပြီလဲ ...၊

ခင်နီ မျက်လုံးအဝိုင်းသားနှင့် ဟိုဒီလှည့်ပတ်ရှာရင်း သဘောပေါက်လာသည်။

ဖုန်းခေါ်လိုက်တော့ သူတို့ကို မောင်းထုတ်လိုက်တဲ့အတိုင်း ...။

ဤ



## အခန်း (၃၃)

"ဖြည်းဖြည်းမောင်းလေ .. ဘယ်ထိသွားမှာမို့လို့ တအားစွတ်နှင်းနေတာလဲ .."

သူပြောလိုက်တိုင်း ပီကောကြိတ်ဝါးလိုက်သည့် အောက်မေးရှူးလေးတစ်ချက်လောက်လှုပ်သွားတာတော်ပြီး ဘာဖြေသံမှ ပြန်မလာ ...။

"ကျွဲ ..."

"တိ ..."

"ခြယ် .."

ကားနှစ်စီး ခေါင်းချင်းပြေးဆိုင်တော့မလိုဖြစ်သွားတာ အားလုံးကို မျက်လုံးပြူးကုန်စေလျက် လော အထိတ်တလန့်ဖြစ်သွားကာ ...၊

"ဘယ်လိုဖြစ်နေတာလဲ ခြယ် ရာ .."

"ဘာမှမေးမနေပါနဲ့ .. ငါ ဘာလုပ်နေတာလဲ ငါသိတယ် .."

"ဟား ..."

"သူ့ဟာသူ အတင်းဖြတ်ကွေ့လာတာ .."

"ဘယ်သူမှားမှား ဘယ်သူမှန်မှန် ဖြစ်ကုန်ရင် သေကြေပျက်စီးကုန်မယ်၊ ရှင်းရမယ် .. ငါမှန်တယ်ဆိုပြီး ဖွတ်မတက်ရဘူး၊ ကိုယ့်စဝိ(ဒ်)

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မနိုင်ဘဲနဲ့ ..."

"လော .."

"ဘာလဲ .. ငါချည်းပဲ သေမှာမဟုတ်ဘူး နင့်ကိုစိုးပူလို့ပြောနေတာ .."

"နင်ပြောလိုက်ရင် ငါ့အတွက်ဆိုတာချည်းပဲ .."

"အဲ့ဒါတွေပြောနေတယ်ထင်လို့လား .."

"ဟုတ်တယ် .. အဲ့ဒါတွေပြောနေတာပဲ၊ နင် အခု သူများနဲ့လက်ထပ်တော့မှာလေ .."

"အဲဒါလည်း .."

"ငါ့အတွက်ဆိုရင် ယူစရာမလိုပါဘူး .."

"ဟော့ .. ကားကိုသတိထားဦး .."

စကားလှည့်ပြောလိုက်တိုင်း ကားက ခါထွက်သွားသဖြင့် လော မျက်နှာမဲ့သွားကာ ...၊

"ဟိုရှေ့မှာ ဘေးချရပ်လိုက်တော့ .."

"ဟော့ .. အေး .."

"စကားပြောမယ်လေ .. အဲဒီဘေးမှာ ရှင်းနေတာပဲ .."

"မရပ်ဘူး ..."

"မရပ်တော့ ဘယ်ထိသွားမလို့လဲ .."

"ဘာလို့ ဒါပဲမေးနေတာလဲ၊ နင့်ကို ငါက ကားတင်ပြေးမှာစိုးလို့လား"

ဘယ်လိုမှ စကားကောင်းပြောလို့မရသဖြင့် လော စိတ်တိုသွားမိကာ...၊

"တကယ်ပြေးကြမလား .. ပြေးမှာဆိုလည်း ဖွယ် ငါမောင်းမယ်"

"မလိုဘူး .."

ခြယ် အသံလေးတုန်ခါနေသဖြင့် သူ ငုံ့ကြည့်လိုက်တော့ သူမ မျက်နှာလေးနီရဲနေတာ ငိုချင်နေတာလား ...။

ကျောင်းမှာ ဝီတော ထိုင်စားနေတုန်းကတော့ အကောင်းပါပဲ ...။

သူမ မျက်နှာကိုကြည့်ရ လမ်းကိုကြည့်ရနှင့် လော အလုပ်ရှုပ်နေခဲ့



လျက် ...။

"ခြယ် .. အရှိန်နည်းနည်းပဲလျှော့ .. ပြီးရင် ကြိုက်တဲ့နေရာထိမောင်း၊ တစ်ခွန်းမှ မမေးတော့ဘူး .."

ခင်နီ့ ရှေ့မှာ ကားသော့တောင်းလိုက်တုန်းက ထုတ်ပေးခဲ့တာ အေးဆေး ...။ ပြီးတော့ ပြန်တောင်းပြီး သူမပဲ မောင်းမယ်လုပ်တာ ဘယ်လိုရည်ရွယ်ချက်တွေနဲ့လဲ ...။

မေးပြန်ရင်လည်းမကြိုက်၊ သူ စိတ်ပူရတာတွေအားလုံးက သူမအတွက်ချည်းပါဆိုတာလည်း မယုံ ...။ ကားသည် ဘုန်းကြီးကျောင်းဝင်းကြီးတစ်ခုရဲ့ ဘေးက မြက်ခင်းစိမ်းစိမ်းမှာ ထိုးရပ်သွားခဲ့ပြီး ...၊

"ဆင်း ..."

"ဘာလဲ .. ငါ့ကို ခင်နီ နဲ့ မစေ့စပ်ခင် တစ်ခါတည်းဘုန်းကြီးဝတ်ခိုင်းမလို့လား .."

"ဟုတ်မယ်ဆိုတော့ နင် မဝတ်နိုင်ဘူးလား .."

"ဝတ်စရာလား .."

လော က ရယ်လိုက်ရင်း ကားပေါ်ကဆင်းသည်။ ပြီးတော့ ခြယ့်ဘေးကိုရောက်လာပြီး တံခါးဖွင့်လိုက်ကာ ...။

"ဆင်းလေ .. ငါ ဘုန်းကြီးဝတ်ရမယ်ဆိုရင် နင်လည်း သီလရှင်ဝတ်ရမှာပဲ .."

"ငါက ဘာလို့ဝတ်ရမှာလဲ .. ခင်နီ့ကို ဝတ်ခိုင်း၊ ပြီးရင် တစ်ကျောင်းတည်းမှာ အတူတူနေကြ .."

"ဟား .. ဟား .. ဟား .."

"သဘောတွေကျသွားတယ် .. ဟုတ်လား .."

ခြယ် က ဆင်းဖို့ငြင်းလိုက်တော့ လော က တံခါးဝမှာ သူ့ကိုယ်နှံ့ပိတ်ခံထားပြီး အထဲကို မျက်နှာငုံ့၍ ...၊

"ငါက ခင်နီ နဲ့ အတူတူနေချင်တယ်လို့ ထင်တာလား .."

ခြယ် နဲ့ လော ရဲ့ မျက်နှာနှစ်ခုနီးကပ်စွာ ရှိနေကြလျက် တစ်ယောက်

www.burmeseclassic.com



မျက်လုံးထဲကို တစ်ယောက်ငေးကြည့်နေမိကြကာ ...၊

"လော .. နင် .. နင် ဇင်နီ့ ကို မယူပါနဲ့ .."

ခြယ် မျက်ဝန်းမှာ မျက်ရည်တွေဝေတက်လာတာမြင်လိုက်လျှင် လော ရဲ့ မျက်နှာပေါ်ကအပြုံးတွေ ပျောက်ကွယ်ကုန်၏။

"နင် ဇင်နီ့ ကို မယူရဘူး၊ ဒီစေ့စပ်ပွဲမလုပ်ရဘူး .."

"ယူတာမယူတာက အခု မလိုသေးပါဘူး၊ စေ့စပ်ပွဲဖြစ်လာတာ ဘာကြောင့်ဆိုတာလည်း .."

"ဟင့်အင်း .. ဘာကြောင့်ဖြစ်ဖြစ် အဲ့ဒီစေ့စပ်ပွဲ မဖြစ်ရဘူး၊ ငါ နင့်ကို ဆုံးရှုံးမခံနိုင်ဘူး လော .. ကျောင်းလည်းပြီးသွားပြီ၊ နင်ကလည်း သူ့ရဲ့သက်ဆိုင်သူဖြစ်သွားပြီဆိုရင် နင့်ကိုငါ .."

"စေ့စပ်တာကို လက်ခံခဲ့တာက နင်နဲ့ ငါ့အတွက်ပဲ ခြယ် .. အဲ့ဒါကို.."

"အဲဒါကို ဖျက်လိုက်ပေါ့၊ နင် ငါ့အတွက် ဒါလေးတောင်မလုပ်ပေး နိုင်ဘူးလား .."

"ခြယ် .."

လော မျက်ဝန်းတွေကလည်း ပြောင်းသွားခဲ့ပြီး ခြယ် လက်မောင်း လေးတစ်ဖက်ကို ကိုင်၍ ကားပေါ်ကဆွဲချလိုက်သည်။

ခြယ် ကိုယ်တိုင် ဆင်းတာမဟုတ်ဘဲ ဆွဲချခံလိုက်ရတာမို့ ဖရိုဖရဲ လေး ပြုတ်ကျလာကာ လော ရင်ခွင်ထဲမှာ အဝတ်ထုပ်လေးလို ...။

"နင် ဘာတွေပြောနေတာလဲ ကိုယ့်ကိုယ်ကိုယ်သိရဲ့လား .."

"ဘာဟ ..."

"နင်ပြောတဲ့စကားတွေလေ .. နင် ငါ့ကိုတောင်းဆိုနေတာ ဘယ်လို ပုံစံနဲ့လဲ .."

"ငါပြောတဲ့ စကားတွေလေ .. နင် ငါ့ကိုတောင်းဆိုနေတာ ဘယ်လို ပုံစံနဲ့လဲ .."

"ငါပြောတဲ့စကား ငါမသိရအောင် ရူးနေတာမဟုတ်ဘူး လော .. ငါ နင့်ကို ဇင်နီ နဲ့ လုံးဝမကြည်ဖြူနိုင်ဘူး၊ ငါ့ကို ဘယ်သူတွေဘာပြော



ပြော ငါ့လုပ်ရပ်က ဘာတွေဖြစ်သွားသွား .. ငါ နင်နဲ့ .."

လော က ရူးစိုက်နားထောင်နေသည်။ ခြယ် စကားက ဒီမှာတင် ရပ်တန့်သွားခဲ့၏။ ပြောလာမည့်စကားကို နားစွင့်ရင်း တစ်ယောက်ရဲ့ နှုတ်ခမ်းတို့ကို တစ်ယောက်က ငေးစိုက်နေမိကြသည်။ သို့သော် ...၊

ခြယ် အတွက် ပြောရခက်ခဲနေသလို မပြီးဆုံးသေးသည့် သူ့စကား အပေါ်မှာ လော ကလည်း ဘယ်လိုသတ်မှတ်ချက်မပေးနိုင် ...။

ခဏကြာမှ လော က ခြယ် ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်ကိုင်ရင်း မျက်နှာချင်းနီးသွားအောင် ဆွဲယူလိုက်ပြီး ...၊

"ဆက်ပြောလေ .. ငါ နင်နဲ့ ဘာဖြစ်လဲ .."

"လော ..."

"အင်း ..."

"နင် .. နင် အခု ငါ့ကိုလက်ထပ်မလားဟင် .."

ဒီလိုစကားမျိုးပြောလိုက်ရခြင်းအတွက် ဒီလောက်ထိ သတ္တိကြောင် ခဲ့လိမ့်မည်ဟု ခြယ် ကိုယ့်ကိုယ်ကိုယ် မထင်ခဲ့မိပေ ...။ ပြောလို့ ထွက် သွားပေမယ့် မျက်နှာတစ်ပြင်လုံး ပူရှိန်းထူအန်းနေတာကို ခံစားမိနေသည်။

ပြီးတော့ သူမ မျက်နှာ အဝတ်စနီတစ်စလိုရဲရဲတောက်နီမြန်းနေ ပြီလား ...။

သို့သော် သူမ ထင်ထားသလို လော မျက်နှာကတော့ ထိတ်လန့် အံ့ဩသွားသည့်အပြောင်းအလဲတွေ ဖြစ်မလာခဲ့ပါ။ ပါးမို့လေးတွေ နီရဲ နေသည့် ခြယ် မျက်နှာလေးကိုငုံ့မိုးကြည့်ရင်း ...၊

"လက်ထပ်ကြမယ် ဟုတ်လား .."

ခြယ် က ခေါင်းညိတ်လိုက်တော့ သူ့နှုတ်ခမ်းတွေ တင်းခနဲစေ့ပိတ် သွားသည်။ ပြီးတော့ မေးဖျား ပင့်သွားရုံ ခေါင်းညိတ်၍ ...၊

"ဒါဆို ငါ မေးတာကိုဖြေမလား .."

"အင်း ..."

ခြယ် ချက်ချင်းခေါင်းညိတ်တော့ သူ ပြုံးလိုက်သည်။ ပြီးတော့မှ...

www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို ချစ်နိုင်လို့လား .."

ခြယ် က ဒီတိုင်းလေးငေးကြည့်နေပြီး မဖြေ ..။

မျက်ဝန်းအိမ်မှာ ဇွဲသီကျန်ရစ်နေဆဲ မျက်ရည်တို့က အံ့ဩသည့် အကြည့်တို့ပေါ်မှာ အဓိပ္ပာယ်မဲ့သွားခဲ့၏။

"ဖြေလေ ခြယ် .. နင် ငါ့ကို လက်ထပ်ဖို့ထိပြောလာတာ ငါ့ကို တကယ်ချစ်နိုင်လို့လား .. ငါနဲ့ပေါင်းဖို့ထိ တကယ်ရွေးချယ်သလား .."

"ဒါ .. ဒါဆို နင် ဇင်နီ့ ကိုလည်း ဒီလိုပဲမေးခဲ့တာပေါ့နော် .. နင်တို့ ချင်း ချစ်သူတွေဖြစ် .."

"ဇင်နီ နဲ့ ကဏ္ဍကို ထည့်မပြောနဲ့၊ အဲဒီစေ့စပ်ပွဲကို ငါ့ခေါင်းထဲ မှာလည်းမရှိဘူး .. ရင်ထဲလည်းမထည့်ဘူး .."

"ဒါပေမယ့် နင်တို့ စေ့စပ်ပြီးရင် နင်က သူ့ရဲ့ .."

"ငါက သူ့ရဲ့ ဘာဖြစ်ဖြစ် ငါ့စိတ်က နင့်ဆီမှာပဲ ခြယ်၊ ငါလုပ် နေသမျှ နင့်အတွက်ချည်းပဲ .. နင့်ကိုယ်နင် မသိပေမယ့် ငါ့ကိုယ်ငါ နားလည်နေလို့ လုပ်သင့်တာကိုလုပ်ခဲ့တာ .."

"ဩော် .. နင်လုပ်သင့်တာက ဇင်နီ နဲ့ စေ့စပ်ပွဲကြီးမြိမ့်မြိမ့်သဲ ကျင်းပဖို့ပေါ့ .."

"ခြယ် ..."

"ငါမေးတာကိုဖြေစမ်းပါ .. ဒီစေ့စပ်ပွဲက နင်တို့နှစ်ယောက် သဘော တူကြည်ဖြူပြီး .."

"သဘောတူကြည်ဖြူတော့ ဘာဖြစ်သွားနိုင်သလဲ၊ စေ့စပ်ပွဲပြီးတာ နဲ့ တန်းညားသွားမှာလား .."

"ညားကြမှာပဲလေ .. ခုတောင် နင် ခေါင်းညိတ်ခဲ့တာ၊ စေ့စပ်ပြီးပြီ ဆိုရင် .."

"ငါ သူ့ကိုငြင်းမယ် .. နင်နဲ့ လက်ထပ်မယ် .."

ခြယ့် မျက်နှာလေးဝင်းလက်သွားသည်။ ပြီးတော့ ရယ်၏။ လော က ခြယ့် မျက်ဝန်းထဲကိုစိုက်ကြည့်နေကာ ..၊



"ဒါပေမယ့် ငါမေးတာကိုတော့ ဖြေရမယ် .."

"အင်းလေ .."

"ငါ့ကိုချစ်လား .."

"လက်ထပ်ကြမယ်ဆိုမှပဲ လော ရယ် .."

"လက်ထပ်တာလွယ်တယ် .. တစ်ယောက်ရဲ့စိတ်ကို တစ်ယောက် က ပိုင်ဖို့ခက်တယ် .."

"စေ့စပ်ပွဲတောင် လူကြီးတွေ သဘောကျနဲ့ ကျင်းပနိုင်သေးတာ၊ လက်ထပ်ဖို့အတွက် အဲ့လောက်အများကြီး မလိုပါဘူး လော ရယ် .."

"ခြယ့် နင် ငါစေ့စပ်တာကို မခံချင်ဖြစ်ပြီး ပွဲဖျက်ဖို့ကြိုးစားနေ တာလား .."

"ဟင့်အင်း .."

"မဟုတ်ရင် ဘာလဲ .. ငါနဲ့လက်ထပ်လိုက်တယ်ဆိုတဲ့အဖြစ်ကို ရောက်ရုံပဲလိုချင်တာလား .. ဘာအတွက်လဲ .."

"မဟုတ်ပါဘူး လော ရယ် .."

"တစ်ခုကတော့ လုံးဝဟုတ်တယ် .."

"အာ .. ဘာလို့တအားဖိဆုပ်ထားတာလဲ နာတယ် နည်းနည်းလွှတ်.."

ခြယ့် မျက်နှာလေးမဲ့သွားကာ လက်ကိုလျှော့ပေးလိုက်ပြီး မျက်နှာ လေးကိုစိုက်ကြည့်ကာ ..၊

"ငါ စေ့စပ်မှာက လတ်တလောအခြေအနေကို ရှင်းဖို့ခက်နေလို့၊ ပြီးတော့ နင့်ကိုထိခိုက်မခံနိုင်လို့၊ လက်ထပ်ဖို့ထိ ငါ့ခေါင်းထဲမှာမရှိဘူး .."

"ဒါပေမယ့် စေ့စပ်ပွဲဖြစ်သွားတာကို ငါ လက်မခံနိုင်ဘူး လော .."

ခြယ့် နှုတ်မှ ပွင့်အံလာသည့်စကားကိုကြားသည်နှင့် ပခုံးမှာ ဖိကိုင် ထားသည့် လော ရဲ့ လက်တွေပြေကျသွားသည်။ ခြယ် က လော ရဲ့ လက်တစ်ဖက်ကိုကိုင်၍ ..၊

"ဒီစေ့စပ်ပွဲက ငါ့အတွက်အရမ်းအရေးကြီးလို့ပါ၊ နင် သူနဲ့ စေ့စပ် လိုက်တာနဲ့ ငါ့သိက္ခာ ငါ့ရဲ့မာန၊ သူနဲ့ ငါ့ရဲ့စိန်ခေါ်မှု၊ အဲဒါတွေအားလုံး

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ ..."

လော က တိတ်ဆိတ်စွာနားထောင်နေဆဲ ...။

"ငါ နင့်ကို သူ့နောက်အပါမခံနိုင်ဘူး၊ နင့်ကို သူ ရသွားလို့ မဖြစ်ဘူး ..."

"အဲဒါကြောင့် ငါ့ကို နင်လက်ထပ်ဖို့ ဆုံးဖြတ်တယ်ပေါ့ ..."

"ဟိုအကြောင်း ဒီအကြောင်းတွေမေးပြီး ငါ့ကို စကားနာမထိုးပါနဲ့ လော ရယ်၊ ငါတို့လက်ထပ်ပြီးရင် အချစ်ဆိုတာလည်း ပေါ်ပေါက်လာမှာပဲ၊ လူတိုင်း ချစ်လွန်းလို့ လက်ထပ်ကြတာမှမဟုတ်တာ ..."

"ငါ့ကို နင် မချစ်ဘဲနဲ့ လက်ထပ်မှာလို့ ဖြေလိုက်တာပေါ့ .. ကျေးဇူးပဲ ခြယ် ..."

ပြောင်းလဲသွားသည့် လော ရဲ့ အကြည့်တွေကြောင့် ခြယ် ထိတ်ပျာသွားခဲ့သည်။ လော က နောက်ကိုခြေလှမ်းဆုတ်လိုက်ရင်း သူမကို စေ့စေ့ကြည့်၍ ...၊

"ဟုတ်တယ် ညားတဲ့လူတိုင်းချစ်ကြတာမဟုတ်ဘူး၊ ငါ စေ့စပ်ဖို့ ဆုံးဖြတ်ခဲ့တာလည်း ချစ်လွန်းလို့မဟုတ်ဘူး၊ ဒါပေမယ့် လက်ထပ်မယ်ဆိုရင်တော့ အချစ်မပါတဲ့ မိန်းမကို ဆောရီးပဲ ..."

"လော ..."

လော ထွက်သွားတာနှင့် ခြယ် က အတင်းလိုက်ဆွဲထားကာ ...၊

"နင်နဲ့ ငါ သူငယ်ချင်းတွေပါ လော ရယ်၊ အချစ်အကြောင်း ဒီလောက်ထိ အခြေအတင်ပြောနေကြဖို့ မလိုသေးပါဘူး၊ နင့်ရဲ့ စေ့စပ်ပွဲက ငါ့အတွက် အရေးကြီးသလို နင့်အတွက်လည်း အရေးကြီးတယ် သိရဲ့လား .. လွန်ကျုံကုန်မှ နင် မသိသေးတာတစ်ခုခု သိလာရရင် ..."

"မလိုပါဘူး ..."

လော က ခြယ့် လက်ကို အသာလေးဖယ်ချပစ်လိုက်ပြီး ...၊

"မျက်ရည်ဝေနေတဲ့ နင့်ရဲ့အကြည့်တစ်ချက်မှာ ငါ အရှည်ပျော်သွားခဲ့တယ် ခြယ် .. ငါ့ကို ဆုံးရှုံးမခံနိုင်ဘူးဆိုတဲ့ စကားတစ်ခွန်းမှာ



ငါ့ရဲ့ မျှော်လင့်ချက်တွေ ရှင်သန်ခွင့်ရပြီဆိုပြီး ပျော်သွားခဲ့တယ်၊ ဟွန်း.. ငါ အရူးပဲ၊ တော်သေးတာပေါ့ .. မိုးနဲ့ ဒူးနဲ့ ပြေးတိုက်မိတော့မလို့ ..."

"မဟုတ်ပါဘူး .. ငါ ရှင်းပြပါဦးမယ်၊ စောနေပါဦး လော ရယ်.."

"ငါ့မှာ ပြောစရာရှိတော့ဘူး .. ပြန်မယ် ..."

လော က ခြယ့် ကိုယ်လေးကိုဆွဲဖယ်လိုက်ပြီး မောင်းသူမဲ့ရာမှာ ဝင်ထိုင်လိုက်၏။

"တက် ..."

"ငါပြောတာကိုနားထောင်ပါဦး .. ငါတို့လေ ..."

စကားပြောနေရင်း ခြယ် ရှေ့ကနေပတ်ပြေးပြီး တစ်ဖက်ကဝင်ထိုင်သည်။ ပြီးတော့ အထပ်ထပ်တောင်းပန်နေတာ လျှာလေးတပ်တိုက်တော် ...။

"ပြန်မလှည့်ပါနဲ့ လော ရယ် – ငါတို့လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးရင် ..."

"တော်တော့ ခြယ် ..."

မာထန်ပြတ်ရှသည့် လော ရဲ့ အသံနှင့်အတူ ကားက လမ်းမပေါ်မေးတင်ပြီး တစ်ချက်တုံ့သွားသည်။ ပြီးတော့ ကန့်လန့်ဖြတ်အတိုင်း ဝေါခနဲပြန်ဝိုက်သွားခဲ့ပြီး ...၊

"လော .. နင် ငါပြောတာကျတော့ နားမထောင်ပေးဘူး၊ ငါ အဲ့လို မဟုတ်ဘူး၊ ဒါပေမယ့် ငါ အဲဒါတွေကို ခုပြောလို့လည်း မဖြစ်လို့ပါ၊ ကားရပ်ပါ .. ငါ မပြန်ချင်ဘူး .. လော .. နင် .. အဟင့် ..."

ခြယ် မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာပြီး သူ့ကိုဆောင့်တာနေ ထုရိုက်နေရင်း အော်ဟစ်နေ၏။ လော တစ်ချက်မှငဲ့မကြည့်သဲ ဘာစကားမှလည်းမပြောဘဲ အံကြိတ်နေ၏။

ကားလေးက လာခဲ့စဉ်ကနှုန်းအတိုင်း မြန်ဆန်စွာဖြင့် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

တစ်လမ်းလုံး မြည်နေသည့်ဖုန်းကို အင်ယားလိတ်ဟိုတယ်လ်မှာ ပါ့ကင်ထိုးပြီးမှ ကိုင်လိုက်မိကာ ...၊

"မာမီ ..."

"သမီး ဘာတွေလျှောက်လုပ်နေတာလဲ သမီး .. အခု အဲ့ဒီဈေးစပ်ပွဲကို သွားနေတာဆိုတာ ပြန်လာခဲ့ပါ .."

"ရောက်နေပြီ မာမီ .."

"ဘယ်လို ..."

"ခြယ် ဒီတစ်ခါနောက်ဆုံးပါ မာမီရယ်၊ ခြယ် မာမီတို့ကို နောက်ထပ် စိတ်ဆင်းရဲအောင်မလုပ်တော့ပါဘူးနော် .."

"တစ်ဘဝလုံး ခေါင်းမဖော်နိုင်အောင်လုပ်ခါနီးမှ နောက်ထပ် မလုပ်တော့ပါဘူးဆိုတာကို မာမီတို့က ဘယ်လိုနားလည်ပေးရမှာလဲ သမီး .."

"ဇင်နီ နဲ့ ခြယ် စိန်ခေါ်ခဲ့ကြတယ်၊ အဲဒါ ခြယ် ရှုံးတော့မယ် မာမီ၊ သူ့ကို ခြယ် အရှုံးမခံနိုင်ဘူး .."

"ဘာတွေလဲ သမီးရယ်၊ ဟင် .. ဒီဈေးစပ်ပွဲက သမီးတို့ရဲ့ပြိုင်ပွဲဆို



ရင် သမီးနဲ့ ဇင်နီ က ဘော ကို လုနေကြတာလား .."

"ခြယ် က လုဖို့မရည်ရွယ်ပါဘူး၊ ဒါပေမယ့် သူ ခြယ့် ကို စိန်ခွင်းနင်းရှုပြီးမှ ဒီပွဲကိုတက်ခဲ့တာ၊ အဲဒါ ခြယ် မခံနိုင်ဘူး .."

"သမီးတို့ချင်း .."

"ဒါ နောက်ဆုံးပါ မာမီရယ် .. နော် .. မာမီတို့ပြောတဲ့အတိုင်း စင်ကာပူကို ခြယ် လိုက်ခဲ့မှာပါ၊ နောက်လည်း သမီး လိမ္မာပါ့မယ် .."

"မဟုတ်သေးဘူး သမီး .. ဈေးစပ်ပွဲကဖြစ်နေပြီ၊ သမီးက ဒီပွဲကို ဖျက်မလို့လား .. သူများမိဘတွေ မာမီတို့ကို .."

"ခြယ့် ကြောင့် မာမီတို့ ဘာမှထပ်မဖြစ်စေရဘူးလို့ ခြယ် အာမခံပါတယ်၊ နောက်ထပ် ဘာမှမမေးပါနဲ့ .."

ဖုန်းချလိုက်ပြီး လက်ကိုင်အိတ်ထဲကိုထည့်သည်။ ပြီးတော့ တားခေါ်က ဆင်းလိုက်ပြီး နောက်ဖုန်းတစ်လုံးကိုကိုင်ရင်း ...၊

"ဟလို ..."

"သိပ်ပျော်နေလား ဇင်နီ .."

တစ်ဖက်ကအသံတိတ်ကျသွားသည်။ ပြီးမှ ...၊

"ခြယ် လား .."

"ဟွန်း .. နင့်ရဲ့ဈေးစပ်ပွဲကျင်းပနေပြီပေမယ့် မပြီးသေးဘူးနော် .."

"နင်က ရာဇဝင်တော့မပျက်ဘူးပဲ ခြယ် .. နင် မရှက်ဘူးလား .."

"ငါက ..."

"ဟုတ်တယ် .. ဒီကလူကြီးတွေ နင်နဲ့ နင့်မိသားစုကို ဘယ်လို ဆက်ဆံကြမလဲဆိုတာ သိသားနဲ့ .."

"အဲဒါတွေဖြစ်အောင် နင် ခြေထိုးခံတာအောင်မြင်သွားပေမယ့် ဘာအတွက် နင် ဒီလောက်တောင် အောက်တန်းကျခဲ့သလဲဆိုတာ နင့်ကိုယ်နင် သိပါတယ် ဇင်နီ ရယ် .. ငါပြောတာက အခု နင့်ပွဲမပြီးသေးဘူးဆိုတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ရယ်လိုက်မိသည်။ ထိုစဉ် …၊

"အား …"

အရိပ်တစ်ရိပ်က လူကို ပစ်တိုက်လိုက်တာ အင့်ခနဲ …။

ခြယ် လဲကျမတတ်ဖြစ်သွားကာ အနီးမှာအုတ်တိုင်လုံးကြီးသာ မရှိခဲ့ရင် မတွေးရဲဖွယ် …။

"တောက် …"

လွတ်ကျသွားသည့် ဖုန်းကိုပြန်ကောက်ရင်း တက်ခေါက်လိုက်မိသည်။ သို့သော် သူမအားကနေ ထိကပ်မတတ်ဖြတ်လျှောက်သွားကြသည့် လေးယောက်ကိုမြင်လိုက်ရသည်။

စိုင်းလတ် တို့ပါလား …။

စားသောက်ဆိုင်မှာ သူမ ဒုက္ခပေးခဲ့သော အပေါင်းအပါသုံးယောက်လည်းပါနေသဖြင့် ထိတ်ခနဲဖြစ်သွားမိသည်။ ဒါဆို ကိုယ့်ကို ဝင်တိုက်သွားတာ သူတို့ထဲကတစ်ယောက်ဆိုတာသေချာနေပါပြီ။

တမင်တကာ ရန်စလိုက်တာမှန်းသိလိုက်သဖြင့် အန္တရာယ်ဆိုသည့် အငွေ့အသက်ကိုခံစားလိုက်မိ၏။ ထိုအခါ မာမီပြောခဲ့သည့် စကားတွေကိုလည်း သတိရလာမိသည်။

"ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ပြီးသွားပြီဆိုရင် တုံ့ပြန်ဖို့ကြိုးစားကြတာပဲ၊ ကိုယ်ထိလက်ရောက်မဟုတ်ခဲ့ရင်တောင် အခဲမကျေတဲ့စိတ်နဲ့ မကြိမ်းဝါးတဲ့သူမရှိဘူး၊ သမီးကို ယောက်ျားလေးတွေငြိုးနေပြီဆိုတာ သတိထားပါ သမီးရယ်၊ ဒုက္ခပေးဖို့ ချောင်းမြောင်းကြံစည်နေတဲ့သူအတွက် ကိုယ်က ပစ်ကွင်းကောင်းပဲ၊ အမှောင်ထဲကနေ ဘယ်လိုတိုက်ခိုက်လာမလဲဆိုတာ သမီး ဘာမှမသိနိုင်ဘူး …" တဲ့ …။

အကြောက်အလန့်နည်းတတ်သည့်အကျင့်ကိုက မာမီ ဆုံးမစကားတွေကို သတိတရတွေးလိုက်မိတာတောင် ညှော်ခံပွဲကိုမြင်လိုက်သည်နှင့် အားလုံးပျောက်၏။



ညအလှနှင့် ညှော်ခံပွဲ၏ခမ်းနားမှုက မြက်ခင်းပြင်ကျယ်မှာ ဝန့်တင့်၍ စိုပြည်နေခဲ့သည်။ ကျောင်းသားကျောင်းသူတွေက ပိုများနေခဲ့လျှက် လူကြီးပိုင်းတွေက လူကြီးချင်းနှုတ်ဆက်ညှော်ခံနေကြသဖြင့် ခေါကြည်မြ တို့ လော ကို မျက်စိအောက်က ပျောက်သွားတိုင်း အမှုအရာမပျက်အောင် ရှာနေရတာ ဒုက္ခတစ်ခုဖြစ်နေ၏။ ထို့ပြင် …၊

"သမီးကြီးရေ … ခြယ် မလာလောက်ပါဘူးနော် …"

လူလစ်တာနှင့် သဒ္ဒါကြည်နား တိုးမေးမိတော့ အားရှိစရာ …။

"ပြောလို့တော့မရဘူး မေမေ … သမီးတို့က မဖိတ်ပေမယ့် သူတို့ချင်း ဖိတ်ကြတာပဲ၊ လူကြီးတွေက မလာသင့်မှန်းသိလို့တားရင်တောင် ခြယ် က သူ လာချင်လာမှာပဲဟာ …"

"ဟုတ်တယ် … ညည်းမောင် ညတည်းက အရက်တွေသောက် တစ်ညလုံး ငုတ်တုတ်ထိုင်နဲ့ …"

"ခုလည်း ဟိုထိုင်ဒီထိုင်နဲ့ မေမေ့သား ဘယ်မှာ တက်တက်ကြွကြွ ရှိလို့လဲ …"

"ဧည့်စပ်ပွဲလုပ်တာလေးကို ဒီလောက်တောင်ဖြစ်နေတာ၊ တစ်ခါတည်း လက်ထပ်ပေးလိုက်ရရင် မကောင်းဘဲရှိတော့မယ်၊ ပြောတော့ ဖြင့် သူငယ်ချင်း …"

"ဓထလေး … နေခဲ့ဦးနော် မေမေ၊ ဟိုမှာ မေမေ့သားနဲ့ ဇင်နီ တစ်ခုခု ဖြစ်နေပြန်ပြီထင်တယ် …"

သဒ္ဒါကြည် လည်း စိတ်တွေလေးနေပါပြီ။

ခြယ့် ကာရိုက်တာနဲ့ နေထိုင်ပြောဆိုပုံတွေကို မနှစ်မြို့မိတိုင်း ဇင်နီ နဲ့ ဧည့်စပ်ထားလိုက်ဖို့ မေမေ့ကို သူမကိုယ်တိုင် အကြံညာဏ်ပေး ခဲ့တာပါ။

တကယ်ဆို မောင်လေးကို သူမ ဒီထက်မက မျှော်လင့်နေခဲ့တာ ဖြစ်သည်။ ဇင်နီ တို့ ဘက်က ဧည့်စပ်ပွဲအတွက် ဘာမှမကူညီမပေါ်ဝင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြသလို စကားတွေပြောလာကြကာမှ ဇင်နီ့ ကိုလည်း သူတို့ဘယ်လောက်ထိ မျှော်မှန်းထားတယ်ဆိုတာ သိသာလာခဲ့သည်။

"သူတို့က သူငယ်ချင်းချင်းဆိုတော့ အဆင်ပြေတာပေါ့နော် ..၊ စိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တာမျိုးပေါ့ .."

"မရွှေတို့ သမီးလေးက လိမ္မာလိုက်တာ၊ ကျွန်မ သမီးကို အတုယူဖို့ပြောရဦးမယ် .."

စသဖြင့် မိတ်ခွေ့ရဲ့ ချီးကျူးစကားတို့မှာ ဒေါ်ရွှေစင် တို့ သွားမရှေနိုင် ..။

"ကျွန်မက သမီးကို ငယ်ငယ်လေးတည်းက ရင်အုပ်မကွာ ကြပ်မတ်စောင့်ရှောက်လာခဲ့တာ၊ ဒါကြောင့် အိမ်ထောင်ရေးမှာလည်း ယုံကြည်တယ်လေ၊ ကိုယ့်သမီးစိတ်ကိုသိနေတာပဲဟာ .."

ဒေါ်ရင် ဇင်နီ ကပဲ ရွေးချယ်နိုင်ခဲ့တာလိုလို ..။

ခြယ့် ကြောင့်သာမဟုတ်လျှင် သူတို့ချင်း ချစ်သူတွေဖြစ်နေကြရင်တောင် ဒီလောက်မြန်မြန်စီစဥ်လိုက်မိမှာမဟုတ် ..။ ဇင်နီ့ ကိုတော့ သနားမိပေမယ့် ဒေါ်ရွှေစင် ပြောဆိုရယ်မောနေပုံကတော့ ချဥ်စရာပါ။

"ဘယ်ရောက်သွားလဲ .. ဟိုနှစ်ယောက် .."

စိတ်ကူးတွေဖြစ်လာတိုင်း ခြေလှမ်းတွေနှေးသွားသဖြင့် ခုနရှိနေကြသည့် လော နဲ့ ဇင်နီ ဘယ်ရောက်သွားလိုက်လဲ မသိ ..။ ဒီနှစ်ကောင် အဆင်မပြေစရာတစ်ခုခု ပြောနေကြတာတော့ သေချာပါသည်။ ထိုစဥ်...

"ပြန်ပေးပါ ငါ့ဖုန်း .."

ဇင်နီ က ရှုပုတ်ပုတ်မျက်နှာလေးနှင့် လက်ဝါးဖြန့်နေသည်။ လော က ဖုန်းကိုထည့်ပေးလိုက်ပြီး ..၊

"ခြယ် ဘာပြောသွားတာလဲ .."

"ဘာပြောတော့ ဘာလုပ်မလို့လဲ .."

ဇင်နီ ကလည်း ခြယ့် အကြောင်းမေးတာကို ကြိုက်ပုံမပေါ်ဘဲ ..။



"ခြယ် စကားပြောရင် သူများစိတ်ချမ်းသာစရာ ပါခဲ့ဖူးတာရှိလို့လား .."

နှစ်ယောက်သား သူငယ်ချင်းတွေရှိနေသည့်ဘက်ကို ဦးတည်လျှောက်သွားကြရင်း ရန်လည်းဖြစ်နေသေးသည်။ ဇင်နီ က သရွှားရောင်ရဲရဲရိုရို လေးကို ဝတ်ထားကာ ဆံပင်တွေကို နဖူးကသိမ်းလှန်ပြီး ဒီတိုင်း ဖားလျားချထား၏။

သို့သော် ဆံစပ်ထိပ်မှာ တင်ထားသည့် သရဖူလေးက တဖျတ်ဖျတ်လက်နေပြီး ချစ်စရာလေးဖြစ်နေ၏။ ဒါပေမယ့် လော ကတော့ ချစ်ကြင်နာသည့်မျက်ဝန်းတို့နှင့် ကြည့်ရှုတာ တစ်ခါမှမမြင်မိပါ။

ရုပ်အမြှုပ်ပေါ်မှာ မီးခိုးရောင် ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်ဝတ်ထားသည့်အတိုင်း မျက်နှာကလည်း မကြည်လင် ..။

"ဇင်နီ .."

သူ ဇင်နီ့ လက်ကိုဆွဲထားလိုက်မိကာ ..၊

"နင်နဲ့ ခြယ် တစ်ခုခုအလောင်းအစားလုပ်ထားတာ ရှိသလား .."

ဇင်နီ မျက်နှာပျက်သွားသည်။ ခြယ် ဘာမှမပြောခဲ့မှန်းသိပေမယ့် သူမကိုတော့ လော မရမကမေးတော့မှာသေချာနေကာ ခပ်လှမ်းလှမ်းကို ရောက်လာသည့် သဒ္ဒါကြည့် ကို မြင်ကာမှ ..၊

"မကြည် လာနေပြီ .."

ဟု ပြောလိုက်ပြီး သူ ဆွဲထားသည့်လက်ကို ဖြုတ်ရုပ်စ်ခဲ့၏။ လော စိတ်ပျက်သွားမိသည်။ ဒီပွဲစတည်းက 'မင်း မျက်နှာကိုကြည်ကြည်လင်လင်နေစမ်းပါ' လို့ မမ မကြာခဏကပ်ကြိမ်းနေသဖြင့် ..၊

"မောင်လေး .."

"ကျွန်တော်တို့ ဘာမှမဖြစ်ဘူး .."

မမေးခင် ဖြေလိုက်ပြီး တစ်ဖက်လှည့်ထွက်ကာမှ သူ့မြင်ကွင်းထဲကို ဝင်လာတာ ခြယ် ..။

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်နွဲ့ကပ်ချပ်နေသော ပန်းနုရောင်ဂါဝန်ရှည်နှင့် အတွင်းခံ စကက် အထပ်ကိုပါ မြင်နေရ၏။ သူမသည် ပန်းနုရောင်နှင်းဆီပွင့်ဖတ်တို့ကို မြူလွှာသဖွယ် လွှားတင်လာသကဲ့သို့ အရိုင်းဆန်သလို စိတ္တဇဆန်အောင် လှနေခဲ့၏။

ကောက်ကွေ့သော ဆံနွယ်တို့ကို နောက်မှာ မြှင့်တင်စည်းထားတာ ဖြိုးပြက်လက်နေသော ပန်းရင့်ရောင်နှင်းဆီပွင့်ဖတ်သဏ္ဌာန် နားဆွဲရှည်လေးတွေက လှုပ်ခါနေသည်ရှိလျက် ဒဏ္ဍာရီထဲက မင်းသမီးလေးနဲ့လည်း တူလေသည်။

ခြယ် တင်ကိုယ်လုံးကိုငေးကြည့်နေရင်း လော အသက်ရှူမှားနေခဲ့သည်။ လှမ်းကြည့်လိုက်သူတိုင်း သူမထံမှာပဲ အကြည့်တွေစူးနစ်သွားခဲ့သလို သဒ္ဒါကြည် အံ့သြတာရော စိုးရိမ်စိတ်ကွဲရော လုံးထွေးဖြစ်သွားခဲ့ပြီး …။

ဒုက္ခပါပဲ …၊

နှုတ်ခမ်းတွေတလှုပ်လှုပ်နှင့် ညည်းညူလိုက်မိ၏။

“ငါသိတယ် … နင် လာမှာပဲဆိုတာ ငါသိတယ်” လို့သာ ခေါင်းကို စုံကုတ်ပြီး ခြေဆောင့်အော်လိုက်ချင်မိတော့သည်။

ခြယ် အပေါ်မှာ တောက်လျှောက်ဖေးမ ညှာတာလာခဲ့သော လော ရင်ထဲမှာ ချစ်သူချင်းချစ်ကြတာထက် မလျော့နိုင်သောအချစ်တွေ သူမ အတွက် အပြည့်အသိပ်ရှိနေတာကို သိနေသည့်အလျှောက် …။

“သမီးရေ …”

ဟင် …၊

ခေါ်ရှွေစင် က အနားရောက်လာကာ ရျက်စိမျက်နှာတွေ ပျက်လျက်…။

“သမီးတို့များ ဖိတ်ထားကြတာလား …”

“ရှင် …”

“ဩော် … သမီးတို့ကတော့ မဖိတ်လောက်ဘူးလို့ တွေးမိပါတယ်၊



ဒါပေမယ့် တကယ်ဆို သူရောက်မလာသင့်ဘူးကွယ် …”

“ခြယ် ကို ပြောတာလား အန်တီ …”

“ဟုတ်တယ် … မနေ့တစ်နေ့ကပဲ စာမေးပွဲပြီးတာနဲ့ နိုးပြေးသွားကြပြီလိုလို၊ ဟိုအရင် တလောကလည်း ညဥ့်နက်သန်းခေါင် အတူတူ ပျောက်နေသေးတယ်၊ အဲဒီလိုတွေ သတင်းထွက်ထားတာမြို့မှာရှိတဲ့ လူတွေအားလုံးသိတယ်လေ …”

“ဘာမှမဟုတ်ကြတာလည်း သိကြပါတယ် အန်တီရယ်၊ သူတို့က သူငယ်ချင်းအရင်းကြီးတွေဆိုတော့ ကြည် တို့က မဖိတ်ပေမယ့် ကလေး တွေကို မဖိတ်ရဘူးလို့ တားလို့မှမရတာ၊ ပြီးတော့ ဖိတ်စာမပါရင် မဝင်ရ လို့တားမြစ်ထားတာလည်း မဟုတ်ဘူးလေ …”

ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲကဲပါလား …။

ဇင်နီ ထက် ဇင်နီ့ အမေမှာ သောကမီးတောက်တွေ အားတောင်း နေသည်။ တကယ်ဆို လော ရဲ့ အစ်မတစ်ယောက်ထံမှာ လော ကို မယုံကြည် သော ကိုယ်ကျင့်သိက္ခာကိုပုတ်ခတ်ချိုးနှိမ်ရာရောက်စေသည့်စကားတွေ မပြောသင့်ဘူးမို့လား …။

သဒ္ဒါကြည့် ရင်ထဲမှာ ရှုတ်တတစ်ချက်ဖြစ်သွားခဲ့သည်။ သို့သော်… ရှိစေတော့ …။

၇

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ခြယ် … နှင့်ကို ခင်နီ ကြည့်နေတယ်သိလား။ စားမယ့် ဝါးမယ့် မတတ်ဘဲ …"

ခြယ့် နံဘေးမှာ စုရီလေး တစ်ယောက်ပဲရှိသည်။ ခြယ့် အတွက် စားစရာတွေကိုလည်း သူမပဲ ယူချပေးနေခဲ့ပြီး …၊

"ခြယ် ငါက မာလာ တို့ ပြန်ရင်ပြန်တော့မှာ၊ နင့်တစ်ယောက်တည်းဖြစ်ပါ့မလား …"

"ဘာလို့ မဖြစ်ရမှာလဲ …"

စုရီလေး စိတ်မချမ်းသာဖြစ်နေမိသည်။ သူငယ်ချင်းတွေအားလုံး တက်ရောက်ကြတာတောင် ခြယ့် ကျမှ ဒီပွဲကိုမတက်သင့်တဲ့ အဖျက်သမားတစ်ယောက်လို ဘာဖြစ်လို့ ကြည့်နေကြတာလဲ် …။

ခြယ် ဂါဝန်လေးတမမနဲ့ ရောက်လာတော့လည်း သူမပဲ ပြေးကြိုမယ့်သူရှိကာ လော ကို ရှာတာလည်းမတွေ့ …။

"ငါ့ကိုလည်း ဒေဝီ တို့က ဆောင်းမြောင်းရန်လိုနေကြတော့ ဘာသတင်းမှ မရတော့ဘူး၊ ဒါပေမယ့် သီဟအောင် တို့ ပြောတာတော့ စိုင်းလတ် တို့အဖွဲ့လည်း လာမှာလို့ပြောတယ်၊ သူတို့က လော နဲ့လည်း



ရန်ဖြစ်ထားကြတဲ့ဥစ္စာ၊ အဲ့ဒါ ခင်နီ တမင်ဖိတ်လိုက်တာပဲဖြစ်မှာ သိလား။ နင် ဘာအတွက်ပဲလာလာ ခြယ် ရယ်၊ ငါတို့ပြန်ရင် နင်လည်း ပြန်ဝါ၊ အန္တရာယ်များပါတယ် …"

ခြယ် က နားဆွဲရှည်တွေ ပလုတ်တုတ်လို လွှဲရမ်းသွားတဲ့အထိ ခေါင်းခါသည်။

"ငါ လော ကို မတွေ့ရဘဲ မပြန်ဘူး …"

စားစရာတွေကို ထိုးဆွမွှေနောက်နေတာ တစ်မျိုးပြီးတစ်မျိုး …။

ပြီးတော့ ဘယ်ဟာကိုမှလည်း ဟုတ္တိပတ္တိစားတာမဟုတ်ဘဲ အံ့ဩထူးဆန်းစွာ ခြယ့် မျက်ဝန်းမှာ မျက်ရည်တွေနဲ့ …။

"ခြယ် …"

ခြယ့် လက်ခုံလေးကို ကိုင်လိုက်ရင်း မေးချင်တာမေးဖို့ကို တံတွေးတစ်ချက်မျိုလိုက်မိသေးသည်။

"နင် … နင်နဲ့ လော နဲ့ ချစ်နေကြပြီလားဟင် …"

"ဟင့်အင်း …"

ခြယ် ခေါင်းခါလိုက်တိုင်း နောက်မှာစည်းတင်ထားသည့် ဆံနွယ်တွေ လွင့်ခါသွားကြ၏။ နားဆွဲလေးတွေ လှုပ်ရမ်းလျက် မျက်ရည်တွေပါ ဆုနေတော့ ငိုချင်လို့မဲ့နေသည့်ကလေးငယ်လေးနှယ် …။

"ဒါဆိုလည်း ခြယ် ရယ် …"

"ဘာဖြစ်လို့လဲ … ငါလာတာ ဘာဖြစ်သွားနိုင်လို့လဲ …"

"ဘာမှမဖြစ်နိုင်ပေမယ့် သူတို့တွေ နင့်ကိုပဲ စောင့်ကြည့်နေကြတာ ဒါ မြင်နေရလို့ပေါ့ …"

"ငါလည်း မြင်တယ်လေ … အဲ့ဒါကိုပဲ ငါလိုချင်တာ၊ အထူးသဖြင့် ဒီ့ထို မလာစေချင်တဲ့လူတွေ စိတ်ညစ်ကုန်ကြတာကိုပေါ့ …"

အဲ့ဒီလူတွေ ဝိုင်းဝန်းလက်ညှိုးထိုးကြရင် ကိုယ်ပဲသိက္ခာကျ အရှက်ရမှာဆိုတော့ မမြင်ဘူးလား ခြယ် ရယ် …။

စုရီလေး ဘာမှလည်းမပြောတတ်တော့ပေ …။ ခြယ့် ဘက်က



www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်လိုက်ပြီဆိုတည်းက သူမမှာလည်း ချစ်သူခင်သူတွေမရှိတော့သလောက်ပါပဲ ..။

ဒါပေမယ့် ကျောင်းလည်းပြီးသွားပြီမို့ သူမ ဂရုမစိုက်ပါ။ ခြယ် က ရှင်းရှင်းဘွင်းဘွင်းပြောဆိုနေထိုင်တတ်သူမို့ ဘာလုပ်လုပ်ပေါ်လွင်နေကာ မြူစိစိနေပြီး သူတော်ကောင်းယောင်ဆောင်သည့်လူတွေက နာမည်ကောင်းတွေရနေကြသည်။

ဒီတိုင်းနဲ့ ခြယ် ကို မပြီးဆုံးစေချင်သည့် စေတနာနှင့် သူမ နောက်ဆုံးကူညီနေမိခြင်းဖြစ်သည်။

"ခြယ် .."

"ဟင် .. ဘာလဲ .."

"နင်နဲ့ လော နဲ့ စာမေးပွဲနောက်ဆုံးနေ့က .."

"လာပြန်ပြီ ဘာမှမဟုတ်ပါဘူးဆိုမှ .."

"အေးပါ .. မဟုတ်ရင်လည်း မျက်ရည်တွေသုတ်လိုက်ဦး၊ တော်ကြာ နင့်ကို အသည်းကွဲသူလေးဆိုပြီး သနားနေကြဦးမယ်၊ လော တို့ လူကြီးတွေကတော့ ဘာထင်နေသလဲမသိဘူး၊ နင့်ကိုပဲကြည့်နေကြတာ .."

"ငါ မငိုပါဘူး .."

ပါးကို လက်ခုံနဲ့ကပ်၍ အံ့ဩဟန်လေးနဲ့ပြောတော့ စုရီလေး က သက်ပြင်းချ၍ ..၊

"ဟုတ်တယ် .. မကျသေးဘူး၊ ဒါပေမယ့် နင့်မျက်လုံးထဲမှာ ဖိတ်လျှံလာမယ့်အဆင့်ကို ရောက်တော့မယ် .."

ခြယ် က ပြုံးလိုက်ကာ မျက်နှာလေးမော့၍ မျက်တောင်တွေ တဖျတ်ဖျတ်ခတ်ပစ်သည်။ ပြုံးနေတာက ငိုနေတာနဲ့ တူနေပြီလား ..။

သူမ ဟန်မဆောင်တတ်ဘဲ ဆောင်နေရတာ ရင်ထဲမှာတင်းကျပ်နေပါပြီ။ ဒါပေမယ့် 'နင် ဘာဖြစ်နေတာလဲ' ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်တော့လည်း မသိ ..။

ရယ်နေရင်း ငိုချင်လာသဖြင့် မျက်နှာလေးငုံ့ပစ်လိုက်ရင်း စားစရာ



[illegible]တန်ကို ပြန်ဆွဲယူမိသည်။

ခြယ် ငိုနေတာလား ..။

လော က တစ်နေရာကနေလှမ်းကြည့်နေတာမို့ ခြယ့် လှုပ်ရှားမှု [illegible]လုံးကို မြင်နေရသည်။ ထိုစဉ် ခြယ့် နောက်နားက စားပွဲမှာ ခိုင်းလတ် တို့ လာထိုင်ကြသဖြင့် လူက ဆတ်ခနဲဖြစ်သွားမိသည်။

ပြီးတော့ ထိုင်ရာကနေ ထရပ်လိုက်လျှင် ..၊

"လော ..."

ဇင်နီ က သူ့လက်ကိုလှမ်းဆွဲ၍ လက်ချင်းချိတ်ထားလိုက်ကာ..၊

"နင် သူ့နားကို မသွားရဘူး .."

"သွားတော့ .."

"သွားရင် ငါက သနားစဖွယ်မိန်းမဖြစ်သွားမှာပေါ့၊ နင်တို့က အစတည်းက ဇာတ်လမ်းရှိပြီးသား .."

"ဘာဇာတ်လမ်းလဲ .."

"လော ရယ် .. ငါပြောတာက .."

"ငါမပြောခင်တည်းက နင် သူ့ကို သွားနှုတ်ဆက်လိုက်ရင် ပြီးပြီ၊ ခြယ် နဲ့ ငါ သူငယ်ချင်းထက် ဘာမှမပိုဘူးဆိုတာ နင့်ထက် ဘယ်သူမှ ပိုမသိဘူး .."

"နင်က ..."

'နင် သူ့ကို မေတ္တာတွေပိုနေတာ ငါ့ထက် ဘယ်သူမှမသိလို့ခက်နေတာ' လို့ ရင်ထဲမှာ ပြောမိရင်း ဇင်နီ နှုတ်ခမ်းလေးကိုက်မိ၏။ ပြီးမှ ခေါင်းခါ၍ ..၊

"ငါတို့ မိန်းကလေးချင်း ဘယ်လိုရှိကြတယ်ဆိုတာ နင် မသိပါဘူး .."

"ဟုတ်တယ် နင်မပြောတော့ ဘယ်သိမလဲ .."

"ငါက မပြောလို့ဟုတ်လား .. သူကရော နင့်ကို ဘာပြောလို့လဲ.."

"ငါနဲ့ စေ့စပ်တာ သူမှမဟုတ်တာ၊ ပြောချင်တာ မပြောချင်တာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အခွင့်အရေး ..."

ခင်နီ ခွဲ့အသွားသည်။ လော က သူမကိုစိုက်ကြည့်၍ ...၊

"နင့်ရင်ထဲကို ငါသိဖို့မကြိုးစားဘူး ခင်နီ .. နင်လည်း ငါ့ကို မကြိုးစားနဲ့၊ ငါတို့သုံးယောက်ကို သူငယ်ချင်းတွေလို့ အများသိကြသလို နင်လည်း ဘာမှပိုမတွေးနဲ့ ..."

"ပိုမတွေးစေချင်ရင် .. ဘာမှပိုမပေးနဲ့ပေါ့၊ နင်က အရမ်းသိသာနေတာ ..."

"ငါ့ အမူအရာကို နင်ကောက်ချက်မချနဲ့၊ ငါ ဘာလုပ်သလဲဆိုတာပဲ ကြည့်၊ အခု ငါနဲ့ နင် ဆေ့စပ်တယ်၊ အဲဒါ ငါ့ ဆုံးဖြတ်ပြီးမှ လုပ်တဲ့အလုပ် ..."

ပြောပြီးတာနှင့် ခြယ် ဆီ လျှောက်ထွက်သွားခဲ့သည်။ ထိုအချိန်မှာ စုရီလေး မရှိတော့ပေ။ ခြယ် တစ်ယောက်တည်းထိုင်လျက် ဓားပါးလေး ကိုင်၍ စားမယ့်အရေး လှီးဖြတ်နေတာ မပြီးနိုင် ...။

သူ့ အနားရောက်သွားမှ ဖျတ်ခနဲမော့ကြည့်၏။ ပြန်လည်စိမ့်ဝင် ငြိမ်သက်နေပြီဖြစ်သည့် မျက်ရည်တို့က လော ကို မြင်လိုက်ကာမှ ဝေ့ခနဲ ပြည့်တက်၏။ ပြီးတော့ လက်ကို လှမ်းဆွဲလိုက်မိရင်း ...၊

"လော ..."

လော က ဘေးမှာထိုင်ချလိုက်ပြီး ...၊

"ဘာလာလုပ်တာလဲ ..."

"နင်က ငါလာလို့ စိတ်ဆိုးနေတာလား ..."

'နင့်အတွက်ပြောနေတာ' ဆိုတဲ့စကား ရင်ထဲမှာ ဖြစ်သွားပေမယ့် လော က ဘာမှမပြောဘဲ နောက်ကိုတစ်ချက်ငဲ့ကြည့်၍ ...၊

"ငါ နင့်ကို မဖိတ်တာ မလာစေချင်လို့မဟုတ်ဘူး၊ ခုလည်း နင် ပြန်ဖို့လာပြောတာ ..."

ခြယ် ဘာမှမပြောနိုင်ဘဲ မျက်ရည်စတွေအောက် မျက်တောင်ဖျားတို့မှာ လှုပ်ဆီလှုပ်လဲ့ ခိုတွဲလာကြ၏။ ပြီးတော့ လျော့ခနဲပြုံးဆင်းသွား



ပြီး ...၊

"ငါ .. ငါ နင့်ကိုတွေ့ချင်လို့ပါ၊ ပြီးတော့ ငါ ရှုံးသွားပေမယ့် အဲဒီအရှုံးကို ငါ ဘယ်လိုမှ လက်ခံလို့မရဘူး ..."

ဘာအရှုံးလဲ ...။

လော မျက်နှာတင်းခနဲဖြစ်သွားသည်။ ခြယ် ကလည်း ဂရုမစိုက် ...။

"နင့်ဆီက လက်ထပ်ခွင့်ကို အလောင်းအစားနဲ့ တောင်းတယ်ဆိုပြီး စိတ်ဆိုးနေတာလား လော .. ဟုတ်တယ် ခင်နီ ညစ်ပတ်တာကို မခံချင် စိတ်နဲ့ နင်နဲ့ မရစေရဘူးလို့ ငါ စိန်ခေါ်ခဲ့တယ်၊ အခု ဒီဇာတ်စပ်ပွဲမပြီးဆုံး ခင်အထိလည်း ငါ လက်လျှော့မှာမဟုတ်ဘူး ..."

"တောက် ..."

ခပ်ကြိတ်ကြိတ်တက်ခေါက်သံနှင့်အတူ လော မျက်နှာကရဲတက် လာသည်။ ပြီးတော့ မျက်ရည်စတို့နှင့် ပြုံးပြက်လက်နေသော ခေါင်းမာ လွန်းသည့် မိန်းကလေးတစ်ယောက်၏ မျက်ဝန်းထဲကို စိုက်ကြည့်ပြီး—

"နင် လက်မလျှော့လည်း အားတက်ဖွယ်ဖြစ်အောင် နားထောင် လိုက်ဦး .. ငါ ခင်နီ နဲ့ပဲ လက်ထပ်မှာ၊ ဒီပွဲပြီးလို့ များမကြာခီ ..."

"မထပ်ရဘူး ..."

မာန်မာနနှင့် ရှုံးလက်ခြင်းတို့ ဖြုတ်ခနဲ ပျောက်ကွယ်သွားကြပြီး ခြယ့် မျက်ဝန်းလေးတွေ မျက်ကလဲဆန်ပြာဖြစ်သွားခဲ့လျက် ...၊

"လော ..."

ထရပ်ဖို့ပြင်လိုက်သည့် လော ရဲ့ လက်ကို အတင်းဖိဆုပ်ကိုင်ထား လိုက်ပြီး ...၊

"ငါပြောခဲ့တာ ငါနဲ့ ခင်နီ့ ရဲ့ တိုက်ပွဲပါ၊ ဒါပေမယ့် ငါ နင့်ကို မေးချင်လို့ ဒီထိရောက်အောင်လာခဲ့တာက ပထမရည်ရွယ်ချက်ပဲ ..."

လော ထရပ်လိုက်တော့ လက်ကိုဆွဲထားလျက်အတိုင်း ခြယ် ထ လိုက်ထရပ်ကာ ...၊

"နင် .. နင်က ငါ့ကိုချစ်နေခဲ့တာလားဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းနှစ်စုံ ဖျတ်ခနဲဆုံသွားခဲ့သည်။ ညေ့ခံပွဲမှာ လူစည်ကားဆုံး အချိန်ဖြစ်သည့်ပြင် ထူးခြားစွာ လှပ်ရှားမှုဖြစ်သွားခဲ့သောကြောင့် တစ်ယောက်ကိုတစ်ယောက် ငေးစိုက်ကြည့်နေကြသည့် လော နဲ့ ခြယ် ထံ မျက်လုံးတွေစုံပြုနေကြ၏။

ဒေါ်ကြည်ဖြူ နဲ့ ဒေါ်ရွှေစင် တို့ ထိုစားပွဲသို့ အလုအယက်သွားမိကြကာ ကိုယ်မှာဝတ်ဆင်ထားသည့် ဆွဲကြိုးကြီးတွေတလွဲလွဲ၊ ခြုံပဝါတွေ တဝဲဝဲနှင့် ...။

"ငါ့ကို နင်မေးခဲ့တာ ငါကိုငါ သတိမထားမိခဲ့တဲ့ မေးခွန်းမို့လို့ပါ၊ ဖြေပေးပါ လော ရယ် .. နင်ကရော ငါ့ကို .."

"နင်က ဘယ်လောက်တောင် ချစ်ချင်ဖွယ်ဖြစ်နေလို့လဲ .."

ပြောပြီး လက်ကိုဖြုတ်ချပစ်လိုက်ကာ ...၊

"ငါပြောခဲ့တာတွေကို မေ့လိုက်တော့ .."

"ဟင့်အင်း .. လော .."

ခြယ် စားပွဲကြားထဲက ကမန်းကတန်းထွက်ပြီးလိုက်လျှင် သူမရှေ့ကနေ ဇင်နီ က ပိတ်ရပ်လိုက်ပြီး ...၊

"သူများတွေလိုပဲ စားသောက်ပြီး အေးဆေးပြန်ပါလား .."

"ဘာပြောတယ် .."

ဒေါသကြောင့် ခြယ့် အသံလေးက စူးရှတုန်ခါသွား၏။

ခုနမျက်ရည်လက်စနှင့် မျက်နှာလေးက ချက်ချင်းပြောင်းလဲသွားခဲ့လျှင် ဇင်နီ က မဲ့ပြုံးနှင့် ...။

"ဒေါသထွက်သွားတာလား .. အမှန်တရားကို နင် ဝန်မခံရဲသေးဘူးပဲ ခြယ်၊ ဒါပေမယ့် ပိုက်ဆံချမ်းသာတာကို လူတိုင်းက မမက်မောဘူးဆိုတာတော့ ခုလောက်ဆို နင် သဘောပေါက်ပြီပေါ့ .."

တမင်တကာ ခြယ့် ဒေါသကိုထိုးဆွပစ်လိုက်တာဖြစ်သည်။ ဒီမိန်းမ ဒေါသထွက်ပြီဆို စိတ်ဆင်ရိုင်းတစ်ကောင်နဲ့ ဘာမှမထူး ...။

'လူတွေစုံနေတဲ့အလယ်မှာ ဒေါသတွေပေါက်ကွဲပါစေ၊ ရှက်ဖွယ်



လီလီ အပြုအမူအပြောအဆိုတွေနဲ့ လူအများတံတွေးခွက်မှာ မျောပါစေ' ဆုတောင်း၍ စောင့်ကြည့်နေလိုက်သည်။

သို့သော် သူမ ထင်သလို ဖြစ်မလာခဲ့ဘဲ လော က သူမအားကို ပြန်ရောက်လာကာ လက်တစ်ဖက်ကိုဆွဲကိုင်လိုက်ပြီး ...။

"ခြယ် .."

ကိုယ့်လက်ကိုဆွဲပြီး ခြယ့် ကို ခေါ်လိုက်တော့ ဇင်နီ ထောင်းခနဲဖြစ်သွားသည်။ လက်ကိုရုန်းလိုက်ပေမယ့် လော က ဖိဆုပ်ထားလျက် ခြယ့် ကိုပဲ ကြည့်၍ ...၊

"ဒရိုင်ဘာမပါရင် လိုက်ပို့ခိုင်းပေးမယ် .. ခဏစောင့် .."

ပြောပြီးတာနှင့် ဇင်နီ့ လက်ကိုဆွဲပြီး လှည့်ထွက်သွားလျှင် ...၊

"မလိုပါဘူး .."

ခြယ် က လော ကြားလောက်အောင် လှမ်းပြောလိုက်ရင်း ...၊

"ငါ့ကို တကယ်စိတ်ပူတတ်ရင် ငါ့ဆန္ဒကိုလိုက်လျောဖို့ပဲ စဉ်းစားပေး .."

ကလေးမုန့်ပူနေသလို ခြယ် က ဒါကိုပဲ ဇွတ်တရွတ်တောင်းဆိုသည်။ လူတွေကြားထဲမှာပဲ အော်ပြောပြီး ...၊

"ဟော့ဒီ မြက်ခင်းပြင်မှာ ဒီပွဲကိုလာတဲ့ဧည့်သည် တစ်ယောက်တည်းကျန်တော့တဲ့အထိ ငါ နင့်အဖြေကို မျှော်နေမှာ .."

သူမ တကူးတက အော်ဟစ်နေဖို့မလိုဘဲ တစ်ခုခုပြောနေမှန်းသိလိုက်သည့် ဧည့်ခံပွဲတစ်ခုလုံးက အသံဗလံတွေလုံးဝတိတ်ကျသွားခဲ့ပြီး...၊

"လော .. ငါ .. ငါ နင့်ကို .."

လော ဖျတ်ခနဲလှည့်ကြည့်လိုက်သည့် မျက်နှာပေါ်က ဒေါသတွေကြောင့် ခြယ် သူမစကားကိုအဆုံးမသတ်နိုင် ...။ သို့သော် ...၊

"ငါ နင့်ကိုနော် .. နင် သိတယ်မလားဟင် .. လော .. ငါကိုယ်ငါ နားလည်ပြီလို့ .."

ကြည့်စမ်း အရှက်မရှိလိုက်တာ ဒီမိန်းကလေး ...။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်ဖြူ နဲ့ ဒေါ်ရွှေစင် တို့ ဒီတိုင်းပဲရပ်ကြည့်နေတော့မလို့ စိတ်ကူးတွေနဲ့ရှိနေပြီးမှ တက်ညီလက်ညီ ရှေ့တက်လာကြပြန်လျှင် ...၊

"မေမေ ..."

လော က မြန်သည်။ ခင်နီ့ လက်ကိုဆွဲလျက်နှင့် လူကြီးတွေရှေ့ က ပိတ်ကာထားလိုက်ပြီး ...၊

"ကျွန်တော်တို့ လူငယ်တွေကိစ္စပါ ..."

"သားရယ် .. သူပြောနေတာတွေက .."

"သူက မိန်းကလေးပါ မေမေ .. မေမေ ဒီလောက်ထိ ဖြစ်စရာမလို ပါဘူး .."

လော မျက်နှာက မီးရောင်အောက်မှာ နီမြန်းတင်းမာနေခဲ့လျက် ခြယ် အတွက် တလောကလုံးကို ရင်ဆိုင်တော့မည့် အရှုတ်ဆန်ခြင်းတွေ နှင့်မို့ ...။

"လာပါ မေမေရယ် .."

နောက်ဆုတ်ချင်ပုံမပေါ်သည့် ဒေါ်ကြည်ဖြူ ကို သဒ္ဒါကြည် ကပဲ တီးတိုးကပ်ခေါ်မိကာ ...၊

"မေမေ့သား မျက်နှာကိုလည်းကြည့်ဦး .."

"ပြောနေတဲ့ မိန်းမကိုလည်းကြည့်ပါဦး ကြည် ရယ် .."

ဒေါ်ရွှေစင့် လေသံတွေကလည်း ရင့်သီးကြမ်းတမ်းနေလျက် ...။

"ဘာတွေအော်ဟစ်နေမှန်းမသိပေမယ့် ကိုယ့်ကိုမလိုချင်လို့ထားခဲ့ တဲ့ ယောကျ်ားလေးတစ်ယောက်ကို ရှက်ရမှန်းမသိတော့အောင် လိုက် အောက်ကျခံနေတာ ရှက်ကြောပြတ်နေတဲ့အတိုင်းပဲ .."

ဒေါ်ရွှေစင် အသည်းတွေယားနေမိသည်။ ကိုယ့်ဘက်က အားပါး တရပြောဆိုပြီး မောင်းထုတ်ပစ်လိုက်ဖို့ အကောင်းဆုံးအခြေအနေကို လက်လွှတ်ခံလိုက်ရသည်။ ဒီလူတွေအလယ်မှာ ခွဲခြားပြလိုက်ရင်ပြီးပြီ မဟုတ်ဘူးလား ...။ 'ဒီသုံးယောက် ဘယ်သူနဲ့ငြိမှာလဲ' လို့ စိတ်ဝင်စား နေကြတဲ့အဖြစ်ကို ခုချိန်မှာ မပြရင် လက်ထပ်ပွဲမဖြစ်သေးသရွေ့ သို့လော



သို့လောတွေ ပြီးဆုံးနိုင်ဦးမှာလား ...။

"ခြယ် ရယ် .. နင် ပြန်ပါတော့ဟာ .."

ခဏထသွားသည့် စုရီလေး ပြန်ရောက်လာတော့ ဘာတွေဖြစ်ကုန် ပြီမှန်းမသိပေ။ သို့သော် ဒေါ်ကြည်ဖြူ တို့နဲ့ ပရိသတ်အပေါင်း၏ ရာသီ ဥတုအခြေအနေကို ကြည့်လိုက်တာနှင့် ကောင်းရာကောင်းကြောင်း မဖြစ်နိုင်တာကို သိလိုက်သဖြင့် ...။

"နော် .. ငါပြန်ရမှာဖြောင့်အောင် နင် ဒီမှာမနေခဲ့ပါနဲ့ .."

"ငါ ပြန်မှာပါ .."

ခြယ် အလွယ်တကူခေါင်းညိတ်လိုက်သဖြင့် စုရီလေး ဝမ်းသာသွား မိသည်။ ခြယ် က နှုတ်ခမ်းလေးတင်းတင်းစေ့လိုက်ရင်း စားပွဲအသီးသီး က လှမ်းကြည့်နေကြသည့် မျက်နှာတွေကိုစေ့ကြည့်သည်။

ပြီးတော့ နေရာမှာတောင့်မဏ္ဍိစွာ ရပ်နေ၏။

"နင် ဘာဖြစ်လို့ ငါ့အတွက် စိတ်ပူနေတာလဲ စုရီ၊ ငါ့လိုမိန်းမ အတွက် အားလုံးနဲ့အမုန်းခံပြီး စိတ်ပူပေးနေရတာ နင်နစ်နာဝါတယ် .."

မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ်ဖြစ်လာခဲ့ပြီး မျက် တောင်တစ်ခတ်မှာ ပြိုကျဖို့ တာစူနေကြ၏။ ခြယ် က မျက်တောင် မခတ်ခဲ့ပါ။ သို့သော် လော ထွက်သွားသည့်ဘက်ကို ပြန်ငဲ့ကြည့်လိုက်မိ လျှင် မျက်ရည်စက်တို့ တလိမ့်လိမ့်ပြိုဆင်းသွားခဲ့ကြလျက် ...။

"ငါ လော ကို စကားပြောချင်သေးတယ် .."

"လော .. နင့်ဆီကိုလာသွားပြီမို့လား .."

"ငါ့ကိုလာတွေ့တာမဟုတ်ဘူး .. သူ ငါ့ကို .."

"မင်္ဂလာနဲ့တော့ ခြယ် .. ငါ့စေတနာကို နည်းနည်းလောက်တန်ဖိုးထား တယ်ဆိုရင် နင် ဒီနေရာကနေ ခန့်ခန့်ညားညားထွက်သွားစမ်းပါဟာ.. လော ကိုပဲ ဘာဖြစ်လို့ ဒီလောက်တောင် .."

"ငါ လော ကို ချစ်တယ် .."

ဘုရားရေ ...၊

www.burmeseclassic.com

www.burmeseclassic.com



ခင်နီ ကို အနိုင်ရရေးအတွက် သူငယ်ချင်းချင်း အတင်းကပ်ပြီး စည်းရုံးနေတယ်ပဲထင်ခဲ့မိသည်။ ထို့ကြောင့် လော က ကူညီမယ်လို့ ခြယ် ဘာဖြစ်လို့ယုံနေရတာလဲတွေးပြီး သူမှာတော့ မချင့်မရဲတွေဖြစ်လို့...။

"ငါ ပြန်တော့မယ် ... နင့်ကိုလိုက်ပို့မယ်လေ ..."

မျက်ရည်သုတ်လိုက်တာလည်း ဘေးလူတွေမြင်ရင်ဝမ်းသာမယ်။ ကဲ့ရဲ့မယ်ဆိုတာတွေ ခေါင်းထဲထည့်ပုံမပေါ် ...။

ခြယ် တစ်ယောက်ဟာ သူမ ဘာပဲလုပ်လုပ် ကိုယ့်စိတ်ခံစားရတဲ့ အတိုင်းပဲ လုပ်သည်။ ပတ်ဝန်းကျင်ကိုရှိသည်လို့တောင် ထင်ရဲ့လား မသိ ...။

ဒါကြောင့် ခြယ့် ဆီ သူမ ပြန်ပြေးလာခဲ့တုန်းက စားပွဲဝိုင်းတွေကြား က ဖြတ်သန်းခဲ့စဉ်ပြောသံတချို့ကို ကြားခဲ့ရတာပင် ...။

"ကောင်မလေး သနားပါတယ်၊ လော ကို လူကြားထဲမှာ ချစ်ရေးဆိုဦးမလားပဲ ..." တဲ့ ...။

သူ လုပ်ချင်တာရှိပြီဆို ဘယ်သူတွေဘယ်လိုထင်ထင် ဂရုမစိုက်ခဲ့တာ ခြယ့် အကျင့် ...။

"ဟိတ် ... မပြန်ချင်သေးရင် လာလေ ..."

"လာ ဒီမှာထိုင်၊ ဘာဖြစ်လဲ ... ဘော်ဒါတွေဖြစ်လို့ရတယ် ..."

စိုင်းလတ် တို့က စုရီလေး ရပ်ကျန်ခဲ့တာကို စပ်ဖြဲဖြဲမျက်နှာတွေနှင့် လှမ်းနောက်ကြ၏။

"ခြယ့် ကို လိုင်းသွားပူးရင် မလွယ်ဘူးဖြစ်သွားမယ်၊ လာပါ ... ဒီမှာ အေးအေးလာထိုင်လိုက် ..."

သူတို့တွေ ခြယ့် ကို ရန်ငြိုးထားနေကြတာ စုရီလေး သိသည်။ ခုကျမှ ခြယ့် အနီးနားမှာပဲထိုင်နေကြပြီး အခြေအနေတွေ အေးချမ်းသွားတဲ့အထိ ဘာလို့ငြိမ်သက်နေခဲ့ကြတာလဲ ...။

သူမ တွေးနေမိတုန်း သီဟအောင် ရောက်လာပြီး ...၊

"စုရီ လာလေ ဟိုမှာ မာလာ တို့ စောင့်နေကြတယ် ..."



စိုင်းလတ် တို့ စနောက်နေကြမှန်းသိသောကြောင့် ထလာခေါ်တာ ထင့်သည်။ ဒါပေမယ့် စုရီ က ခေါင်းခါလိုက်ပြီး ...၊

"ငါ လော နဲ့ စကားပြောစရာရှိသေးတယ် ..."

စကားသံနှင့်အတူ ခြေလှမ်းတွေက ဝတ်ထားသည့် စကတ်အကျပ်လေးကိုမှ အားမနာ ...။

"စုရီလေး ..."

သီဟအောင် ကလည်း ဘေးကပါလာကာ ...၊

"နင်နဲ့ ခြယ် နဲ့ ဘာတွေဖြစ်နေကြတာလဲ၊ မသိရင် လော ကိုယ်ပေါ်မှာ ချိန်ကိုက်ဗုံးတပ်ထားတဲ့အတိုင်းပဲ၊ တစ်ယောက်ကလည်း လော နဲ့ တွေ့ဖို့ တစ်ယောက်ကလည်း လော နဲ့ ပြောဖို့ ..."

"နင် မသိပါဘူး သီဟ ရယ်၊ နင်တို့လင်မယား ခုထိ ပြန်ရှင်းလို့ မရတဲ့ပြဿနာတွေ ဘာကြောင့်ဖြစ်နေတယ်ထင်လဲ ..."

"ဘာ ..."

ညှိခံပွဲက လူသံသူသံတွေနဲ့ စိုပြည်နေသည့်ကြားမှာ စုရီလေး က စကတ်လေးတစ်ဖက်ကဆွဲပင့်၍ ခပ်သွက်သွက်လျှောက်ရင်းပြောနေသဖြင့် သီဟအောင် တအံ့တဩဖြစ်သွားပြီး အတင်းလိုက်မေးတော့သည်။

သို့သော် ...၊

"သမီးရေ ... ခဏ ..."

ဒေါ်ရွှေစင် အပြေးတပိုင်းလျှောက်လာပြီး စုရီလေး လက်ကိုဆွဲ၍ နှုတ်ဆက်သလိုလိုနှင့် ...၊

"သမီးက စောနတုန်းက ခြယ်မှုန်း နဲ့ အတူထိုင်နေတဲ့ ..."

"ဟုတ်ကဲ့ ..."

မေးခွန်းမဆုံးခင် ခေါင်းညိတ်ပေးလိုက်ပြီး ...၊

"ခဏလေး အန်တီ ... သမီးသူငယ်ချင်းနဲ့ အရေးတကြီးပြောစရာရှိလို့ ..."

လက်ကို ဖြုတ်ချလိုက်ပြီး ဆက်ထွက်ခဲ့သည်။ ဒေါ်ရွှေစင် တားဆီး

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လည်းမရှိ၊ လော ဆီကို သွားမှန်းလည်း သိနေသဖြင့် ရုတ်တရက် ဗျာများသွား၏။

သို့သော် ဘာလုပ်ရမှန်းမသိတာကနောက်မှ လောလောဆယ် ဒီမိန်းကလေး ဘာလုပ်မလို့လဲဆိုတာသိဖို့လိုသည်မို့ နောက်ကလိုက်ခဲ့မိပြန်သည်။

စုရီလေး နဲ့ သီဟအောင် စကားပြောရင်း ဘယ်ကိုသွားနေသလဲ ဆိုတာ သဒ္ဒါကြည် က လိုက်ကြည့်နေတာမို့ ဒေါ်ရွှေစင် ထပ်ပါသွားတာ ကိုလည်း မြင်နေရသည်။

ထို့ကြောင့် အခြေအနေကို ပိုမိုစိတ်ဝင်စားမိရင်း ညှော်ခံပွဲရဲ့သေား ကနေဝတ်ပြီး သူတို့သွားသည့်အတိုင်းလာခဲ့သည်။

ဒါကို ဒေါ်ကြည်ဖြူ ကလည်း မြင်သည်။ ခင်ပွန်းဖြစ်သူကို လက်တို့ အသိပေး၍ သမီးနောက်ကိုလိုက်ခဲ့လျှင် ဧည့်ခံပွဲမှာ တက်ရောက်လာ ကြသည့် ဧည့်ပရိသတ်တို့ သတိမထားမိခဲ့သော အံ့ဖွယ်ရှုပ်ထွေးမှုတစ်ရပ် နှင့် မိသားစုနှစ်ခု၏ ပူလောင်ခြင်းသည်။



အခန်း (၃၆)

ငိုချင်နေတာကို ထိန်းချုပ်နေရင်းနဲ့ပဲ မျက်ရည်က အလိုအလျောက် ကျလေသည်။ ကားထဲမှာ တိတ်ဆိတ်စွာထိုင်ရင်း အတော်ကြာမှ မျက်ဝန်းတွေ ကို ဝိတ်ချလိုက်တော့ ပြည့်သိပ်နေသည့် မျက်ရည်တွေဖြိုဆင်းသွားကြ၏။

ပြီးတော့ တစ်ရှူးဆွဲယူပြီး မျက်နှာကိုဖြစ်သလိုပွတ်ဝစ်လိုက်သည်။ ပြီးမှ မျက်နှာလေးမော့၍ တစ်ချက်ခါလိုက်ပြီး ကားကိုမောင်းထွက်ခဲ့ လျှင် …၊

ဟင်!…၊

စိတ်ထဲမှာတစ်မျိုးကြီးဖြစ်သွားသည်။ သို့သော် သူ့မကားကို ဝါတင် ထနေ ထွက်ခွာခဲ့ပြီးဖြစ်လျက် …၊

ဘာဖြစ်တာလဲ …။

ဘရိတ်ကို ဖိနင်းကြည့်ရင်း လီဗာကိုလည်းဖိမိကာ …၊

ဘုရား … ဘုရား …

ကားက နတ်ချွေးသောကတ္တရာလမ်းမကြီးပေါ်မှာ ကုန်းလျှောအတိုင်း အရှိန်နှင့် လိမ့်ဆင်းသွား၏။ သူ့မကား တစ်ခုခုဖြစ်နေပြီ၊ ဘရိတ်ကို ဘယ်လိုမှ နင်းလို့မှမရတော့ဘဲရှိကာ …၊

www.burmeseclassic.com



ဘုရား ကယ်တော်မူပါ ..။

တစ်သက်နဲ့တစ်ကိုယ် သတိလစ်မတတ်ကြောက်လန့်သွားမိကာ ဒီတစ်ခါပဲဖြစ်သည်။ ညကမှောင်မိုက်နေခဲ့လျက် ကားမီးတွေပြေးလွှား ဖြတ်ကျော်သွားနေခြင်းသည် ကောင်းကင်က ဥက္ကာပျံတွေကစဉ့်ကလျား ဖြတ်ကျပစ်ခွင်းနေသလိုပင် ..။

တကယ်က သူမကားသည်သာ ဘရိတ်မမိတော့ဘဲ ဗရမ်းဗတာ ပြေးနေခဲ့ခြင်းဖြစ်လျက် ဖုန်းသံမြည်လာ၏။

လော ..၊

သူမအတွက်ဆို လော က စိတ်ပူတတ်သူပါ။

ကားကို လက်တုန်ခြေတုန်မောင်းနေရပေမယ့် လော ရဲ့ဖုန်းလို့ ထင်လိုက်သဖြင့် ကြိုးစားဖွင့်လိုက်ပြီး ..၊

"လော ..."

"ဟား .. ဟား .. ဟား .. လော တဲ့ကွ .."

"သနားပါတယ် .. အသံလေးက ခုကျတော့ .."

"ခြယ်မှုန်း .. ခြယ်မှုန်း ဟား .. ဟား .. ဟား နင် မကြာခင်သွေးသံ ရဲရဲနဲ့ သေရတော့မယ်၊ နားမလည်သေးဘူးလား .."

"စိုင်းလတ် ..."

"သိပ်မှန်တာပေါ့ .. နင် ငါတို့အုပ်စုကို ဒုက္ခပေးတာတစ်ကြိမ် တည်းမဟုတ်ဘူးနော် .. ဒါတောင် ငါ အသည်းကွဲရတာကို ထည့်မတွက် သေးဘူး .."

"နင် .. နင်တို့ ယုတ်မာလှချည်လားဟင် .. အောက်တန်းကျလှချေ လား .."

"နင့်လိုမိန်းမမျိုးနဲ့ တန်တာ ဒါပဲလေ၊ ငါတို့ကို နင်-ဒုက္ခတွေတစ်ဝ ကြီးပေးခဲ့တာပဲဟာ .. ငါတို့က ဒီတစ်ခါပါပဲ၊ နောက်ထပ်မပေးတော့ ဘူး စိတ်ချ .."

"ဟား .. ဟား .. ဟား .."



ရယ်သံတွေကို နားမခံနိုင်တော့ဘဲ ဖြတ်ချပစ်မိကာ လော ကို ခေါ်လိုက်မိသည်။

"ဝေါ ..."

"တီ .. တီ .."

ဘုရား .. ဘုရား ..။

လော ကို ခေါ်လိုက်မိသလား၊ မခေါ်ရသေးဘူးလား မသိလိုက်ခင် ဦးတိုက်ပြေးဝင်လာသည့် ကားတစ်စီးကို ရှောင်လိုက်ရင်း ဖုန်းက ခြေနင်း ခုံကြားထဲ လွတ်ကျသွားသည်။

ရှေ့လမ်းကြော၏ မြင်ကွင်းတွေက ကိုယ့်ကားဆီ လွင့်မျောပြေး ဆောင့်တော့မလို တရိပ်ရိပ်ဝင်လာနေကြ၏။ ထိုစဉ် ဖုန်းက ဘယ်ဆီမှာ မှန်းမသိဘဲ လော ရဲ့ အသံကို ကြားလိုက်ရ၏။

သူ ဘာပြောနေမှန်းမသိ ကိုင်လိုက်ပြီမှန်းသိလိုက်သည်နှင့် ခြယ် အသံကုန်တင်၍ အောက်ကိုအသံရောက်အောင်ငုံ၍ ..၊

"လော ရယ် .. ငါ့ကိုကယ်ပါဦး၊ စိုင်းလတ် တို့လေ ငါ့ကားကို ဘရိတ်ဖြုတ်ထားကြတာသိလား .. ငါ အခု ကားကိုဘယ်လိုမှ ထိန်းမရ တော့ဘူး .."

"တီ .. တီ .. တီ .."

"အမေ့ရေ .."

နောက်ထပ် ကားလူးခါသွားတာနှင့် မျက်လုံးတွေပြာသွားသည်။ သတိလစ်မသွားအောင် စိတ်ကိုထိန်းရင်း နားစွင့်ကြည့်တော့ ဘယ်နား မှာမှန်းမသိသည့်ဖုန်းဆီမှ လော ရဲ့ အသံတစ်စုံတရာကိုမှလည်း မကြား တော့ဘဲ ..။

ကု

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"လက်ဆွဲခေါ်မိတာကို အကြောင်းပြချက်ပေးရဦးမယ် ဟုတ်လား .."

"မဟုတ်ဘူးလေ လော ရဲ့ .. နင် ငါ့လက်ကိုဆွဲထားပြီး အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာလှည့်ပတ်ရင်ဆိုင်နေတာ ဘယ်သူ့အတွက်လဲ .. ကဲ .."

ညည်ခံပွဲနဲ့ အလှမ်းကွာသော မှောင်ရိပ်မကျတကျလေးမှာ လော နဲ့ ခင်နီ တို့ စစ်ခင်းနေကြလျက် သူတို့ရဲ့ အနီးပတ်ဝန်းကျင်မှာ စုရီလေးတို့တွေ တဖွဲဖွဲစုရုံးရောက်ရှိလာတာကို သတိမထားမိကြ ..။

"ငါနဲ့ ဓေ့စပ်ထားတဲ့ယောကျ်ားက သူများအတွက်နဲ့ .."

"ခြယ် က သူများလား .."

ခင်နီ က မဖြေ ..။

"ကျောင်းပြီးသွားတာ ငါတို့စာမေးပွဲဖြေခဲ့တဲ့ မှင်တွေတောင် စာရွက်ပေါ်မှာ ခြောက်ဦးမှာမဟုတ်သေးဘူး၊ ခြယ့် ကို နင့် အဲ့လိုသတ်မှတ်လိုက်တယ်ပေါ့ .."

"နင်နဲ့ ငါလည်း သူငယ်ချင်းပဲလေ၊ ဒါပေမယ့် ဓေ့စပ်လိုက်ကြတယ်၊ အဲ့ဒီနောက်မှာ ငါတို့သုံးယောက်ရဲ့ တော်စပ်ပတ်သက်ပုံချင်း အတူတူပဲလို့ နင်ပြောချင်သေးတာလား .."

"ဟွန်း .."

လော ရဲ့ ရွှဲ့ချိတ်ချိတ်ရယ်သံကို ဒီတိုင်းကြားနေရကာ ..၊



"ဒါဆိုရင်တော့ နင့်စကားအတိုင်းပြောရမှာပဲထင်တယ်၊ ဓေ့စပ်ပွဲ ကြီး ခုမှစတာ၊ မပြီးသေးဘူး .."

"ဘာ!..."

ခင်နီ့ တစ်ကိုယ်လုံးတုန်ခါသွားသလိုပင် ခြယ် လည်း ဒီတိုင်းပြောပြီးရောက်လာခဲ့တာ ..။

"ဓေ့စပ်ပွဲကျင်းပနေပြီပေမယ့် မပြီးသေးဘူးနော် .."

"ငါပြောတာ အခု နင့်ပွဲမပြီးသေးဘူးဆိုတာပဲ .."

ဖုန်းထဲကဝင်လာသည့် စကားသံတွေကို ပြန်ကြားယောင်လာခဲ့၏။ ပြီးတော့ မဝီပြင်သည့်မှုန်ပျပျမီးရောင်နဲ့ လော ရဲ့ ဖြူဝင်းနေသည့် မျက်နှာကို စိုက်ကြည့်လိုက်မိသည်။

ဓေ့စပ်ပွဲကျင်းပနေသည့် နာရီပိုင်းလေးအတွင်းမှာ အခြေအနေတစ်ခုခု ပြောင်းလဲသွားဖို့ သူတို့မျှော်လင့်နေကြတာလား ..။ မျှော်လင့်နေတာဆိုရင် ခြယ်က လား၊ လော ကလား ဒါမှမဟုတ် နှစ်ယောက်စလုံးပဲ ..။

ဒါမှမဟုတ်ဘူးဆိုရင် တစ်ခုခုလုပ်ကြပြောင်းလဲသွားအောင် ကြံစည်အားထုတ်နေကြခဲလား ..။ ရင်ထဲမှာ မီးပွင့်မီးပွားလေးတွေ ပိုတစ်စထက်စ ငင်ကျလာသလိုခံရခက်လာခဲ့သည်။ လော ကို သူမငယ်ငယ်လေးတည်းက ချစ်ခဲ့ရသည်။

အရွယ်တွေရောက်လာတော့လည်း လော နဲ့ ဆို သဘောတူသည့် စကားမျိုးတွေ မိဘနှစ်ပါးထံက ကြားနေခဲ့ရ၏။ ထို့ပြင် အန်တီဖြူတို့ကလည်း ကိုယ့်ကိုသာ မိသားစုသဖွယ်ချစ်မြတ်နိုးကြတာကြောင့် လော နဲ့ သူမရဲ့ အနာဂတ်ကို စိတ်ကူးတွေယဉ်ထားခဲ့တာအပြည့် ..။

"လော ..."

ခင်နီ နာကျင်လာသည့်ရင်ဘတ်ထဲက သည်းမခံနိုင်တော့သည့်အဆုံးမှာ သူ့ရဲ့ ကုတ်အင်္ကျီရင်ဘတ်နှစ်စကို ဖျတ်ခနဲ တုတ်ဆွဲခေါ်မိကာ ..။

"လော .. နင် ငါ့ကိုဘယ်လိုအဓိပ္ပာယ်နဲ့ ပြောလိုက်တာပဲ .."

"ကျွတ် ..."



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီမှာကိုင်ထားသည့်လက်ကို ဖြုတ်ချဖို့ကိုင်လိုက်တော့ ဇင်နီက ခေါင်းခါပြီးအတင်းအကျပ်ဖိဆွဲထားလျက် …။

"ပြောစမ်းပါ … နင်တို့ ခုနကလည်းစကားတွေပြောနေကြသေးတယ်၊ နင့်ကို ခြယ် ဘာပြောသွားတာလဲ …"

ဇင်နီ ဒေါသထွက်လိုက် ပျာယာခတ်နေလိုက်နှင့် အရူးမလေးနဲ့တူနေလေသည်။

"သူ နင့်ကိုပြောလိုက်တာ ဘာလဲ … ချစ်တယ်လို့ပြောတာလား …"

"သူ ဘာပြောတာလဲ … ငါ့ကိုလာမေးနေတာလား …"

"မဟုတ်ဘူး … သူ ဘာပြောတာလဲ ငါတွေးလို့ရတယ်၊ နင် သူ့ကို အပြေတောင်းထားတာလား … အဲ့ဒါပဲ ငါ့ကိုပြော …"

အလင်းရောင်မျက်နှာမူထားသလိုဖြစ်နေသော ဇင်နီ မျက်ဝန်းလေးတွေကို စိုးမိုးကြည့်နေရင်း …၊

"မဟုတ်ဘူး …"

"မဟုတ်ဘူးဆိုရင် သူ ဘာတွေပြောသွားသလဲ … ဘာအဓိပ္ပာယ်တွေနဲ့လဲ …"

"သိချင်ရင် ကိုယ့်ဘာသာသွားမေးပါလား …"

"လော …"

"ဇင်နီ နင် ငါ့အင်္ကျီကိုလွှတ်နော် … အခုဖြစ်နေတာ ဈေးစပ်ပွဲ နင်နဲ့ ငါ လက်ထပ်ကြတာမဟုတ်ဘူး သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ်…"

ပြောနေရင်း ဧည့်ခံပွဲဘက်ကို မျက်နှာလွှဲနေလိုက်ပြီး …၊

"ငါလည်း ငါဖြစ်ချင်တဲ့အတိုင်းလုပ်နေတာမဟုတ်ဘူး၊ အဲဒီတော့ နင်ဖြာချင်တာတွေ ပြောပြနေလည်းအပိုပဲ၊ ခြယ် ဘာတွေဖြစ်ချင်နေသလဲဆိုတာလည်း နင် စိတ်ဝင်စားဖို့မလိုဘူး …"

"နင်ကတော့ စိတ်ဝင်စားခွင့်ရှိနေတယ်ပေါ့ …"

"အဲ့ဒါလည်း ငါ့စိတ်နဲ့ငါပဲ၊ တစ်ယောက်ကိုတစ်ယောက်က သက်ဆိုင်သူအဖြစ်နဲ့ လွှမ်းမိုးတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက်



အပြန်အလှန်နှစ်သက်မြတ်နိုးခြင်းတွေနဲ့ ပေးအပ်ကြတာမျိုးပဲ …"

လော ရဲ့ မျက်နှာက တည်ကြည်လေးနက်မှုတွေနဲ့ ဖြစ်လျက် …။

"အဲ့ဒါမျိုးကို တစ်ဖတ်သတ်ရယူထားချင်လို့မရဘူး၊ အချစ်ကို အတုလုပ်ဖန်တီးနိုင်တဲ့ သိပ္ပံပညာရှင်မပေါ်သေးသရွေ့ ဘယ်သူမှလည်း အချစ်ကိုချုပ်ကိုင်ခိုင်းစေလို့ရမှာမဟုတ်ဘူး၊ ဘယ်တော့မှလည်း ဖန်တီးနိုင်မှာမဟုတ်ဘူး …"

ပြောပြီးတာနှင့် နောက်ပြန်လှည့်ဖို့ ခြေလှမ်းပြင်လိုက်လျှင် …၊

"ခုကျတော့လည်း နင်က အချစ်အဘိဓာန်တွေကျေနေပါလားလော … ငါ တကယ်မထင်ခဲ့ဘူး …"

လော ခြေလှမ်းတုံ့သွားတော့ ဇင်နီ နဲ့ ဘေးတစောင်းအနေအထားဖြစ်သွား၏။

"ဟုတ်တယ် ကိုယ်ကမရခဲ့တာဖြစ်ဖြစ် မပေးနိုင်လို့ပဲဖြစ်ဖြစ် အဲ့ဒီနှလုံးသားထဲမှာ အချစ်က သူ့ရဲ့ဂုဏ်သတ္တိနဲ့ စာတွေချရေးသွားတာတယ်၊ ချစ်တတ်မုန်းတတ်ဖို့အတွက် ဆရာမလိုပါဘူး …"

မပြောချင်တော့သည့် စကားတွေကို ရှောင်ရှားထွက်ရန် ဖုန်းခြည်သံကြောင့် အဆင်ပြေသွား၏။

လော က ဖုန်းထုတ်ကြည့်လိုက်ကာ …၊

ခြယ် …၊

ခြယ် ပြန်သွားပြီလား ရှိနေသေးတာလား …။

ခြယ့် နားမှာလည်း စိုင်းလတ် တို့ရှိနေသေးသည်မို့ ရုတ်တရက် ဧည့်ခံပွဲဆီပြန်လျှောက်ခဲ့ရင်း ဖုန်းဖွင့်၍ …၊

"ဟလို …"

"…… …… ……"

"ဟလို … ခြယ့် … ပြောလေ … ခြယ် ဟလို …"

"…… …… ……"

"ဟင် … ဘာ ခြယ် … ပြန်ပြော၊ နင် အခု ဘယ်လမ်းပေါ်မှာလဲ … ခြယ်…"

စိုးရိမ်စိတ်သည် ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာမှာ ဘာလုပ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို မေ့လျော့သွားစေကာ ဖုန်းပြောရင်း သူ ပြေးထွက်ခဲ့လျှင် ...၊

"မောင်လေး ... လော နေဦး ..."

ခုမှပဲ သူမတို့မိသားစုတွေ ရုတ်ရုတ်သဲသဲဖြစ်ပျက်နေကြတာကို ညှော်ပရိသတ်ထဲက တချို့တလေသတိထားမိကြသည်။

မောင်နှမ နှစ်ယောက် ပြေးတော့လွှားတော့မလို ဆွဲလားရုန်းလား တွေဖြစ်နေတာမြင်တော့ သတိထားမိတဲ့သူတွေက လှမ်းကြည့်နေကြ၏။

"ဒါ မင်းရဲ့ ဇာစေ့ပွဲလေ ... မင်းထွက်သွားလို့ ဖြစ်မလား မောင်လေး ရယ် ..."

"ခြယ် ... ဒုက္ခရောက်နေတယ် မမ၊ ကျွန်တော်မသွားလို့မဖြစ်ဘူး..."

"ခြယ် ဆိုရင် ပိုဆိုးပြီ၊ မင်း ဇင်နီ့ ကို အရှက်မခွဲပါနဲ့ မသွားရဘူး..."

လက် ကို အမိအရဆွဲကိုင်ထားပြီး တားဆီးနေသဖြင့် လော က စိတ်လိုက်မာန်ပါဖြုတ်ချပစ်ကာ ...၊

"ခြယ် အသက်အန္တရာယ်နီးနေတာကို ဇင်နီ အရှက်မကွဲအောင် ကျွန်တော်က ငုတ်တုတ်ထိုင်ကြည့်နေရမယ် ဟုတ်လား ..."

ခြယ် ကို အမြင်ကတ်ပုံမနှင့် ဘာဖြစ်ဖြစ် ကန့်ဆယ်လဲလုပ်ဖို့ အသင့်ဖြစ်နေတာ ကြားရမန်များတော့လည်း သည်းမခံနိုင်အောင်ဖြစ်လာရကာ ...၊

"ခြယ် က ကျွန်တော့်အတွက် တစ်ယောက်ယောက်နဲ့ ယှဉ်ရွေးရမယ့် မိန်းကလေးမဟုတ်ဘူး မမ ... ဒီပွဲကြောင့် ကျွန်တော်ထွက်သွားဖို့ မဖြစ်နိုင်ဘူးဆိုရင် ဒီဇာစေ့ပွဲကို ကျွန်တော်ကိုယ်တိုင်ဖျက်တယ် ..."

"ဘာ ... ဘာပြောတယ် ... လော ... လော နေဦး ..."

ထိတ်ထိတ်ပျာပျာနှင့်ခေါ်ရင်း ပြေးလိုက်မိကာ သတိရလို့ ပြန်လှည့်ကြည့်လိုက်တော့ ဇာစေ့ပွဲက ညှော်ပရိသတ်တွေထိုင်သူကထိုင် ထရပ်နေသူက ရပ်နှင့် သူမကိုလှမ်းကြည့်နေကြ၏။

သွားပါပြီ ... ကြားကုန်ကြပြီလား မသိ ...။

ဂ



အခန်း (၃၈)

အချိန်ကိုကြည့်လိုက်တော့ ညကနပျို့နေဆဲရှိတာ လမ်းမထက်မှာ တားကြီးကားငယ်တွေ ရှုပ်ယှက်ခတ်ပြေးလွှားနေဆဲ ...။

"ဟလို ... ခြယ် ..."

ခေါ်နေရင်းနဲ့ ဖုန်းကိုပြန်ကြည့်လိုက်မိသေးသည်။ ခြယ် ဖုန်းအရှု သေးပေ ...။ ဒါပေမယ့် ဆူညံသံတွေပဲ တဝေါဝေါကြားနေရသဖြင့် အသံ ကို ထပ်တင်လိုက်ရင်း ...၊

"ခြယ် ... ဟလို ... ကြားလား ... ခြယ် ဘယ်မှာလဲ ခြယ် ..."

ခေါ်လို့မရလေ စိတ်ပူလေ ...။

ဒါပေမယ့် ဖုန်းထဲမှာတော့ တစ်ခုခုဆိုးရွား အသံဗလံမျိုးမကြား ရသည်မို့ ကိုယ့်စိတ်ကိုပြန်ထိန်းရင်း ကျိတ်ခနဲ အံကြိတ်လိုက်မိ၏။

ဒီတိုင်းဆို ခြယ် လမ်းမကြီးပေါ်မှာပဲ သွားနေတာတော့ ဖြစ်နိုင်ပေ။

ကားမောင်းရင် ခါးပတ်ပတ်ထားပါ၊ ဖုန်းပြောရင် နားကျပ်တပ်ပြော ပါဆိုတာ ခြယ် ဘယ်တော့မှ နားမထောင် ...။

ခုနေသာ ပြေးမြင်လိုက်မိလျှင် 'နောက်ဆို ခါးပတ်ပတ်မလား၊ နားကျပ်တပ်ပြောမလား' လို့ မေးမေးပြီး နားရင်းတီးပေးမိမလား မသိ...။

www.burmeseclassic.com



"ဟလို .. ခြယ် .."

ထပ်ခေါ်ကြည့်မိရင်း အသံကိုပိုကျယ်အောင်မြှင့်၍ ...

"ခြယ် ကြားလား .. ခြယ် အသံတစ်ခုခုပြန်ပေးစမ်းပါ .."

"လော် ..."

"ခြယ် .. ခြယ် နင် ဘယ်မှာလဲ၊ အခု ဘယ်မှာလဲလို့ .."

"ငါ .. မသိတော့ဘူး။ ရပ်ကွက်လမ်းတွေထဲမှာထင်တယ်၊ လုပ်ပါဦး ငါ ဘာလုပ်ရမလဲ .. ဒီ .. ဒီမှာတွေ့ပြီ ရပ်ကွက်ရုံးပဲ .."

ခြယ် ပြောသည့်နေရာကို ကြားလိုက်တော့ သူနဲ့ သိပ်မဝေးသဖြင့်...၊

"အေး .. ငါ အခုလာမယ်၊ ကားကိုလမ်းရှိသမျှ လျှောက်ပတ်မောင်းထား၊ ငြိမ်ရပ်မိတာရှိရင် ကားအရှိန်ကျသွားအောင် ကပ်ရပ်ထား၊ အရမ်းကြောက်မနေနဲ့ ခြယ် .. ငါ အခု လိုက်လာပြီ .."

သူ ကားကို အနီးဆုံးကိုတန်းရောက်သွားအောင် ကွေ့တက်မောင်းနေမိသည်။ ထိုစဉ် နောက်ဖုန်းဝင်လာတော့ ခြယ့် ဒက်ဒီဖြစ်ကာ ...၊

"ရှလာ .. မင်းလား .."

"ဟုတ်ကဲ့ .. အန်ကယ်လ် .."

"သမီးက အဲဒီမှာလား .. ဖုန်းလည်းခေါ်လို့မရဘူး .."

"အဲ ..."

သူ ဘာပြောရမှန်းမသိဖြစ်သွားစဉ် ...၊

"အန်ကယ်လ် .. အခု အင်းယားလိတ်ကိုရောက်တော့မယ်၊ အထဲထိ မလာချင်လို့ကွာ .. သမီးကို .."

"အန်ကယ်လ် .. ခြယ် က ပြန်သွားပြီ .. သူ့ကား .."

"ဟလို .. ဟလို .. လော .."

"ဟုတ်ကဲ့ အန်ကယ်လ် ကြားရလား .."

"အေး .. အသံနည်းနည်းပြတ်ပြတ်သွားလို့ .."

"အန်ကယ်လ် အင်းယားလိတ်ကိုမသွားနဲ့၊ ခြယ့် ကို ကျွန်တော်



ပြန်ပို့နေတာ၊ လမ်းမှာ ကားပျက်နေလို့ အန်ကယ်လ်ကြားရင် အိမ်ပဲ ပြန်လိုက်တော့နော် .."

ကြားတာ မကြားတာ မသိ ...။

စိတ်က ခြယ် တစ်ခုခုပြောနေမလားပဲတွေးမိနေကာ ချက်လိုက်မိသည်။

ကားကိုတတ်နိုင်သမျှမြန်မြန်ရောက်အောင် ကွေ့ပတ်မောင်းနေမိစဉ် မျက်လုံးကလည်း ရှာတော့ရှာနေမိ၏။

ဒါပေမယ့် ဆိုးရွားသည့်အခြေအနေတစ်ခုခုနဲ့ မြင်လိုက်ရမှာလည်း စိုးရိမ်နေမိရင်း ...၊

ဟင် ...၊

ဆုတောင်းနေမိပေမယ့် ဆုတောင်းကမပြည့်ခဲ့ပေ ...။ သူ လှမ်းမြင်လိုက်တာ လမ်းသွယ်ထဲကနေ လမ်းမကြီးပေါ်အတက် တစ်နေရာမှာ လူတွေစုရုံးတိုးဝှေ့နေကြ၏။

မဟုတ်ဘူး .. ခြယ် ဘာမှမဖြစ်ဘူး ...။

ဆုတောင်းနေရင်း ကားပေါ်ကနေ ခုန်ချတတ်ဆင်းလိုက်မိသည်။

"ကားဘရိတ်ပေါက်လာတာကွ .. ကုန်းတက်ကြီးကို ဒီအရှိန်နဲ့.."

"ဟော့ .. ညီမလေး .. ညီမလေး သတိရလား .."

"သူ သတိရပြီ .."

ခြယ် ...။

လော စိုးရိမ်စိတ်ကြောင့် ခုန်နေသည့်ရင်ဘတ်ကြီးက ကွဲထွက်သွားတော့မလောက် တဒုန်းဒုန်းမြည်နေ၏။ လူကြားထဲ တိုးဝင်သွားပြီး ကြည့်လိုက်လျှင် ခြယ် နှုတ်ခမ်းမှာ သွေးတွေပေနေလျက် အသက်သုံးဆယ် ကျော်အရွယ် အမျိုးသမီးတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ...။

"ခြယ် ..."

"ငါ့ညီ သူ့ကိုသိလား .."

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးရယ် … အစ်မက အချက်ပြပြီးကျွေ့လာတာပါ …"

အမျိုးသမီးက မော့ကြည့်ရင်း ရှင်းပြနေကာ သူမရဲ့ နဖူးထောင့်စွန်းမှာလည်း သွေးစီးကြောင်းနဲ့ဖြစ်၏။ ထို့ပြင် ခြယ် က ကောင်းကောင်းသတိမရှာဲ့ဖြစ်နေသဖြင့် သူမလည်း စိုးရိမ်ထိတ်လန့်နေပုံပေါ်ကာ ဘယ်သူမှားတာမှန်တာထက် ပြဿနာရှင်းနေရမှာကို ကြောက်ပြီး သူမကပဲ တောင်းပန်နေ၏။

ခြယ့် ကားက ကုန်းတက်ခပ်လျှောလျှောနေရာလောက်မှာ နောက်တီးတစ်ဖက်က ကွန်ကရစ်လမ်း၏ သောချိုင့်ထဲကျပြီး တိမ်းစောင်းနေ၏။

လူတွေဝိုင်းနေသည့်ကြားကနေ ခြယ့် ကို သူ့ကားပေါ်တင်လိုက်ကာ …။

"အစ်မ အဆင်ပြေရဲ့လား …"

"ပြေပါတယ် … ပြေပါတယ် … မောင်လေးသာ သူ့ကို ဆေးခန်းအမြန်ခေါ်သွားလိုက်ပါ … ဒီကားကိစ္စ …"

"ရပါတယ် … ကျွန်တော်တို့ချင်း အဆင်ပြေရင်ပြီးတာပါပဲ …"

ခြယ့် မျက်နှာလေးရှုံ့မဲ့လှုပ်ရှားနေသဖြင့် သူ့မှာ မျှော်လင့်ချက်တွေနဲ့ ဆုတောင်းနေမိကာ …။

"ခြယ် … ခြယ် သတိရလား … ငါပြောတာကြားလား …"

"အင်း …"

"ခြယ် …"

မောင်းထွက်လာပြီးမှ စိမ်းသာအားဖြစ်သွားကာ ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်မိပြီး …။

"ခြယ် နင် စကားပြောလို့ရလား …"

"ရတယ် … ငါ … အား …"

"နေနေ … ငါ ဆေးခန်းရောက်အောင် မြန်မြန်မောင်းလိုက်မယ်…"

"မသွားဘူး … ငါ ဘာမှမဖြစ်ဘူး …"



"ဘာလို့မဖြစ်ရမှာလဲ … ပါးစပ်မှာသွေးတွေ …"

"အဲ့ဒါနှုတ်ခမ်းပေါက်သွားတာထင်တယ် … မမောင်းနဲ့ဦးဆိုမှ…"

ခြယ် ပင်ပင်ပန်းပန်း ပြောနေရတာကိုသိကာ သူ ကားပေါ်က ဆင်းလိုက်ပြီး ခြယ့် ဘက်ကို ပြေးသွားမိသည်။ ပြီးတော့ သေးမှာပဲ့တိုးကပ်ထိုင်လိုက်ရင်း သူမကိုယ်လေးကို ပွေ့ယူလိုက်ကာ …။

"ခြယ် …"

"နင် ဈေးစပ်ပွဲကို …"

"အဲဒါကိုမေးမနေပါနဲ့ … အခု ဘယ်နားကဘယ်လိုနေသလဲ …"

ခြယ် က သူ့ရင်ဘတ်ပေါ်မှာ မျက်နှာလေးကပ်မှီရင်းခေါင်းခါ၍…

"ငါ့တအားကြောက်လန့်ပြီးဖြစ်သွားတာပါ၊ နင့်အသံကိုကြားလိုက်ရတည်းက ငါစိတ်တွေကို ငါ ထိန်းလိုက်နိုင်တာသိအေး၊ ငါ့ဘဝမှာ နင်မရှိလို့မဖြစ်ဘူး၊ ငါ နားလည်ပြီ … ငါ နင့်ကိုအရမ်းချစ်တယ် …"

ခြယ် သူ့ကို ပြန်ဖက်ထားလိုက်လျှင် ရင်ခုန်သံနှစ်ရပ်က တစ်ထပ်တည်းကျသွားခဲ့၏။ ပြီးတော့ သူမရဲ့ ဆံစလေးတွေကို ဖွတ်သပ်ရင်း နဖူးပြေပြေလေးမှာ နှုတ်ခမ်းနှင့် ဖိကပ်ထားမိလျက် …။

သူ ချစ်ခဲ့ရတာတွေကို ဘယ်လိုပြောရင်ကောင်းမလဲ …။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

"ဆင်းလေ .. မေမေ .."

ဒေါ်ကြည်ဖြူ လက်ကိုင်အိတ်ကိုသေရချာချိတ်လိုက်ရင်း ဆင်းဖို့ပြင်ပြီးမှ ငူငူငေါင်ငေါင်ကြီးထိုင်နေမိသည်။ ခင်ပွန်းသည်ဖြစ်သူကလည်း 'မင်းတို့ချင်းအဆင်ပြေရင် ခေါ်လိုက်၊ ငါ မလိုက်ချင်ဘူး' ဆိုပြီးနေခဲ့သည်။

"မေမေ ..."

"ဆင်းပါ့မယ်အေ .. ဒီမျက်နှာတွေကို ဘယ်လိုရင်ဆိုင်ရမယ်မှန်းတောင် မသိတော့ဘူး၊ မေမေတို့က ထင်သလိုပြောဆိုခဲ့မိတာ .."

သဒ္ဒါကြည် ကလည်း သက်ပြင်းလေးချကာ ...၊

"အစက မသိခဲ့လို့ပဲ မေမေရယ်၊ သမီးတို့လည်း တခြားသူတွေပြောပြမှ သိရတာလေ၊ ကိုယ်မှားလို့ တောင်းပန်တာကို သူတို့နားလည်မှာပါ၊ အန်တီစီ တို့က ဒီလောက်ထိမောက်မာတဲ့သူတွေ မဟုတ်ပါဘူး.."

ဒီလိုပြောလိုက်တော့ ပိုဆိုးသွားသည်။ 'မပြည့်တဲ့အိုးက ဘောင်ဘင်ခတ်သည်' တဲ့ ...။ ဒေါ်ရွှေစင် တို့ရယ် သူမတို့ရယ် ဒေါ်စိန်စိခြယ် တို့ရယ် ...။

ဒီ သုံးဦးမှာ ဒေါ်စိန်စိခြယ် တို့ကသာ ပြည့်စုံသာလွန်အောင် ချမ်းသာတဲ့သူတွေဖြစ်ကာ သူမတို့က သာမန်ပြည့်စုံရုံသာ ရှိသူတွေဖြစ်သည်။



ခုတော့ ကိုယ့်ဘက်ကသာ 'မပြည့်တဲ့အိုး ဘောင်ဘင်ခတ်' သလိုဖြစ်ခဲ့ရပြီး ...၊

"သမီးတို့ မှားပေမယ့် ပြောရမယ်ဆို သမီးတို့က ငွေမက်လို့သာ ခြယ့် လို ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးကို ဂရုမစိုက်ခဲ့တာပါ၊ အဲဒီ ဝဋ်လေးတော့ ကျန်ပါသေးတယ် မေမေရယ် .."

စုရီလေး နဲ့ ခင်နီ စကားများရန်ဖြစ်နေကြတာကို ပြန်တွေးမိသွားတာ ဒေါ်ကြည်ဖြူ့ စိတ်တွေ ညက ပြဿနာဆီပြန်ရောက်သွားခဲ့၏။

ခြယ့် ဆီက ဖုန်းရပြီး လော ထွက်သွားတယ်ဆို သမီးကြည်ဖြူကလည်း သူ့မောင် စည့်ခံပွဲက ထွက်သွားမှာစိုးလို့ အပြေးအလွှားလိုက်သည်။

သူလည်း လိုက်မလို့ပါ၊ ဒါပေမယ့် ကျန်ရစ်ခဲ့ကြသည့် စုရီလေး နဲ့ ဇင်နီ တို့ရဲ့ မပြီးဆုံးသေးတဲ့ ရန်ပွဲကြောင့် ထိုဆီမှာပဲနေခဲ့မိတာ ...။

"နင် သိဝ်ယုတ်မာတယ် ဇင်နီ၊ ဘယ်သူမှ ဒါတွေကို မသိတဲ့အတွက် နင့်ကို ရွှေမင်းသမီးထင်နေတာ၊ ခြယ် ကလည်း ဒါကို သောရမျောပါးလိုက်ရှင်းပြပြီး မျက်ရည်ခံမထိုးချင်လို့ လော ကိုတောင် ဖွင့်မပြောဘဲ သူ့သိက္ခာအကျခံပြီး ဒီထိနေနေတာ .."

"မျက်ရည်ခံထိုးလည်း ဘယ်သူကယုံမှာမို့လို့လဲ .."

"ဟုတ်တယ် .. နင် အဲ့လောက်ထိ ပိပိရိရိလုပ်ကြံခဲ့တာလေ၊ နင် တော်ပါ့တယ် .."

ပြောပြီး စုရီလေး ဆက်တိုက်ပြောချသွားတဲ့ အကြောင်းတွေမှာ အများကြီးပါ။ ဒီနေရာမှာ ဘယ်သူတွေစုဝေးရောက်ရှိနေကြသလဲ ဘာတွေကို ကြားကုန်ပြီလဲဆိုတာ မသိကြဘဲ ဇင်နီ ကလည်း စိတ်ရှိလက်ရှိပြောနေခဲ့သည်။

"သူ့မှာ ပိုက်ဆံရှိလို့ ပတ်ဝန်းကျင်ကို ပေးကမ်းစွန့်ကြဲပေမယ့် ငါ့လို နိုင်းနိုင်လို့လား .. ငါက သူ့လောက်မချမ်းသာပေမယ့် ငါ့အတွက်ဆို အားလုံးဝိုင်းကူညီကြတာ .."

"ခြယ် က ဘယ်တုန်းကမှ ကြိတ်မကြဘူး ဇင်နီ .. သူ့ကိုမတွေ့နှစ်

www.burmeseclassic.com



တဲ့သူတွေရှိရင်တောင် အဲဒီလူတွေကို နင် မေးကြည့်လိုက်၊ ခြယ် ကို ယုတ်မာတယ်လို့ပြောတဲ့လူရှိမလားဆိုတာ ..."

"သူက အရာရာကိုငွေနဲ့ ဖုံးနေတာကိုး ..."

"အရှက်မရှိ ပြောမနေနဲ့ ဇင်နီ၊ နင့်ကို ဝိုင်းကူနေတဲ့လူတွေက လည်း ခြယ် ကို မကျေနပ်တဲ့စိတ်နဲ့ ယုတ်မာချင်နေတဲ့ နင့်လိုလူတွေ ပဲ၊ လော ကို နင်က ခြယ် ကို အနိုင်ရဖို့၊ လော က နင်တို့ထက် ချမ်းသာ လို့ အသည်းအသန်ဖြစ်နေတာ၊ လော က ခြယ် ကို ကြိုက်နေမှန်းသိလျက် နဲ့ အရှက်မရှိ ယုတ်မာလီဆယ်ပြီး လိုချင်နေတာ ..."

"နင်နော် .. ငါ ပါးရိုက်မိတော့မယ်၊ ခု ချက်ချင်း ဒီထဲကထွက်သွား"

"ဘာလို့သွားရမှာလဲ .. ဒါ နင်ပိုင်တဲ့နေရာလား .. ခြယ် က ငွေရှိ လို့ လူတွေကိုစည်းရုံးနိုင်တာမဟုတ်မှန်း ငါ အခု သက်သေပြခဲ့မှာ၊ အဲ့ဒါ တွေကို ဖော်ထုတ်ပြီးမှသွားမှာ၊ နင် မကျေနပ်ရင် ရုပ်ရှင်ထဲမှာလို ငါ့ကို နှုတ်ပိတ်ဖို့ ဟိုကောင်တွေကို ခိုင်းလိုက်လေ ..."

"အဲ့လို ခြိမ်းခြောက်ထားရင်တောင် ငါက အသေခံပြီး ပြောဖြစ်အောင် ပြောခဲ့မှာ ..." တဲ့ ...။

ထိုစကားတွေကိုကြားကာ ဒေါ်ကြည်ဖြူ ကြက်သေသေသလို ဆွံ့အ သွားခဲ့သည်။ ထိုအချိန်မှာ လော ထွက်သွားတဲ့အကြောင်းပြောပြဖို့ ပြန် ပြေးရောက်လာသည့် သဒ္ဒါကြည် လည်း ဒါတွေကို အနည်းအဝါးကြား သွားခဲ့ပြီး ...။

"မေမေ .. လော က ခြယ့် ဆီ ထွက်သွားပြီ၊ ဒီပွဲကိုလည်း သူ ဖျက်တယ် ဆိုပြီး ..."

"ထားလိုက်တော့ သမီး၊ ဒါ ငါတို့လုပ်ခဲ့တဲ့ပြဿနာမှ မဟုတ်တာ.."

ဒီစကားတွေကို ဖျစ်ညှစ်ပြောမိရင်း နေရာမှထွက်လာခဲ့မိသည်။ ဒေါ်ရွှေစင် သခင်နီတို့ ဆိုတာတွေကိုလည်း စကားပြောဖို့ စိတ်ကုန်ခမ်း ကာ ...၊

"မနက်ဖြန်ကျရင် ကျွန်မအားလုံး ရှင်းပေးမယ် မရွှေ .. ဒီညတော့



ပြီးပြီ ..."

ကိုယ့်စကားကို ဘယ်လိုအဓိပ္ပာယ်ကောက်ပါစေ၊ ဒီတိုင်းပြောပြီး ပွဲထဲကနေ ပြန်လာခဲ့မိသည်။

"မေမေ ..."

"ဟင် .. အင်းလေ .."

အတွေးထဲမှာ နစ်မျောနေခဲ့ရင်း ခေါ်မိလှပသော ခြယ် တို့ တိုက်ကြီး ကိုလှမ်းကြည့်မိသည်။

ကိုယ်က အကြောင်းမကြားဘဲ လာခဲ့တာပေမယ့် အထဲကဘယ်သူမှ ထွက်ကြိုမယ့်သူမရှိတော့လည်း သိမ်ငယ်မိပြန်သည်။

ကိုယ်တွေကို ဘယ်လိုစကားတွေနဲ့များ တုံ့ပြန်မှာလဲ ...။

"သမီးပဲ ရှင်းပြပြီး တောင်းပန်ပါ့မယ်၊ မေမေ ဘာမှပြောဖို့မလို ဘူး၊ စိတ်အေးအေးထားပါ မေမေရယ်၊ ခြယ် က ကြောက်ပြီး ရှောင်ရ သွားတာ၊ ပွဲပြီးမှ စိတ်လျှော့ပြီးပုံကျသွားတာမျိုးနေမှာပေါ့ .. လူတော်ရှိ နေတော့ အန်တီတို့လည်း အပြင်ထွက်နေမှာမဟုတ်ဘူးလေ ..."

ဒေါ်ကြည်ဖြူ သိမ်ငယ်စိတ်ဝင်နေတာ သိသာနေကာ သဒ္ဒါကြည် ကပဲ တွင်တွင်အားပေးနေရရင်း ကားပေါ်ကဆင်းလိုက်လျှင် ...၊

"ဟင်!..."

"မေမေ .."

"မောင်လေးက ဒီမှာလား .."

ခြယ့် လက်လေးကိုတွဲ၍ ဖေးမခေါ်လာသော လော နဲ့ မျက်နှာချင်း ဆိုင် ဆုံမိကြ၏။ ထိုစဉ် ဒေါ်စိန်စိခြယ်တို့ ဇနီးမောင်နှံကလည်း လော တို့နောက်က ပါလာကာ ...။

"ဒေါ်ကြည်ဖြူ တို့ .."

လင်မယားနှစ်ယောက်စလုံး မျက်နှာပျက်သွားကြပြီး ပြီးတော့ သော ကို လှမ်းကြည့်ကာ ...၊

"ကျွန်မတို့ လော ကို ပြန်ဖို့ပြောနေတာပါရှင် .. ပြီးတော့ သမီးကို

www.burmeseclassic.com

www.burmeseclassic.com



သူ ကယ်ခဲ့ ..."

"ကျွန်မတို့က တောင်းပန်ဖို့ လာခဲ့တာပါ .."

"ရှင် ..."

လော ကတော့ ခြယ် ပြောပြပြီးပြီမို့ သိနေကာ ...၊

"မေမေနဲ့ မမ လာလေ .."

"အန်တီနဲ့ မမ ဝင်ထိုင်ပါ .."

ခြယ့် မျက်နှာလေးက ဖြူဆုတ်ဖျော့ကျနေကာ လော ကို မော့ကြည့်၍ ...၊

"နင် သွားထိုင်လေ .."

"ရပါတယ် ...မေမေတို့ အန်တီတို့နဲ့ စကားပြောဦးမှာမလား .. ကျွန်တော်တို့ခြံထဲမှာ ခဏသွားထိုင်မလို့ .."

လော က ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ ခြယ့် လက်လေးတစ်ဖက်ကို ဆုပ်ကိုင်ထားပြီး ပန်းလေးကို ဖွင့်ဖက်ထားရင်းခြံထဲအတူခေါ်လာခဲ့သည်။

"နင် ပြန်သွားလိုက်ပါ လော ရယ် .. အန်တီတို့ ဘာလာပြောကြတာလဲမသိဘူး .. ငါ စိုးရိမ်တယ် .."

"မေမေနဲ့ မမ ရောက်လာတာ အရင်ပုံစံနဲ့မှမဟုတ်တာ၊ ပြီးတော့ စုရီ တို့ ရှင်းပြသွားတယ်ဆိုတာ ငါ သံတင်းရပြီးသား .. ပူမနေနဲ့ .."

"ဒါပေမယ့် .."

"မပူနဲ့ဆိုမှ .. လာထိုင် .."

ပန်းပင်တွေ ယိမ်းနွဲ့နေသလောက် ပန်းရနံ့တို့က မွှေးပျံ့နေသည်။ ညနေခင်းရဲ့ လေပြည်ထဲမှာ လော က ခြယ့် မျက်နှာလေးကို တစိမ့်စိမ့် ကြည့်ရင်း ...၊

"အဲ့ဒါ ခင်ဗျား မျိုသိပ်နေလွန်းလို့ဖြစ်ရတာ .."

"ဘာကိုလဲ .."

"စုရီ ပြောပြတည်းက ငါ့ကိုပြောဝါလား .."

"မပြောချင်ပါဘူး .."



ခြယ် က ခေါင်းခါပြီး သူ့ ပခုံးစွန်းမှာမှီလိုက်ကာ ...၊

"ငါ နင့်ကို ဆုံးရှုံးမခံနိုင်ဘူးဆိုတာ သိလိုက်တော့ ပိုပြီးမပြောချင်တော့တာ၊ ဇင်နီ မကောင်းမှန်းသိလို့ ငါ့ဆီ ရောက်လာတာမျိုးကို မလိုချင်ဘူး .."

"အဲ့ဒါကိုလည်း မကျေနပ်ဘူး .."

"ကာရယ် .."

လော က သူ့အားက စင်ထိုးစိုက်ထားသည့် ဖြူလွှသောနှင်းဆီပန်း သေးသေးလေးတစ်ပွင့်ကို လှမ်းခူးလိုက်သည်။ ပြီးတော့ ခြယ့် နားရွက်လေးကြားထဲမှာ အသာလေးညှပ်ပေးနေရင်း ...၊

"ဒီမှာ ခင်ဗျားအတွက် အပူကောင်ကြီးဖြစ်နေရတာ ဝါသနာပါလို့ လိုက်ပူနေတယ်မှတ်လို့လား .."

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ .."

"ဘာ ..."

"နင် ဇင်နီ့ အတွက်လည်း ပူတတ်တာပဲ .."

"အတူတူပဲလို့ ထင်တယ်ပေါ့ .."

"အင်း ..."

"မတူဘူးဆိုတာပြမယ် .."

"ဟာ .. ဘာလုပ်တာလဲ .. သွား .."

လော က ခြယ့် ပခုံးလေးကို ရင်ခွင်ထဲပါအောင်ဆွဲဖက်ထားလိုက်ကာ မျက်နှာချင်းထိကပ်ပြီးရယ်ရင်း ...၊

"ငါ့ကိုချစ်လား .."

"ငါ့ကိုယ်ငါထက်တောင်ပိုချစ်တယ် .."

"ဟား .. ဟား .."

"ဘာလုပ်တာလဲ .. ဒီမှာ မူးနေပါတယ်ဆိုမှ .."

လော က နမ်းမလို့မျက်နှာတဝဲဝဲဖြစ်နေပြီး ရယ်ကာ ...၊

"ဟုတ်တယ် .. တော်ကြာ မူးမိုက်လဲကျသွားမှာစိုးလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ .."

"မှုးလဲသွားရင် နှုတ်ခမ်းချင်း .."

"လော နော် .."

"ဘာလဲ .. သတိမေ့နေရင် ဒီလိုပဲ ရှေးဦးသူနာပြုစုနည်းတွေနဲ့ သတိရအောင်လုပ်ရတာပဲ .."

"ဒီမှာ ငုတ်တုတ်ထိုင်နေတာ အကောင်းကြီး .."

"ခုနကတော့ မှူးတယ်ဆိုပြီး .."

"မေ့လဲနေတာမှမဟုတ်တာ .."

"ဒါဆိုလည်း လဲသွားမှာစိုးလို့ကြိုပြီးတော့ .."

"ဟာ .. သွားပါ .."

"မချစ်ဘူးလား .."

"မဆိုင်ဘဲနဲ့ .."

"ကိုယ်ရင်ခုန်ချင်လို့ .."

ခြယ် က ရယ်သည်။ ပြီးတော့ မျက်လုံးတွေမှိတ်ထားရင်း မျက်နှာလေးမော့ပေးလိုက်၏။ လော ထိုမျက်နှာလေးကို မြတ်နိုးစွာငေးကြည့်နေရင်း ဆံစလေးတွေကို ပွတ်သပ်ပေးမိ၏။

ပြီးတော့ မျက်နှာသည် တဖြည်းဖြည်းငုံ့ကျလာခဲ့ပြီး ...၊

"အရမ်းချစ်တာပဲ .."

အနမ်းတို့နှင့် ပို၍လှပခဲ့သော ညနေခင်းလေးက ပန်းတို့အလယ်မှာ စိန်ခေါ်မှုများနှင့် တိုးတိတ်စွာဖြစ်တည်ခဲ့ရင်း ...၊

သူသာ ကျွန်တော့်ဘဝ ...

သူသာလျှင် ကျွန်မရဲ့ ကမ္ဘာ ...။

လရောင်ကျူးရင့်

www.burmeseclassic.com